


ရုယဥကေါ
နဂါးနှင်းဆီကျားနှင်းဆီ

## လွင်စာပေ

အမှတ် ၁၅/၁၃၈၊ ဖြသော်း
တောင်ဥ မြို့
ဖုန်း ၂၀၇၄၅

ဖြန့်ချိရေး
**ယနောင်စာပေ**
တောင်ဥက္ကလာစာတိုက်
ရန်ကုန်မြို့


ကျားနှင်းဆီ

ပထမအကြိမ်

*

အုပ်ရေ ၁၀၀၀

*

၁၉၇၅-ခုနှစ်

*

ဩဂုတ်လ

*

တန်ဖိုး ၂၀-ကျပ်

မူရင်းစာရေးဆရာ　　မေဇီတုန်း

မူရင်းဝတ္ထု　　ပိရှဲလန်းချင်းလုံ

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြေလမ်း
တောင်ဒဂုံမြို့
ဖုန်း ၂၁၀၄၅၅





# နဂါးနှင်းဆီ ကျားနှင်းဆီ

ထိပ်တန်း ဘာသာပြန်သိုင်းဝတ္ထု စ,ဆုံး


လွင်စာပေ
အမှတ် ၁၅/ ၁၃၈၊ ဖြေလမ်း
တောင်ငူမြို့
ဖုန်း ၂၁၇၄၅

ပန်းချီ အောင်ကျော်

အဖုံးရိုက် အောင်သာ-အော့ဖ်စက်

စာအုပ်ချုပ် အေးမိသားစု

ထုတ်ဝေသူ

မောင်ဖေထွေး (ရှင်မိုးထွေး)
ရှင်မိုးထွေးစာပေ(၀၁၅၂၅)
၂၇၂-မြင်တော်သာလမ်း
၆-ရပ်ကွက်၊ သာကေတမြို့။



ပုံနှိပ်သူ

ဦးတင်မောင် (၀၂၅၆-မြို)
စာပေပေါင်းကူးပုံနှိပ်တိုက်
၉၀၊ A,B ဝေဇယန္တာလမ်း၊
ဂ-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊
ဖုန်း-၅၅၉၁၅

## ပြင်ဆင်ဖတ်ရှုပါရန်

စာမျက်နှာ ၁-၌ (ခရစ်မပေါ်မီ ၇၇၀-၄၇၅)ကို (ခရစ်မပေါ်မီ ၇၇၁-၇၇၅)ဟုလည်းကောင်း။

စာမျက်နှာနံပါတ် ၁၇၆-ပြီးလျှင် ၁၇၇-ဖြစ်ရမည့်အစား ၁၆၁-ဖြစ်နေသည်ကို (ဝတ္ထုဇာတ်သိမ်းစဉ်မှာ အမှန်ဖြစ်ပြီး စာမျက်နှာ နံပါတ်များခြင်းသာ) ၁၇၇-ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန် စာရှုသူများသို့ လေးစားစွာ ပန်ကြားအပ်ပါသည်။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြလမ်း
တောင်ငူမြို့
ဖုန်း ၂၁၀၇၄၄



### တူးမြောင်းတော်ကြီးထဲမှာ

အလွန်တရာကျယ်ဝန်းလှသော တရုတ်ပြည်ကြီး အတွင်းတွင် လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ရောင်းဝယ်ရေးတို့ အတွက် အဆင်ပြေစေရန် ရည်ရွယ်လျက် ဖောက်လုပ်ထားသော တူးမြောင်းများ များစွာရှိလေသည်။

ထိုတူးမြောင်းများထဲတွင် အထင်ရှားဆုံးနှင့် အရှည်ဆုံး တူးမြောင်းကြီးမှာ 'တူးမြောင်းတော်ကြီး' ဖြစ်ပေသည်။

ယင်းတူးမြောင်းတော်ကြီးမှာ 'နွေဦး' နှင့် 'မိုးဦး' ခေတ်များ (ခရစ်မပေါ်မီ ၇၇၀-၈၇၅)ကတည်းက စတင်တူးဖော်ခဲ့သည်။

ငင်းသည်ပီကင်းမြို့တော်မှစ၍ ဟိုပေ၊ ရှန်တန်၊ ကျန်ဆုနှင့် ကျက်ကျန်းပြည်နယ်ဟူသော ပြည်နယ်ကြီး လေးပြည်နယ်ကို ဖြတ်လျက် ဟန်ကျိုးမြို့တွင် အဆုံးသတ်လေသည်။

ဤတူးမြောင်းတော်ကြီး၏ မူလဇာတိတို့မှာ ဟိုင်ဟိုမြစ်၊ မြစ်ဝါမြစ်၊ ဟွာိုင်မြစ်တို့ဖြစ်ကြပြီး တူးမြောင်း၏အရှည်မှာမိုင်ပေါင်း ၁,၀၀၀ ကျော်ရှည်လျားပေသည်။

ထို့ကြောင့်လည်း ကမ္ဘာပေါ်တွင် အရှည်လျားဆုံး တူးမြောင်းကြီးတခုဖြစ်လေသည်။

တရုတ်ပြည်ကြီး၏ မြစ်များသည် အများအားဖြင့် တောင်ပေါ်ဒေသများမှ မြစ်ဖျားခံစီးဆင်းလာခြင်းကြောင့် ရေစီး သန်ကြ၏။ မြစ်ဖျားခံရာဒေသများသည် ရေပေါများရာ ဒေသများဖြစ်သည့်အတွက် ဆယ့်နှစ်ရာသီကာလပတ်လုံး ရေခန်းခြောက်ခြင်း၊ မြစ်ကောခြင်းမရှိကြချေ။

ထို့ကြောင့်လည်း ဤမြစ်များထဲမှ ဟိုင်ဟိုမြစ်၊ မြစ်ဝါမြစ်၊ ဟွာိုင်မြစ်တို့ကိုအခြေခံထားသောတူးမြောင်းတော်ကြီးမှာလည်း ထာဝရရေပြည့်နေသော တူးမြောင်းတော်ကြီးဖြစ်သည်။

တရုတ်ပြည်၏ ပထဝီအနေအထားအရ ယင်းတူးမြောင်းတော်ကြီးသည် အရှေ့မှ အနောက်တောင်မကျတကျသို့ စီးဆင်းလျက်ရှိ၏။

× × ×



နံနက်လင်းစအချိန်ဖြစ်ပေသည်။

ကမ္ဘာလောကကြီးတခုလုံး၏ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော အချိန်ကိုပြပါဆိုလျှင် နံနက်ခင်း အလှကိုပင် ပြရပေလိမ့်မည်။

မှန်သည်။

ထို့ကြောင့်ယခုကဲ့သို့ နံနက်လင်းစအချိန်သည် ကျက်ကျန်းပြည်နယ် တွင်းရှိ ဟန်ကျိုးမြို့ တူးမြောင်းတော်ကြီး၏ ကမ်းတလျှောက်သည် သာယာလှပလျက်ရှိနေလေသည်။

တူးမြောင်းတော်ကြီး၏အတွင်းကို ကြည့်လိုက်မည်ဆိုလျှင် ရေလှိုင်းကလေးများနှင့် သာယာငြိမ့်ညောင်းသော ရေပုတ်သံတို့က ဘောဂီတသံတခုနှယ် နံနက်ခင်း၏အလှကို သီကျူးနေသလိုရှိလေ၏။

ထိုစဉ်မှာပင် တူးမြောင်းတော်ကြီးထဲကို သေသေချာချာ ကြည့်လိုက်မည်ဆိုလျှင် ခပ်ဝေးဝေးမှ ရေစီးအတိုင်းမျောပါလာသည့် အမည်းရောင်သဏ္ဌာန်တခုကို တွေ့ရပေလိမ့်မည်။

ထိုသဏ္ဌာန်သည် တဖြည်းဖြည်းနှင့်နီး၍လာသလို ထိုအရာ၏ပုံသဏ္ဌာန်သည်လည်း ပီပြင်ပြတ်သားစပြုလာ၏။

မြုပ်ချည်ပေါ်ချည်နှင့် သစ္စာဝါ တကောင်၏ ပုံမှန်းသိသာလာသည်။

မြင်းညိုကြီးတကောင်ဖြစ်သည်။

မြင်းညိုကြီးသည် ခရီးဝေးမှ ရေပြင်ကျယ်ကို ကူးခတ်လာရဟန် ရှိသည်။ ပါးစပ်ကြီးဟလျက် မောနေဟန်ရှိသည်။

ဝေဟာ…… …… ……

ကြည့်ယင်းကြည့်ယင်းနှင့်ပင် မြင်းညိုကြီးသည် ကမ်းဘက်ကို လှည့်ပြီး ကပ်လာနေသည်။

တဖြည်းဖြည်း နီးလာပြီဖြစ်သည်။

တူးမြောင်းတော်ကြီး၏ တချို့တချို့သောနေရာတို့၌ ကမ်းစပ်များပြေပြစ်ခြင်းရှိသည်။ အများအားဖြင့် ကမ်းစပ်များမှာ မတ်စောက်လျက်ရှိသည်။

မြင်းကြီးသည် လွန်စွာလိမ္မာပါးနပ်ပုံရသည်။

ကမ်းပါးစောက်သောကမ်းစပ်များသို့မူ ဦးတည်ကူးခတ်ခြင်း မရှိပေ။

ယခု…… ……

သူကူးလာသည့်ကမ်းစပ်မှာ ပြေပြစ်သော ကမ်းပါးဖြစ်နေသဖြင့် အတက်ကောင်းသော ကမ်းပါးဖြစ်သည်။

ရေလယ်မှရေတိမ်ရာကမ်းစပ်သို့ ကူးလာယင်းနှင့် မြင်းညိုကြီးသည် အောက်ခြေမြေနှင့် သူ့ခြေထောက်တို့ မိပြီဖြစ်သောနေရာသို့ အရောက်တွင်-

“ဟီး-ဟီး-ဟီး”

ကျယ်လောင်စွာတချက်ဟီလိုက်သည်။

မြင်းကြီး၏ဟီသံကြောင့် ပတ်ဝန်းကျင်တွင် ဘာသာဘာဝ ရှာဖွေနေကြသော ရေတဲတအုပ်သည် လန့်ပြီးဝုန်းကနဲအုပ်လိုက်ကြီး ပျံသွားကြသည်။



ထိုစဉ်မှာပင် အသံတသံထွက်လာသည်။

‘ဟား … ဘယ်လိုကြောင့်ဒီလောက်တောင် ဟီရတာလဲကွ…. အိပ်ရေးပျက်လိုက်တာ’

ပျင်းတိပျင်းတွဲပြောလိုက်သော အသံဖြစ်သည်။

သို့သော် အသံကိုသာ ကြားရပြီး အသံရှင်ကိုမူ မမြင်ရသေးချေ။

မြင်းကြီးသည် ပင်ပန်းကြီးစွာဖြင့် ကမ်းပေါ်သို့ လှမ်းတက်လိုက်သည်။

× × ×

“အလို ကမ်းပေါ်တောင် ရောက်နေမှကိုး”

အသံက ထပ်ထွက်လာသည်။

ထို့နောက်—

“ဘုတ်-” ကနဲ မြေပေါ်သို့ သူဆင်းသည်၊ ထိုသူကား…. မြင်းကြီး၏ နံဘေးမှ ကပ်လျက် လည်ပင်းကို တွယ်ဖက်ကာ ရေစီးနှင့်လိုက်ပါလာသူပင် ဖြစ်လေသည်။

သူသည် မြင်းပိုင်ရှင် ဖြစ်၏။

မျက်နှာအနေအထားသည် နေလောင်ထားသည့် ပုံမျိုး ဖြစ်နေပြီး ကြေးနီရောင် တောက်နေသည်။

ကိုယ်တွင် အနီရောင်ဝတ်စုံ ခပ်နွမ်းနွမ်း တထည်ကို ဝတ်ဆင်ထားသည်၊ ကြောတွင်မူ ဓားတလက်ကို လွယ်ပိုးထား၏။

သည်နေရာနှင့် သည်ဒေသကို သူ မရောက်ဖူးခဲ့ပါ။

သို့ကြောင့် ပတ်ဝန်းကျင်ကို မျက်မှောင်ကြုတ်ပြီး တစူးတစိုက် စေ့စိုက်ကြည့်ရှုနေလိုက်သည်။

ကျစ်လျစ်ခိုင်မာသော လက်မောင်းအိုးကြီးများနှင့် ကြွက်သားများ အမြောင်းမြောင်း ထနေသော သူ့ခန္ဓာကိုယ်သည် ရေစိုအဝတ် အသားနှင့်ထိကပ်လျက် အလွန်ကြည့်ကောင်းသောကြောင့် ထင်ပေါ်နေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် သူသည် ကျန်းမာ တောင့်တင်းပြီး သဘောသကာယ ကောင်းမွန်မည့်သူ တယောက်ဟု သိသာသည်။

"အင်း .. ဒါဟာ ဟန်ကျိုးမြို့ရဲ့ အစပိုင်းဖြစ်မယ်"

စိတ်ထဲမှ ခန့်မှန်းလိုက်ယင်းမှ သူ့နံဘေးမှ မြင်းကြီးကို ကြည့်လိုက်သည်။

မြင်းညိုကြီးမှာ မောပန်းနွမ်းလျနေဟန်ရှိသည်။

ရေထဲမှ တက်လာရသော်လည်း သူ့ပါးစပ်ကြီးမှ ဟလျက် အမြှုပ်များပင် ထွက်နေသည်။

ထိုသူက သူ့မြင်းကြီးကို စိတ်မကောင်းစွာ တချက်ပွတ်သပ်လိုက်ယင်း-

"မင်းလဲ မောနေရောပေါ့၊ တို့ ဒီမှာ ခဏတော့ နားလိုက်ဦးစို့၊ ပြီးမှ မြို့ထဲဘက်ကို သွားကြတာပေါ့"ဟု ပြောယင်း မြင်းကြီးကို ဆွဲလျက် ကမ်းစပ်နှင့် မလှမ်းမကမ်းတွင် ရှိသော ဝက်သစ်ချပင်ကြီးအောက်သို့ လျှောက်လာခဲ့သည်။

\+ \+ \+



နံနက်ခင်း၏ နေရောင်ခြည်သည် တဖြည်းဖြည်းဖြင့် မြင့်တက်လာပြီ ဖြစ်သည်။

လောကကြီးကို စောစောကထက် ပိုပြီး အနွေးဓာတ်တို့ကို ဖြန့်ဝေပေးလျက် ရှိသည်။

စောစောက ဝက်သစ်ချပင်အောက်သို့ ဝင်လာသောလူသည် သစ်မြစ်တခုကို ခေါင်းအုံးလျက် တရှူးရှူးနှင့် အိပ်ပျော်နေချေပြီ။

မြင်းညိုကြီးမှာမူ ခပ်လှမ်းလှမ်း တနေရာတွင် သဘာဝအလျောက် ပေါက်ရောက်နေကြသော မြက်နုကလေးများကို စိမ်ပြေနပြေ စားလျက်ရှိသည်။

ထိုအခြင်းအရာတို့ကို ကြည့်နေသူများ ရှိသည်။

သူတို့သည် လူငါးယောက်ဖြစ်၏။

၎င်းတို့၏ မျက်နှာပုံပန်းသဏ္ဌာန်များမှာမူ လူကောင်းများ၏ ပုံပန်းသဏ္ဌာန် လက္ခဏာမျိုး မဟုတ်ကြ။

အားလုံး အနက်ရောင်ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

သူတို့သည် ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေကြယင်း၊ သူတို့အချင်းချင်းလည်း စကားစမြည်များ ပြောဆိုကာ ဝေဖန်နေကြသည်။

"ဟေ့... ဟိုရှေ့က မြင်းက ပိုင်ရှင်မဲ့ မြင်းတကောင် ထင်တယ်"

"ဘယ်ကလာ ဟုတ်ရမှာလဲ သူ့ပိုင်ရှင်က ဟိုမှာ အိပ်နေတဲ့ လူ ဖြစ်နိုင်တယ်"

တယောက်က ပြောလိုက်သည့် စကားကို အခြားတယောက်က ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။

"တို့-ဒီမြင်းကိုရယင် အနည်းဆုံး ယွမ် လေးငါးရာတော့ အေးအေးလေးသုံးဖို့ ရလာမှာ သေချာတယ်"

"အင်း ဟုတ်တော့ ဟုတ်တယ်၊ မြင်းကတော့ တကယ့် မြင်းကောင်းပဲ"

သူတို့ငါးယောက်ထဲမှ တယောက်က စကားမပြောသူ ဖြစ်သည်။

ကျန်လေးယောက်၏ စကားကို နားထောင်ယင်းမှ အိပ်နေသော လူနှင့် မြင်းညိုကြီးကို သေသေချာချာ စူးစိုက် ကြည့်ရှုနေသည်။

"ဘယ်လိုလဲ အစ်ကိုကြီး၊ ကျွန်တော်တို့ ဒီမြင်းကို ရအောင် ယူမလား"

ပထမဆုံး စမြင်သူက မေးလိုက်သည်။

ထိုသူ၏ အခေါ်အပြောကို နားထောင်ခြင်းအားဖြင့် စကားမပြောပဲနေသူမှာ သူတို့အုပ်စုထဲ၌ အကြီးအကဲ သို့မဟုတ် အသက်အကြီးဆုံး လူတယောက်ဖြစ်ဟန်ရှိသည်။

"အစ်ကိုကြီး ... ကျွန်တော်တို့စောစောစီးစီး အေးအေးသက်သာနဲ့ရမယ့်ပစ္စည်းကို ကျွန်တော်တို့ လုံးဝလက်လွှတ်မခံချင်ဘူး"

ဒုတိယလူက ပြောလိုက်ခြင်းဖြစ်သည်။

"ဟိုပိုင်ရှင်ဆိုတဲ့လူက အိပ်ပျော်နေတာပဲ၊ သူမသိအောင် မြင်းကိုဆွဲသွားလဲ ဖြစ်တာပါပဲ"



နောက်တယောက်ကပြောလိုက်သည်။

"မင်းပါးစပ်ပိတ်ထားလိုက်စမ်း၊ တို့ဟာသူခိုးတွေမဟုတ်ဘူး၊ သူများပစ္စည်းကိုဘယ်တော့မှခိုးမယူဘူးမှတ်ထား၊ကဲ.. သွားစမ်း တယောက်က အဲဒီလူကိုသွားနှိုးလိုက်"

တချိန်လုံးဘာမှမပြောပဲ ငြိမ်နေခဲ့သော အကြီးဆုံးပုဂ္ဂိုလ်က ပြောလိုက်ခြင်းဖြစ်သည်။

သူတို့အားလုံး၏မျက်နှာများမှာ လောလောလတ်လတ် တစုံတခုနှင့် ရန်ဖြစ်လာကြသည့်မျက်နှာပုံစံများ ဖြစ်နေကြသည်။

အားလုံး တင်းမာ ရန်လိုနေကြခြင်းဖြင့်၏။

အစ်ကိုကြီး၏ စကားဆုံးသည်နှင့် သူတို့ထဲမှ အငယ်ဆုံး ဖြစ်ဟန်တူသည့် သူသည် ဝက်သစ်ချပင်ကြီးဆီသို့ ခပ်တည်တည် လှမ်းထွက်သွားသည်။

စတုတ္ထလူက မြင်းညိုကြီးဆီသို့ထွက်သွားသည်။

သူတို့ပုံစံက သူခိုးများ မဟုတ်သော်လည်း ဓားပြများ ဖြစ်ကြသည်မှာ ပေါ်လွင်၏။

လူကောင်းများတော့ လုံးဝမဖြစ်နိုင်ပါချေ။

"ဟိတ်ကောင် ထစမ်း"

ဝက်သစ်ချပင်အောက်မှာ စိတ်ချလက်ချ အိပ်နေသောသူ ဖြတ်ကနဲနိုးလာသည်။

သို့သော်တုန်တုန်လှုပ်လှုပ်ကြီး ဝုန်းကနဲ ထထိုင်လိုက်ခြင်းမျိုး လုံးဝမရှိ။

မျက်လုံးများသာ ပွင့်၍ လာခြင်းဖြစ်ပါသည်။

"မင်းကိုထစမ်းလို့ပြောနေတာ မကြားဘူးလား"

"ကြားသားပဲ"

"ကြားယင်ထပါလား"

"ငါအိပ်ရေးမဝသေးဘူး"

"မလိုဘူး ထစမ်း"

အိပ်နေသောလူသည် ဘာမှမပြောပဲ မျက်လုံးများကိုပြန်ပြီး မှိတ်လိုက်သည်။

"တောက်"

ငါးယောက်အုပ်စုမှ အငယ်ဆုံးလူသည် ဒေါသဖြစ်သွားပုံ ရသည်။

တောက်တချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ကာ....

"ဟေ့... ပျင်းကြီးထစမ်း"

ပြောပြောဆိုဆိုခြေထောက်ဖြင့် လှဲကန်လိုက်သည်။

"အား..."

အော်သံကဟိန်းထွက်သွားသည်။

အလွန်နာကျင်စွာဖြင့် အော်ဟစ် ညည်းတွားလိုက်ခြင်းပင် ဖြစ်သည်။

× × ×



ခပ်လှမ်းလှမ်းမှာရပ်နေသော ညီအစ်ကိုသုံးယောက် မျက်လုံးများ မြူးကျယ်၍သွားကြသည်။

မြင်းညိုကြီးဆီကိုရောက်နေသော စတုတ္ထလူရွယ်၏ မျက်လုံးများမှာလည်း အော်သံကြောင့် လှည့်ကြည့်လိုက်သည်။

လူတယောက် လဲကျနေသည်၊

ဤသူမှာ သူတို့၏ ညီအငယ်ဆုံးဖြစ်နေ၏။

ခြေထောက်ကိုကိုင်ယင်း မျက်နှာမှာမဲ့ရှုံ့နေသည်။

"ဟိတ်... ညီလေး ဘာဖြစ်သွားတာလဲ၊ သစ်ငုတ်ကို ကန်မိသလား"

စကားနည်းသောအစ်ကိုကြီးက လှမ်းမေးလိုက်သည်၊

"မ... မဟုတ်ဘူး"

"ဟော... မဟုတ်ယင် ဘာဖြစ်တာလဲ"

ညီငယ်ဘာမှပြန်မဖြေနိုင်ပဲ သူ့ခြေထောက်ကိုသူပြန်ကိုင်ယင်း မျက်နှာမှာ ရှုံ့မဲ့လျက်ရှိသည်။

ထို့ကြောင့် သုံးယောက်စလုံးပြေးလာကြသည်။

သူတို့ပြေးလာသံကြောင့် အိပ်နေသောသူ မျက်လုံးကိုပြန်ဖွင့်လိုက်ပြီး 'တယ်နှောင့်ယှက်တဲ့ လူတွေပဲ...' ဟု ပါးစပ်က မြည်တမ်းယင်း အိပ်ရာမှ ထကာထိုင်လိုက်သည်။

ပြီးနောက် ထိုင်ရာမှထရပ်လိုက်သည်။

"ဟိတ်လူ.... ဘယ်ကိုထွက်ပြေးမလို့လဲ၊ ရပ်လိုက်စမ်း"

ခြေထောက် နာကျင်နေသော ညီငယ်က အော်ပြောလိုက်သည်။

"ငါကဘာဖြစ်လို့ပြေးရမှာလဲ၊ အေး.... ပြေးလဲမပြေးဘူး၊ ရပ်လဲမရပ်ဘူး၊ မင်းက ဘာကောင်မို့ ငါ့ကိုတားရတာလဲ"

"အစ်ကိုကြီး... ကျွန်တော့် ခြေထောက်ကို သူလက်သီးနဲ့ ထိုးလိုက်တယ်"

"ဟေ..."

အားလုံး ညီငယ်၏ စကားသံကြောင့် အံ့ဩသွားကြသည်။ မှန်သည်၊ အံ့ဩစရာပင်၊ သူ့ညီပြောလို့သာ ကြားလိုက်ရသည်၊ သူတို့ မျက်လုံးများထဲတွင် ထိုလူ၏ လှုပ်ရှားမှုကို လုံးဝ မတွေ့လိုက်ပါ။

"ဟုတ်သလား ညီလေး"

"ဟုတ်တယ်၊ဒီလူထိုးလိုက်တာ ကျွန်တော့်ခြေထောက် ကျိုးသွားပြီ"

"ဘယ်လိုလဲကွ၊ မင်း ဘာဖြစ်လို့ ထိုးရသလဲ"

ဒုတိယလူက မြင်းပိုင်ရှင်ကို မေးလိုက်သည်။

"ကျုပ် မထိုးဘူး"

"သူ ညာတာ"

"ငါ မညာဘူး... မင်း ညာတာ"

"ဟင်..."

နံဘေးမှ ညီအစ်ကိုများ ကြောင်သွားကြသည်။

"ဟုတ်တယ်၊ ငါဟာ ငါ့ဘာသာ ငါအိပ်နေတာ မင်းက ငါ့ကို ခြေထောက်နဲ့ကန်တာ၊ မင်းကန်လိုက်တဲ့ ခြေထောက်က ငါ့လက်နဲ့ ထိမိတာ၊ ငါက ထိုးတာလား၊ မင်းကန်လို့ ငါ့လက်နဲ့ ထိတာလား"



တလုံးချင်း အေးဆေးစွာ ဖြေလိုက်သော မြင်းပိုင်ရှင်၏ စကားကြောင့် ကျန်ညီအစ်ကိုများ ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားကြသည်။

မြင်းညိုကြီးဆီသို့ သွားနေသော စတုတ္ထညီငယ်သည် သူတို့ဆီသို့ ပြန်ပြေးလာပြီး ရင်လိုက်သည်။

"မင်း ဘယ်သူလဲ"

"ဝမ်ရှောင်း"

"ဘယ်က လာတာလဲ"

"ကျန်ဆုပြည်နယ်က လာတာ"

"ဘာ လာလုပ်တာလဲ"

"........................"

"ဟော့ကောင် ဘာလာလုပ်တာလဲ"

"........................"

အစ်ကိုကြီး ဒေါသဖြစ်သွားသည်။

ဝမ်ရှောင်းဆိုသည့် မြင်းပိုင်ရှင်က ခပ်တည်တည်ပင်။

"မင်း နားပင်းနေသလား"

"မပင်းပါဘူး"

"ဒါဖြင့် တို့မေးတာ ဘာလို့ မဖြေတာလဲ"

ဒုတိယလူက မေးလိုက်သည်။

"မလိုလို့ မဖြေတာပေါ့၊ဒီမေးခွန်းကိုဖြေရအောင် မင်းတို့က ဘယ်သူတွေလဲ"

"ဟုတ်တယ် ညီလေး၊ သူ့ဘာသာသူ ဘာကိစ္စနဲ့ပဲ လာလာ တို့နဲ့ မဆိုင်ဘူး၊ တို့နဲ့ဆိုင်တာသာ ပြောပေတော့"

အစ်ကိုကြီးက သူ့ညီများကို ကြည့်ပြီး ပြောလိုက်သည်။

ဝမ်ရှောင်းသည် စကားကို ကြားလိုက်သည်နှင့် မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။

စတုတ္ထညီက ခြေထောက်ကျိုးသွားသည့်ညီငယ်ကို ဆွဲထူယင်း နံဘေးသို့ ဆွဲသွားသည်။

"ငါ့ညီခြေထောက် ကျိုးသွားပြီ"

"ဟုတ်ကဲ့ သိပါတယ်"

ဝမ်ရှောင်း၏ အပြောကြောင့် အစ်ကိုကြီး မျက်နှာရဲကနဲ ဖြစ်သွားသည်။

"အေး သိယင် မင်းမြင်းကို တို့သိမ်းရလိမ့်မယ်"

"အလို ..."

ဝမ်ရှောင်း မျက်လုံးပြူးသွားရသည်။

"ဘာဆိုင်လို့လဲ"

"မင်းနဲ့ပတ်သက်ပြီး ဖြစ်ရတာ မင်းမှာ တာဝန်ရှိတယ်"

ဒုတိယလူက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"ဟား ဟား ဟား ထယ်လဲ သဘောကျဖို့ကောင်းတဲ့လူတွေ ပါလား"

ဝမ်ရှောင်း သဘောကျစွာ အားပါးတရ ရယ်မောယင်း ပြောလိုက်သည်။

"ကဲ ... ပြောနေတာ ကြာပါတယ်၊ ဟေ့ညီလေး ... မြင်းကို သွားဆွဲခဲ့စမ်း"



ဒုတိယအစ်ကိုကပင် လှမ်းပြီး ပြောလိုက်သဖြင့် စတုတ္ထညီ ဖြစ်သူမှာ မြင်းညိုကြီးဆီသို့ လျင်မြန်စွာ ပြေးသွားပြီး ခုန်တက် လိုက်သည်။

"ရှိ ..."

လေချွန်သံက စူးစူးရှရှ ထွက်ပေါ်လာသည်။

"ဟီး-ဟီး-ဟီး"

မြင်းညိုကြီးသည် ရုတ်တရက် ဟီလိုက်ပြီး ဖြတ်ကနဲ လှည့် လိုက်သည့်အချိန်နှင့် စတုတ္ထညီ ခုန်တက်လိုက်ချိန်တို့မှာ ကွက်တိကြီး ချိန်ကိုက်ထားသလို ဖြစ်သွားသဖြင့်-

"ဟာ ..."

ညီအစ်ကိုသုံးယောက်၏ အံ့ဩသံများနှင့်အတူ-

"အိုး ..."

စတုတ္ထညီငယ်၏ အထိတ်တလန့်အော်သံတို့မှာ တပြိုင်နက်ဖြစ် သွားရသည်။

"ခွပ်-ခွပ်-ခွပ်"

မြင်းညိုကြီးကဆုန်စိုင်းပြီး ဝမ်ရှောင်းနားသို့ ရောက်လာခဲ့ သည်။

စတုတ္ထညီမှာ သတိရှိစွာဖြင့် ခန္ဓာကိုယ်ကို ထိန်းလိုက်သဖြင့် အကျမနာခြင်းဖြစ်သည်။

သို့မဟုတ်ပါက ဝက်တကောင်ကို ကိုင်ရိုက်လိုက်သလို ဖြစ် သွားနိုင်သည်။

"မင်း.... မင်းဘယ်လိုလုပ်လိုက်တာလဲ"

"ငါ့မြင်း ငါပြန်ခေါ်လိုက်တာလေ၊ ဘာလဲ မင်းတို့က ငါဘာပဲလုပ်လုပ်အပြစ်လို့ သတ်မှတ်ချင်လို့လား"

"ဟုတ်တယ်၊ သတ်မှတ်ရမယ်၊ မင်းလုပ်သမျှဟာ တို့ညီအစ်ကိုတွေကို ထိခိုက်စေတာပဲမဟုတ်လား"

"ဒါက ငါကြောင့်မှမဟုတ်ပဲ၊ မင်းတို့ ငြိမ်ငြိမ် မနေလို့ဖြစ်ရတာပဲ၊ ငါဘာတတ်နိုင်ပါ့မလဲ"

"မလိုဘူး၊ မင်းမြင်းတို့ကို ပေးမလား မပေးဘူးလား"

"အလို... မင်းတို့ကသေသေချာချာ လေ့လာသုံးသပ် ကြည့်တော့မှ ဒမြတွေကိုး"

ဝမ်ရှောင်းဒါပဲပြောသည်။

မြင်းပေါ်သို့ လွှားကနဲခုန်တက်လိုက်ပြီး....

"မင်းတို့နဲ့ငါစကားပြောဖို့ အချိန်မရဘူးကွာ၊ ကဲ....ငါ့ကို ခွင့်ပြုပါဦး"

စကားဆုံးသည်နှင့် မြင်းကို နှင်ရန် ပြင်လိုက်သည်။



"ဝှစ်...."

"ဝှီး...."

ညီနောင်လေးယောက်စလုံး ပြိုင်တူလှုပ်ရှားလိုက်ကြသည်။

"ဟီး-ဟီး-ဟီး"

မြင်းညိုကြီး ရှတ်တရက်လန့်ပြီးအော်လိုက်သည်။

ညီနောင်လေးယောက်စလုံး မြင်း၏ခြေလေးဘက်ကိုချုပ်ကိုင်လိုက်ကြသည်။

ဝမ်ရှောင်းသိလိုက်သည်။

သူတို့၏အတွင်းအားများမှာသိသိသာသာကောင်းမွန်သူများဖြစ်ကြသလို သူတို့၏သိုင်းအဆင့်များမှာလည်း သေးငယ်သောအဆင့်များမဟုတ်ကြဟု သိရှိလိုက်သည်။

"မင်းတို့ ဘာလုပ်တာလဲ"

မြင်းပေါ်မှပင် အသံခပ်မာမာနှင့်မေးလိုက်သည်။

"မြင်းကို ယူတာလေ"

"ဟား ဟား....မဆိုးပါဘူး၊ မင်းတို့ မြင်းယူပုံယူနည်းက တယ်ကောင်းတဲ့ နည်းပါလား၊ ပိုင်ရှင်ကို နည်းနည်းလေးမှ မလေးစားပါလား"

"မလိုပါဘူး ပိုင်ရှင်ကိုတောင် တို့ကဘာမှသုံးမရလို့မယူတာ၊ တို့အသုံးတည့်ယင် အချိန်မရွေးယူလို့ရပါတယ်"

"'ကောင်းပြီလေ ... စမ်းကြည့်သေးတာပေါ့"

ဝမ်ရှောင်းမြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

တဆက်တည်း လှုပ်ရှားမှုကို စတင်လိုက်သည်။

မြင်း၏နောက်ခြေတဖက်ကို ကိုင်ထားသော အစ်ကိုကြီးဆိုသူ မျက်လုံးပြူးသွားရသည်။

သူသည် ဝမ်ရှောင်း၏လျှင်မြန်သောလက်သီးချက်ကို မနည်းကြီး ရှောင်လိုက်ရသည်။

လက်သီးချက်ကို ရှောင်လိုက်ရသဖြင့် မြင်းခြေထောက်ကို ကိုင်ထားသော သူ့လက်မှ အလိုလိုလွတ်ထွက်သွားသည်။

"ဥိး..."

"အလို...."

တတိယညီကို ခြေဖြင့်ပိတ်ကန်လိုက်သည်။ မထိ။

သို့သော် သူကိုင်ထားသောမြင်း၏ ရှေ့လက်တဘက်မှာမူ လွတ်၍သွားပြန်လေသည်။

"ခွေးဒမြတွေ၊ သေပေတော့...."

ဝမ်ရှောင်း၏တကိုယ်လုံးသည်လေထဲသို့လွင့်တက်သွားသည်။

ပြန်ကျလာသောအခါ မြင်း၏ကိုယ်လုံးတဘက်ရှိ ရှေ့ခြေတဘက်ကို ကိုင်ထားသော စတုတ္ထညီ၏ခေါင်းတည့်တည့် ပေါ်သို့-

"ဖတ်"



စတုတ္ထညီကပုတ်ထုတ်လိုက်သဖြင့် ဝမ်ရှောင်းယိုင်သွားသည်။

စတုတ္ထညီမှာလည်း ဝမ်ရှောင်း၏ခြေထောက်ကို ပုတ်ထုတ်လိုက်ရသဖြင့် သူကိုင်ထားသောမြင်းညိုကြီး၏ ရှေ့ခြေမှာ လွတ်ထွက်သွားရပြန်သည်။

"ဟီး ဟီး ဟီး"

"အလို...."

တယောက်တည်းကျန်သောဒုတိယလူမှာလည်း သူတယောက်တည်းဖြင့် မြင်းကြီးကို ထိန်းမထားနိုင်သောကြောင့် လွှတ်ပေးလိုက်ရလေသည်။

"ချွမ်း...."

"ဘယ်လိုလဲဟေ့၊ မင်းတို့ ဓားတွေဘာတွေတောင် အသုံးပြုတော့မလို့လား"

ဝမ်ရှောင်းက ရယ်မောယင်းလှမ်းမေးလိုက်သည်။

တဘက်မှ ခွန်းတုံ့ပြန်ခြင်းမရှိသော်လည်း၊ လှုပ်ရှားမှုတွေကိုတော့မူ မြင်နေရသည်။

"ချွမ်း...."

"ချွမ်း .. ချွမ်း...."

နံနက်ခင်း၏ နေရောင်ခြည်အောက်ဝယ် ဓားရောင်များဝင်းကနဲ ဖြတ်ကနဲ လက်ကနဲ ဖြစ်သွားကြသည်။

ဝမ်ရှောင်းနားလည်လိုက်ပါပြီ။

သည်ပွဲသည် ညှာလို့ရမည့်ပွဲ၊ ညှာလို့ရမည့်ပွဲမျိုး မဟုတ်မှန်း သိလိုက်ခြင်းပင်ဖြစ်သည်။

တကယ့်အသက်လုပွဲပုံစံမျိုးဖြစ်လာသည်။

"ဒန်း"

"ဒလန်း"

အားယူသံနှင့်အတူ ဓားနှစ်လက်ကပြိုင်တူဝင်လာသည်။

"ဖတ်"

"ဟိုး"

ဝမ်ရှောင်း၏ သူ၏မြင်းညိုကြီးကို နောက်ပြန် ပုတ်ထုတ်လိုက်သည်။

သတောကတော့ ဘာမှမသိနားမလည်ရှာသည့်သူမြင်းကြီးကို ထိမှာစိုးသောကြောင့်ပင်ဖြစ်သည်။

မြင်းကြီးကလည်းဆခင်အလိုကို သိဟန်ဖြင့် ရှေ့သို့ လွှားကန်ခုန်ထွက်သွားလေသည်။

"ဒလန်"

"ဒလန်"

ဓားနှစ်လက်၏ အသွားအလာက လျှင်မြန်ဖျတ်လတ်ခြင်းမရှိ၊ အထင်သေးစွာ ခုတ်လိုက်သော ဓားချက်များမို့ အား မပါလှပေ။

ဝမ်ရှောင်း နောက်သို့ ခြေတလှမ်းဆုတ်၍ ရှောင်လိုက်သည်။

"ဒန်း"

ရှောင်လိုက်ပြီးသည်နှင့်တပြိုင်နက် ကြောမှာ လွယ်ပိုးထားသည့်ဓားကို ဆွဲထုတ်လိုက်ပြီးဖြစ်သည်။

× × ×



"ကဲ ...လာကြစမ်းကွာ၊ ဒါလောက် ရန်လိုတဲ့ကောင်တွေ"

"ဖွီး"

"ဝှစ်"

"ဒန်း"

ဓားချင်းခတ်သံက နှစ်သစ်ကူးပွဲတော်လို မီးပန်းပွားတွေ လက်ကနဲ လွင့်ထွက်လာသည်။

အစ်ကိုကြီးဆိုသူ၏ "ဗျိုင်းငါးသုတ်" ဓားကွက်က ကြောက်ခမန်းလိလိ ပြင်းထန်လှသည်။

ဝမ်ရှောင်းမှာ သူ့ဓားဖြင့် ခုခံ တိုက်နိုင်သော်လည်း ရုတ်တရက်ခံလိုက်ရသဖြင့် အားမပါပဲ ဖြစ်သွားရသည်။

တကိုယ်လုံး ခါထွက်သွားသည်ဟု ဝမ်ရှောင်း ထင်လိုက်မိသည်။

လက်ထဲတွင် ကိုင်ထားသော ဓားပင် လွတ်ကျလုနီးနီး ဖြစ်သွားရသည်။

ဒါကို တဘက်လူကလည်း သတိထားလိုက်မိပုံရသည်။ အခွင့်အရေးကို အပြည့်အဝအသုံးချပြီးဖြစ်သည်။

"ဒန်း...."

"ဒလန်း...."

ဓားနှစ်ချက်တိတိ ခုတ်လိုက်သည်။

ဓားနှစ်ချက်စလုံး ဝမ်ရှောင်းသတိထားလိုက်ပြီး အားအပြည့်သုံးကာ ပြန်ခုခံသည်။

"ဝှီး"

"ချင်... ထောက်"

အစ်ကိုကြီး မျက်လုံးပြူးသွားသည်၊ သူ့လက်ထဲမှာ ကိုင်ထားသည့်ဓားမှာ ငုံးတိကလေးဖြစ်သွား၏။

"ယား...."

"ဝှစ်...."

"အား...."

နာကျင်စွာ အော်လိုက်သံနှင့်အတူ အစ်ကိုကြီးဆိုသူ၏ လက်ချောင်းကလေးတွေ တိကနဲဖြစ်သွားသည်။

သူ ငုံးတိတိ ဓားကို ကြောင်ပြီး၊ ငုံ့ကြည့်လိုက်စဉ်ဝယ် ဝမ်ရှောင်း၏ 'သက်တန့်ရေသောက်' ဓားချက်က မိမိရင်သွားသည်မို့ ပထမတွင် လက်တခုလုံး ပူကနဲဖြစ်သွားသည်ဟု ထင်ရသော်လည်း စင်စစ် ကြည့်လိုက်သောအခါ-

"ဟာ....မင်းမင်း"

"ဒန် ... ဒလန်"

စကားမဆုံးခင် နောက်ထပ် ဓားချက်နှစ်ချက်က ထပ်ဝင်လာသည်မို့။

"ဝှန်း"

နောက်သို့ ကမန်း ကတန်း ခုန်ရှောင်လိုက်ရသည်။

"ဟေ့ ....အစ်ကိုကြီးကို ထိသွားပြီကွ"

"အေး .. မင်းတို့ကို ထိဖို့ပဲ ကျန်တော့တယ်... လာကြစမ်း"

"ဝှီး...."



ဓားချက်ပေါင်းငါးဆယ်ကျော်ဖြင့် တိုက်ခိုက်ပစ်လိုက်သည်။ ဓားချက်တွေက များသလောက် လူကလည်း ပေါ့ပါးစွာ ဟိုကူး ဒီကူးနှင့် လိုက်ခုတ်ခြင်းဖြစ်သည်။

သူ့ကို ဝိုင်းထားသော ညီအစ်ကိုလေးယောက် တယောက်တနေရာစီ ဖြစ်သွားကြသည်။

ဝမ်ရှောင်းက အကင်းပါးသည်။

သူတို့ကို ပြန်အစ မခံတော့ချေ။

ဆက်တိုက် လှုပ်ရှားပြီး ဆက်တိုက်လိုလိုပင် ဓားချက်တွေက လျှပ်စီးလက်သလို အဝင်အထွက်တွေ ရှုပ်နေသည်။

"ဝှီး...."

"ဝှစ်....ဒန်း....ဒလန်း"

ဓားချက်တိုင်းကလည်း အားပါသည်၊ ထိလိုက်လျှင်လည်း မလွယ်သော သေမင်းတမန်ဓားချက်များပင် ဖြစ်သည်။

ညီနောင်လေးယောက် မျက်နှာချင်းဆိုင် တယောက်တနေရာစီ ခပ်ဝေးဝေးသို့ လွင့်သွားမှ အလယ်ကောင် တည့်တည့်တွင် ဝမ်ရှောင်းရပ်လိုက်သည်။

"ကဲ .. မင်းတို့ ကျေနပ်ပါတော့ကွာ၊ ငါလဲ မနက်ကတည်းက ဘာမှ မစားခဲ့ရသေးဘူး ဒီတော့...."

"ဝှစ်..."

"ဖတ်...."

လေထဲမှပင် ကိုယ်ကို တပတ်ဝဲ၍ ခုန်လိုက်သည်။

ညီနောင်လေးဦးစလုံး မျက်လုံးပြူးသွားသည်။

မှန်သည်၊ ပြုံးမည်ဆိုလျှင်လည်း ပြုံးစရာပင်၊ ဝမ်ရှောင်းမှာ မြေပေါ်တွင် မဟုတ် လေထဲမှာပင် ကျွမ်းတပတ် လှလှပပ ထိုးလိုက်ပြီး ခြေကျိုးနေသော အငယ်ဆုံးညီနားသို့ အရောက်တွင် ညီငယ်၏ စတ်စုံထဲမှ ငွေအိတ်ကလေးကို ဆတ်ကနဲ နှိုက်ယူလိုက်လေသည်။

"ကဲ....ဒီငွေကို အလှူလို့ပဲ သဘောထားကွာ၊ ငါ့မှာ လောလောဆယ်သုံးဖို့ တပြားမှ မရှိလို့ ခုလို ယူသွားရတာကို ခွင့်လွှတ်ပါ"

ဝမ်ရှောင်း၏ လှုပ်ရှားမှုမှာ မြန်ဆန်လွန်းလှသည်။

သူ့လက်ထဲတွင် ငွေထုပ်ကလေး တထုပ် ရောက်နေသည်။

ခြေကျိုးနေသော အငယ်ဆုံးညီ၏ ငွေအိတ်ကလေးပင် ဖြစ်သည်။

ဘယ်သူ့ထံကမှ စကားထွက်မလာတော့ချေ။

အစ်ကိုကြီးမှာ သူ့ကို ရန်လုပ်ဖို့ ဝေးစွ၊ သူ့ကိုယ် သူပင် အနိုင်နိုင်၊ ဓားချက်ထိထားသော လက်မှသွေးများမထွက်စေရန် အတွင်းအားဖြင့် သွေးကြောပိတ်ကာ ထိန်းချုပ်ထားရသည်။

ကျန် ညီငယ်များမှာလည်း ဝမ်ရှောင်း၏ စွမ်းရည်ကို တွေ့လိုက်ရသဖြင့် ဘာမှ ဆက်ပြီး မလှုပ်ရှားရဲပဲ သူတို့၏ အစ်ကိုကြီးဘေးတွင်သာ စုလျက် ရပ်နေကြသည်။

"ဒီမှာ ငါ့လူတို့၊မင်းတို့ မေးလို့ ငါ့နာမည် ဝမ်ရှောင်းဆိုတာ ပြောခဲ့ပြီးပြီ၊ ဒါပေမယ့် မင်းတို့ရဲ့ နာမည်တွေကိုတော့ ငါမသိရသေးဘူး၊ နောက် လမ်းမှာကြုံယင် တယောက်နဲ့ တယောက်



မခေါ်တတ် မပြောတတ် ဖြစ်နေပါဦးမယ်၊ ကဲ - ပြောစမ်း မင်းတို့ နာမည်တွေ'

ဝမ်ရှောင်းက ညီငယ်လေး၏ ရှေ့တည့်တည့်တွင် ဓားကို ဝင့်ယင်း မေးလိုက်သည်။

ဘယ်သူမှ သူ့စကားကို ပြန်မဖြေကြ။

"ဟိတ်....မေးတာ မဖြေဘူးလား၊ မဖြေယင် မင်းတို့ ငါး ယောက်ထဲက တယောက်ပဲ့ထွက်သွားလိမ့်မယ်'

ဝမ်ရှောင်း အကျပ်ကိုင်လိုက်သည်။

သူ့ဓားကို ခြေကျိုးနေသော ညီငယ်၏မျက်နှာမှာဝဲလျက် မေးလိုက်ခြင်း ဖြစ်ပါသည်။

ကျန် လေးယောက်စလုံး ညီငယ်အတွက် စိတ်ပူသွားပြီး–

"ဒီမှာ တို့နာမည်ကိုသိရယင် ညီလေးကိုဘာမှ ဒုက္ခမပေးဘူး ဟုတ်လား"

ဒုတိယ အစ်ကိုက ပျာပျာသလဲ မေးလိုက်သည်။

"ငါ ယောကျ်ားပဲကွာ... ယောကျ်ားစကား ပြောမှာပေါ့၊ မင်းတို့လို စကားပြင်တတ်တဲ့အကောင် မဟုတ်ဘူး"

ဝမ်ရှောင်းက ခပ်မာမာ ပြန်ပြောလိုက်သည်။

"ဒါဖြင့် ကျုပ်တို့ပြောမယ်"

ဓားဖြင့် မျက်နှာနားကိုကပ်ပြီး ဝှေ့ယမ်း ခံနေရသော ညီအငယ်ဆုံးက ပြောလိုက်သည်။

"ကဲ....ပြော....မင်းတို့နာမည် ဘယ်သူလဲ"

"သူ့ရဲ့ညီနောင် ငါးဖော်"

"ဘာလုပ်စားသလဲ"

"…. …. … …."

သူ့ရဲ့အငယ်ဆုံးလေး ပါးစပ်ပိတ်သွားသည်။

"ဟော့ကောင် ပြော"

ခေါးရောင်က လက်ကနဲ ဖြစ်သွားပြန်သည်။

"ပြောလိုက်ပါ ညီလေး"

သူ့ရဲ့ကြီးက လှမ်းပြောလိုက်သည်။

"ဒမြ တိုက်စားတယ်"

ဝမ်ရှောင်း ပါးစပ်မှ လေချွန်သံတချက်ထွက်လာသည်။

"ရှီ……" ဟူသော အသံနှင့်အတူ သူ့မြင်းညိုကြီး ရောက်လာသည်။

"ကဲ…သွားမယ်….ငါ့ကိုလဲမှတ်ထားပေါ့၊ဝမ်ရှောင်းတဲ့…."

စကားဆုံးသည်နှင့် မြင်းညိုကြီးကို ဇက်ကုန် လွှတ်လျက် ထိုနေရာမှ ရုတ်ခြည်း ပြေးနှင်ထွက်ခွာသွားလေတော့သည်။

စကားပြောသောစါးလုံး

ဟန်ကျိုး မြို့ထဲတွင် စားသောက်ဆိုင် တည်းခိုခန်းတွေ များသည်။

တူးမြောင်းတော်ကြီး၏ ခရီးဆုံးဒေသ ဖြစ်သောကြောင့် ရောင်းဝယ်မှု အစည်ကားဆုံး ဒေသဖြစ်သလို ခရီးသွားနေသူများလည်း အလွန်များသည်။

အခြား မြို့များကဲ့သို့ ဈေးနေ့ကို သတ်မှတ်ထားခြင်း မရှိ။ နေ့စဉ်နေ့တိုင်း ဈေးရှိသည်။

ထို့ကြောင့် နေ့စဉ်နေ့တိုင်း လူစည်ကားနေ၏။

ဈေးလမ်းမကြီးတလျှောက်တွင် ဟန်ကျိုးမြို့၏ နာမည်ကြီး ပိုးထည်များ၊ ဖဲရောင်စုံအထည်များ၊ ဝါဂွမ်းဖြင့် ယက်လုပ်ထားသော ပစ္စည်းများ အများအပြား ရောင်းချလျက်ရှိသည်။

မြို့၏ တဘက်ကို ကြည့်လိုက်လျှင် ချဲ (န်) ထန်မြစ်ကြီးက သာယာစွာ စီးဆင်းလျက်ရှိသလိုတဘက်တွင်လည်း မေရှတောင်ထွတ်ကြီး နှစ်ခုက ပန်းရောင်စုံများနှင့် သာယာတင့်မောဖွယ် ရှိသည်။

အမှန်တကယ်တွင်မူ တရုတ်ပြည်ကြီးတွင် အပန်းဖြေ အနားယူစရာနှင့် သာယာဖွယ်အလှပတို့ဖြင့် ပြည့်စုံသောမြို့ကို ပြပါဆိုလျှင် ယင်းဟန်ကျိုးမြို့ကို ပြရပေလိမ့်မည်။

ထို့ကြောင့် ဟန်ကျိုးမြို့သည် ထာဝရစည်ကားသော မြို့ကြီးတမြို့ ဖြစ်၍နေလေသည်။

× × ×

မြို့ဝင် လမ်းမကြီးပေါ်တွင် ဖြစ်သည်။

လှပ ခန့်ညားသော မြင်းညိုကြီးကို စီးထားသော အနီရောင်ဝတ်စုံနှင့် လူတယောက်ဝင်လာသည်ကို မည်သူမှ ဂရုပြုကြဟန် မရှိပါ။

ထိုလူကလည်း ခပ်မှန်ပင် မြင်းကြီးကို အသားကျ စီးလျက် တောသား မြို့ရောက်ပုံစံမျိုးဖြင့် ဟိုဒီငေးမောယင်း မြင်းကျောကုန်းပေါ်မှ ပါလာသည်။

မြို့လယ်ကိုဖြတ်၍ ဖောက်ထားသော ဆူဟုန်ပိုလမ်းထိပ်သို့ ရောက်လာသည်တွင်–

"ရွှေစည်းစိမ် စားသောက်ဆိုင်"

ဟူသော ဆိုင်းဘုတ်ကြီးကို လှမ်းတွေ့လိုက်ရသည်။

"ဟား ... တယ်ပြီး ခန့်ညားထည်ဝါတဲ့ဆိုင်ကြီးပါလားဟေ့၊ ဈေးတော့ တော်တော်ကောင်းမယ့်ပုံပဲ" ဟုရေရွတ်လိုက်မိသည်။

ဝမ်ရှောင်းသည် ဆိုင်ကိုဝင်ချင်သည်။

ဒါပေမယ့် သူ့မှာ ငွေစဟူ၍ လုံးဝမရှိသဖြင့် ခက်နေသည်။



"အိုး ... ငါမေ့နေလိုက်တာ၊ ဟိုသရဲငါးဖော်ဆီက လုခဲ့တဲ့ ငွေအိတ်ကလေး ရှိနေတာပဲ"

ပါးစပ်မှ ရေရွတ်လိုက်ယင်း၊ အနီရောင်ဝတ်စုံ၏ ရင်ဘတ်ကြားထဲကို လက်လျှိုလိုက်သည်။

လက်ပြန်ထွက်လာတော့ အနက်ရောင် ငွေအိတ်ကလေးတလုံး ပါလာသည်။

အိတ်က တော်တော် လေးပုံရသည်။

ငွေ ဘယ်လောက်ပါသလဲသိရန် လက်ထဲကို သွန်ချ ကြည့်လိုက်၏၊ အာမေဋိတ်သံဖြင့် သူ့ပါးစပ်မှ ခပ်တိုးတိုး ထွက်လာသည်။

"ဟာ...မနည်းပါလား ငွေစတွေအပြင် ရွှေစတွေ ငါးခုတောင် ပါသေးတယ်၊ ဟဲဟဲ.... ဟုတ်ပြီ၊ ငါ... တပတ်လောက်တော့ ရွှေစည်းစိမ်မှာ ဇိမ်ကျကျ နေပစ်လိုက်ဦးမှပဲ"

မြင်းကို ခပ်ဆတ်ဆတ် ရွှေသို့တွန်းလိုက်သည်။

မြင်းညိုကြီးသည် တလှမ်းချင်း ဇက်ကြိုး ထိန်းထားသည့်ဘက်ကို ရွေ့လျားထွက်သွားသည်။

ဝမ်ရှောင်း ဇက်ကြိုးတည့်ပေးလိုက်သည့်နေရာကား....

ရွှေစည်းစိမ် စားသောက်ဆိုင်ပင် ဖြစ်သည်။

× × ×

"ဆရာ့မြင်း အပ်ဖို့လိုပါသလား ခင်ဗျား"

အသံလာရာဘက်ကို ကြည့်လိုက်သည်။

ဝမ်ခရှောင်း အံ့သြသွားရသည်။

ဝမ်ခရှောင်းသည် ယောက်ျားများထဲတွင် အတော်ပင် အရုပ်အခမောင်း ကောင်းသူတဦးဟု သူနှင့်သိကျွမ်းသူ လူအတော်များများက မှတ်ချက်ချဖူးသည်။

မှန်သည်၊ ယခုအခါ ထိုမှတ်ချက်မှာ အလကား ဖြစ်သွားရသည်။

အဘယ်ကြောင့် ဆိုသော်—

သူတို့ နှုတ်ဆက်ကြိုဆိုလိုက်သောသူသည် ယခုသူနှင့်တန်းတူ မျက်နှာချင်းဆိုင် ညီတူနေ၏။

သို့ရာတွင်—

ဝမ်ရှောင်းသည် သူ၏ ဒေါက်မြင့်လှသော မြင်းညိုကြီးပေါ်မှ မဆင်းရသေးပါ။

ရုတ်တရက်ကြည့်လိုက်လျှင် ဝါးလုံး ရှည်ရှည်တချောင်းက စကားပြောနေသည်ဟုထင်ရမည်။

ဟုတ်သည်၊ ဤမျှရှည်လျားသော အရုပ်အခမောင်းမျိုးနှင့် လူကို သူတခါဖူးမှ မမြင်ဖူး၊ မတွေ့ဖူးခဲ့ပါ။

"အဟဲ ..ကျုပ်တော့ ခင်ဗျားကိုကြိုက်သွားပြီ"

ဝါးလုံးရှည်ကြီးကစကားပြောသည်။

ဝမ်ရှောင်းသဘောကျသွားပြန်သည်။

"ကျုပ် ဒီမှာတည်းခိုဖို့ အခန်းရနိုင်ဦးမလား"

"ဟုတ်ကဲ့ နေပါဦးဆရာ၊ကျွန်တော်အပေါ်ထပ်က အခန်းတံခါးတွေကို လှမ်းကြည့်လိုက်ပါမယ်"



လွင်စာပေ
(၁၃၈)

ပြောပြော ဆိုဆို ရွှေစည်းစိမ်ဘက်သို့ လှည့်လိုက်ကာ လျှောက်သွားယင်း တပေခန့်မြင့်သော ဆိုးကလေးပေါ်တွင် တက်ရပ်လိုက်ယင်း ရွှေစည်းစိမ်၏ အပေါ်ထပ်ကို လှမ်းကြည့်လိုက်သည်။

"ဟာ....ဆရာကံကောင်းတယ်၊ တခန်းလွတ်နေသေးတယ်၊ အဲဒီလွတ်တဲ့အခန်းက နေရာသိပ်ကောင်းတယ်၊ ဟိုက မေရုတောင်ထွတ်ကို လှမ်းမြင်ရတယ်၊ တံခါးအနောက်ဘက်ဆိုယင် မြစ်ပြင်ကိုတန်းနေတာပဲ၊ ရှခင်းတွေကို အဲဒီပေါ်ကနေ စိတ်ကြိုက်အရသာခံလို့ရတယ်ဆရာ၊ မြန်မြန်သွားပြီးငှားလိုက်ပါ၊ နို့မို့ဆိုယင် အခန်းကလူကြိုက်များတော့ သူများဦးသွားလိမ့်မယ်"

အပေါ်ထပ်ကို လှမ်းကြည့်ယင်းပြောလိုက်သည်မှာ ယုံမှားနိုင်ဖွယ်ရာမရှိပါ။

"တယ်ကောင်းတဲ့ အရုပ်ပဲ၊ သစ်ကုလားအုတ်နဲ့ အမျိုးတော်ဘယ်သင်တယ်" ဟု စိတ်ထဲမှာ ကျိတ်ပြီးချီးကျူးနေမိသည်။

သူအပြောကိုလက်ခံလိုက်သည်။

ဝမ်ရှောင်းမြင်းပေါ်မှ ဆတ်ကနဲခုန်ချလိုက်ပြီး–

"ကဲ ...ရော့ ကျုပ်မြင်း၊ ခဏနေ ကျုပ်ပြန်ထွက်လာပါမယ်၊ လောလောဆယ်အခန်းရအောင် ခင်ဗျားပြောသလို အယင်သွားငှားလိုက်ဦးမယ်"

ဝမ်ခရှောင်းပြောပြောဆိုဆို စားသောက်ဆိုင်ထဲသို့ အပြေးဝင်ရောက်သွားသည်။

"အင့်...."

"အိုး...."

တစုံတယောက်နှင့် မျက်နှာချင်းဆိုင် ဝင်တိုက်မိလိုက်သည်။

တော်သေးသည်။

ဝမ်ရှောင်းလူတယောက်ကို ရိပ်ကနဲ မြင်လိုက်သောကြောင့် ကိုယ်ရှိန်ကို အလျှင်အမြန်သပ်လိုက်နိုင်သဖြင့် သိပ်ထိထိခိုက်ခိုက်ကြီးတော့မတိုက်မိပါ။

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ကျွန်တော်လောကြီးသွားလို့ပါ"

ဝမ်ရှောင်းကပင်စတင်ပြီးတောင်းပန်လိုက်သည်။

"ရပါတယ်ရှင်၊ ကျွန်မကလဲ လောပြီးထွက်မိတာပါ"

ဝမ်ရှောင်း ခုမှမျက်လုံးပြူးသွားသည်။

ပြူးသွားသောမျက်လုံးများ အပြင်သို့ထွက်ကျမည်ကို သူဘာသာသူ စိုးရိမ်လိုက်မိသည်။

"လှလိုက်တာ"

'ပါးစပ်ကတိုးတိုးလေး ရေရွတ်မိသွားသည်။

ဖြူဝင်းအိစက်သောအသားအရေးနှင့်သွယ်လျသောမျက်နှာ၊ အပြစ်ဆိုစရာမရှိသော ကိုယ်လုံးကိုယ်ပေါက်တို့ဖြင့် မျက်နှာကလေးပြုံးရပ်နေသော မိန်းမလှလေးတဦးကို တွေ့လိုက်သောကြောင့်ဖြစ်သည်။

သူဘယ်အထိသတိလက်လွတ် စိုက်ကြည့်နေမိသည်မသိ။

"ရှင်အထဲကိုမဝင်တော့ဘူးလား၊ကျွန်မလဲအပြင်ကိုမထွက်ရတော့ဘူးလား"

ဝမ်ရှောင်းရှက်သွားမိသည်။



တသက်နှင့်တကိုယ် ဒီတခါပဲရှက်တယ်ဆိုတာ သူသိဖူးသေးသည်။

"အိုး....ဝမ်းနည်းပါတယ်ခင်ဗျား"

ပြောပြောဆိုဆိုဝမ်ရှောင်းအပေါက်ဝမှဖယ်ပေးလိုက်သည်။

"ဟုတ်ကဲ့.. ကျွန်မကတော့ ဝမ်းသာနေပါတယ်ရှင်၊ ရှင်အခုလိုခပ်မြန်မြန်လေး လမ်းဖယ်ပေးတာကိုပေါ့"

မိန်းမလှလေးထွက်သွားပြီ။

လုံးငန်းပြည့်တင်းသော နောက်ကျောကို ကြည့်ယင်း ဝမ်ရှောင်းသက်ပြင်းတချက် ချလိုက်မိသည်။

ပြီးတော့သူ့ခြေလှမ်းတွေက အပြင်ဘက်သို့ ဦးတည်နေရာမှ အတွင်းဘက်သို့ အတင်းပြန်လှည့်ကာ ဝင်လာခဲ့ရသည်။

"အင်း....အလှအပရဲ့တန်ခိုးဟာ သိပ်ကြီးတာပဲ" ဟု သူပိုင်အဘိဓမ္မာတရပ်ကိုပင် ကောက်ချက်ချမိသည်။

× × ×

ကံကောင်းသည်ဟုဆိုရမည်။

သူရောက်သွားပြီး အခန်းငှား စာရင်း သွင်းနေစဉ်မှာပင် အခြားတယောက်က သည်အခန်းကို လိုချင်သည်ဟု လာရောက်ပြောဆိုနေသဖြင့် ညှော်ခန်းတာဝန်ခံမှာ ခေါင်းယမ်း၍-

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ဟောဒီက လူကြီးမင်း ငှားပြီးပါပြီ"

ဟု မိမိအားရည်ညွှန်း၍ ပြောဆိုနေသည်ကို တွေ့သည်။

"အင်း-ကံကောင်းလို့"ဟု မိမိဘာသာ တွေးလိုက်မိသည်။

စောစောက အလုအယ ကားလေးကို လမ်းမြန်မြန် ဖယ်ပေးလိုက်၍သာ ဖြစ်သည်၊ နို့မို့ဆိုလျှင် သည်အခန်း ရတော့မည် မဟုတ်ပါ။

အခန်းကတော့ ရပြီ၊ ငွေလည်း ရှင်းပြီးပြီ။

စုစုပေါင်း တစ်ပတ်ခန့်နေမည်ဟု ကြိုတင် ငွေရှင်းပေးထားပြီးပြီမို့ အခန်းကိုသွားကြည့်ကာ တံခါးကို ပြန်ပိတ်ထားခဲ့ပြီး အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

သူ့မှာ တာဝန်ရှိသေးသည်။

သူ့ မြင်းညိုကြီးကို ထိန်းသိမ်းပေးမည့် ဝါးလုံးရှည်ကြီးဆီ ပြန်သွားရဦးမည် မဟုတ်ပါလား။

အောက်ထပ်မှတဆင့် အပြင်သို့ပြန်ထွက်ခဲ့သည်။

အပေါက်ရောက်တော့-

ဝမ်ရှောင်းစိတ်မှာ အလုနတ်သမီးကလေးကို သွား သတိရမိသေးသည်။

"သူ ဒီမှာ တည်းခိုတာလား"

"သူ ဘယ်သူလဲ"

"သူ ဘယ်သူလဲ"

"သူတယောက်တည်းလား"



"သူ့မှာ ပိုင်ရှင်ရှိသလား"

မေးခွန်းတွေ တပုံကြီးကို စိတ်ထဲမှ မေးနေမိသည်။

မသိပဲ မေးခွန်းတွေကို သူဆက်မတွေးတော့ဟု စိတ်ဆုံးဖြတ်ကာ အပြင်သို့ ထွက်လာခဲ့သည်။

ပထမ ဝါးလုံးရှည်ကြီး သူမတွေ့။

နောက်မှ....

"အင်း....မြင်းဇောင်းဘက်မှာ ရှိမှာပဲ"ဟု သည့် အတွေးဖြင့် မြင်းဇောင်းရှိရာ စားသောက်ဆိုင် အနောက်သို့ လျှောက်လာခဲ့သည်။

"ဆရာ"

ဝမ်ရှောင်း တွန့်ကနဲ ဖြစ်သွားသည်။

မြင်းဇောင်းထဲကို ရောက်နေပြီဖြစ်သော်လည်း ဝါးလုံးရှည်ကြီးကို မတွေ့သဖြင့် ဟိုဟိုသည်သည် ကြည့်နေစဉ် သူ့ကို ခေါ်သံကြားလိုက်သဖြင့် ကိုယ်ကိုလှည့်ပတ်ပြီး ရှာကြည့်မိသည်။

မတွေ့ပါ။

တခုကိုတော့ တွေ့သည်။

သူ့မြင်းညိုကြီး အစာစားနေသည်ကိုသာ တွေ့သည်။

"ဆရာ....အခန်းရခဲ့ပြီလား"

အသံက ထပ်ပေါ်လာပြန်သည်။

ဝမ်ရှောင်း လိုက်ကြည့်သည်၊ မတွေ့သဖြင့် စဉ်းစားရ ကျပ်နေသည်။

"ဆရာ....ဘယ်နှစ်ရက် တည်းမှာလဲ"

ဒီတခါ အသံထွက်သည့်နေရာကို ကြည့်လိုက်တော့မှ လား လား ...ဝါးလုံးရှည်ကြီးက ကောက်ရိုးပုံပေါ်မှာ လဲလျောင်းနေသည်ကို တွေ့ရသည်။

"အမယ်လေး .... ကျုပ်က သရဲ ခြောက်တယ် မှတ်လို့ ဟားဟား"

"ဆရာ သရဲဆိုတာ ယုံသလား"

"အင်း....မယုံပါဘူးဗျာ"

ဝမ်ရှောင်းက သူ့သဘောကိုသိလိုသဖြင့် မရေမရာ၊ မဖြေချင် ဖြေချင် ဖြေလိုက်မိသည်။

"ဆရာရယ်....သရဲဆိုတာ မရှိပါဘူး၊ ကျွန်တော်တော့ မယုံဘူး၊ အဲ-လူသရဲတော့ ကြားဖူးတယ်"

"ဗျာ...."

ဝမ်ရှောင်းက 'ဗျာ'ဟု ဆိုလိုက်သဖြင့် ထပ်ဆင့် ပြောလိုက်ခြင်း ဖြစ်သည်။

"လူသရဲ....ဟုတ်လား"

"ဟုတ်ပါတယ် ...တယောက်တည်းတောင် မဟုတ်ဘူး"

"ငါးယောက်လား"

ဝမ်ရှောင်းက ကြားမှ ဖြတ်မေးလိုက်သည်။

"အယ် ..."

ဒီတခါ အံ့ဩသွားရသူက ဝါးလုံးရှည်ကြီး။

"ဟုတ်ရဲ့လား ငါးယောက်"

"သရဲ"



"ဆရာတောင်သိနေပြီပဲ၊ ဟုတ်တယ်ဆရာ သရဲငါးကောင်"

"သိတာပေါ့၊ မနက်ကပဲ သရဲအသေးလေးကို ခြေထောက်ချိုးပစ်ခဲ့တယ်၊ သရဲအကြီးကြီးကို လက်ချောင်းလေးတွေ ဖြတ်ပစ်ခဲ့တယ်"

"အို..."

ဝါးလုံးရှည်ကြီး ပါးစပ် ဝိုင်းကနဲ ဖြစ်သွားသည်။

"သူ.. သူတို့က"

"ဟုတ်တယ် ဒမြတွေပဲ"

"ဟာ ... ဆရာ အကုန်သိနေပါလား"

"မနက်ကမှ သိတာပါ"

"သူတို့က ဆရာကို ဘာလုပ်လို့လဲ"

"ဟောဒီကောင်ကြီးကို တောင်းလို့"

အစာစားနေသောမြင်းညိုကြီးကို မေးငေါ့ပြယင်း ဝမ်ရှောင်းက ပြောလိုက်သည်။

"သူတို့က ဒမြတွေပဲ၊ ဘာမဆို အနိုင်ကျင့်ပြီး လိုချင်တာပဲ"

"သူများဆီကဆိုယင်တော့ ရမှာပေါ့"

"ဟုတ်တယ် သူများဆီက သူတို့ တော်တော်များများ ရကြပါတယ်"

ဝါးလုံးရှည်ကြီးက ဝမ်းလျားမှောက်နေရာမှ ပြောသည်။ သူတို့နှစ်ယောက် အတန်ကြာ စကားမပြောမိကြပေ။ ပြီးမှ....

"ဆရာ ဒီမှာ ဘယ်လောက်လောက် တည်းမှာလဲ"

"လောလောဆယ် တပတ်လောက် တည်းမယ်လေ"

ဝမ်ရှောင်းက ပြောပြောဆိုဆို သူ့လက်ထဲမှ ငွေတုံးတတုံးကို လှမ်းပေးယင်း-

"ရော့-ဗျာ၊ နည်းတယ်လို့ မအောက်မေ့ပါနဲ့၊ ကျုပ်မြင်းကို ခင်ဗျား စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးဆပ်တာပါ"

ဝါးလုံးရှည်ကြီး၏ မျက်နှာမှာ မယုံကြည်သလို ဖြစ်သွားသည်။

ဝမ်ရှောင်းကိုလည်း အထင်ကြီးစွာ မော့ကြည့်လိုက်ယင်း လဲနေရာမှ ထိုင်လိုက်သည်။

မတ်တတ်ရပ်နေသည့် ဝမ်ရှောင်းနှင့် အတူတူလောက် ဖြစ်သွားသည်။

"ဒီမှာ ကိုယ့်လူ ခင်ဗျား ဒီအတိုင်းပဲ နေပါဗျာ၊ ဒါမှ ကျုပ်စကားပြောလို့ရမှာ၊ တကယ်လို့ ခင်ဗျား မတ်တတ်ရပ်လိုက်ယင် ကျုပ် ဘာလုပ်ရမှန်း မသိပဲ ဖြစ်သွားလိမ့်မယ်"

ဝမ်ရှောင်း၏စကားကို ကြားလိုက်သော ဝါးလုံးရှည်ကြီးမှာ တခွိခွိရယ်လိုက်ယင်း-

"ဒီပြင်လူတွေလဲ ဒီအတိုင်း ပြောတာပါပဲ"

ဝမ်ရှောင်း သတိထားမိသည်။

သူ့ကိုသူများ ပြောသည့်စကားတွေကို သူမှတ်ထားဟန် ရှိသည့်ဟူ၍ ဖြစ်သည်။

"ဆရာ....ဘယ်ကလာတာလဲဟင်"

ဝါးလုံးရှည်ကြီးက စပ်စုသည်။

"ကျန်ဆုမြည်နယ်က"



"ဆရာ ဘာလာလုပ်တာလဲ"

"လုပ်ပြန်ပြီ တယောက်"

ဝါးလုံးရှည်ကြီး အံ့ဩသွားကာ-

"ဘာဖြစ်လို့လဲ ဆရာ"

"ဟိုသရဲငါးယောက်လဲအဲဒီမေးခွန်းကိုမေးလို့တယောက်က ခြေကျိုးသွားတယ်၊ တယောက်က လက်ချောင်းလေးတွေ ပြတ်ကုန်တယ်"

"ဟာ....ဆ....ရာ.... ကျွန်တော်က သဘောရိုးနဲ့ မေး... မေးတာပါ"

ဝါးလုံးရှည်ကြီး မျက်စိမျက်နှာ ပျက်သွားကာ ကမန်းကတန်း တောင်းပန်လိုက်သည်။

ဝမ်ရှောင်း စိတ်ထဲမှာ ကျိတ်ပြုံးလိုက်မိသည်။

သို့သော် သူ့အပြုံးသည် စိတ်ထဲမှာသာ ပြီးသွားပြီး၊ မျက်နှာပေါ်သို့ ရောက်လာခြင်း မရှိပါ။

"ဆရာ စိတ်မဆိုးပါနဲ့ဆရာ၊ ကျွန်-ကျွန်တော် တောင်းပန်ပါတယ်၊ ဒီငွေတုံးကလေးကိုပြန်ယူပါ၊ ကျွန်တော်ဆရာ့မြင်းကို ကောင်းကောင်း ဂရုစိုက်ပြီး စောင့်ရှောက်ပေးပါ့မယ်ခင်ဗျာ"

ဝါးလုံးရှည်ကြီး၏ မျက်နှာသည် ဝမ်ရှောင်းအား အမှန်တကယ် ကြောက်လန့်သွားပုံရသည်။

အသံတွေပင် တုန်နေသည်ဟု ထင်ရသည်။

"ခင်ဗျား ဘယ်လိုဖြစ်တာလဲဗျ"

ဝမ်ရှောင်းက နားမလည်သလို မေးလိုက်သည်။

“ဆ ...ဆရာက သရဲညီနောင် ငါးယောက်ကိုတောင် နိုင်လာခဲ့တဲ့ လူဆိုတော့”

“ဘာလဲ ... သူတို့ထက်ဆိုးမယ့်လူလို့ ထင်လို့လား”

ဝါးလုံးရှည်ကြီး ခေါင်းညိတ်ပြလိုက်သည်။

“ဆရာက ဆရာ ဘာလာလုပ်သလဲ မေးတဲ့လူဆိုယင် တခုခုဖြစ်အောင် လုပ်ပစ်တယ်ဆိုလို့ပါ ခင်ဗျာ”

“ဟုတ်တယ်၊ ဒါပေမယ့် ဘာမှမမေးယင် ကျုပ် ဘာမှမလုပ်ဘူး စိတ်ချ၊ ကဲ.... ကျုပ်သွားမယ်၊ ရောဒီငွေတုံးကို ယူထားလိုက်ပါ”

ဝမ်ရှောင်း စကားဆုံးသည်နှင့် လှမ်းထွက်သွားသည်။

ဝါးလုံးရှည်ကြီး ခုထိရင်ထဲမှာ ခုန်နေတုန်း။

ခွဲမိသူ သူ့ကြောင့်

ဝမ်ရှောင်း အိပ်ရာမှနိုးလာတော့ မိုးပင်ချုပ်တော့သည်။

ဝမ်ရှောင်း တခါမှ မမက်ဖူးသော အိပ်မက်တွေပင် မက်မိနေသည်။

အိပ်မက်ထဲတွင်သူနှင့်တံခါးပေါက်ဝတွင်တိုက်မိမလိုဖြစ်သွားသော မိန်းမလှလေးမှာ သူ့အိပ်မက်ထဲအထိ လိုက်လံ စိုးမိုးနေဆဲဖြစ်သည်။

ဝမ်ရှောင်း သူ့အကြောင်းကို သိချင်သည်။

“အင်း ...ဝါးလုံးရှည်ကြီး သိချင်သိမယ်၊ သူ့ကို ငါမေးကြည့်ယင်ကောင်းမယ်”ဟု တွေးလိုက်မိသည်နှင့်အတူ အောက်ထပ်သို့ ဆင်းရန်ပြင်လိုက်သည်။

အိပ်ရာပေါ်မှ ထလိုက်သည်၊ သူ့တွင် အပိုသိမ်းဆည်းရောဆို၍ ဘာပစ္စည်းမှ အပိုမပါပါ၊သူ့ကိုယ်ခန္ဓာတွင် ဝတ်ဆင်ထားသော ဝတ်စုံမှအပ နံဘေးတွင် ချထားသောဓားတချောင်းသာ အပိုပါသည်။

ထို့ကြောင့် အိပ်ရာပေါ်မှ ထလိုက်ပြီး ခေါးကိုကောက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

× × ×

အောက်ထပ်သို့ ရောက်သောအခါ စားသောက်ရာ ခန်းမထဲတွင် လူတွေပြည့်မတတ်ဖြစ်နေသည်။

အေိပ်ခင်က တဝတပြဲစားသောက်ထားသောကြောင့် သူ့ဝမ်းမှာ မဆာပါ။

"ငါလောလောဆယ် ဝါးလုံးရှည်ကြီးနဲ့ သွားစကားပြောဦးမယ်၊ ဗိုက်ထဲမှာလဲ မဆာသေးဘူး" ဟု တွေးလိုက်ယင်း အပေါက်ဝမှ ထွက်လိုက်သည်။

"အိုး"

"အယ်"

တစုံတစတောက်နှင့် တိုက်မိမလို ဖြစ်သွားပြန်သည်။

လူတယောက်သုံးကို မမြင်ဖူးလားဟု ကြိမ်းမောင်းရန် ပါးစပ်ကို ဟလိုက်စဉ်မှာပင်-

"ခင်ဗျား လူ ...တယောက်သုံး ...ဟာ"

ဝမ်ရှောင်း စကားလုံးတွေ ပျောက်သွားသည်။

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်"



"ဟုတ် ...ဟုတ်ကဲ့ ကျွန်တော် ဝမ်းသာ အဲ"

ဝမ်ရှောင်း စကားတွေ မှားကုန်သည်။

သူကလေး၏ မျက်နှာကိုကြည့်ပြီး ဝမ်ရှောင်း ငေးနေမိပြန်သည်။

"အို ....တိုက်ဆိုင်တယ်ရှင် တကယ်ပါပဲ"

"ဟုတ်ပါတယ်၊ မနက်က တခါကြုံတုန်းကလဲ ဒီလိုပါပဲ၊ ကျွန်တော်တို့ လောကြီးပြီး တိုက်မိမလို ဆုံခဲ့ပါသေးတယ်"

ဝမ်ရှောင်း စကားစကို ရှည်ပစ်လိုက်သည်။

မိန်းမလှလေးက ဘာမှမပြောတော့ပါ။

စိုက်ကြည့်နေသောသူ့ကို မျက်လုံးတချက် ဝေ့ကြည့်ယင်းမှ—

"ကျွန်မ အထဲကိုဝင်ပါရစေရှင်"

"ဩော် ....ဟုတ်ကဲ့၊ ကျွန်တော် ငေးနေမိလို့ပါ"

ဝမ်ရှောင်း ရှက်တက်တက် မျက်နှာဖြင့် လမ်းဖယ်ပေးလိုက်သည်။

"ကျေးဇူး တင်ပါတယ်"

နောက်ဆုံးစကားကိုပြောပြီး မိန်းမလှလေး အထဲကို ဝင်သွားသည်၊ ဝမ်ရှောင်း ငေးပြီးကျန်ရစ်ခဲ့ပြန်သည်။

"ဆရာ ...ဘယ်လိုဖြစ်တာလဲ"

နောက်ဘက်မှ အသံက ထွက်လာသဖြင့် လူမိသွားသောကလေးပမာ ဆတ်ကနဲထိတ်လန့်တကြား ပြန်လှည့်လိုက်ကာ—

"အဖဲ ...ဟုတ်တယ်"

လူကြီးရှက်တော့ ရယ်ဆိုသည့်သဘောမျိုးနှင့် ရှက်ရယ် ရယ်ကာ ပြန်ဖြေလိုက်သည်။

"ဗျာ .. ဆရာဘာပြောတာလဲ"

ဝါးလုံးရှည်ကြီးက နားမလည်သလို မေးလိုက်သည်။

"အို....ခင်ဗျား ဘာမေးတာလဲ"

ဝမ်ရှောင်းက ပြန်မေးလိုက်သည်။

"ကျွန်တော်ပြောတာက မနက်ကလဲ ဒီလိုပဲ၊ ခုလဲ ဒီလိုပဲ၊ ဒီနေရာမှာ ခဏခဏ တိုက်မိမလို ဖြစ်နေတာကို ပြောတာပါ"

"ဟုတ်လား ကျုပ်လဲ အဲဒါကိုပြောတာပဲ၊ ဟုတ်ဝယ်လို့" သည်တခါ ဝမ်ရှောင်း၏စကားက အဆင်ပြေသွားသည်။

"သူ့ကို ခင်ဗျားသိသလား"

အဖြင်ကို လှမ်းထွက်ယင်းမှ ဝမ်ရှောင်း မေးလိုက်သည်။

"ဘယ်သူ့ကိုလဲ ဆရာ"

ဝမ်ရှောင်း စိတ်ထဲမှ အောင့်သက်သက် ဖြစ်သွားသည်။

"ဘယ်သူရမလဲဗျ၊ စောစောက ကျွန်တော်နဲ့တိုက်မိလုဖြင်တဲ့ မိန်းကလေးကိုမေးတာပေါ့"

ဝမ်ရှောင်းက ခပ်ဆတ်ဆတ်ပြန်ပြောလိုက်သည်တွင်–

"ဩော်....ရီမေကိုပြောတာလား"

"မသိဘူး"

"ခင်ဗျာ"

"ဟုတ်တယ်၊ ရီမေလား ဘာလဲကျုပ်မသိဘူး၊ ကျုပ်ပြောတာကတော့ စောစောက ကျုပ်နဲ့တိုက်မိမလိုဖြစ်သွားတဲ့ မိန်းကလေးကိုမေးတာပဲ"



ဝမ်ရှောင်းကတိတိကျကျပြောလိုက်သဖြင့်

"ဟုတ်ကဲ့....ကျွန်တော် သိသင့်သလောက်တော့သိတာပဲ"

"ဘာတွေသိသလဲ"

"ဆရာဘာတွေသိချင်လို့လဲ"

"သူဘယ်မှာနေတာလဲ"

"ဒီမြို့မှာနေတာပါပဲ"

ဝါးလုံးရှည်၏အဖြေစကားကို ဝမ်ရှောင်းမကျေမနပ် ဖြစ်သွားရသည်။

ဝမ်ရှောင်း မျက်မှောင်တချက်ကြုတ်ပြီး ကြည့်လိုက်သည်။ ပြီးတော့မှ–

"အိုး ဒီမြို့မှာနေတာတော့ ကျုပ်သိတာပေါ့၊ ဒီမြို့ရဲ့ ဘယ်နေရာမှာနေတာလဲဆိုတာ သိချင်တာ"

ဝမ်ရှောင်း၏စကားကို ကြားလိုက်ရသော ဝါးလုံးရှည်ကြီးမှာ–

"အဲ....ဟုတ်ကဲ့၊ အဲဒီ ရီမေဆိုတာ မြကြေးမုံ ရေအိုင်သုံးအိုင်နားမှာ နေတယ်လို့ သိရပါတယ်ခင်ဗျာ"

"သူ့မှာ ခင်ပွန်းရှိသလား"

"ကျွန်တော်မတွေ့ဖူးသေးပါဘူး"

"ခင်ဗျားဖြေတာက မသေချာဘူး"

"သိတာကလဲ မသေချာလို့ပါခင်ဗျား"

'ကောင်းပြီ....ဒါဆိုယင် ကျုပ်ဘာသာကျုပ်စုံစမ်းတော့မယ်၊ ခင်ဗျားက အားကိုးလို့မရဘူး"

ဝါးလုံးရှည်ကြီး၏ မျက်လုံးနှစ်လုံးမှာ ပုတ်ခတ်ပုတ်ခတ်နှင့် အရောင်များလက်လာသည်။

သူ့ပါးစပ်က တစုံတခုကို ပြောတော့မည့်ကဲ့သို့ ရှိသည်၊ သို့သော်ပြောရန်မရဲပဲ ရှိနေပုံရသည်။

ဒါကိုဝမ်ရှောင်းက ပါးနပ်စွာ ရိပ်မိလိုက်သည့်အခါ–

"ဒီမှာ ခင်ဗျားကျုပ်ကိုပြောစရာရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့.....ပြောစရာရှိပါတယ်"

"ဘာလဲ....ပြောစရာရှိယင်ပြောပါ"

"ဆ .. ဆရာ .. အဲဒီမိန်းမ လေးကို စိတ်ဝင်စားနေသလား"

ဝမ်ရှောင်းပြုံးလိုက်သည်။

"ကဲ.. စကားကိုဆက်ပြောစမ်းပါ၊ ကျုပ်သူ့ကိုစိတ်ဝင်စားတာဟာ ဘာဖြစ်နိုင်သလဲ"

"သူတို့မှာလက်နက်ကိုင် အစောင့်အရှောက်တွေ သိပ်များတယ်"

"ဘာကို စောင့်ရှောက်တာလဲ"

"သူ့ကိုကော– သူတို့ရဲ့လုပ်ငန်းကိုပါစောင့်ရှောက်တာပါ"

ဝါးလုံးရှည်ကြီး၏စကားကို ဝမ်ရှောင်း စိတ်ဝင်စားသွားသည်။

သူ့မျက်လုံးမှာအရောင်တွေလက်လာသလိုရှိသည်။

"သူတို့လုပ်ငန်းက ဘယ်လိုလုပ်ငန်းမျိုးလဲဗျ"

"သူတို့လုပ်ငန်းက ဒီမြို့ထဲမှာရှိတဲ့လူတွေရဲ့ ပစ္စည်းတွေကို အပေါင်ခံထားတာတို့၊ အာမခံထားတာတို့လုပ်တဲ့ လုပ်ငန်းတခုပါပဲဆရာ"



"အပေါင်ခံတဲ့ဌာန၊ အာမခံထားတဲ့ဌာနဟုတ်လား"

ဝါးလုံးရှည်ကြီး ခေါင်းကို ညိတ်ပြလိုက်သည်။

ခေတ္တခဏ ကားပြတ်သွားသည်။

တကယ်တော့ ဝမ်ရှောင်းသည် ဝါးလုံးရှည်ကြီးနှင့် စကားပြောရသည်မှာ ပင်ပန်းနွမ်းလျသည်။ တချိန်လုံး သူခေါင်းကို မော့ထားရသဖြင့် ညောင်းနေသည်။

ထို့ကြောင့် ညောင်းသွားသောဇက်ကိုဗယ်ညာသို့ လှည့်လိုက်ပြီး–

"ဒီမှာ...ခင်ဗျားကျုပ်ကိုစကားပြောတာ ထိုင်ပြောစမ်းပါဗျာ၊ ကျုပ်ပင်ပန်းလွန်းလို့ပါ"

ဝါးလုံးရှည်ကြီးက ဟက်ကနဲတချက်ရယ်လိုက်ယင်း–

"ဟုတ်ကဲ့-ဆရာ၊ ကျွန်တော်လည်း ငုံ့ပြောရတာဇက်တွေ ညောင်းလာတယ်"

စကားဆုံးသည်နှင့်ထိုင်ချလိုက်သည်။

ရယ်စရာတော့ကောင်းသည်၊ သူထိုင်လိုက်မှ မတ်တတ်ရပ်နေသော ဝမ်ရှောင်းနှင့် တန်းတူဖြစ်သွားသည်။

"ကျုပ်ပြန်ယင် သူ့နောက်လိုက်သွားမယ်"

"ခင်ဗျာ"

ဝမ်ရှောင်း၏ စကားကြောင့် ဝါးလုံးရှည် မျက်လုံးပြူးသွားသည်။

ပြီးတော့ ဝမ်ရှောင်းကို နားမလည်သလိုကြည့်ကာ–

"ဆ ဆ.... ...ချက်ချင်းပဲလိုက်သွားတော့မှာလား"

"ဟုတ်တယ်"

"ပထမသူ့ကို ရင်းနှီးအောင်ကြိုးစားပါဦးလား"

"မလွယ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲဆရာ"

"အဲဒီရင်းနှီးအောင် ကျုပ်မကြိုးစားတတ်လို့ပေါ့"

ဝမ်ရှောင်း၏ စကားကို နားထောင်ယင်း ဝါးလုံးရှည်ကြီး ဟက်ကနဲ တချက်ရယ်လိုက် ပြန်သည်။

"ဘာလို့ရယ်ရတာလဲ"

"ဆရာစကားကို သဘောကျလို့ပါ"

"ဟုတ်တယ်၊ ကျုပ်ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဖူးပါဘူး၊ နောက် ကျုပ်ဟာ ဘယ်သူ့ကိုမှလဲ မလိမ်ဖူးမညာဖူးခဲ့ဘူး၊ စကားကိုလဲ မဟုတ်မဟတ်တွေ ဖွဲ့ပြီးမပြောတတ်ဘူး၊ ဒါကြောင့် မိန်းကလေးတယောက်ကို ရင်းနှီးဖို့ဆိုတဲ့ နေရာမှာ သွယ်ဝိုက်လိမ်ညာပြီးမှ သူ့ရင်းနှီးမှုကို ယူရမှာဆိုယင် ကျုပ်မလုပ်တတ်ဘူး"

ဝါးလုံးရှည်ကြီးက သက်ပြင်းတချက်ကို လေးတွဲ့စွာချလိုက်ယင်းမှ ဝမ်ရှောင်းကို လှမ်းကြည့်သည်။ ပြီးမှ—

"ဆရာလိုက်သွားလို့တော့ အန္တရာယ်ရှိလိမ့်မယ်"

"ကျုပ်ဘာအန္တရာယ်ကိုမှ မကြောက်ပါဘူး"

ဝါးလုံးရှည်ကြီး ပါးစပ်ပိတ်သွားသည်။

"ဟုတ်ကဲ့ ဆရာ့ကို ကျွန်တော် အကြံတခု ပေးပါရစေ၊ ခုပြောမယ့် စကားကလဲ ဆရာ့ကို အထင်သေးလို့ ပြောတာ မဟုတ်ပါဘူး၊ ဘာမဆိုအဆင်ပြေအောင်လို့ပါ"



"ကျုပ်ဘယ်သူ့ရဲ့ အကြံမဆို လက်ခံတတ်ပါတယ်၊ ဘယ်တော့မှ ငါတတ်တယ် နားလည်တယ်ဆိုပြီး ဘဝင်မမြင့်တတ်ပါဘူး၊ ကျုပ်နားမလည်တာတွေ အများကြီး ရှိသေးတယ်ဆိုတာကို လက်ခံယုံကြည်ထားပါတယ်"

ဝါးလုံးရှည်ကြီး အားတက်ရဲတင်းသွားဟန်ဖြင့်—

"ဟုတ်ကဲ့ ဒါဆိုကျွန်တော်ပြောပါ့မယ်၊ ဒီမြို့မှာ ရီမေတို့ရဲ့ ရွှေသော့အာမခံ အဖွဲ့ဆိုယင် မသိတဲ့လူ မရှိပါဘူး၊ လက်နက်အင်အား လူအင်အားအပြင် အဆင့်မြင့် သိုင်းအဖွဲ့ကြီးတဖွဲ့လဲ ဖြစ်ပါတယ်"

"ခေါင်းဆောင်က ဘယ်သူလဲ"

"ခေါင်းဆောင်က ရီမေနဲ့ ဖခင် ရီချန်းလုံပါပဲ"

"ရီချန်းလုံ..."

"ဟုတ်ပါတယ် ရီချန်းလုံပါ၊ သူကလဲတကယ့် အဆင့်မြင့်သိုင်းခေါင်းဆောင်ကြီး တဦးပါပဲ၊ ဒီမြို့မှာ သူဟာ သြဇာတိက္ကမ အရှိဆုံးနဲ့ လူတိုင်းရိုသေဦးညွှတ်ရတဲ့ လူကြီးလူကောင်းတယောက်ပါပဲ"

"ကောင်းပြီ၊ ဒီတော့ ကျုပ်ဘာလုပ်ရမလဲ"

"ဆရာသူတို့အာမခံဌာနကိုသွားပြီး ပစ္စည်းတခုခုကို အာမခံထားပါလား၊ ဒါဆိုယင် ရီမေနဲ့တွေ့မှာပဲ၊ သူကပစ္စည်းလက်ခံတဲ့ နေရာမှာတာဝန်ခံတယောက်ပဲ၊ ဆရာစကားပြောလို့ ရတာပေါ့၊ နို့မို့ ဒီ အတိုင်း ဆိုယင် သိသာလွန်း နေတော့ မကောင်းဘူးပေါ့"

ဝမ်ရှောင်း မျက်မှောင်ကြုတ်လျက် စဉ်းစားလိုက်၏။

ပြီးမှ တစုံတခုကို စိတ်ဆုံးဖြတ်လိုက်ဟန်ဖြင့်—

"ကောင်းတယ်၊ ခင်ဗျားရဲ့အကြံဟာမဆိုးဘူး၊ ကျုပ်ကြိုးစားကြည့်မယ်၊ အောင်မြင်ပါစေလို့ ဆုတောင်းပေးပေါ့ဗျာ"

ဝမ်ရှောင်းစကားဆုံးသည်နှင့် မြင်းဇောင်းရှေ့မှ လှည့်ထွက်လိုက်သည်။

သို့သော် သူချက်ချင်းသတိတခုရသည်။

ဝါးလုံးရှည်ကို မေးမည် ဟု ကြံစည်ပြီးမှ မမေးတော့ပဲ စားသောက်ဆိုင်ထဲသို့ ပြန်ဝင်ခဲ့သည်။

သည်တခါအဝင်တွင် သူမည်သူ့ကိုမျှ မတိုက်မိတော့ပါ။

အဘယ်ကြောင့် ဆိုသော်-

အဝင်အထွက်မှာထက် အတွင်းမှာက လူပိုစည်းကား နေသောကြောင့် ဖြစ်သည်။



မထင်မှတ်သောတိုက်ပွဲ

ဝမ်ရှောင်းဆိုင်ထဲကိုရောက်သည်နှင့် မျက်လုံးတချက်ဝေ့ပြီး ကြည့်လိုက်သည်။

သူတွေ့ချင်သည့်သူကို မတွေ့ပါ။

"သူပြန်သွားပြီထင်တယ်"

နှုတ်မှ တီးတိုးရေရွတ်ယင်း အပေါ်ထပ်ကို လှမ်းကြည့်လိုက်မိသည်။

တစုံတယောက်ကို သူတွေ့လိုက်ရသည်။

ရင်ထဲမှာ ဝမ်းသာသွားသည်။

သူတွေ့လိုက်ရသည်က ရီမေဆိုသော မိန်းကလေးနှင့်ပါလာသော အစောင့် သိုင်းသမား နှစ်ဦးကို တွေ့လိုက်ရခြင်း ဖြစ်သည်။

"အင်း……သူတို့ နှစ်ယောက် ဒီမှာ ရှိတယ်ဆိုယင် ရီမေလဲ အပေါ်မှာပဲ ရှိမှာပဲ"

စောစောက ဗိုက်ကို တခုခု ဖြည့်ဆည်းထားမည်ဟု ကြံစည်ထားသည်မှာပင် ရုတ်တရက် ဖြစ်ပေါ်လာသော စိတ်ကြောင့် မေ့သွားပြီး အပေါ်ထပ်သို့ ခပ်သွက်သွက်လှမ်းတက်ခဲ့သည်။

လှေကားပေါက်မှ ဇယ်ဘက်ကို ချိုးလိုက်လျှင် အခန်းသုံးခန်းရှိ၏။

အစွန်ဆုံးအခန်းသည်၊ သူ၏အခန်းဖြစ်သည်။

ရီမေ၏အစောင့်မျာ၊ ရပ်နေသည်မှာလည်း သည်ဘက်မှာပဲ ဖြစ်သည်။

ထို့ကြောင့် ဝမ်ရှောင်း ခပ်ဖြည်းဖြည်း လျှောက်လာယင်းမှ မျက်လုံးကို ဖြတ်ကျော်မည့် အခန်းများကို ဝေ့ကြည့်သည်။

"ဟိုလူ ဘယ်သွားမှာလဲ"

နံဘေးမှ အသံဖြစ်သည်။

မိမိကို မေးလိုက်မှန်း ဝမ်ရှောင်း သိသည်၊ ဒါပေမယ့် ပြန်မဖြေပါ။

သူ့စိတ်ထဲမှာ ဖြေချင်စိတ်လည်း မရှိပါ၊ ဖြေဖို့လိုသည် ဟုလည်း စိတ်ထဲမှာ မထင်၊ အဘယ်ကြောင့်ဆိုသော် လူတိုင်း ပိုက်ဆံပေးလျှင် ငှားရမ်းနေထိုင်နိုင်သော ဤကဲ့သို့သော နေရာ ...ူးဝယ် မိမိငှားထားသော အခန်းဆီသို့ မိမိသွားခြင်းကို ...သ်လိုလူမျိုးမှ ဂရုစိုက်စရာမလိုဟု ဝမ်ရှောင်း သဘောပေါက် ...းသောကြောင့် ဖြစ်သည်။



"ဟိတ် ရပ်လိုက်စမ်း"

သည်တယောက်၏ အသံက ပိုမာသည်။

ဝမ်ရှောင်းမရပ်ပါ။

"ရှမ်း"

ဓားထုတ်သံမှန်း ဝမ်ရှောင်း သိသည်။

"ဆရာ့မှာ အန္တရာယ်ရှိတယ်၊ ရီမေနောက်ကို ဆရာ မလိုက်စေချင်ဘူး" ဟူ၍ စောစောကလေးကပင် ပြောလိုက်သော ဝါးလုံးရှည်ကြီး၏ စကားကို နားထဲတွင် ဝမ်ရှောင်း ကြားမိသည်။

ဝမ်ရှောင်း ပြုံးလိုက်ပြီး တော်တော်မှန်တဲ့ စကားပဲ ဟု စိတ်ထဲတွင် သတ်မှတ်လိုက်သည်။

ဒါပေမယ့် သည်တခါတော့ ဝမ်ရှောင်း နောက်ကို လှည့်ကြည့် လိုက်သည်။

ဓားလွတ်ကို ကိုင်ထားသော လူနှစ်ယောက် သူ့ဆီသို့ လှမ်းလာသည်ကိုတွေ့ရသည်။

"မင်းမှာ နားမပါဘူးလား"

"ဘာကိစ္စ ရှိလို့လဲ"

"တို့ အော်နေတာကို မကြားဘူးလား"

"ကိစ္စမရှိယင် ငါသွားမယ်"

ဝမ်ရှောင်း စကားဆုံးသည်နှင့် ခြေလှမ်းကိုနောက်ဘက်သို့ ပြန်လှည့်လိုက်သည်။

"ဝှစ်……" ဟူသော ဓားသံကို ကြားလိုက်သည်။

ဝမ်ရှောင်း မရှောင်ပါ။
သို့သော် သူ့ကိုမထိပါ။
"ဘယ်လိုလဲ.. မင်း သေသွားချင်သလား"
"ဘယ်လိုဖြစ်လို့ ငါသေရမှာလဲ၊ ငါ့မှာ ဘာအပြစ်ရှိလို့လဲ၊ မင်းတို့သခင်မလေးကို ငါဘာလုပ်မိလို့လဲ"
ဝမ်ရှောင်းက မထိတထိ ပြောလိုက်သည်။
"ဟိတ်... မင်းပါးစပ် ပိတ်ထားစမ်း တိုးတိုးပြော"
"မင်းတို့က ချုပ်ချယ်လှချည်လား၊ ဘာလဲ မင်းတို့ ဒီတည်းခိုခန်းရဲ့ ပိုင်ရှင်တွေလား"
"မင်း ဘယ်သွားမလို့လဲ"
"ငါဒီမှာ ပိုက်ဆံပေးနေတာပဲ"
ဝမ်ရှောင်းမှာ သူတို့အမေးကို လုံးဝဖြေလိုစိတ် မရှိသည်မို့ သူ့တို့ မေးခွန်းများကို တခုမှ တိကျအောင်မဖြေခဲ့ချေ။
"တို့မေးတာမဖြေယင် မင်း ဒီနေရာက တလှမ်းမရွှေ့နဲ့"
ဝမ်ရှောင်း မဲ့ပြုံး ပြုံးလိုက်ပြီး ဆက်၍ ရှေ့ကိုလျှောက်သွားသည်။
"တောက်"
ပြင်းထန်သော တောက်ခေါက်သံနှင့်အတူ—
"ယား...."
"ဝှစ် .."
ဝမ်ရှောင်း ခေါင်းကို တချက်ငဲ့လိုက်ပြီး လက်ထဲမှ ဓားအိမ်ဖြင့် ခပ်ဆတ်ဆတ် နောက်ပြန် ရိုက်ထုတ်လိုက်သည်။



"ခွပ်..."
အသံက ဟိန်းထွက်သွားသည်။
တဆက်တည်းမှာပင် လေထက် လျင်မြန်သော လှုပ်ရှားမှု တခုကို စတင်ပစ်လိုက်သည်။
"ဒုတ်—"
"အင့်.... အီး"
ဓားအိမ်နှင့်ပင် သူ့ကို ခုတ်လိုက်သော ဓားသမား၏ ဝမ်းဗိုက်ကို နောက်ပြန်ပစ် ဆောင့်တိုးလိုက်ခြင်းဖြစ်သည်။
"ယား...."
ကျန်တယောက်၏ နှုတ်မှထွက်လာသော အသံဖြစ်သည်။
သူ့အဖော် ခံသွားရသည်ကို တွေ့လိုက်သည်နှင့် လက်ထဲမှ ထူးဆန်းသော ဓားပြားကြီးကို မြှောက်လျက် ပြေးဝင် ခုတ်ချလိုက်သည်။
"ယား .. ယား"
"ငှစ်"
"ချွင်"
မီးပွင့်တွေ ဖြာထွက်သွားသည်။
အောက်ထပ်မှ စားသောက်နေသူများပင် အပေါ်ထပ်မှ သူတို့၏ ဖြစ်ပျက်ပုံများကို ကြည့်ကာ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။
စားသောက်ဆိုင် တဆိုင်လုံး အသံတွေ ထွက်လာသည်။

"မင်းကို ငါထိခိုက်အောင် မလုပ်ချင်ဘူး၊ မင်းတို့ပညာက သိပ်ပြီး အဆင့်အတန်း နိမ့်ကျလွန်းတယ်၊ ငါ့ကို ဘယ်လို နည်းနဲ့မှ မင်းတို့မနိုင်နိုင်ဘူး၊ ဒီတော့ ရပ်လိုက်ပါ"

ဝမ်ရှောင်းက ဒုတိယလူကို စေ့စေ့ ကြည့်ယင်းက ပြော လိုက်သည်။

ထိုလူ၏မျက်နှာမှာ ရှက်သွားသလို ရဲရဲနီသွားပြီး-

"ယား"

နောက်တချက် အခုတ်တွင်—

"အိုး ..."

"ဝုစ်"

"ဒင်း ... ချွမ်း"

အောက်မှ ကြည့်နေကြသူများပင် အံ့သြသံများ ထွက်လာ ကြသည်။

"ဟာ"

မှန်သည်၊ အံ့သြထိုက်ပါသည်။ ကြီးမားသော ဓားပြား ကြီးမှာ ထက်ပိုင်းကျိုးပြီး လွင့်ထွက်သွားသည်။

ဒုတိယလူသည် သူ့ဓားကျိုးကြီးကို ကြောင်ပြီး ကြည့်နေ ရာမှ လက်ထဲရှိ ဓားကျိုးအပိုင်းဖြင့် ဝမ်ရှောင်းကို တိုက်ခိုက် ရန် ပြင်လိုက်ပြန်သည်။

"ရပ်လိုက်စမ်း"

နောက်ဘက်မှ ထွက်လာသော အသံ ဖြစ်သည်။

ဝမ်ရှောင်း ဝမ်းသာသွားသည်။



ချိုလွင်သော အသံကလေးဖြစ်သည်။ သည်အသံကို သူ ကောင်းကောင်း မှတ်မိနေသည်။

နားထဲမှာ စွဲနေသော အသံဖြစ်သည်။

"ဘယ်လို ဖြစ်တာလဲ"

အနီးသို့ လျှောက်လာသံနှင့်အတူ မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ သူ့ကို တားတာ မရလို့ တိုက်ခိုက်တာ ပါ"

ဓားကျိုးကို ကိုင်ထားသောသူက ဖြေလိုက်သည်။

"ဒီလူဟာ ကျွန်တော်တို့က ဒီဘက်ကို မသွားဖို့ တား တာကို မလိုက်နာလို့ ခုလို တိုက်ခိုက်ရတာပါ"

ဝမ်းဗိုက်ကို နှိပ်ထားသော ပထမ စတင်တိုက်ခိုက်သူက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

သင်းပျံ့သော ကိုယ်သင်းနံ့ကလေးကို ဝမ်ရှောင်း ရှူရှိုက် လိုက်ရသည်။

"ကျွန်တော် ဝမ်းနည်းပါတယ် ခင်ဗျား"

ဝမ်ရှောင်းက လှမ်းပြီးပြောလိုက်သည်။

"ဟင် ... ရှင်"

"ဟုတ်ပါတယ် ကျွန်တော်ပါပဲ၊ ခုလိုဖြစ်ရတာ မမျှော် လင့်ပဲ ဖြစ်ရတဲ့ကိစ္စမို့ စိတ်မကောင်းပါဘူး"

"ရှင် ဘယ်ကိုလာတာလဲ"

"ဒီကို လာတာပါ"

ဝမ်ရှောင်းက ခပ်လွယ်လွယ်ပင် ပြန်ဖြေလိုက်သည်။

"အို…"

ရီမေ ပါးစပ်ကလေး ဝိုင်းသွားသည်။ ဘယ်လိုလူပါလိမ့် ဟူသော အကြည့်ဖြင့် ဝမ်ရှောင်းကို စူးစူးစိုက်စိုက် တချက်ကြည့်လိုက်သည်။

သည်တော့မှ ဝမ်ရှောင်း သတိရသွားသည်။

သူ့စကားက မပြည့်မစုံ ဘုကလန့်စကား၊ ပြောင်ချော်ချော် စကားကြီးလို ဖြစ်သွားမှန်း သတိထားလိုက်မိသည်။

"ဪ…. ဒီကိုဆိုတာက ကျွန်တော့်အခန်းကို ပြောတာပါ၊ ကျွန်တော် တည်းခိုတာက ဟိုဘက် ထိပ်ဆုံးက အခန်းမှာပါ"

ချက်ချင်းပင် ဝမ်ရှောင်းက ရှင်းပြလိုက်သည်။

သည်တော့မှ ရီမေ၏ မျက်နှာမှာ သိသိသာသာ ပြောင်းလဲသွားပြီး-

"ဒါဆိုယင် ကျွန်မက တောင်းပန်ရမှာပါ၊ ကျွန်မရဲ့ လူတွေဟာ တိတိကျကျ မသိပဲ ဧည့်သည်တယောက်ကို ခုလို ပြုမူမိတဲ့အတွက် ကျွန်မကပဲ တောင်းပန်ပါတယ်"

ရီမေက ဝမ်ရှောင်းကို တောင်းပန်လိုက်သည်။

'ကိစ္စမရှိပါဘူး၊ဒီက ငါ့ညီမက တို့ကို လူရမ်းကားလို့ မထင် ယင် ကျေနပ်ပါပြီ"

ဝမ်ရှောင်းသည် စကားတလုံးကို ကြိုးစားပြီး ပြောကာ ဆတ်ကနဲ နေရာမှ လှည့်ထွက်လိုက်သည်။

"ဒီမှာ ခဏလောက်"



စောစောက မာမာ ထန်ထန် မေးတုန်းက မရပ်ခဲ့သော ဝမ်ရှောင်း ယခုမူ ခြေလှမ်းများ တိကနဲ ရပ်သွားသည်။

ပြီးနောက် မျက်နှာကို အသာအယာ ပြန်လှည့်လိုက်ယင်း-

"ဘာကိစ္စ ရှိသေးလို့လဲ ရီမေ"

"ရှင် …"

ရီမေ သိပ်အံ့ဩသွားသည်။

မျက်နှာမှာ မယုံကြည်နိုင်လောက်အောင် အံ့ဩမှုတွေ တွေ့ရသည်။

"ဟင် .. ရှင် … ရှင်ကျွန်မရဲ့ နာမည်"

"ဟုတ်ပါတယ်၊ ရီမေ နာမည်ကို သိနေပါတယ်၊ ပိုင်ရှင် မသိပဲ နာမည်ကို သိနေနှင့်တာကိုလဲ ခွင့်လွှတ်ပါ"

ဝမ်ရှောင်းက ထပ်မံ၍ တောင်းပန်လိုက်ပြန်သည်။

"ရှင် ဘယ်လိုလုပ်သိသလဲ"

"ကျွန်တော် လျှောက်မေးကြည့်တာပါ"

"အို"

နောက်ထပ် အံ့ဩရပြန်သည်။

"ဒါကိုလဲ ခွင့်လွှတ်ပါ ခင်ဗျာ"

"ဘာဖြစ်လို့ ကျွန်မနာမည်ကို သိချင်ရတာလဲ"

"အဲဒါတော့ ကျွန်တော်မဖြေနိုင်ဘူး၊ ကျွန်တော် ဖြေနိုင်တာတခုတော့ ရှိတယ်၊ ကျွန်တော် သိချင်လို့ မေးမိတာပဲ သိတယ်"

ဝမ်ရှောင်းက မှန်မှန်ကန်ကန်ပင် ဖြေလိုက်သည်။

သည်အတွက် ရီမေအနေနှင့် စိတ်ထဲမှာ တမျိုးကြီး ဖြစ်သွားသော်လည်း ဘာမှမပြောတော့ပဲ ငြိမ်နေလိုက်သည်။

ပြီးမှ—

"ကျွန်မ စကားနည်းနည်း ပြောချင်ပါတယ်"

"ပြောပါ ရပါတယ်"

"ဒီက အစ်ကိုက ဒီမြို့က မဟုတ်ဘူးထင်တယ်"

ဝမ်ရှောင်း ဝမ်းသာသွားသည်။ သူ့ကို အစ်ကိုဟု ခေါ်သောအသံကို ပထမဆုံး ကြားလိုက်ရသောကြောင့် ဖြစ်သည်။

"ဟုတ်ပါတယ် ... ကျွန်တော် ဒီမြို့က မဟုတ်ပါဘူး"

"ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

ဝမ်ရှောင်း စိတ်ညစ်သွားသည်။

သည်စကားကို သူဖြေဖို့ တော်တော်ခက်သည်။

သည်စကားကို ရီမေသာ မဟုတ်ပဲ တယောက်ယောက်က သာ မေးမည်ဆိုလျှင် ဂျစ်ကန်ကန် ဟောက်ထုတ်ပစ်လိုက်မည်မှာ သေချာသည်။

ယခုမူ သူဘာလုပ်ရမည်မသိပါ။

"ကဲ .. ကျွန်မတို့ မိတ်ဆွေအဖြစ် သတ်မှတ်တဲ့ အနေနဲ့ အောက်ထပ်ကို ကြွပါရှင်၊ တခုခုစားယင်း စကား ပြောရတာပေါ့"

ဝမ်ရှောင်းသည် စကားကို ပြောချင်နေတုန်း ငုလိုမျှော်လင့်ပဲ သူမဆီမှ ကြားလိုက်ရသောအခါ တော်တော် ဝမ်းသာသွားသည်။



"ကောင်းပြီလေ၊ ဒါပေမယ့် သိပ်တော့ အချိန်မရဘူးနော် ကျွန်တော် ကိစ္စလေး နည်းနည်းရှိနေလို့ပါ"

ဝမ်ရှောင်း အတတ်နိုင်ဆုံး ဟန်လုပ်လိုက်ခြင်း ဖြစ်ပါသည်။

"အို.... ဒါဆို အားနာစရာပဲ၊ ဒီလိုဆို အစ်ကို့ကိစ္စ ပျက်နေပါဦးမယ်၊ သွားလေ၊ လုပ်စရာရှိယင် လုပ်ပါ။ ကျွန်မ နောက်တနေ့မှ ဆုံကြတာပေါ့နော်၊ ကိစ္စမရှိပါဘူးရှင် ကျွန်မကို အားမနာပါနဲ့"

ရီမေက ပျာပျာသလဲ ပြောလိုက်သည်။

"ဟိုက် သွားပြီ ..."ဟု ဝမ်ရှောင်း ကိုယ့်နဖူးကို ကိုယ့်လက်ဖြင့် ရိုက်မိမတတ် ဖြစ်သွားရသည်။

ဟန်လုပ်မှု လွန်သွားပြီဖြစ်သည်။

မထူးတော့ပြီမို့ စိတ်မချမ်းသာစွာနှင့်ပင်-

"ကောင်းပါတယ် ... နောက်နေ့မှ တွေ့ကြတာပေါ့နော်"

ဟု ပြောကာ ရီမေကို နှုတ်ဆက်လျက် သူ့အခန်းဆီသို့ လျှောက်ခဲ့ရတော့သည်။

× × ×

အခန်းထဲသို့ ရောက်သည်အထိ မိမိကိုယ်ကိုမိမိ မကျေမနပ် ဖြစ်နေသည်။

သူ ဟန်လုပ်လွန်သွားသဖြင့် အခွင့်အရေးတရပ် လွတ်သွားသည်ကို တွေးမိပြီး စောစောက ဗိုက်ဆာ နေသည်တို့ပင် ပျောက်သွားသည်။

သို့သော် နောက်တနေ့၊ နောက်တခါဟူသော မျှော်လင့်ချက်က ကျန်နေသေးသဖြင့် တော်ပေသေးသည်ဟု စိတ်အေးရသည်။

ဝမ်ရှောင်း သူ့အိပ်ရာပေါ်ကို လှဲချလိုက်သည်။

သူသည် တကယ်တော့ ဘာမှ မယ်မယ်ရရ ရွှေရေးကို စိတ်ကူးထားခြင်း မရှိသေးကြောင်း မိမိကိုယ်မိမိ သဘောပေါက်မိသည်။

ထို့ကြောင့် ချက်ချင်းပင် သူ့ရွှေလုပ်ရမည့် လုပ်ချင်သည့် လုပ်ထိုက်သည့် ကိစ္စရပ်များကို တနေ့ချင်း စဉ်းစား အစီအစဉ်ဆွဲလျက်ရှိသည်။

အမှန်မှာ-

ဝမ်ရှောင်းသည် သူဘာလုပ်သည်၊ ဘာလုပ်မည်ကို မည်သူ့ကိုမျှ မပြောလိုပါ၊ တတ်နိုင်လျှင် သူ့ကိုယ်သူပင် မသိစေလိုပါ။

သဘောက အလွန်တရာ လျှို့ဝှက်သောသူသည် ဝမ်ရှောင်းပင် ဖြစ်သည်။



တကယ်တော့ သည်ကနေ့ မမျှော်လင့်သော တိုက်ပွဲသည် သူ၏ ရှေ့လမ်းကြောင်းကို တမျိုးတမည် ပြောင်းလဲ သွားစေမည်ကို သူကြိုတင် မတွက်ဆမိခြင်းဖြစ်သည်၊ သူ့အတွက် စိတ်အေးရသော ကိစ္စပင် ဖြစ်လေသည်။

အကယ်၍သာ-

သူ့ ရှေ့ရေးကို သူကြိုတင် တွက်ဆမိမည် ဆိုပါလျှင်-

## ပြန်လည် တွေးမိခြင်းမှ အစ

ဝမ်ရှောင်း အိပ်ရာထဲမှာ အိပ်လျက်နှင့် စိတ်ကို တည်ငြိမ်အောင် လေ့ကျင့်နေသည်။

သည်နည်းကို သူ တိဗက်တောင်တန်း တနေရာမှ ရရှိခြင်း ဖြစ်သည်။

သူ၏ လက်ဦးဆရာ၏ နည်းဆိုလျှင် ပိုမှန်သည်။

သူ့ဆရာနှင့် သူတွေ့ပုံကို ပြန်တွေးမိသည်။

ဆန်းတော့ တော်တော့ကို ဆန်းသည့်ပညာရပ်ဟု လက်ခံယုံကြည်မိသည်။

သူ့ဆရာသည် မည်သူနည်း။

သူ့ဆရာသည် တရုတ်ဘုန်းတော်ကြီးတပါး ဖြစ်သည်။

တချို့က ဆိုကြမည်၊ တရုတ်ပြည်ရှိ ဘုန်းတော်ကြီးများသည် သိုင်းလောက ဟူသော လူမှုရေးနယ်ပယ်သို့ ဝင်ရောက်ကာ နာမည်ကြီးကြသည်ကို တမျိုးမြင်နေကြသည်။



အမှန်မှာ—

တရုတ်ဘုန်းတော်ကြီးများသည် မည်သည့် လူမှုရေး နယ်ပယ်မှာမှ ဒေါသ မောဟနှင့် ပတ်သက်သော ပြိုင်ဆိုင်ခြင်းများ နာမည်ကြီးမှုများကို လိုလားကြသည့် ပုဂ္ဂိုလ်များ မဟုတ်ကြပါ။

သို့သော် သူတို့၏တပည့် သားမြေးမြစ်တို့နှင့် ပတ်သက်၍ တခါတရံ သိုင်းလောကအတွင်းသို့ လည်းကောင်း၊ လူမှုရေး နယ်ပယ်များသို့ လည်းကောင်း ရောက်ကြရခြင်းများ ဖြစ်သည်။

တဖန် အခြား နိုင်ငံများမှ ထင်မြင်ယူဆချက် တခုကရှိပြန်သည်။

၎င်းသည်မှာ အခြားမဟုတ်ပါ။

တရုတ်ဘုန်းတော်ကြီးများ သိုင်းပညာကို ကျွမ်းကျင်သည် ဟူသောအချက်ပင် ဖြစ်သည်။

သူတို့သည် အဘယ်ကြောင့် သိုင်းပညာကို ယှဉ်ပြိုင်ရန် တိုက်ခိုက်ရန် မဟုတ်ပါပဲ လေ့ကျင့် တတ်မြောက် ထားကြပါသနည်းဟု မေးဖွယ်ရာရှိသည်။

ထိုကိစ္စမှာလည်း အကြောင်းမဲ့မဟုတ်ပါ။

တရုတ်ဘုန်းတော်ကြီးများသည် အများအားဖြင့် မြို့ထဲရွာထဲတွင် သီတင်းသုံးနေထိုင်ခြင်း မပြုကြပါ။

သူတို့သည် လူများနှင့် ဝေးရာ တောတောင်၊ လိုဏ်ဂူများထဲတွင် သွားရောက် သီတင်းသုံး တရားအားထုတ် နေထိုင်ကျသူများဖြစ်ကြရာတွင် တခါတရံ တောကောင်များ၏ တိုက်ခိုက်မှု

အန္တရာယ်၊ တောပုန်းဓမြများ၏ စော်ကားမှု အန္တရာယ်တို့မှ ကာကွယ်နိုင်ရန်သာအလို့ငှာ လည်းကောင်း၊ တရုတ်လူမျိုးတို့၏ ရိုးရာသိုင်းပညာသည် သူတို့၏ ကျန်းမာရေးကို အားပေးသည်ဟု ယူဆချက် ရှိသည်က တကြောင်း၊ အကြောင်း အမျိုးမျိုးတို့ ကြောင့် သွေးလေလှုပ်ရှား သွက်လက်စေရန် သိုင်းပညာရပ် များကို လေ့ကျင့်သင်ကြား ထားကြခြင်းသာ ဖြစ်ကြောင်း ဝမ်ရှောင်း၏ဆရာက သူ့ကို ပြောပြဖူးသည်။

ဝမ်ရှောင်း၏ ဆရာသည် ဘုန်းတော်ကြီးတပါးပင်ဖြစ်သည်၊ သူ့ဆရာနှင့်သူတွေ့ပုံမှာ။

× × ×

ဝမ်ရှောင်း တိဗက်ကုန်းမြင့်ဒေသသို့ ရောက်ချိန်မှာ ဆီးနှင်း များထူထပ်စွာ ကျတတ်သည့် ဆောင်းဦးကာလဖြစ်သည်။

တိဗက် တောင်တန်းပေါ်မှ ပြန်အဆင်းတွင် ဝမ်ရှောင်း မျက်စိလည်ကာ နှင်းတောထဲတွင် ဒုက္ခရောက်နေသည့် အချိန် ဖြစ်သည်။

သည်မှာပင် သူ့ဆရာနှင့် ဆုံခဲ့သည်။

ဝမ်ရှောင်း၏ ခန္ဓာကိုယ်မှာ နှင်းမိုးပေါက် များကြောင့် တကိုယ်လုံး ရွဲရွဲစိုလျက်ရှိသည်။

လွင်စာပေ



(၁၃၈)

သူတဖြည်းဖြည်း မျက်စိလည်ယင်းနှင့် လမ်းခရီးတနေရာတွင် ဘုန်းတော်ကြီးတပါးကို တွေ့လိုက်ရသည်။

ဤဘုန်းတော်ကြီးမှာ သူ့ဆရာဖြစ်မည့် ဘုန်းတော်ကြီးပင် ဖြစ်သည်။

သည်ဘုန်းက ဝမ်ရှောင်းမှာ ချမ်းလွန်း၍ ခိုက်ခိုက်တုန်နေ ချိန်ဖြစ်သည်၊ သို့သော် သူတွေ့ရသော ဘုန်းတော်ကြီးမှာမူ လိုဏ်ဂူတခု၏ အပြင်၌ ထူးဆန်းသော သိုင်းကွက် များကို လေ့ကျင့်နေသည်မှာ ချမ်းရမှန်း မသိသလို ဖြစ်နေသည်ကို အံ့သြစွာ တွေ့ခဲ့ရသည်။

ဝမ်ရှောင်း စိတ်ဝင်စားစွာဖြင့် အနီးကပ်လာချိန်တွင် ထိုဘုန်း တော်ကြီးမှာ သိုင်းကွက်များကို ကစားယင်း လိုဏ်ဂူထဲသို့ပြန်ဝင် သွားသည်ကို တွေ့ရသဖြင့် မိမိမှာမျက်စိလည် လမ်းမှားလာသူ ဖြစ်ကြောင်း ပြောဆိုရာတွင် ဘုန်းတော်ကြီးက သူ့ကိုလက်ခံ ထားခဲ့သည်။

သည်မှာပင် ဝမ်ရှောင်း အံ့သြဖွယ်ရာတခုကို တွေ့လိုက်ရ သည်။

ထိုအံ့သြဖွယ်ရာမှာ—

ဤမျှနှင်းဖတ်နှင်းခဲများ ကျဆင်းနေသော လေဟာပြင်တွင် ထွက်၍ သိုင်းကွက်များ လေ့ကျင့်နေသော တရုတ်ဘုန်းတော် ကြီးတွင် နှင်းစက် နှင်းပေါက်များ လုံးဝစိုစွတ်ခြင်း မရှိကြောင်း ကို တွေ့ရခြင်းဖြစ်သည်။

ထိုမှစ၍ ဝမ်ရှောင်း၏ တောင်းပန်မှုကြောင့် ဝမ်ရှောင်းကို တပည့်အဖြစ် သတ်မှတ်ကာ အားလပ်သည့် အချိန်များတွင်

သူ၏ ထူးဆန်းသော သိုင်းပညာများကို သင်ကြား ပေးခဲ့သည်။

ဝမ်ရှောင်းမှာလည်း ထိုမှစတင်ကာ ထူးချွန်ပေါက်မြောက်သော အဆင့်မြင့်သိုင်းသမား တယောက် ဖြစ်ခဲ့ရသည်။

× × ×

ဝမ်ရှောင်း ယခုသူ့ဆရာ၏ နည်းအတိုင်း အတွင်းအားနှင့် စိတ်တည်ငြိမ်မှုတို့ကို နှစ်ခုရောလျက် လေ့ကျင့် နေခြင်းဖြစ်သည်။

ဝမ်ရှောင်း၏ စိတ်တို့သည် ဤရက်ပိုင်းတွင် လှုပ်ရှားနေသည်မို့ စိတ်ကိုတည်ငြိမ်အောင် မနည်းကြိုး လုပ်နေရသည်။

ထိုစဉ်မှာပင်—

တဖက်ခန်းမှ အသံတချို့ သူ့နားထဲကို ပြေးဝင်လာကြသည်။

အသံများက အလွန်တရာ တိုးလွန်းလှသည်။

သို့သော် အတွင်းအားကောင်း၊ စိတ်အားပါ ကောင်းမွန်လှသော ဝမ်ရှောင်း အဖို့ ထိုအသံများကို သဲသဲကွဲကွဲကြားနေရသည်။

ဝမ်ရှောင်း မျက်လုံးပြူးသွားသည်။

ဝမ်းသာသွားသည့် ပုံမျိုးလည်းဖြစ်သည်။



သူဆက်ပြီး အသာ မျက်လုံးကို မှိတ်လျက် စိတ်ကိုစုစည်းကာ တဖက်ခန်းမှ အသံတို့ကို နားထောင်နေသည်။

သဲသဲကွဲကွဲ ကြားနေရပါသည်။

\+ + +

ဝမ်ရှောင်း အိပ်နေရာမှ ကမန်းကတန်း ထလိုက်သည်။

ပြီးသည်နှင့် သူ့ဝတ်စုံ မသေသပ်မှုများကို ပြုပြင်လိုက်ပြီး အခန်းဝဆီသို့ အသာလျှောက်လာကာ တံခါးကို ဖြည်းဖြည်းလေးဖွင့်လျက် တဖက်ခန်းဝဆီသို့ လှမ်းကြည့်လိုက်သည်။

ရှိမေ-

မှန်သည်၊ ရှိမေနှင့် သူ့ကိုယ်ရံတော် နှစ်ယောက် တဖက်ခန်းမှ ထွက်လျက် အောက်သို့ ဆင်းသွားသည်ကို တွေ့လိုက်ရသည်။

သူ့ကိုယ်ရံတော် နှစ်ယောက်မှာ ယခင်က လူများမဟုတ်တော့ပဲ၊ လူသစ်များ ဖြစ်နေသည်ကိုပါ တွေ့လိုက်ရသည်။

ပထမလူများမှာ ဝမ်ရှောင်းနှင့် တိုက်ခိုက်ရာတွင် ရှုံးနိမ့်သွားမှုကြောင့် အလုပ်မှ ထုတ်ပစ်လိုက်လေသလား၊ သို့မဟုတ် ရာထူး ပြောင်းပစ်လိုက်လေသလား မသိပါ။

"အင်း သူတို့တော့ ဆင်းသွားပြီ၊ ငါဟိုဘက်ခန်းကို ဝင်ရကောင်းမလား"

ဝမ်ရှောင်း တွေးလိုက်မိသည်။

သို့သော် သူတစုံတခုကို စဉ်းစားလိုက်မိသဖြင့် မဝင်တော့ဟု စိတ်ကို ဆုံးဖြတ်လိုက်သည်။

စင်စစ် ဝမ်ရှောင်းသည် ယခုအချိန်တွင် အားပဲ လုပ်လုပ် သေသေချာချာ စဉ်းစားရမည့်အချိန် ဖြစ်သည်။

တဘက်ခန်းကလူကို သူ ဘယ်သူဆိုတာ သိနေပြီ ဖြစ်သည်၊

သို့သော် သူ့ကိုမူ တဖက်ခန်းက လူက သိမည်မဟုတ်ပေ၊

ထို့ကြောင့် မသိသလိုပင် နေလိုက်လျှင် အကောင်းဆုံးဟု စိတ် ဆုံးဖြတ်လိုက်ကာ မဝင်တော့ခြင်း ဖြစ်သည်။

ဝမ်ရှောင်း သူ့အိပ်ရာဆီကို ပြန်လာခဲ့သည်။

မျက်စိကိုမှိတ်လျက် အိပ်ရာပေါ်သို့ အသာ လှဲချလိုက် ပြန်သည်။

"အင်း....ရီမေ ငါ့ကို နောက်နေဆုံးသေးတာပေါ့လို့ ချိန်း ထားတာ ခုဆို နှစ်ရက်ပဲ ရှိနေပြီ၊ မဆုံရသေးပါလား" ဟု တွေးလိုက်မိသည်။

ထဖန်-

ရီမေ ပထမ တဖက်ခန်းကို လာရောက် နေသည့်အတွက် သူသည် အခြားတဖက်ခန်းမှလူကို စိတ်ဝင်စားနေမိသည်။

အခြား တဖက်ခန်းမှလူမှာ သူနှင့်ရှယ်တူ လူတယောက် ဖြစ်မှန်း ယမန်နေ့ညက ထမင်းစားနေ်းတွင် တွေ့ဖူးသည်။

သည်တုန်းက သည်လူကို သူဂရုတစိုက် ကြည့်မိခဲ့သည်မှာ သူစိတ်ဝင်စားနေသော ရီမေ ဝင်ထွက် သွားလာနေသည့် လူဟု သောအသိဖြင့် ကြည့်ရှုလေ့လာခဲ့မိခြင်း ဖြစ်သည်။



ယခုမူ၊ သူ့ကို မည်သူဟု ဝမ်ရှောင်း ကောင်းကောင်း သိရ ပေပြီ။

သိရသည်နှင့်အတူ သူ့ရင်ထဲမှာလည်း တမျိုးကြီး ဖြစ်နေ မိသည်။

ရီမေသည် ထိုလူနှင့်–

ဝမ်ရှောင်း ဆက်မတွေးချင်တော့ပေ။

× × ×

ဝမ်ရှောင်း သူ့စတ်စုံထဲမှ စာတစောင်ကို ထုတ်ဖတ် လိုက်လည်။

ပြီးလျှင် စာကို သေသေချာချာ နောက်ထပ် တခေါက် ပြန်ဖတ်သည်။

ထို့နောက် သူဝတ်စုံထဲသို့ နေသားတကျ ပြန်လည် ထည့် သွင်းထားလိုက်ပြီး အိပ်ရာပေါ်မှဆင်းကာ အောက်ထပ် ထမင်း စားခန်းဆီသို့ ဆင်းလာခဲ့သည်။

ထမင်းစားခန်းသို့ ရောက်သောအခါ–

သူ စိတ်ဝင်စားနေသော တဖက်ခန်းမှ ရီမေနှင့် ငင်းနိုး နေသည့်လူ၊ သူကသာ သိပြီးသူကို မသိသောပုဂ္ဂိုလ်ကို စားပွဲ တလုံးတွင် လှမ်းတွေ့လိုက်ရသည်။

ဝမ်ရှောင်း စိတ်ညစ်သွားသည်။

ဘာလို့ ဒီလောက်တောင် ဒီစားသောက်ဆိုင်ကို လူတွေလာကြတာလဲဟု တွေးမိသည်။

"အင်း ... ငါ့အခန်းထဲကိုပဲ မှာစားတာ ကောင်းမှာပါ"ဟု တွေးမိသည်နှင့် စိတ်ပျက်စွာ အပေါ်သို့ ပြန်တက်မည်အလုပ်တွင်-

ဝမ်ရှောင်း အခန်းထဲကို ထပ်ပြီးမျက်လုံးတချက် ဝေ့ကြည့်လိုက်သည်၊ လူတွေက ပြည့်လို့။

တချို့ စားပွဲဝိုင်းမှာဆိုလျှင် လူတွေပူးကပ်ပြီး ထိုင်နေကြသည်။

"မိတ်ဆွေ နေရာသိပ်ကျပ်နေယင်၊ ကျုပ်ခုံမှာ ဝင်ထိုင်နိုင်ပါဘယ်၊ ကျုပ်က သီးသန့်လို ဖြစ်နေတယ်ဗျာ"

တဖက်ခန်းကလူက သူ့ကိုလှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ပထမတော့ ငြင်းလိုက်မည်ဟု စိတ်ကူးမိသေးသည်။

သို့သော် တကယ်တမ်းတွင်မူ မငြင်းမိပဲ ခြေထောက်ကအလိုလို သူ့ထံသို့ ရောက်သွားကာ-

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ"

ဝမ်ရှောင်းက ကျေးဇူးတင်စကား ပြောလိုက်သည်။

ထိုသူက ခေါင်းကို တချက်ညိတ်ပြပြီးမှ ဘာမှမပြောပဲ၊ သူ့ရှေ့မှ အရက်အိုးငယ်လေး တအိုးကို ကောက်မော့ နေလိုက်သည်။



ဝမ်ရှောင်း စားပွဲထိုး လူငယ်တယောက်ကို လက်ယပ်လှမ်းခေါ်လိုက်ပြီး "ဟိတ်ငါ့ဖို့ ဝက်သား ချိုတခွက်၊ ပေါက်ဆီတမဲ့၊ ဟင်းသီး ဟင်းရွက်ပေါင်း တပွဲ မြန်မြန်လုပ်ကွာ၊ နောက်.........

ဟို........."

"အရက်က........."

"အာ...ငါအရက်မသောက်ဘူး၊ ဟင်းချို ကောင်းကောင်း တခွက်လုပ်ခဲ့ပါ"

ဝမ်ရှောင်း စားပွဲထိုးလေးကို ခပ်ဆတ်ဆတ် လှမ်းမှာလိုက်သည်။

အရက်မသောက်တတ်ဘူး ဆိုသော ဝမ်ရှောင်းကို ထူးခြားသလိုတဖက်ခန်းမှ ပုဂ္ဂိုလ်က မျက်လုံးတချက် လှန်ကြည့်လိုက်သည်။

"ဩော် ...... စိတ်မရှိပါနဲ့ မိတ်ဆွေ၊ ကျွန်တော် ကိုယ်နှိုက်က အရက်မသောက်ပေမယ့် အရက်နဲ့ရင်းနှီးပါတယ်"

ဝမ်ရှောင်းက သူ့ရှေ့မှလူကို အားနာစွာ လှမ်းပြောလိုက်သည်။

တဖက်လူက ခေါင်းတချက် ဆတ်ကနဲညိတ်လိုက်ပြီး-

"လူတိုင်းဟာ မတူကြပါဘူး၊ ရပါတယ်"

ဒါပဲပြန်ပြောပြီး သူ့အရက်ကိုသူဆက်သောက်နေသည်။

ဝမ်ရှောင်း ပထမသူ့ကို အထင်သေးမိသည်။

"ဒီလူတော်တော် စကားပြောမယ့်လူဟု ထင်မိသော်လည်း ယခုမူ အဆင်နှင့် အမြင် တခြားစီဖြစ်နေသည်ကို တွေ့လိုက်ရသည်။

မကြာပါ။

သူမှာထားသော စားသောက် ဖွယ်ရာများ ရောက်လာပြီ ဖြစ်သည်။

ဝမ်ရှောင်း သူ့စားသောက်ဖွယ်ရာများကို စတင်စားသောက် ချိန်မှာ ယိုသူကပြီးသွားပြီမို့ ထိုင်ရာမှ ထကာ ထွက်သွား သည်။

နှုတ်ပင်ဆက်မသွား။

တော်တော် ရိုင်းတဲ့လူ ဟု ဝမ်ရှောင်းစိတ်ထဲမှာ ကျိတ်ပြီး မှတ်ချက်ချလိုက်မိသည်။

သို့သော် သူစကျနပ်ပါသည်။

သူကြောက်သည်က စပ်စုပြီးစကားများသည့် လူမျိုးကိုသာ ကြောက်ခြင်းဖြစ်ပြီး သည်လိုလူကို သဘောကျပါသည်။

ဆာလောင်လာသောဝမ်းကို တင်းတိမ်အောင် ဖြည့်လိုက် သည်။

ပြီးပြီ။

လက်ကျန်ဟင်းချိုကို နောက်ဆုံးပိတ်မော့သောက် လိုက်ကာ ထိုင်ရာမှထပြီး ကျသင့်ငွေကို ရှင်း၍ ဆိုင်ပြင်သို့ ထွက်လာခဲ့ သည်။

× × ×



"ဟား…. …ဆရာ .. ဘယ်သွားမလို့လဲ"

ဝါးလုံးရှည်က သူ့ကို လှမ်းနှုတ်ဆက်လိုက်သည်။

သည်အခါတော့ သူ့မျက်နှာကို အထူးလိုက်မရှာရတော့ပေ။

အဘယ်ကြောင့် ဆိုသော် ဝါးလုံးရှည်သည် ထိုင်နေသော ကြောင့် ဖြစ်ပါသည်။

"ဘယ်မှမသွားသေးပါဘူး"

"ဆရာ ဒီမြို့သား မဟုတ်ဘူး ဆိုယင်တော့ မြို့ထဲကိုလျှောက် ကြည့်ဖို့ကောင်းတယ်၊ တော်တော်ကြာ မလယ်မိတဲ့ ရက်တွေကို နှမြောနေမိမှာစိုးလို့ပါ"

ဝါးလုံးရှည်၏ စကားကို ဝမ်ရှောင်း သဘောကျသွား သည်။

ဒါပေမယ့် သူလည်ပတ်ချင်စိတ် မရှိသေးပါ။

"ကျုပ်ခင်ဗျားနဲ့ စကားပြောချင်လို့ လာခဲ့တာ"

"ဗျာ"

"ဟုတ်တယ်၊ နောက်နေ့တွေမှပဲ အေးအေး ဆေးဆေး မြို့ထဲကို လျှောက်ကြည့်တော့မယ်၊ ဒီနေ့တော့ ခင်ဗျားနဲ့စကား ပြောယင်း အချိန်ဖြုန်းမယ်လို့ စိတ်ကူးထားတယ်"

"ဆရာ…ကို စိတ်မဆိုးယင် စကားတလုံးလောက် ပြောပါ ရစေ"

ဝါးလုံးရှည်၏ စကားကြောင့် ဝမ်ရှောင်း မျက်ခုံးနှစ်ဖက် တွန့်ကွေးသွားသည်။

ထို့နောက် ဘာပြောမလဲ ပြောဟူသည့် သဘောဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်သည်။

"ဆရာ… ဟိုတနေ့က ရီမေရဲ့ ကိုယ်ရံတော် နှစ်ယောက်နဲ့ တိုက်ခိုက်တဲ့အထဲ ဖြစ်တယ်ဆို"

"ခင်ဗျား သိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"သိယင်ဘာဖြစ်လို့ထပ်မေးတာလဲ"

"ဆရာမှာ အန္တရာယ်ရှိလာနိုင်တယ်လို့ ပြောမလို့ပါ"

မဝ့်မရဲ လေးသံဖြင့် ပြောလိုက်သော ဝါးလုံးရှည်ကို တချက် ကြည့်လိုက်ပြီး—

"ဟား ဟား ဟား တော်တော်ရယ်စရာ ပြောတဲ့လူပဲ၊ ကြောက်တတ် စိုးရိမ်တတ်လိုက်တာလဲ လွန်လို့ပါလား"

သဘောကျစွာ ရယ်မောယင်း ဝမ်ရှောင်းက ပြောလိုက် သည်။

"ဒီမှာ ရီမေကတော့င် ကျုပ်ကို တောင်းပန် သွားသေး တယ်"

"ဟုတ်ကဲ့ ကျွန်တော်သိပါတယ်"

"သိရဲ့သားနဲ့ ဘာလို့ကျုပ်ကို အန္တရာယ်ရှိတယ်လို့ ပြောရ တာလဲ"

"ဆရာက နိုင်လိုက်လို့ပါ"

"အလို"

"ဟုတ်တယ်ဆရာ ဆရာက သူတို့ကို နိုင်လိုက်လို့ပါ"

ဝါးလုံးရှည်၏ စကားက ထူးဆန်းလှသဖြင့် ဝမ်ရှောင်း ဆက်ပြီး မရယ်တော့ပါ၊ တဖန် စိတ်ဝင်စားသော လေသံဖြင့်—

"ကျုပ်က သူတို့ကို နိုင်လိုက်လို့ ဟုတ်လား"



ဝမ်ရှောင်းက ထပ်မေးလိုက်သည်။

"ဟုတ်ပါတယ်… အဲဒီနေ့က ဆရာရဲ့လှုပ်ရှားမှုဟာ သိပ်ပြီး မြန်ဆန်ပိရိလွန်းလှပါတယ်၊ ပထမ ရှီးရှီးတန်းတန်း ပြောရယင် ဆရာ သရဲညီအစ်ကို ငါးယောက်ကို ဆုံးမခဲ့ကြတယ် ဆိုတာ ကျွန်တော် သိပ်မယုံပါဘူး၊ အဲဒီနေ့ကမှ ဆရာရဲ့ အစွမ်းကို ကြည့်ပြီး ကျွန်တော် ယုံမိတော့တာပါပဲ"

ရှီးရှီးပင် ပြောလိုက်သော ဝါးလုံးရှည်၏ စကား ဖြစ် သည်။

"ကျုပ်လဲ မခံချင်လို့ လုပ်လိုက်တာပါ၊ သူတို့ကိုမနာကျင် စေချင်ပါဘူး"

ဟုတ်ပါတယ် ကျွန်တော်အစအဆုံး သိပါတယ်၊ မြင်လဲ မြင်ပါတယ်"

ဝါးလုံးရှည်က ထောက်ခံလိုက်သည်။

"ကဲပါလေ… ဒါကို ထားစမ်းပါ၊ ကျုပ် တခုလောက် မေးပါရစေ"

"ဟုတ်ကဲ့ မေးပါ"

"ကျုပ်အခန်းဘေးကလူကို သိသလား"

"ခင်ဗျား"

ဝါးလုံးရှည် ကြောင်သွားသည်။

"ကျုပ်အခန်း ဘေးအခန်းမှာတည်းခိုနေတဲ့ လူကိုသိလား"

"ဟုတ်… ဟုတ်ကဲ့ ကျွန်တော်သိပါတယ်"

"အဲဒီလူ ဒီမှာလာတည်းခိုတာ ဘယ်လောက် ကြာသွားပြီလဲ"

ဝမ်ရှောင်း၏ မေးခွန်းကို ဝါးလုံးရှည် ရုတ်တရက် မဖြေပါ၊ ခေတ္တမျှ စဉ်းစားလိုက်ပြီး သေချာသည့်ဟန်ဖြင့်-

"ဒီနေ့ပါဆို ဆယ်ရက်တိတိ ရှိသွားပါပြီ ခင်ဗျား"

"ရီမေ...ဒီကိုလာတာဟာ ဒီလူ့ဆီကို လာတာနော်"

"ဟုတ်...ဟုတ်ပါတယ်"

"သူ စရောက်တဲ့ နေ့ကစပြီး ရီမေလာတာပဲလား"

ဝမ်ရှောင်းက ဆက်ပြီး မေးလိုက်သည်။

"မဟုတ်ပါဘူး၊ ပထမဆုံး သူစရောက်ပြီး နောက်နေ့မှာ ရီမေရဲ့ဖခင်၊ ရွှေသော့ဂိုဏ်း ခေါင်းဆောင်ကြီး ရီချန်းလုံ ကိုယ်တိုင် လာတွေ့ပါတယ်၊ နောက် နှစ်ရက်လောက်နေမှ ရီမေ ကိုယ်တိုင် လာလာနေတယ်"

ဝါးလုံးရှည် တိကျစွာ ရှင်းပြသည်ကို ဝမ်ရှောင်း သေသေချာချာ နားထောင်နေရာမှ-

"အယင်ကတော့ ရီမေ ဒီစားသောက်ဆိုင်ကို လာရောက်လည်ပတ်ဖူးသလား၊ အစား အသောက်ကော လာရောက်စားသောက်ဖူးသလား"

ဝါးလုံးရှည် မျက်မှောင်ကြုတ်ပြီး စဉ်းစားလိုက်ကာ-

"လုံးဝ မလာဖူးပါဘူးဆရာ၊ စားစရာလဲ လာ မစားဖူးပါဘူး"

"ဒါဖြင့် ခုမှ လာစားတာဆိုပါတော့"

"ဟုတ်ကဲ့....အဲဒါ အမှန်ပါပဲ"



ဝါးလုံးရှည်သည် ဝမ်ရှောင်း၏ စကားကိုပင် ဝန်ခံလိုက်သည်။

"ဒါဖြင့် ကျုပ်အခန်းဘေးမှာ တည်းနေတဲ့ လူရဲ့နာမည်ကိုကော သိလား"

ဝမ်ရှောင်းက မေးလိုက်ပြန်သည်။

"ဟင့်အင်း....ကျွန်တော် မသိပါဘူး"

ဝါးလုံးရှည်၏စကား ဆုံးသည်နှင့် ဝမ်ရှောင်း ဘာမှဆက်မမေးတော့ပဲ၊ မြင်းဇောင်းထဲမှ သူ့မြင်းညိုကြီးကို လှမ်းကြည့်လိုက်သည်။

"ကျုပ်မြင်း အစားကောင်းကောင်း စားရဲ့လား"

"ဟုတ်ကဲ့"

"ကျန်းမာရေးကော ကောင်းရဲ့လားဗျ"

"ဝမ်းနည်းနည်း ချုပ်တယ်ထင်ပါတယ်"

"ခင်ဗျားမှာ ဆေးရှိသလား"

"ဟုတ်ကဲ့"

"နည်းနည်းလောက် ကြည့်ပြီး တိုက်လိုက်ပါ၊ လိုအပ်တာရှိယင် ကျုပ်ကိုပြောပါ"

ဝမ်ရှောင်း၏ စကားမဆုံးမီမှာပင် ဝါးလုံးရှည်၏ မျက်လုံးများက ထူးခြားနေသည်မို့ ဝမ်ရှောင်း သူ့မျက်လုံးများ ဦးတည်ရာကို ဆက်ကနဲ လှည့်ကြည့်လိုက်သည်။

ခပ်ဝေးဝေးမှ မြင်းစီးသမား ဆယ်ယောက်ခန့် အပြင်းလာနေသည်။

"ဘယ်သူတွေလဲ"

မည်သူ့ကိုမှ ဦးတည်မှုမရှိပဲ၊ မေးလိုက်သော မေးခွန်း ဖြစ်သည်။

"ကျွန်တော်မသိဘူးဆရာ၊ ဒီလူတွေကို တခါမှ မမြင်ဖူးဘူး"

ဝမ်ရှောင်း မိမိနှင့်ဘာမှ မပတ်သက်တော့ ဟူသောအသိဖြင့် မြင်းဇောင်းထဲကို ဝင်သွားသည်။

သူ့ မြင်းညိုကြီး နေမကောင်းဘူးဟု ဆိုသောကြောင့် ဝင် ကြည့်ခြင်း ဖြစ်သည်။

ထိုစဉ် စောစောက မြင်းအုပ်စု "ရွှေစည်းစိမ်" စားသောက် ဆိုင်ရှေ့သို့ ရောက်လာကြပြီ ဖြစ်သည်။



## ထူးဆန်းသော ဧည့်သည်များ

"ဆရာ ခုလာတဲ့ ဧည့်သည်တွေက ဒီမှာ တည်းခိုမှာ မဟုတ်ဘူး"

ဝါးလုံးရှည် ပြောလိုက်သည့်စကားကို စိတ်မဝင်စားဟန်ဖြင့် ငြိမ်နေလိုက်သည်။

"သူတို့ပုံတွေ ကြည့်ရတာတမျိုးပဲ"

ဝမ်ရှောင်း ဘာမှမပြောပါ၊ သူ့မြင်းညိုကြီးကိုသာ ကြည့် နေလိုက်သည်။

ဝါးလုံးရှည်ကြီး အပြင်ဘက်ကို ပြန်ထွက်သွားသည်။

ဝမ်ရှောင်းကတော့ သူ့မြင်းညိုကြီးကို ပွတ်သပ်ယင်း မြင်းဇောင်းထဲမှာပင် ကျန်ရစ်ခဲ့သည်။

× × ×

"ဆရာ ...ဟိုညှော်သည်တွေက ဆရာ့ဘေးအခန်းက လူဆီကို လာကြတာပဲ"

"ဟင်"

သည်စကားကိုတော့ ဝမ်ရှောင်း စိတ်ဝင်စားသွားသည်။

"ရှေ့သော့ ... အာမခံ ဌာနကများလား"

"မဟုတ်ဘူး ဆရာ၊ အဲဒီလူတွေဆိုယင် ကျွန်တော် အကုန်သိတယ်"

ဝါးလုံးရှည်က တိကျစွာ ပြန်ပြောလိုက်လေရာ-

"ဒါဖြင့် ဘယ်ကလူတွေ ဖြစ်နိုင်သလဲ"

"အဲဒါ ကျွန်တော်လဲ မသိဘူး"

"အယင် ဒီကိုလာဖူးသလား"

"ဟင့်အင်း.... ဒါ ပထမဆုံးအကြိမ် လာတာပဲ ဆရာ"

ဝမ်ရှောင်းစိတ်ထဲမှာ တစုံတခုကို တွေးနေသည်။

ချက်ချင်းပင် မြင်းဇောင်းထဲမှ ထွက်၍ သူ့အခန်းဆီသို့ ပြန်လာခဲ့သည်။



အပေါ်ထပ် လူသွားလမ်းပေါ်တွင် လူငါးယောက် ရပ်နေကြသည်။

သူတို့မျက်နှာတွေကို သေသေချာချာ ကြည့်မိသည်။

"အင်း.... တမျိုးတွေပဲ" ဟု ဝမ်ရှောင်း မှတ်ချက်ချမိသည်။

ခပ်တည်တည်ပင် သူတို့ကို ဖြတ်ကျော်လျက် သူ့အခန်းကို ဖွင့်ကာ အတွင်းသို့ ဝင်လိုက်သည်။

သူတို့ထဲမှ ဘာမှလှုပ်ရှားမှုမရှိ။

ဝမ်ရှောင်းကိုပင် လူတယောက်ဟု ထင်ဟန်မပေါ်။

ကောင်းသည်။

နို့မို့ သက်သက်ပြဿနာတခု ဖြစ်နေဦးမည်ဟု ဝမ်ရှောင်း တွေးပြီး ကျေနပ်လိုက်မိသည်။

တဖက်ခန်းကို နားစွင့်မိသည်။

တကယ်တော့ ဤကဲ့သို့ ပြုမူခြင်းမှာ လူ့ယဉ်ကျေးတို့၏ သဘာဝမဟုတ်မှန်းကို ဝမ်ရှောင်း ကောင်းကောင်း နားလည်မိသည်။

သို့သော် မတတ်နိုင်ချေ။

အသံတို့က သိပ်မသဲကွဲလှပါ။

ဝမ်ရှောင်း စိတ်ကို တည်ငြိမ်အောင် လုပ်သည်။ အသက်ကိုပင် မှန်မှန်ရှူပြီး တဖြည်းဖြည်း ငြိမ်သွားအောင် လုပ်နေရသည်။

ပထမ လောကြီးနေသဖြင့် မိမိ၏ ရင်ခုန်သံ အသက်ရှူသံတို့က တဖက်ခန်းမှ စကားသံတွေကို ဖျက်ဆီး ပစ်သလို ရှိသည်။

ခုတော့ ငြိမ်သွားပြီ။

ငြိမ်သွားသည်နှင့်အမျှ တဖက်ခန်းမှအသံတို့ကို တဖြည်းဖြည်း သဲသဲကွဲကွဲ ကြားလာရသည်။

"အိုး...."

ဝမ်ရှောင်း မျက်လုံးပြူးသွားမိသည်။

သူကြားရသော အသံများသည် သူ့ခေါင်းကို စကြဝဠာကြီးနှင့်အပြိုင် ကြီးသွားသည်ဟု ထင်မှတ်လိုက်ရသည်။

တဖက်ခန်းမှ လူကို စိတ်ထဲမှ ချက်ချင်း သွားသတ်ချင်စိတ် ပေါ်လာမိသည်။

ဒါပေမယ့် အချိန်က လိုသေးသည်မို့ သူ့စိတ်ကိုသူ ချုပ်တည်းထားလိုက် မိသည်။

ဝမ်ရှောင်း နံရံမှ နားကိုခွာလိုက်သည်။

သူ့စိတ်ထဲတွင် လှုပ်ရှားမှုကြောင့် ဂနာမငြိမ်ဖြစ်နေ၏။

"ရီမေဟာ ဘာဖြစ်လို့ ဒီလူနဲ့ပေါင်းသင်းနေတာလဲ၊ ရင်းနှီးနေရတာလဲ၊ ဒီလူရဲ့ကိစ္စတွေကို ရီမေကိုယ်တိုင် သိနေသလား"

ဟူသော အတွေးတွေက သူ့ခေါင်းထဲမှာ တွေးလုံးနေသည်။

တဘက်ခန်းမှ လူများပြန်ထွက်သွားသံကို ကြားရသည်။

ဝမ်ရှောင်း ခုတင်ပေါ်မှ ဆတ်ကနဲခုန်ဆင်းပြီး သူ့အခန်းတံခါးကို လျင်မြန်စွာဖွင့်လိုက်ပြီး ချောင်းကြည့်လိုက်သည်။



"အင်း သူတို့ဘယ်ကိုပြန်မှာလဲ"

စိတ်ထဲမှာ မေးမိသည်။

"ငါလိုက်ကြည့်ရယင် ကောင်းမယ်" ဟု လည်း တွေးလိုက်မိသည်။

တွေးလိုက်သည့်အတိုင်းပင် အိပ်ရာပေါ်တွင် ကျန်ရစ်ခဲ့သော ဓားကို သွားယူလိုက်ပြီး အခန်းထဲမှထွက်ခဲ့သည်။

ပုံမှန်အတိုင်း လှေကားမှဆင်းလျှင် စောစောက လူနှင့်ဆုံနေနိုင်သည်မို့ အပေါ်ထပ်ဝရန်တာအစွန်းမှ အောက်သို့ ခုန်ချလိုက်သည်။

ပြီးလျှင် မြင်းဇောင်း ထဲသို့ ခပ်သွက်သွက် ဝင်လိုက်ပြီး သူ့မြင်းညိုကြီးကို ဆွဲယူရန်ပြင်လိုက်စဉ်မှာပင်—

"ဆရာဘာလုပ်မလို့လဲ"

"မြင်းယူမလို့"

"ခု စီးလို့မရဘူးဆရာ"

"ဟေ........ဘာဖြစ်လို့လဲ"

"သူ့ကို ဝမ်းနုတ်ဆေး ကျွေးထားပါတယ်၊ မကြာခင် သူဝမ်းသွားမှာပါ"

"ဟာ ဒုက္ခပါပဲ"

ဝမ်ရှောင်း စိတ်ပျက်စွာ ညည်းညူလိုက်သည်။

"ဆရာဘာဖြစ်လို့လဲ"

"ကျုပ်အပြင်သွားစရာရှိတယ်"

"မနက်ဖြန်မှသွားပါလား"

ဝမ်ရှောင်း ဒေါသထွက်သွားသည်။

"ခွပ်.... ခွပ်... ... ခွပ်"

ရွှေစည်းစိမ်ရှေ့မှ မြင်းများထွက်သွားသံကို ကြားရသည်။

သူလိုက်လို ဘယ်နည်းနှင့်မှ မမီတော့သည်ကို သဘောပေါက်နားလည်လိုက်မိသဖြင့် သက်ပြင်းကိုသာ အသားချပြီး နေလိုက်ရသည်။

"တောက်"

ခံပြင်းသော တက်ခေါက်သံဖြစ်သည်။

"ဆ ......... ဆရာသူတို့နောက်ကို လိုက်မလို့လား"

"ဟုတ်တယ်...."

ဝါးလုံးရှည်၏ စကားကို သံပြတ်ဖြင့်ဖြေလိုက်သည်။

"ဒီလိုမှန်း မသိလို့၊ ဆရာလဲ တက်သွားပြီးရော ကျွန်တော်သူ့ကို ဝမ်းနှုတ်ဆေး ကျွေးလိုက်မိတာပါ၊ နို့မို့ မနက်ဖြန်မှ ကျွေးပါတယ်"

"ဘယ်တတ်နိုင်မလဲ ကိစ္စမရှိပါဘူး၊ ရှိပါစေတော့"

ဒါပဲဖြေရပေမည်။

သည့်အပြင် သူဘာပြောနိုင်ဦးမည်နည်း။

"ခွပ်...... ခွပ်..... ခွပ်"

ထိုစဉ်မှာပင် အဝေးမှမြင်းများ အပြင်းနှင့် လာသည်ကို တွေ့လိုက်ရသည်။

ဝမ်ရှောင်း မျက်မှောက်ကြုတ်ပြီး ကြည့်လိုက်သည်။

"စောစောက မြင်းတွေလား"

နှုတ်မှတီးတိုး ရေရွတ်မိသည်။



"မဟုတ်ပါဘူး ဆရာ၊ သည်မြင်းတွေက ရိချုန်းလုံဆီက မြင်းတွေပါ၊ သူတို့ ဟိုလူဆီလာကြတာပဲ ထင်တယ်"

ဝါးလုံးရှည်ကြီးက ပြန်ပြောလိုက်သည်။

× × ×

မြင်းများ ရွှေစည်းစိမ် စားသောက်ဆိုင်သို့ ရောက်လာကြသည်။

မြင်းပေါ်မှ လူများခုန်ဆင်းလိုက်ပြီး စားသောက်ဆိုင်ထဲသို့ ဝင်သွားကြသည်။

"ဒီနေ့ ဘယ်လူရှုပ်ပါလား" ဟု စိတ်ထဲမှကျိတ်ပြီး တွေးလိုက်မိသည်။

မြင်းများမှာ စုစုပေါင်း ဆယ်ကောင်တိတိဖြစ်သည်။

လူကလည်း ဆယ်ယောက်ပင်ဖြစ်၏။

မကြာပါ။

ချက်ချင်းဆိုသလိုပင် အတွင်းသို့ ဝင်သွားသူများ ပြန်ထွက်လာပြီး ဟိုဟို သည်သည်ကြည့်နေကြသည်။

ဝါးလုံးရှည်ကြီးနှင့် ဝမ်ရှောင်းတို့ ရပ်လျက် ကြည့်နေကြသည်။

မြင်းစီးလာသူများ၏ မျက်လုံးများသည် ဝမ်ရှောင်းဆီသို့ ရောက်လာကြပြီး သူတို့အချင်းချင်း တီးတိုးတီးတိုး ပြောနေကြသည်။

ထူးတော့ထူးသည်ဟု ဝမ်ရှောင်း စိတ်မှာထင်သည်။

ထိုသို့ ထင်နေစဉ်မှာပင် ဆယ်ယောက် အုပ်စုထဲမှ တယောက်က သူ့ဆီသို့ လျှောက်လာသည်ကို တွေ့လိုက်ရသည်။

"ဒီကမိတ်ဆွေက တည်းခိုခန်းက အပေါ်ထပ် အစွန်ဆုံးခန်းမှာ တည်းခိုနေတဲ့ လူပါလား ခင်ဗျား"

ချိုသာ ပြေပြစ်သော လေသံဖြင့် မေးလိုက်သည်။

"ဟုတ်တယ်"

ဝမ်ရှောင်းက ခပ်တည်တည်ပင် အဖြေပေးလိုက်သည်နှင့် သူ့ကို လာမေးသောသူက နောက်မှာ ကျန်ရစ်ခဲ့သော သူ့လူများဆီသို့ လက်ယပ်လှမ်းခေါ်လိုက်သည်။

သူ့လူများ ဝမ်းသာအားရ လှမ်းလာကြသည်။

"ဟော့ကောင် သေချာရဲ့လား"

သူတို့အုပ်စုထဲမှ အကြီးအကဲ ဖြစ်ဟန်တူသောသူက လှမ်းမေးလိုက်သည်။

"ဟုတ်ပါဘယ်၊ သူကိုယ်တိုင်က ဟုတ်တယ်လို့ ဝန်ခံနေတာပဲ"

သူတို့ အချင်းချင်း ပြောသောစကားများကို ဝမ်ရှောင်းနားထောင်နေရာမှ—



"ဟိတ် မင်းတို့ ဘာကောင်တွေလဲ၊ ငါ့ကို ရှေ့မှာထားပြီး ဘာအူကြောင်ကြောင် လုပ်နေတာလဲ"

ဝမ်ရှောင်းက ဒေါသအသံနှင့် မေးလိုက်သည်။

"ကျွန်တော်တို့ ရွှေသော့အဖွဲ့ကပါ"

"အဲဒါ ဘာဖြစ်လဲ"

ခေါင်းဆောင်ဟု ထင်ရသောသူက ဖြေလိုက်သည်ကို ဝမ်ရှောင်းက ဂရုမစိုက်သလို ခပ်မာမာ ပြန်မေးလိုက်သည်။

"ဟုတ်ကဲ့.... လူကြီးမင်းကို လာရှာတာပါ"

"ဘာကိစ္စလဲ"

"ကျွန်တော်တို့ သခင်ကြီးက တွေ့ချင်တယ်ဆိုပြီး ခေါ်ခိုင်းလိုက်လို့ပါ"

ဝမ်ရှောင်း အံ့သြသွားသည်။

သူတို့ပြောသော သခင်ကြီးဆိုသူကို သူမသိပါ၊ သူ့ကို ဘာကိစ္စ တွေ့ချင်သည်ကို သူ စဉ်းစား၍မရပဲ ဖြစ်နေသည်။

"မင်းတို့ သခင်ကြီးနဲ့ ငါနဲ့က ဘာမှ ဆက်သွယ်မှု မရှိပါလား"

"ဟုတ်ပါတယ်၊ သခင်ကြီးက ကျွန်တော်တို့ကို ဘာမှ မပြောလိုက်ပါဘူး၊ သူမှာလိုက်တာက ဒီက နောင်ကြီးကို တောင်းပန်ပြီး ခေါ်ခဲ့ဖို့ပဲ ပြောပါတယ်၊တကယ်လို့ နောင်ကြီး အနေနဲ့ မလိုက်ဖူးဆိုယင်"

"ဘာလဲ မင်းတို့က မဖြစ်ဖြစ်တဲ့နည်းနဲ့ ခေါ်မယ် ဆိုပါတော့"

ဝမ်ရှောင်းက ခပ်မာမာပြန်မေးလိုက်သည်တွင်-

"အို ……မ………မဟုတ်ပါဘူး ခင်ဗျား၊ ဒီလို မထင်ပါနဲ့၊ ကျွန်တော်တို့ကို သခင်ကြီးက အနူးအညွတ် တောင်းပန်ပြီး ခေါ်ခဲ့ဖို့ မှာလိုက်တာပါ၊ နောင်ကြီးကို တိုက်ခိုက်ဖို့မပြောနဲ့ စကားကိုတောင် မာမာမပြောမိဖို့ မှာလိုက်ပါသေးတယ်"

ဝမ်ရှောင်း စိတ်ထဲမှာ တော်တော်ကို ထူးခြားနေမိသည်။

သူတို့ ပြောစကားကို နံဘေးမှထိုင်လျက် နားထောင်နေသော ဝါးလုံးရှည်၏ မျက်နှာကို တချက်လှမ်းကြည့်မိသည်။

သူ့မျက်နှာမှာ အကြီးအကျယ်ပျက်နေသည်။

စိုးရိမ် ပူပန်နေသည့် မျက်နှာဖြစ်သည်။

"တကယ်လို့သာ နောင်ကြီး၊ ပါမသွားဘူး ဆိုယင် ကျွန်တော်တို့ အားလုံး မခြေ့ငံပြောလို့ နောင်ကြီးမလိုက်တာ ဆိုပြီး သခင်ကြီးက ကောင်းကောင်း အပြစ်ပေးမှာ သေချာပါတယ်"

"အင်း တော်တော်စဉ်းစားရကျပ်ပါလား၊ မင်းတို့ သခင်ကြီးရဲ့ နာမည်က ဘယ်သူတဲ့ဘုံး၊ မင်းတို့သခင်ကြီးက ငါ့ကို ဘာကိစ္စနဲ့ တွေ့ချင်တာလဲ၊ မင်းတို့ နည်းနည်းပါးပါးတောင် မရိပ်မိကြဘူးလား"

"ကျွန်တော်တို့ ရွှေသော့ အဖွဲ့ရဲ့ ဂိုဏ်းချုပ် ဘခင်ကြီးရဲ့ အမည်က ရီချန်းလုံဖြစ်ပါတယ်၊ နောင်ကြီးကို တွေ့ချင်တဲ့ အကြောင်းကိစ္စကတော့ ကျွန်တော်တို့ သိခွင့်မရှိလို့ မသိခဲ့ပါ



ဘူးခင်ဗျား၊ ဒါပေမယ့် နောင်ကြီးကို ကျွန်တော်တို့ တခုတော့ တောင်းပန်ပါရစေ"

"ဘာကို တောင်းပန်မှာလဲ"

"ကျွန်တော်တို့ကို သနားသဖြင့် ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ"

ထိုလူ၏ မျက်နှာသည် အမှန်တကယ်ပင် တောင်းပန် တိုးလျှိုးနေဟန် ဖြစ်သည်။

ဝမ်ရှောင်း စိတ်ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ ငါလိုက်မယ်၊ ဒါပေမယ့် ငါ့မှာ မြင်းမရှိဘူး"

လူဆယ်ယောက်စလုံး၏ မျက်နှာများမှာ ဝင်းထိန်သွားကြပြီး သူတို့ထဲမှ အကြီးအကဲဖြစ်သူက-

"ဟာ ကိစ္စမရှိပါဘူးခင်ဗျား၊ ကျွန်တော်တို့ မြင်းတွေထဲက ကြိုက်တဲ့မြင်းကို ယူစီးနိုင်ပါတယ်၊ ကျွန်တော်တို့ထဲက တယောက်က တဦးဦးရဲ့ မြင်းနဲ့ကပ်ပြီး စီးခဲ့ပါလိမ့်မယ်"

အားလုံး အဆင်သင့်ဖြစ်နေသည်။

ဝမ်ရှောင်း ဝါးလုံးရှည်ကြီးကို တချက်ငဲ့ကြည့်လိုက်ပြီး—

"ကဲ …… ကျုပ် လိုက်သွားဦးမယ်၊ ခင်ဗျားဘာမှ စိတ်မပူပါနဲ့ဗျာ၊ ကျုပ်မြင်းကိုသာ နေကောင်းအောင် သေသေချာချာ ကြည့်ပြီး စောင့်ရှောက်ထားလိုက်ပါ ဟုတ်လား"

"ဟုတ် ……ဟုတ်ကဲ့ပါခင်ဗျား"

ဝါးလုံးရှည်ကြီးက အထစ်ထစ်အငေါ့ငေါ့ ခေါင်းညိတ်ပြီး အခြေပေးလိုက်သည်။

ဝမ်ရှောင်း တဘက်သို့ပြန်လှည့်လိုက်ပြီး–

"ကဲသွားကြစို့"

ဟု ပြောလိုက်လေသည်။

ထူးဆန်းသောကြိုဆိုမှု

ဤဟန်ကျိုးမြို့တွင်းသို့ ယခုအကြိမ်သည် ပထမဆုံးထွက်၍ မြို့တွင်းကို ကြည့်ရှုမိခြင်းလည်း ဖြစ်သည်။

"တော်တော် ဝေးသေးလား"

ရှေ့မှသွားနေသော ခေါင်းဆောင်ဖြစ်သူကို ဝမ်ရှောင်းက မသိမသာ မေးလိုက်သည်။

"သိပ်မလိုတော့ပါဘူး၊ ရှေ့နားက မြေကြီးမုံရေအိုင်သုံးအိုင်ကျော်တာနဲ့ ရောက်ပါပြီ"

ခေါင်းဆောင် လုပ်သူက ခပ်အေးအေးပင် ပြန်ဖြေလိုက်သည်။

ထို့နောက် ဝမ်ရှောင်းဘာမှ မမေးမိတော့ပါ။

သူတို့နောက်မှ မြင်းကိုခပ်မှန်မှန်စီးရင်းလိုက်ပါခဲ့သည်။

× × ×

မကြာမီမှာပင်.........

အလွန်တာသွာလှပသော ရေကန်ကြီး တကန်ကို စတင်တွေ့ရှိလိုက်ရသည်။

"ဒါ မြစကြေးမုံ ရေအိုင်ကြီးပဲ၊ နောက်ထပ် နှစ်အိုင်က ဟိုဘက်မှာ ရှိတယ်"

ခေါင်းဆောင် လုပ်သူက ဝမ်ရှောင်းကို ပြောပြလိုက်ခြင်း ဖြစ်သည်။

"တော်တော်ကို လှတယ်နော်"

"ဟုတ်တယ်၊ ဟန်ကျိုးမြို့မှာ ဒီရေအိုင် သုံးအိုင်ရယ်၊ မြေ တောင်တန်းတွေရယ်က သိပ်ပြီး ထင်ရှားတဲ့ ရှုခင်းအလှ အပ တွေပါပဲ"

ခေါင်းဆောင်လုပ်သူက ထပ်မံရှင်းပြလိုက်သည်။

သို့နှင့် သူတို့ ခရီးဆက်ခဲ့ကြရာ မျှားမကြာမီ အချိန်အတွင်း မှာပင်—

"ရွှေသော့ အာမခံအဖွဲ့ကြီး"

အနီရောင် သုတ်လိမ်းထားသော သစ်သား ပေါ်တွင် ရွှေ စာလုံးများဖြင့် ထွင်းထုရေးသား ထားသော ခန့်ညားထယ်ဝ သည့် ဆိုင်းဘုတ်ကြီးကို စတင်မြင်လိုက်ရသည်။

ဆိုင်းဘုတ်ကြီး၏ အောက်တွင် အလွန်ဘာရာခိုင်ခန့်ဟန်ရှိသော တံခါးချပ်ကြီး နှစ်ချပ်မှာပိတ်လျက်ရှိသည်။

မြင့်မားလှသော အုတ်ရိုးကြီးဖြင့် ခမ်းနားလှပသောခြံဝင်း ကြီး တခုကိုဘွားကနဲ တွေ့လိုက်ရသည်။



"ဒါ......မင်းတို့ရဲ့ဌာနချုပ်လား"

"ဟုတ်ပါတယ် ခင်ဗျား"

ထိုသူ၏ စကားဆုံးသည်နှင့် သူတို့တအုပ်စုလုံး တံခါးကြီး၏ အဝသို့ရောက်ရှိလာကြပြီ ဖြစ်သည်။

ဟိတ်......တံခါးဖွင့်စမ်း"

"ဘယ်သူလဲဟေ့"

"လုံခြုံရေး ရွှေပြေးတပ်ဖွဲ့မှူး "ဟုန်" ပဲ"

အထဲမှအသံများ တိတ်ဆိတ်သွားပြီး။

ခဏအကြာတွင်—

"ဂျိန်း" ဟူသော အသံနှင့်အတူ။

တံခါးကြီးပွင့်ထွက်လာသည်။

"ကဲ......လာပါနောင်ကြီး"

ခေါင်းဆောင်လုပ်သူက ဝမ်ရှောင်းကို လှည့်ပြီး ဖိတ်ခေါ် လိုက်ကာ အဘွင်းသို့ မြင်းစီးလျက် ဝင်ရောက်သွားသည်။

ဝမ်ရှောင်း သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ဝင်လာ သည်။

သူတို့အားလုံး မြေကွက်လပ်တနေရာသို့ အရောက်တွင်—

"ရပ်လိုက်ကြစမ်း"

အသံမှာမာဖြင့် လှမ်းအော်လိုက် သံကြောင့် မြင်းတွေ အားလုံးတန့်ကနဲ ရပ်သွားသည်။

"အို......တတိယ ခေါင်းဆောင်ကြီးပါလား"

ပါးစပ်မှ ပြောပြောဆိုဆို မြင်းပေါ်မှခုန်ဆင်းပြီး ခေါင်းဆောင်လုပ်သူက အရိုအသေပြုလိုက်သည်။

သူ့ကို ခေါ်လာသော လူဆယ်ယောက်စလုံး မြင်းများပေါ်မှ ဆင်းပြီး အသီးသီး အရိုအသေပြုလိုက်သည်။

ဝမ်ရှောင်း ဒါကိုစိုက်ကြည့်နေမိသည်။

မြင်းပေါ်ကတော့ လုံးဝမဆင်းပါ၊ အရိုအသေပြုဖို့ကတော့ ဝေလာဝေးပဲ ဖြစ်သည်။

'ဟိတ်...... ဟိုလူ မြင်းပေါ်က ဆင်းစမ်း"

တတိယ ခေါင်းဆောင်က မျက်နှာထား တည်တည်ကြီးဖြင့် လှမ်း၍ အော်ပြောလိုက်သည်။

ဝမ်ရှောင်း ဂရုမစိုက်သလို တဖက်လှည့်ပြီး ကြည့်နေလိုက်၏။

တတိယ ခေါင်းဆောင်ဆိုသည့် ပုဂ္ဂိုလ်၏ မျက်နှာမှာ ပန်းသီး နီနီကလေးတလုံးလို ရဲကနဲ ဖြစ်သွားကာ-

"ဒီမှာ...... ငါပြောတာ မင်းမကြားဘူးလား"

သည်စကားကိုတော့ ဝမ်ရှောင်း ပြန်ဖြေလိုက်သည်။

"ကြားပါတယ်၊ အရမ်းမအော်ပါနဲ့"

မြင်းပေါ်မှပင် ခပ်ဆတ်ဆတ် ပြန်လည် အော်လိုက်သော ဝမ်ရှောင်းကို ခေါင်းဆောင်ဆိုသူက မကျေမနပ်ဖြင့်-

"မင်းက ဘာလို့ အောက်ကိုဆင်းပြီး ငါ့ကို ဂါရဝ မပြုတာလဲ"

ခပ်တင်းတင်း လေသံဖြင့် မေးလိုက်သည်။



"ခင်ဗျားနဲ့ ကျုပ်နဲ့ ဘာပတ်သက်လို့ ဂါရဝပြုရမှာလဲ၊ ကျုပ်ရဲ့ဆရာလဲ မဟုတ်ဘူး၊ ကျေးဇူးရှင်လဲမဟုတ်ဘူး၊ ကျုပ်ထက်သာတဲ့အချက်လဲ တချက်မှမတွေ့ပဲ ကျုပ်ဂါရဝမပြုနိုင်ဘူး"

"ဟင်"

တတိယ ခေါင်းဆောင် ဆတ်ဆတ်ခါအောင် နာသွားသည်။

ဝမ်ရှောင်းပြောသည့် စကားများထဲတွင် ကျုပ် ဆရာလဲမဟုတ်၊ ကျေးဇူးရှင်လဲမဟုတ်ဟူသော စကားများကို သူလက်ခံပါ၏။ သို့သော် ကျုပ်ထက်သာတဲ့ အချက်လဲ တချက်မှ မတွေ့ဘူးဆိုသည့် စကားသည် သူ၏ဒေါသစိတ်ကို အမြင့်ဆုံးသို့ ပို့လိုက်သလို ဖြစ်သွားကာ-

"ဘာပြောတယ်၊ ငါ့ဆီမှာ မင်းထက်သာတဲ့ အချက် တချက်မှ မတွေ့ဘူး ဟုတ်လား"

"ဟုတ်တယ်...... ကျုပ်တော့ ဘာမှ အထင်ကြီး ရေတကွက်မှ မတွေ့မိဘူး"

ဝမ်ရှောင်း၏ စကားသည် ထို တတိယ ခေါင်းဆောင်၏ ဒေါသကို ဝုန်းကနဲ ဖြစ်သွားစေသည်။

"ဟဲ...... မင်းထက်သာတဲ့ အချက်ပြမယ်ရော့........ ဟေ့"

"ဝှစ်...."

"ဘုန်း"

ရုတ်တရက် စကားဆုံးသည်နှင့် ထိုတတိယ ခေါင်းဆောင်သည် လေထဲတွင် ရုတ်တရက် မြောက်တက်သွားပြီး မြင်း

ပေါ်တွင် ထိုင်နေသော ဝမ်ရှောင်း၏ ထိပ်တည့်တည့်ကို ရိုက်ချလိုက်လေသည်။

"ယား"

ဘေးမှလူများ စိုးရိမ်ထိတ်လန့်သွားကြသည်။

စိုးရိမ် ထိတ်လန့်မည်ဆိုလျှင်လည်း စိုးရိမ် ထိတ်လန့်စရာပင် ဖြစ်သည်၊ ထိုတာတီယခေါင်းဆောင်၏ လက်ဝါး ရိုက်ချက်သည် သေကွင်း သေကွက်ကို တိုက်ခိုက်လိုက်သည့် ရိုက်ချက် ဖြစ်သည်။

ရိုက်ချက်သည် အတွင်းအားကို အားကုန်သုံးပြီး ဒေါသကြီးစွာ ရိုက်လိုက်သည့် လက်ဝါးချက်ဖြစ်သည်။

ဝမ်ရှောင်းကို မထိချေ။

သို့ရာတွင် ကြားမှ ကံဆိုးသွားရသူက ဝမ်ရှောင်း စီးလာသော မြင်းကြီးပင် ဖြစ်သည်။

ဝမ်ရှောင်းမှာ တာတီယ ခေါင်းဆောင် ရိုက်လိုက်သည်နှင့် လက်ဝါးသည် သူ့ကိုထိရန်အချိန်လေးမှာပင် မြင်း၏ ဝမ်းဗိုက်အောက်သို့ လျှည့်ဆင်းလိုက်ကာ မြေကြီးပေါ်သို့ ရောက်သွားပြီ ဖြစ်သည်။

ထို့ကြောင့် မိမိ၏ လက်ဝါးကို အရှိန် မထိန်းနိုင်တော့ပဲ မြင်းကြီးကို ရိုက်မိသွားရာတွင်-

"ဘုန်း" ဟူသော အသံကြီးနှင့်အတူ မြင်းကြီးမှာ ခေါင်းကျိုး၍ လဲကျသွားလေသည်။



"အို......"

အားလုံး မြင်းကြီးအတွက် စိတ်မကောင်း ဖြစ်သွားကြလေသည်။

"ခင်ဗျားဟာ လူညံ့ပဲ၊ လူတယောက်လုံးကိုတောင် ထိအောင် မရိုက်နိုင်ဘူး၊ ခုခင်ဗျားကြောင့် မြင်းသေသွားပြီ၊ တယ်ညံ့တဲ့ လူပဲ"

ဝမ်ရှောင်း၏ စကားကြောင့် တာတီယ ခေါင်းဆောင်မှာ မျက်နှာကြီး နီရဲလာပြီး-

"ဟိုး......ဟိုး"

ခါးကြားမှ လှံတိုနှစ်ချောင်းကို ဆွဲထုတ်လိုက်လေသည်။

ထိုလှံတိုနှစ်ချောင်းမှာ အကောင်းစား သံများဖြင့် ပြုလုပ်ထားသော လှံတိုများဖြစ်ကြပြီး လှံဖျားများမှာလည်း ဆံပင်မွေးရိတ်လို့ ရအောင်ပင် ထက်မြက်လှပေသည်။

လှံသွားများ၏ အရိပ် အရောင်များသည် အေးစိမ့်သော အရောင်များပင် ထွက်နေသည်ကို တွေ့ရသည်။

"ကဲ......မင်းဘာသက်နက်ကိုင်မလဲ"

"ဘာလုပ်ဖို့လဲ"

ဝမ်ရှောင်းက ခပ်အေးအေးပင် ပြန်မေးလိုက်သည်။

ဝမ်ရှောင်း၏ စကားကြောင့် တာတီယခေါင်းဆောင် ကြောင်သွားသည်။

"ဘာလဲ...မင်းငါနဲ့တိုက်ရမှာ ကြောက်နေပြီလား"

"ကြောက်တယ် ဆိုတာ ခုခင်ဗျား ပြောမှ ကျုပ်ကြား ဖူးတယ်"

ဝမ်ရှောင်း အပြတ်ပင် ပြန်ရိပစ်လိုက်သည်။

"ဒါဖြင့် မင်းဘာလို့ လက်နက်မကိုင်တာလဲ"

"လက်နက်မကိုင်တာနဲ့ ကြောက်တာနဲ့တခြားစီပဲ"

ဝမ်ရှောင်းက ခပ်တည်တည် ပြန်ပြောလိုက်ပြန်သည်။

နံဘေးမှ ရပ်ကြည့်နေသူများ၏ မျက်နှာမှာ ချွေးတွေပ ပြန်နေပေသည်။

"မင်းတိုက်ရမှာ ကြောက်နေလို့ မဟုတ်လား"

"ဟား ဟား ဟား ကြောက်လို့တိုက်ရမှာစိုးလို့ မကိုင်တာ မဟုတ်ပါဘူး၊ လက်နက်ကိုင်စရာမလိုဘူး ထင်လို့ပါ"

"ဘာ .."

"ဟုတ်တယ်၊ ကဲ ......ခင်ဗျားအစွမ်း ဘယ်လောက်ရှိသလဲ ကြည့်ရအောင်"

ဝမ်ရှောင်းက ပြောပြောဆိုဆို မြေပေါ်တွင် သေသေချာချာ ရပ်ရင်းမှ တတိယ ခေါင်းဆောင်ကို စူးစိုက် ကြည့်ရှုယင်း သူ့တိုက်ခိုက်မှုကိုကြည့်နေလိုက်သည်။

"ယား ......"

"ဝှီး... ဝှစ်....ဝှစ်"

"ဟေး ..."

"ဝှီး"



လုံဘိုနှစ်ချောင်း၏ လှည့်ပတ်သံသည် ပုရစ်တကောင်အဆက် မပြတ် အော်နေသလိုထင်ရသည်။

ပြင်းထန်လှသော အင်အားကိုသုံးလျက် တိုက်ခိုက်တော့မည် ကို ဝမ်ရှောင်းသိထားသည်။

ဤတတိယ ခေါင်းဆောင်သည် လုံတိုကို အသုံးပြုလျက် "မုန်တိုင်းလှုံမိုး" အမည်ရှိ သိုင်းကွက်ဖြင့် နာမည်ကြီးနေသော အတွင်းအားလုံတို ကျွန်းရိကန်းပင်ဖြစ်သည်။

သူ့စိတ်ကြိုက်လက်နက်။

သူ့စိတ်ကြိုက် သိုင်းကွက်တို့ဖြင့် ဝမ်ရှောင်းကို တိုက်ခိုက် တော့မည်ဖြစ်သဖြင့် စိတ်ထဲမှကျိတ်၍ ဝမ်းသာနေသည်။

ပထမစစချင်း လုံချက်များမှ ဘာမှ မှုလောက်စရာ မရှိဟု ထင်ထားသော ဝမ်ရှောင်း၊ နောက်ပိုင်းတွင် ချွေးပြန်လာ ရသည်။

"ဘယ့်နှယ်လဲဟေ့ မင်းထက်သာတာတွေ့ပြီးလား"

ကျွန်းရိကန်းက ခပ်ရိရိလှမ်းမေးလိုက်သည်။

"မတွေ့သေးပါဘူး၊ ကိုယ့်ဘာသာကိုယ် တယောက်တည်း လုံကိုလေထဲ ယမ်းနေတာ လောက်တော့ ကလေးငယ်လေး တွေတောင်လုပ်တတ်တဲ့ဟာပဲ"

ဝမ်ရှောင်း မလျှော့ပါ၊ လုံးဝမလျှော့ပဲ ပြောလိုက်သည်။

"ကဲ ..ဒီလောက်တောင်ဖြစ်တာ"

"ဝှီး ......ဝေါ"

လေမုန်တိုင်းကြီး ကျလာသည်ဟုထင်ရသည်။

လုံချက်တွေက စိတ်လွန်းလှပြီး၊ လွတ်ကွက် ဟာကွက်မ ဖြ
အောင်ကို ဝမ်ရှောင်းအား ထိန်းထားနိုင်သည်။

ဘေးကျပ် နံကျပ်ဆိုသည်မှာ ဒါပဲဖြစ်မည်။

ဝမ်ရှောင်းစဉ်းစားသည်။

မည်သည့်ကိစ္စမဆို ရှုပ်လျှင် ရှင်းလို့ရရမည်၊ငင်လျှင် ထွက်လို့ရရမည် ဟူသော အဘိဓမ္မာစကားကို သတိရလိုက်မိသည်။

ဝမ်ရှောင်းလှိမ့်ပြီးရှောင်ထွက်နေရသည်။

"ဟိတ်...ရရှဲလားကွ၊ မောနေပြီလား"

တဘက်မှအသာစီးရနေသည်မို့ ပြောအားရှိနေသည်။

ဝမ်ရှောင်း ဘာမှပြန်မပြောနိုင်သေးပါ၊ ကြိုးစား၍ ရှော
နေဆဲသာရှိသည်။

"ကဲဟေ့"

"ဝှစ်"

ဝမ်ရှောင်း ပခုံးစွန်း ပူကနဲဖြစ်သွားသည်။

ခဏအတွင်းမှာပင် သွေးစေးတို့ စို့ပြီးထွက်လာသည်။

"ဟာ.... ထိသွားပြီးလား၊ တော်တော် များသွားသလာ
မင်းမသက်သာတာကို တွေ့ပြီးလားဟေ့"

တတိယ ခေါင်းဆောင်က ကောင်းကောင်း အနိုင်ယ
နေသည်။

ထိုစဉ်မှာ ဝမ်ရှောင်းစိတ်ထဲမှာ တစုံတခုကို စဉ်းစာ
သွားသည်။



တခြား မဟုတ်ပါ။

ယခု သူ့ကိုတိုက်နေသည်မှာ လှံတို နှစ်ချောင်းနှင့် ဖြစ်သည်။

သို့ရာတွင် တိုက်ခိုက်မှု၌ နှစ်ချောင်းလုံးတွင် အားမရှိသည်မှာ သေချာသည်၊ ဗယ်ဘက်က အားပိုလျှင်၊ ညာဘက်မှ အားလျော့ပေမည်၊ ညာဘက်မှ အားပိုလျှင် ဗယ်ဘက်မှ အားလျော့ပေမည်။

သည်တော့ အားကို နှစ်ဖက်လေလုံးဆီသို့ ၍ ပြေင်မှန်ကို သဘော ပေါက်မိထားသော ဝမ်ရှောင်း၊ သူ့ဝိတ်ကူးကို အကောင်အထည် ဖော်လိုက်သည်။

"ဟိတ်....... ယား"

"ဝှစ်...... ဝှစ်"

ဗယ်ဘက်ကို ပတ်လျက်ဝင်သည်။

ဗယ်ဘက်မှ လှံတိုသည် အရှိန်ပြင်းစွာဖြင့် သူ့ရင်ဘတ်သို့ ရောက်လာသည်။

"ဟိတ်..... ယား"

"ဝှစ်"

ညာဘက်ကို ပြန်ပြောင်းဝင်သည်။

အခုန်အပျံ၊ အလှုပ်အရှားတို့ဖြင့် အလွန်ကြည့်ကောင်းသော တိုက်ကွက်များ ဖြစ်သည်။

ညာဘက်မှ လှံချက်ကို စောစောကလောက် ပင်ပန်းစွာ မရှောင်ရတော့ပေ။

ဝမ်ရှောင်း သဘောကျသွားသည်။

ကိုယ်ဖော့အားကို အသုံးပြု၍—

"ဟိတ် ... ယား"

"ဝှစ် ... ဝှစ်"

"ဟိတ် ... ယား"

"ဝှစ်"

"ဟိတ် ... ယား"

" .... .... .... "

ဗယ်ကို ခုန်ဝင်သည်၊ ချက်ချင်း ညာကို ပြန်ဝင်သည်၊ ထို့နောက် ဗယ်ကို ...

ထိုမှ ... ညာကို ....

× × ×

သည်တခါ ချေးပြန်လာရသူက တတိယ ခေါင်းဆောင်ကြီး ကျန်းရိကန်းပင် ဖြစ်သည်။

သူ့လက်မောင်း နှစ်ဖက်မှ ပြုတ်ကျတော့မလောက် လေးလံလာသည်။

ဝမ်ရှောင်းကတော့ ပြေးကောင်းဆဲပင် ဖြစ်သည်။



နံဘေးမှ လူများအနေနှင့်မူ ဝမ်ရှောင်း သေပြေး ရှင်ပြေး ပြေးနေရသည်ဟု မြင်သည်။

တကယ်တန်းတွင်မူ အကျဉ်းအကျပ် ဒုက္ခရောက်နေရသူက တတိယခေါင်းဆောင် ကျန်းရိကန်းပင် ဖြစ်သည်။

"ခင်ဗျားက နေးလှချည်လားဗျ၊ ဘာလဲ ပျင်းလာပြီလား"

သူတို့၏ သိုင်းပရိယာယ်သိုင်းကွက်ပေါင်း တရာကျော်ကျော် တိုက်ခိုက်ပြီး တိမ်းရှောင်ပြီး ဖြစ်နေချိန်တွင် ဝမ်ရှောင်းက လှမ်းမေးခြင်း ဖြစ်သည်။

တတိယ ခေါင်းဆောင်ဆီမှ ဘာသံမှထွက်မလာ။

ဝမ်ရှောင်း သူ့အကွက်ထဲ ဝင်လာပြီကို သတိ ထားမိသည်။

တတိယ ခေါင်းဆောင်ဆိုသူမှာ အားကို ဗယ်ပြောင်း ညာပြောင်းနှင့် ပုံမမှန်တော့ပဲ ကိုးရိုးကားရား ဖြစ်နေပေပြီ။

ဝမ်ရှောင်း ညာဘက်ရောက်လျှင် ညာကိုပြောင်းတိုက်လိုက်၊ ဗယ်ကိုပြေးလျှင် ဗယ်ကို ပြောင်းတိုက်လိုက်နှင့် ကြာတော့ အားပြောင်းလွှဲမှု နှေးကွေးလာသည်။

ဝမ်ရှောင်း ဝင်ရန်ဆုံးဖြတ်လိုက်သည်။

"ဟိတ် ... ဟိတ်"

ဗယ်ကိုမြှပြီး ညာကို ပြန်ပတ်ပြေးသည်။

တဘိယ ခေါင်းဆောင်က ပုံမှန် ဗယ်မှညာ။ ညာမှာပင် တိုက်နေစဉ်ဝယ် ဝမ်ရှောင်း ပညာပြလိုက်သည်။

ဗယ်ကို ပြေးရန်ပြင်ပြီး ညာမှ ညာကိုပင် ပတ်ဝင်လိုက်သည်။

"ယား"

"ဖတ်"

"ဦး ... ချင်"

"အလို"

ညာဘက်၌ ကိုင်ထားသော လုံတိုမှာ ဝမ်ရှောင်း၏ ပခုံးယာယ် တကွက်ဘည်းဖြင့် အဝေးသို့ လွင့်ထွက် သွားတော့သည်။

"ဟိတ်...ယား"

"ဖတ် ..."

"ဖြောင်း ... ချင်"

ညာကိုပြန်၍ အာရုံစိုက် လိုက်ချိန်မှာပင် ဗယ်ဘက်က အားလျော့သွားသော လုံတိုကို ဝမ်ရှောင်း လွယ်လင့်တကူရိုက်ထုတ်ပစ်လိုက်နိုင်သည်။

"ယား"

"ဘုန်း"

"အား"

ကျယ်လောင်သော အော်သံနှင့် အတူ ချာချာလည်လျက် လူတယောက်လဲကျသွားသည်။

"ဟာ...."

အားလုံး အံ့အားသင့်ကုန်သည်။



စောစောက အသက်ပင်မရှူမိကြပဲ ငိုင်းကြည့် နေသူများမှာ ခုမှ အသက်ပြန်ဝင်လာသလို ဖြစ်လာကြပြီး လဲကျသွားသော သူတို့၏ တတိယခေါင်းဆောင်ကို ပြေးပွေ့ကြသည်။

ပါးစပ်မှ သွေးတချက် အန်လိုက်ပြီး လှိုက်ဖိုသောရင်ကို ဖိလျက် တတိယခေါင်းဆောင်ငြိမ်နေသည်။

"ယား"

"အို ......"

ရုတ်ဘရက် ထပ်မံ ထွက်ပေါ် လာသော အသံများဖြစ်သည်။

ဝမ်ရှောင်း၏ လွန်စွာ သတိကောင်းသူမို့ အသက်နှင့် ကိုယ်အိုးဘားကွဲမသွားခြင်း ဖြစ်သည်။

တကယ်တော့ သူတို့၏ခေါင်းဆောင်ကို တိုက်ခိုက်လိုက်သော ဝမ်ရှောင်းကို မကျေမနပ်နှင့်ဆရာ ဖြစ်သူဘက်မှနားပြီး ဝင်ရောက်တိုက်ခိုက်ကြခြင်းဖြစ်သည်။

"မင်းတို့ရပ်လိုက်ကြစမ်း"

ဝမ်ရှောင်းက ခပ်မာမာဟိန်းဟောက်လိုက်သည်။

ရုတ်တရက် အားလုံးတန့်ကနဲရပ်သွားကြသည်။

"ငါမင်းတို့လို ငယ်သားတွေ လောက်ကို မသတ်ချင်ဘူး၊ အေးအေး ဆေးဆေး နေကြ"

"ခင်ဗျားတို့ ဓားကြီးက ဘာလုပ်ဖို့ကျောက်ကုန်းမှာ လွယ်ထားတာလဲဗျ၊ မလေးဘူးလား"

သူတို့ထဲမှ လူစွာဖြစ်ဟန်တူသည့် တယောက်က လှမ်းပြော လိုက်ခြင်းဖြစ်သည်။

"အေး………ဟုတ်တယ် လေးတော့ လေးတယ်၊ ဒါပေမယ့် ခုတ်မိမှာစိုးလို့ ငါလွှယ်ထားတာ"

"ခင်ဗျား .. ဓားကော ခုတ်တတ်ရဲ့လား"

"ဟား ဟား ဟား မင်းတော်တော်ခက်တဲ့ကောင်ပဲ"

ဝမ်ရှောင်း ခေါင်းကို နောက်လှန်ပြီး ခပ်ဟက်ဟက်ကလေး ရယ်လိုက်ယင်းမှ—

"ရှမ်း"

"ဝှစ်………ဝှစ်"

"စွပ်"

ရုတ်တရက် လေလိုလျှင်မြန်လှသော လေသံတွေ ဆက်တိုက် ထွက်လာသည်။

သူ့ရှေ့မှာ ရပ်နေသော လူတယောက် တုန့်တုန့်ယင်ယင် ဖြစ်သွားသည်။

တကယ်တော့ ဝမ်ရှောင်းဓားကို ထုတ်လိုက်သည်ကိုလည်း ရိပ်ကနဲပဲ မြင်လိုက်ရသလို ဓားရောင်များလက်ကနဲ ဖြစ်သွား သည်ကိုလည်း လျှပ်ပြက်သလို မြင်လိုက်ရပြီး ဓားပြန်ထည့်လိုက် သည်မှာလည်း မယုံနိုင်စရာ၊ ကျောမှ လွယ်ထားသော ဓားအိမ် ထဲကို နောက်ပြန် တန်းတန်းမတ်မတ် ပြန်ထည့်လိုက်သည်ကိုင် ထိုသူကော ပတ်ဝန်းကျင်မှ လူများပါ တွေ့လိုက်ရသည်။

အားလုံးပါးစပ်တွေ ဟနေကြရသည်။



ဝမ်ရှောင်း ရှေ့မှလူသည် သွေးမရှိသော မျက်နှာဖြင့် မိမိ ကိုယ် မိမိလည်း သုံးသပ်ကြည့်နေသည်။

သူ့၏စိတ်ထဲတွင် ငါ့အသက်မှ ရှိသေးရဲ့လားဟု တွေးနေမိ လျှင် တွေးနေမိပေလိမ့်မည်။

"ဟင်…"

ဟိုလူ၏ ပါးစပ်မှ ထွက်လာသော အသံဖြစ်သည်။

ထိုလူ၏ အသံကြောင့် နံဘေးမှလူများ သူ့ကို ဝိုင်းအုံကာ ကြည့်လိုက်ကြသည်။

"ဟာ………"

တပြိုင်နက်ပေါ် ထွက်လာသော အံ့သြသံဖြစ်သည်။

မှန်သည်။

ထိုလူ၏ဝတ်စုံကို မြင်လိုက်ရသူများ အားလုံးမှာမအံ့သြပဲ၊ မတုန်လှုပ်ပဲ နေနိုင်သည့် လူမရှိတော့ချေ။

အဘယ်ကြောင့်ဆိုသော်—

ထိုလူဝတ်ရုံအောက်ပိုင်းသည် ဓားဖြင့်ညီညီညာညာလှီးထား သကဲ့သို့ ခန္ဓာကိုယ်၏တဝက်မှ အောက်သို့ပုံလျက် ပြတ်ကျနေ သောကြောင့်ဖြစ်ပါသည်။

"ကောင်းလိုက်တဲ့ လက်ဆပဲ ဟေ့…"

ဒီအသံက ကွက်လပ်၏ တဘက်အိမ်ကြီးဆီမှ ပေါ်လာခြင်း ဖြစ်သည်။

အသံလာရာသို့ ဝမ်ရှောင်း ဆတ်ကနဲ လှည့်ကြည့်လိုက် သည်။

လူကို မတွေ့ရသေးပါ။

"ဟိတ် ...ဘယ်သူလဲ ခုနက စကား လှမ်းပြောလိုက်တာ"

ဝမ်ရှောင်းက ခပ်တည်တည်နှင့် လက်ပိုက်ပြီး လှမ်းမေးလိုက်သည်တွင် အိမ်ကြီး၏ တံခါးပေါက်ကြီးကို ဖွင့်ထွက်လာပြီး—

"ကျုပ်ပါပဲ ...တူမောင်"

အသံဩဇာခတ် အပြည့်ပါသလို ဥပဓိရုပ် တော်တော်ပင် ကောင်းသော ပုဂ္ဂိုလ်ကြီးတယောက် တလှမ်းချင်းလှမ်း၍ ထွက်လာသည်ကို မြင်လိုက်ရသည်။

× × ×

"အင်း....ဒါဟာ ရှေ့သော့ အာမခံဌာနရဲ့ အကြီးအကဲ တယောက်ပဲ ဖြစ်မယ်"ဟု ဝမ်ရှောင်း တွေးလိုက်မိသည်။

မျက်နှာကို စိစိပါအောင် စိုက်ကြည့်လိုက်သည်။

"ဟင်.... ဒီမျက်နှာမျိုးကို ငါမြင်ဖူးပါတယ်၊ ဘယ်သူပါလိမ့်"ဟု ဦးနှောက်ခြောက်အောင် တွေးလိုက်မိသည်။

ကိုယ့်အပူ ကိုယ်ရှာခြင်းဟု ဆိုနိုင်သည်။

ထိုလူကြီးမှာ တဖြည်းဖြည်း ဝမ်ရှောင်းနားသို့ အရောက်တွင်....



"ဒီက တူမောင်ရဲ့ နာမည်က"

"ဝမ်ရှောင်းပါ ခင်ဗျား"

ဝမ်ရှောင်း ထိုပုဂ္ဂိုလ်ကြီးကို တော်တော် လေးစားသွားသည်၊ အပြောအဆို အမူအရာကအစ ယဉ်ကျေး သိမ်မွေ့လှသည်။

"ဟုတ်ပြီ ..အိမ်ထဲကို လိုက်ခဲ့ပါတူမောင်"

ဝမ်ရှောင်း လေးစားစွာ ခေါင်းညိတ်ပြယင်း နောက်မှ လိုက်သွားသည်၊ အိမ်ကြီးဆီသို့ ရောက်သည်နှင့် ဝမ်ရှောင်း ကိုယ့်မျက်စိကိုကိုယ် မယုံနိုင်အောင် ဖြစ်သွားသည်။

အဖိုးတန် ပစ္စည်းများ အိမ်ထဲမှာ ပွရှနေသည်။

သို့သော် အမှိုက်ပုံတပုံလို ပွရှ နေသည်မျိုး မဟုတ်ပါ၊ သူ့နေရာနှင့်သူ စုပုံလျက်တမျိုး၊ ချိတ်ဆွဲလျက်တသွယ်၊ ရှုပ်ယှက်ခတ်ခနေခြင်းသာ ဖြစ်ပါသည်။

"အခုတလော ပစ္စည်းတွေက သိပ်များလာတယ်၊ အာမခံလုပ်ငန်းအနေနဲ့ကော၊ အပေါင်ပစ္စည်း လက်ခံတာကောဟာ တော်တော်ကို များလာတာနဲ့ ပစ္စည်းတွေကို သိုလှောင်ရေး အခန်းထဲမှာ မဆံ့တော့တာနဲ့ ခုလိုအိမ်ထဲမှာထား ထားရတော့တာပဲ"

ရှေ့မှ သွားနေသော ပုဂ္ဂိုလ်ကြီးက လှည့်မကြည့်ပဲ ပြောသည်။

ဝမ်ရှောင်း ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

အခန်းအလယ်သို့ ရောက်သောအခါ-

"ထိုင်ပါ တူမောင်"

သားနားသပ်ရပ်သော ခုံများကို လက်ဖြင့် ညွှန်ပြလိုက်ယင်း ပြောလိုက်သည်။

ဝမ်ရှောင်း ခေါင်းတချက် ညိတ်ယင်း ဝင်ထိုင်လိုက်သည်။

× × ×

"ခုလို တူမောင်လိုက်လာတာကို ကျေးဇူး တင်ပါတယ်"

"ဟုတ်ကဲ့ ခုလို ဖွယ်ယ်ဖွယ် ရာရာနဲ့ ကြိုဆို တာကိုလည်း ကျေးဇူးတင်ပါတယ်"

ဝမ်ရှောင်း၏ စကားကြောင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ပုဂ္ဂိုလ်ကြီး ပါးစပ်ဟသွားသည်။

မျက်ခုံး နှစ်ဖက်စလုံး နဖူးပေါ်သို့ ခုန်တက်သွားသည်။

မျက်မှောင် ကြုတ်လိုက်ခြင်း ဖြစ်၏။

"ဟုတ်တယ် ဒါကိုတော့ တောင်းပန်ပါတယ်"

တဆက်တည်းပင်-

"ကျုပ်နာမည်က....ရီချန်းလုံပါ၊ ဒီရွှေသော့ အာမခံအဖွဲ့ရဲ့ အကြီးအကဲ တယောက်ပဲ"

"အို—"



ဝမ်ရှောင်း သိပ်ပြီး အံ့သြသွားသည်။

ဒါကြောင့် သူသည် မျက်နှာပုံမျိုးကို မြင်ဖူးသည်ဟု အောက်မေ့ ထင်မှတ်မိနေမှန်း သူသိလိုက်သည်။

"သူတို့ကို ကျုပ်ခေါင်းခိုင်းတာဟာ ကိစ္စတခုရှိလို့ပါ"

ရီချန်းလုံက ဆက်ပြောသည်။

"ဘာကိစ္စလဲဆိုတာကို ကျွန်တော်သိပါရစေ"

"ဟုတ်တယ်၊ တူမောင်သိဖို့လိုအပ်ပါတယ်၊ သိလဲသိရမယ့် ကိစ္စပါပဲ၊ ပြီးခဲ့တဲ့ရက်အနည်းငယ်တုန်းက တူမောင်နဲ့ ကျုပ်ရဲ့ သမီး ရီမေ့ကိုယ်ရံတော်နှစ်ယောက်တို့ မထင်မှတ်ပဲ ရန်ပွဲဖြစ်ခဲ့တယ်လို့ သိရပါတယ်"

"ဟုတ်ပါတယ်"

"ဒီကိစ္စကို သမီးပြောပြလို့ တူမောင်ဘက်က မလွန်ဘူးဆိုတာ သိခဲ့ပြီးပါပြီ၊ ဒါပေမယ့်"

ဝမ်ရှောင်း နားစွင့်နေမိသည်။

ဒါပေမယ့်ဟူသော စကားသည် နောက်ပိုင်း ဆက်ရန်ရှိသေးကြောင်း စကားဆက်တခုပင် မဟုတ်ပါလော။

"ဒါပေမယ့် တူမောင့်အနေနဲ့ ကျုပ်ကို ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်လူတွေကို အနိုင်ယူလိုက်တဲ့အတွက် တစုံ တခုတော့ ပြန်ပြီး တုံ့ပြန်ရလိမ့်မယ်"

"ဗျာ"

ဝမ်ရှောင်း နားမရှင်းပါ။

"ကျွန်တော် နားရှုပ်သွားတယ်"

"ဟုတ်ပြီ၊ ရှင်းအောင်ပြောမယ်၊ တူမောင်အနေနဲ့-

စကားမဆုံးမီမှာပင် သူတို့စကားပြောနေသော အခန်းထဲသို့ တစုံတယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် စကား အဆုံးမသတ်သေးပဲ တဝက်တွင် ရပ်သွားရသည်။

ဝမ်ရှောင်း ဝင်လာသူကို လှမ်းကြည့်လိုက်သည်။

"အို...."



မထင်မှတ်သော စကားတရပ်

ဝမ်ရှောင်း ရင်တွေတဒုန်းဒုန်း ခုန်သွားရသည်။

ရီမေ ဖြစ်သည်။

ခပ်ရွှရွှ လှမ်းလာလော ရီမေကို မြင်လိုက်သည်နှင့်-

"ဩြော်........သမီးပါလား....အတော်ပဲ လာလာ"

ရီချန်းသုံက သမီးဖြစ်သူကို လှမ်းပြီး ဖိတ်ခေါ် လိုက်သည်။

ရီမေသည် သူ့ဖခင်နှင့် တခုံခြားသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်၊ ပြီးနောက်-

"ခုလို ကျွန်မတို့ဂေဟာကို ရောက်ရှိလာတဲ့အတွက် ကျွန်မတို့အနေနဲ့ ဂုဏ်ယူစွာ ကြိုဆိုပါတယ်"

ရီမေက ဝမ်ရှောင်းကို ခေါင်းကလေးငုံ့လိုက်ပြီး နှုတ်ခွန်း ဆက်စကား ပြောလိုက်သည်။

“အဟဲ....ဟုတ်ကဲ့ ကျွန်တော်လဲ ကျေးဇူးတင်ပါတယ်”

ဘာကိုမှန်း မသိပါ၊ ပါးစပ်ထဲတွေ့ရာ စကားတလုံးကိုသာ ကမန်းကတန်းကြီး ပြောလိုက်မိသည်။

“ကျွန်တော် တည်းခိုနေတဲ့ ရွှေစည်းစိမ်စားသောက်ဆိုင်ကို ရီမေ မကြာခဏလာတာ တွေ့ပါတယ်၊ ဘယ်သူနဲ့များ သိရှိ ရင်းနှီးလို့ပါလဲ”

ဝမ်ရှောင်းက စကားစရှာပြီး မေးလိုက်သည်။

ရီမေ မျက်နှာတချက် ပျက်သွားသည်။

ဒါကို ဝမ်ရှောင်း တွေ့လိုက်မိသည်။

“ဒါကို ကျွန်မမဖြေနိုင်ပါဘူး၊ ဒီကိစ္စဟာ လုပ်ငန်းကိစ္စတခုနဲ့ ပတ်သက်နေတဲ့အတွက် လျှို့ဝှက်ရမယ့် ကိစ္စတခုပါ”

ရီမေက မျက်နှာကို ပြုံးလျက်ပြောသည်။

“ဟုတ်ကဲ့ခင်ဗျား၊ ကျွန်တော် တောင်းပန်ပါတယ်၊ ခုလို ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတခုကို မေးမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ”

ဝမ်ရှောင်းက ပျာပျာသလဲ တောင်းပန်လိုက်သည်။

“ကဲ.... တို့ကိစ္စကို ဆက်ရအောင်”

ရီမေ၏မျက်နှာကို ကြည့်နေသော ဝမ်ရှောင်းမှာ ရီချန်းလုံ ၏ စကားသံကြောင့် သူ့ဘက်ကို ဆတ်ကနဲ လှည့်ကြည့် လိုက်မိသည်။



“စောစောက စကားပြောနေယင်း သမီးဝင်လာတာနဲ့ ပြတ်သွားတယ်”

“ဟုတ်ကဲ့”

“တူမောင်ဟာ ကျုပ်တို့ရဲ့ သိုင်းအဖွဲ့က ပထမဆင့် လုံခြုံရေးမှူးတွေကို လူတွေ သူတွေရှေ့မှာ နိုင်အောင် တိုက် ခိုက်ခဲ့တယ် မဟုတ်လား”

“ဟုတ်ပါတယ်”

“ဒီကိစ္စအတွက် တူမောင်မှာ အပြစ်မရှိတာကိုလဲ သိပါ တယ်”

“ဟုတ်ကဲ့”

“ဒါပေမယ့်.... ကျုပ်လူတွေကို နိုင်အောင် တိုက်ခိုက် လိုက်တဲ့အတွက် အခြေအနေက တမျိုးဖြစ်သွားတာကိုတော့ မင်းသိမှာ မဟုတ်ဘူး”

ရီချန်းလုံ၏ နောက်စကားသည် ဝမ်ရှောင်းကို စဉ်းစားစရာ ရင်ခုန်စရာ ဖြစ်သွားရသည်။

“ဆရာဟာ အဲဒီလူတွေကို နိုင်လိုက်တဲ့အတွက် အန္တရာယ် တွေ ရှိလာနိုင်တယ်” ဟူသော ဝါးလုံးရှည်၏ စကားသံကို ပြန်လည်၍ ကြားယောင်မိသည်။

သို့သော် ဝမ်ရှောင်း၊ မိမိကိုယ်ကို မိမိယုံကြည်သည်။ သူ့မှာ အပြစ်မရှိပဲ ဘာမှ သူတို့မစော်ကားနိုင်ဟု ယုံ ကြည်ထားခြင်းသည် သူ၏ အင်အားတရပ်ပင် ဖြစ်သည်။

"ဟုတ်ပါတယ် ဒီအကြောင်းတွေကို ကျွန်တော် မသိပါဘူး"

ဝမ်ရှောင်းက ဝန်ခံလိုက်သည်။

"ဒီအတွက် မင်းကို တို့အနေနဲ့ တပတ်လောက်တော့ ဖမ်းဆီး ချုပ်နှောင် ထားရလိမ့်မယ်၊ ဒီအတွက် တူတော် မောင်ကို ခေါ်တာပဲ"

"ခင်ဗျာ"

"ဟုတ်ပါတယ်၊ ရှင့်ကို ကျွန်မတို့ ရွှေသော့အာမခံ အဖွဲ့ကနေပြီး တပတ်တိတိ ချုပ်နှောင်ထားပါရစေ"

ရီမေက ဝင်ရောက်ပြောဆိုလိုက်သည်။

ဝမ်ရှောင်း စဉ်းစားလို့မရပါ။

သူ့ကိုဘာဖြစ်လို့ ဖမ်းချင်ကြသည်ကို သူ သိလိုနေပါသည်၊ တဖန် သူ့အားဖမ်းဆီးကြမည့် သူများမှာ သူ့ကိုဖမ်းဆီးမည့် ကိစ္စကို မိုက်ရိုင်းကြမ်းတမ်းစွာ ပြောဆိုခြင်းမရှိပဲ သူ့ကို ညို့သည်တယောက်ကဲ့သို့ ချေငံစွာ ဆက်ဆံ ပြောဆိုနေကြခြင်းကိုလည်း အံ့ဩနေမိသည်။

"ကဲ...ဒီအကြောင်းကို သေသေချာချာ တို့ပြောကြရအောင် တမင်းစားခန်းကို သွားရအောင် တူမောင်"

ရီချန်းလုံ၏ စကားဆုံးသည်နှင့် သူတို့အားလုံး ထမင်းစားခန်းဆီသို့ ထွက်လာခဲ့ကြသည်။

× × ×



"ကျွန်မတို့ ပြောတဲ့စကားကို သိပ်အံ့ဩနေမယ်လို့ ထင်ပါတယ်"

ရီမေက ဝမ်ရှောင်းကို စေ့စေ့ကြည့်ယင်း ပြောသည်။

"ဟုတ်တယ် ကျွန်တော်သိပ်အံ့ဩနေတယ်"

"မအံ့ဩပါနဲ့ ဒီအကြောင်းကို ရှင်းပြပါမယ်"

ရီမေ၏ဖခင် ရွှေသော့ခေါင်းဆောင် ရီချန်းလုံက ပြောလိုက်ခြင်းဖြစ်သည်။

"ကဲ.... စားလိုက်ပါဦး"

စုံလင်လှသော ဟင်းပွဲများ အကောင်းစား အရက်အိုးများဖြင့် စားသောက်ပွဲကြီးကို ကြည့်ယင်း ဝမ်ရှောင်း စားချင်စိတ်မရှိပါ။

"အကောင်းစား ပန်းဝတ်မှုန် အရက်ပါ သောက်ပါ တူမောင်"

"ကျွန်တော် လုံးဝ မသောက်တတ်ပါဘူး"

"အို.... "

သားအဖနှစ်ယောက်စလုံး မျက်လုံးများ ပြူးသွားကြသည်။ မှန်သည်၊ သည်လောကတွင် အရက်မသောက်တတ်ပါဟု ဆိုသော ယောကျ်ားပျိုတယောက်ကို အံ့ဩပဲ မည်သူမျှ ရှိကြမည် မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော်-

သိုင်းလောကသားများ အားလုံးလိုလို အရက်ကို ရေလို သောက်ကြသူများက ပေါများလှပြီး တချို့သော မိန်းမပျိုများပင် အရက်ကိုနှစ်သက်စွာ သောက်စားခြင်း ပြုကြသည်။

ထို့ကြောင့် အရက်ကို လုံးဝမသောက်တတ်ပါဟု ဆိုသော ဝမ်ရှောင်းကို 'ရီ' သားအဖနှစ်ယောက်စလုံး အံ့သြစွာ ကြည့်လိုက်ကြခြင်း ဖြစ်သည်။

"စားသောက်ဖို့ကို ကျွန်တော်သိပ်ပြီး စိတ်မဝင်စားပါဘူး၊ ကျွန်တော့်ကို ဘာလို့ ဖမ်းဆီးချင်တယ်ဆိုတာကို သိပါရစေ"

ဝမ်ရှောင်းက စိတ်လောကြီးစွာ မေးလိုက်ရာ–

"ကဲပါ....အရက် မသောက်ယင်လဲ ရင်အေး သွားအောင် အချိုရည်တခွက်လောက်တော့ သုံးဆောင်ပါရှင်"

ရီမေက ရွှေရောင်ကရားအိုးထဲမှ စပျစ်ရည်အချိုကို ငွေခွက်တခွက်ထဲသို့ ငှဲ့ထည့်ပေးယင်း ပြောလိုက်သည်။

သည်စကားကိုတော့ ဝမ်ရှောင်း နည်းနည်း အောင့်သွားသည်။

မျက်နှာကို ပြုံးနိုင်သမျှပြုံးလိုက်ပြီး–

"ကျွန်တော့်မှာ ရင်ပူစရာအကြောင်း လုံးဝမရှိပါဘူး"

ခပ်သွက်သွက် ပြောလိုက်သဖြင့်–

"အို ...ရှင်က အထင်လွဲသွားတာကိုး၊ ကျွန်မပြောတာက စောစောက တိုက်ပွဲမှာ ရှင် ပင်ပန်းသွားတဲ့ အတွက် မောပန်းမှု ပြေပါစေတော့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြောတာပါ"

ရီမေက အပြေစကားကို ခပ်မှန်မှန်ပင် ပြန်ပြောသည်။

"ကောင်းပြီလေ.... သူမသောက်ချင်လဲ မတိုက်ပါနဲ့တော့၊ လုပ်ငန်းကိစ္စကို ပြောကြရအောင်"



ကြားမှ ဝင်ပြောလိုက်သော ရီချန်းလုံ၏ စကားကြောင့် သူတို့နှစ်ယောက် စကားစ ပြတ်သွားရသည်။

ဝမ်ရှောင်း မျက်နှာနှင့် ကိုယ်ကို ရီချန်းလုံတို့ဘက်သို့ ဦးစားပေးလှည့်လိုက်သည်။

"စောစောက ကျုပ် အပေါ်ကနေ ကြည့်နေခဲ့ပါတယ်"

"ဟုတ်ကဲ့"

"ကျွန်မလဲ........ အနောက်ဘက် ဆောင်ကနေ ကြည့်နေပါတယ်"

"ဩော်"

စောစောက သူခြံထဲကို ဝင်လာကာစတွင် ဤရွှေသော့၏ ယတိယခေါင်းဆောင် ဆိုသူနှင့် တိုက်ခိုက်ခဲ့သည့်ကိစ္စကို သူတို့ သားအဖ နှစ်ယောက် ပြောနေမှန်း ဝမ်ရှောင်း သိလိုက်သည်။

"ဒါဒပမယ့်...... ဒီကိစ္စကလဲ..."

"ဟုတ်ပါတယ်၊ ရှင်မလွန်ပါဘူး"

ဝမ်ရှောင်း စကားမဆုံးမီ ရီမေက ဖြတ်ပြော လိုက်သည်။

"ဟုတ်ပြီ... ဒါဆိုယင် ခင်ဗျားတို့ သားအဖက ကျုပ်ကို ဘာကိစ္စနဲ့ချုပ်နှောင်ဖို့ ကြံစည်နေကြတာလဲ"

ဝမ်ရှောင်း၏ အသံက အနည်းငယ် ကျယ်လောင်သွားသည်။

ရီမေ၏ မျက်နှာမှာ ကွက်ကနဲ ပျက်သွား သော်လည်း ရီချန်းလုံ၏ မျက်နှာမှာမူ ပြုံးစိစိဖြင့် ဝမ်ရှောင်းကို ကြည့်နေလိုက်သည်။

"ဒီမှာ ငါ့တူ ကျုပ်ရှင်းပြပါ့မယ်"

"မလိုဘူး ... ကျွန်တော် ပြန်မယ်၊ ခင်ဗျားတို့ဟာ ကျုပ်ကို ဦးနှောက်ဆေးခြောက်ပြီး ရူးချင်လာအောင် လုပ်နေတာပဲ"

"ဘာလို့ ရူးရမှာလဲ"

ရီမေက ခပ်စွာစွာလေး ဝင်ပြောသည်။

"ကျုပ်မှာ အပြစ်မရှိဘူးလဲ ပြောတယ်၊ ခင်ဗျားတို့ သားအဖဟာ ပျူပျူငှာငှာနဲ့ မိတ်ဆွေလိုလဲ ဆက်ဆံတယ်၊ နောက်တခါ ရန်သူလို ဖမ်းဆီးချင်ပြန်တယ်၊ ဆိုတာက ဘာသဘောလဲ ..."

ဝမ်ရှောင်းက သူ မကျေနပ်သည်တို့ကို ပြောလိုက်သည်။

"ဒီကိစ္စကို ကျုပ်ရှင်းပြပါမယ်လို့ ပြောပြီးပြီ မဟုတ်လား"

ရီချန်းလုံက ပြောလိုက်သည်။

"ကျွန်တော် ဘာမှ နားမထောင်ချင်တော့ပါဘူး၊ ဆက်ပြီး နားထောင်နေယင် ဆက်ပြီးရူးချင်သွားလိမ့်မယ်၊ ကဲ....ကျွန်တော် ပြန်မယ်"

ဝမ်ရှောင်း ထိုင်ရာမှ ဆတ်ကနဲ ထလိုက်သည်။

"ကျုပ် တောင်းပန်ပါတယ်၊ ခုပြောမယ့်ကိစ္စဟာ ကျုပ်တို့ရဲ့ ရှေးသော့ အာမခံအဖွဲ့ကြီးတခုလုံး၊ သိက္ခာကျသွားရေး၊ မသွားရေးနဲ့ ပတ်သက်နေတဲ့ ကိစ္စတခုမို့ ဒီလောက်တောင် တောင်းတောင်းပန်ပန်နဲ့ ပြောနေတာပါ"

ရီချန်းလုံက အေးဆေးစွာ ပြောလိုက်သည်။



ထွက်သွားရန် ပြင်နေသော ဝမ်ရှောင်း တွေကနဲ ဖြစ်သွားသည်။

"ဒီ ရှေးသော့အာမခံအဖွဲ့ကြီးရဲ့ သိက္ခာကျဆင်းမှု၊ တိုးတက်မှု အပိုင်းနဲ့ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

ဝမ်ရှောင်းက ဘာမှ နားမလည်သည့် ဟန်ဖြင့် မေးလိုက်သည်။

"အဲဒါကြောင့် ကျုပ် ရှင်းပြပါ့မယ်လို့ ပြောတာပေါ့"

ရီချန်းလုံက ပြောလိုက်သည်။

"ပြန်ပြီး ခဏလောက် ထိုင်ပါအုံးလားရှင်"

ရီမေက အေးဆေးသော လေသံလေးဖြင့် ပြောလိုက်သည်။

သူ့အသံက တောင်းပန်သံမျိုးဖြစ်ပြီး အမိန့်ပေးသံမျိုး လုံးဝ မဟုတ်ပါ။

ထို့ကြောင့် ဝမ်ရှောင်း မတ်တတ်ရပ်နေရာမှ စောစောက နေရာတွင် ပြန်ပြီး ထိုင်ချလိုက်သည်။

ပြီးတော့ .. စားပွဲပေါ်တွင် ရှိနေသော စပျစ်ရေချိုခွက်ကို ဆတ်ကနဲ ကောက်ယူပြီး တဟုန်ထိုး မော့ချပစ်လိုက်သည်။

"နောက်ထပ် အလိုရှိယင် သုံးဆောင်ပါရှင်"

ရီမေ၏ လောကွတ်သံကလေးက ပထမ သောက်လိုက်သော စပျစ်ရေချိုထက် ပိုပြီး ရင်ကို အေးစေသည်၊ ချိုစေသည်။

ရယ်ပြုံးနေသော မျက်နှာသည် အမောကို ပြေစေပြီး၊ ဝမ်ရှောင်း၏ ရင်ထဲမှ ဒေါသတို့ကို ပြေသွားစေသည်။

"ဟင်း...."

သက်ပြင်းတချက်ကို ချိတ်ပြီး ချလိုက်ယင်း—

"ကဲ...လိုရင်းကိုသာ မြန်မြန်ပြောပါ"

ရီချန်းလုံထံကို မျက်လုံးဝေ့ကြည့်ယင်း ပြောလိုက်သည်။

"အဟမ်း...."

ရီချန်းလုံ ချောင်းတချက်ဟန့်လိုက်ပြီး—

သည်စကားကို ပြောသာ ပြောရသည် သူ့အတွက် စန်လေး နေဟန်ရှိသည်။ သို့သော်လည်း မပြော၍ ကလည်း မဖြစ် သည်မို့ -

"သည်မှာ တူမောင်၊ ကျုပ်တို့ရဲ့ အာမခံ အဖွဲ့ကြီးဟာ သူများတကာရဲ့ ယုံကြည်မှု အားကိုးမှုတွေနဲ့လုပ်နေရတဲ့လုပ်ငန်း၊ တခုဆိုတာကိုတော့ တူမောင် သဘောပေါက်ပါလိမ့်မယ်"

ဝမ်ရှောင်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပြီ၊ ဒါကို သဘောပေါက်တယ်ဆိုယင် ခု ကျုပ်ပြော မယ့်ကိစ္စတွေကို တူမောင် နားလည်လက်ခံမှာပါ"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ကျုပ်တို့ရဲ့ အဖွဲ့အစည်းကို လူများများက ယုံကြည် အား ကိုးမှ ကျုပ်တို့ဆီမှာ ပစ္စည်းတွေ လာအပ်မယ်၊ အာမခံထားမယ်၊ တကယ်လို့ ကျုပ်တို့အဖွဲ့ကို အထင်သေး အမြင်သေးသွားယင် ကျုပ်တို့ကိုလဲ အားကိုးယုံကြည်မှု နည်းသွားပြီး၊ ဘယ်သူကမှ ပစ္စည်းတွေ အပ်နှံတော့မှာ မဟုတ်ဘူး"

ရီချန်းလုံက သူ့စကားကို ခေတ္တရပ်လိုက်ပြီး စားပွဲပေါ်မှ အရက်အိုးကို ကောက်ယူ မော့သောက်လိုက်သည်။



ပြီးနောက် စားပွဲပေါ်ရှိ ပန်းကန်တချပ်ထဲမှ အသားဖတ် တဖတ်ကို ကောက်ယူဝါးစားလိုက်ပြီး စကားကို ဆက်သည်။

"ခု လောလောဆယ်မှာ ကျုပ်တို့အနေနဲ့ ရွှေသော့အာမခံ အဖွဲ့ဟာ တော်တော်ကို သိက္ခာကျသွားပါတယ်"

"ဗျာ...ဘာဖြစ်လို့ သိက္ခာကျရတာလဲ"

"တူမောင့်ကြောင့်ပဲ ဆိုပါတော့"

"ကျွန်တော့်ကြောင့်"

"ဟုတ်တယ်၊ ရှင့်ကြောင့်ပါပဲ"

ရီမေကပါ ဝင်ရောက်ပြောဆိုလိုက်သည်။

ဝမ်ရှောင်းမှာ ဘာမှ နားမလည်နိုင်ပါ၊ ထို့ကြောင့် "ရီ" သားအဖကို မျက်လုံးပြူးပြီး ကြည့်နေလိုက်သည်။

"ဟုတ်ပါတယ်၊ တူမောင့်ကြောင့် ဆိုတော့ ရုတ်တရက် တူမောင့်အနေနဲ့ သဘောပေါက်မှာ မဟုတ်ပါဘူး၊ အဲဒါဟာ တူမောင့် အနေနဲ့ ကျုပ်တို့ရဲ့ ပထမဆင့်ရှိတဲ့ သိုင်းသမား နှစ်ယောက်ကို လူသိပ်စည်ကားတဲ့ ရွှေစည်းစိမ်လို နေရာမျိုးမှာ ပြတ်ပြတ်သားသားနိုင်အောင်တိုက်လိုက်တဲ့အတွက် လူတော်တော် များများက ကျုပ်တို့ရဲ့ ရွှေသော့အာမခံအဖွဲ့ကြီးကို အထင်သေး သွားကြတယ်"

"ဩော်..."

ခုမှ ဝမ်ရှောင်း သဘောပေါက်မိသွားသည်။

"ဒါကြောင့် တူမောင်ကို တောင်းပန်ချင်တာက ရွှေသော့ အဖွဲ့ကြီးကို ခုလို စော်ကားတဲ့ လူတယောက်နဲ့ ပတ်သက်ပြီး

ရွှေသော့အဖွဲ့က ပြန်ပြီး ထိထိရောက်ရောက် အရေးမယူနိုင်ဘူးဆိုယင် လူတွေက သူတို့ပစ္စည်းတွေကို စောင့်ရှောက်နေတဲ့ သိုင်းသမားတွေဟာ လူတယောက်ကိုတောင် သုံးလေးယောက်နဲ့ နိုင်အောင် မတိုက်နိုင်ဘူးဆိုယင် တို့ပစ္စည်းတွေလဲ စိတ်ချရမှာ မဟုတ်ဘူးဆိုပြီး အားလုံး ပြန်ယူကုန်ကြလျှင် ကျုပ်တို့ လုပ်ငန်း တခုလုံး ပျက်စီးတော့မှာပဲ"

ဝမ်ရှောင်းမှာ ရိုးသားတည်ကြည်သူဖြစ်သည့်အားလျော်စွာ သူ့ကြောင့် ဤကဲ့သို့ ဖြစ်သွားရသည်ကို စိတ်မကောင်းဖြစ်သွားရသည်။

တဖန်....ရီမေ၏ မျက်နှာကို လှမ်းကြည့်လိုက်မိတော့ သူမ၏ မျက်နှာတွင် သူ့ထံမှ ထွက်လာမည့်အဖြေကို ငံ့လင့်နေသည့် ပုံမျိုး ရှိနေသည်။

ဝမ်ရှောင်း ခပ်ဝေးဝေးကို လှမ်းကြည့်ယင်း တွေးနေမိသည်။

ပြတင်းပေါက်မှ တဆင့် ခြံဝန်းထဲမှ ဥယျာဉ်တွင်းကို ကြည့်ယင်း စိတ်ထဲမှ တစုံတခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့်—

"ကောင်းပြီလေ....ကျွန်တော့်အတွက်နဲ့ ခုလို ဖြစ်ရတယ်ဆိုတာ စိတ်မကောင်းပါဘူး၊ ဒီတော့ ကျွန်တော် ဘာပြန်ပြီး ကူညီရမလဲ"

သားအဖနှစ်ယောက်စလုံး၏မျက်နှာများမှာ ဝမ်းသာအားရ ဝင်းထိန်သွားပြီး—



"အို....သိပ်စိတ်ကောင်းရှိတဲ့သူတယောက်ပါပဲ၊ ကျုပ်ချီးကျူးပါတယ်၊ ခုလို လုပ်ရတာကလဲ နို့မို့ဆိုယင် မလုပ်ဖြစ်ပါဘူး၊ ဒီ ရွှေသော့အဖွဲ့ကြီးတဖွဲ့လုံး သိက္ခာကျမယ့်ကိစ္စကြောင့် ခုလို လုပ်ရတာပါ"

ရီချန်းလုံက ဝမ်းသာအားရ ပြောလိုက်သည်။

"ဟုတ်ကဲ့... ကျွန်မကလဲ ခုလို စိတ်ထားမှန်မြတ်ပြီး တပါးသူ့ရဲ့ အကျိုးကျေးဇူးကို ကူညီတတ်တဲ့ အစ်ကိုလို လူကို သိကျွမ်းရတာ ဂုဏ်ယူပါတယ်ရှင်"

"အလို ...အစ်ကိုဆိုပါ့လား...."

ရီမေ့ဆီမှ ပထမဆုံး ထွက်ပေါ်လာသော ပြောင်းလဲမှု ဆက်ဆံရေး အခေါ်အဝေါ်ကြောင့် ဝမ်ရှောင်း ပျော်သွားမိသည်။

"ကောင်းပြီ၊ ကျွန်တော် ဘာလုပ်ရမလဲ"

ဝမ်ရှောင်းက တက်ကြွစွာပင် မေးလိုက်သည်။

"တူမောင့်ကို ရွှေသော့အဖွဲ့ရဲ့ ထုံးစံအတိုင်း ဟောဒီဂေဟာရဲ့ တံခါးဝမှာ သံကြိုးနဲ့ပတ်ထားပြီး တိုင်ငုတ်တခုမှာ သော့ကြီး တလုံးနဲ့ ခတ်ထားရမှာပါ"

"ဘယ်နှစ်ရက်လဲ ခင်ဗျ"

နောက်ထပ် ထပ်မေးလိုက်သော ဝမ်ရှောင်း၏ မေးခွန်းကြောင့် ရီချန်းလုံမှာ ဖြေဆိုရန် ဝန်လေးသွားပုံရပါသည်။

မျက်နှာတွင် အားနာသည့် အရိပ်လက္ခဏာများ ပေါ်နေသည်။

"သမီးပဲ ပြောလိုက်ပါကွယ်"

သမီးဖြစ်သူကို ပြေကြားခိုင်းလိုက်သည်။

ရီမေမှာ ဖခင်ဖြစ်သူ၏ စကားကြောင့် မျက်နှာတချက် ညိုငယ်သွားပြီး ဘာပြေရမှန်း မသိအောင် ဖြစ်နေရသည်။

မထူးတော့ပြီဖြစ်သော ဝမ်ရှောင်းက—

"ကဲ ... ဘာမှ အားနာမနေပါနဲ့တော့ဗျာ၊ ဒီစကားလေးကျမှ အချိန် အလကားကုန်နေတယ်၊ဘာလဲ တလလား နှစ်လလား"

"အို ...မဟုတ်ပါဘူးရှင်၊ဒီလောက်တောင်လဲ မကြာပါဘူး"

ရီမေက ဝမ်ရှောင်း၏စကားကြောင့် ကပျာကယာဝင်ရောက် ပြေဆိုလိုက်သည်။

"ဒါဖြင့် ဘယ်လောက်လဲ"

"တပတ်ထဲပါ....သီတင်းတပတ်တည်းပါ"

ဝမ်ရှောင်း မဲ့ပြုံး တချက်ပြုံးပြီး ခေါင်းညိတ်လိုက်သည်၊



ရွှေသော့၏ တရားခံတဦး

နေသည် မွန်းတည့်ချိန်မို့ ပူပြင်းလှသည်။

နေပူထဲတွင် လူတွေ အုံနေသည်။

နေရာက ရွှေသော့ဂေဟာကြီး၏ အရှေ့ဘက် ဝင်းတံခါးပေါက်ကြီး ရှေ့တွင် ဖြစ်သည်။

အများ သိသာရန် ...

ဤတရားခံသည် ကျွန်ုပ်တို့၏ ရွှေသော့အာမခံ လုပ်ငန်းမှ တာဝန်ရှိသူများအား မချေမငံ ဆက်ဆံရုံမက ဤရွှေသော့အာမခံအဖွဲ့မှ ပုဂ္ဂိုလ်များက အလျော့ပေးသည်ကို အခွင့်အရေးယူပြီး တိုက်ခိုက်မိခဲ့သဖြင့် ယခုအခါ ရွှေသော့အဖွဲ့မှ ၎င်းအား လက်ရဖမ်းဆီးပြီး သူကိုယ်တိုင် တောင်းပန်မှုကြောင့် ၎င်းအား နောက်နောင် ဤကဲ့သို့ မစော်ကားရဲအောင် ပညာပေး ဆုံးမ ချုပ်နှောင် ထားခြင်း ဖြစ်သည်။

ထို့ကြောင့် နောက်နောင်တွင် ဤလူကဲ့သို့ ကျွန်ုပ်တို့ ရွှေသော့ အာမခံအဖွဲ့အား မထီမဲ့မြင် ပြုလုပ်သူများ ပေါ်ပေါက်လာပါက သည့်ထက် ဆိုးရွားသော အပြစ်ဒဏ်မျိုးကို ခံရမည်ဖြစ်ကြောင်း ကြိုတင် သတိပေးလိုက်သည်။

ပုံ..........

ရီချန်းလုံ

အထက်ပါစာတန်းနီကြီးကို အပေါ်ဘက်တွင် ချိတ်ဆွဲလျက် ရွှေသော့အာမခံဝင်း ရှေ့ဘက်တွင်ရှိသော ကျောက် တိုင်နှင့် ကပ်လျက် သံကြိုးများဖြင့် ချည်နှောင်ဖမ်းဆီးထားသော တရားခံ တယောက်ကို လူတွေ ဝိုင်းအုံကြည့်နေကြခြင်း ဖြစ်သည်



အပေါ်မှ စာတန်းကြီးကို တလှည့် တရားခံဟူသော လူကို တလှည့် စေ့စေ့စပ်စပ် ကြည့်နေသူများ၏ နှုတ်မှ–

“ဒီလူ့ရဲ့ပုံက လူဆိုးပုံလဲ မပေါက်ပါဘူး”

“သူ့မျက်နှာက အဖမ်းခံ ထားရပေမယ့် ခပ်ပြုံးပြုံးပါလား ...”

“ဒီလူဟာ ရွှေသော့အဖွဲ့ကိုတောင် အာခံရဲတယ်ဆိုတော့ တော်တော်သတ္တိရှိပုံရတယ်”

“ဒီလူဟာ ရွှေစည်းစိမ် စားသောက်ဆိုင်မှာတုန်းက ဒီက အဆင့်မြင့် သိုင်းသမားကြီးနှစ်ယောက်ကို သိုင်းကွက် သုံးလေးကွက်တည်းနဲ့ အနိုင်ရတဲ့လူပဲ၊ ဒါပေမယ့် ခုတော့ ရီချန်းလုံရဲ့ ဖမ်းဆီးခြင်းကိုတော့ ခံရတာပါပဲ”

အစရှိသဖြင့် တယောက်တပေါက် ဝေဖန်မှုတွေက တီးတိုးတီးတိုးနှင့် လူတွေ စည်ကားနေသည်။

ဝမ်ရှောင်းကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။

သို့သော် မျက်နှာတော့ နည်းနည်းပူရသည်။

နောက်ပိုင်း အနေနည်းနည်း ကြာလာသော အခါတွင်မူ သိပ်မတုန်လှုပ်တော့ပါ၊ သူ့စိတ်ထဲတွင် သူ့ကြောင့် နာမည်ပျက်ရမည့် ရွှေသော့ အဖွဲ့ကြီး၏ ဂုဏ်သိက္ခာကို ဆည်ပေးခြင်းပင် ဖြစ်သည်ဟု ရိုးသားစွာပင် ဂုဏ်ယူနေမိသည်။

သူ့စိတ်ထဲတွင် တပတ်ဟူသော ရက်ကို မြန်မြန်ပြည့်ပါစေဟု ဆုတောင်းနေမိသည်။

"ဟာ... ငါနှယ် သတိမမူနေလိုက်တာ သူတို့ကို အရေးကြီးတဲ့ စကားတခွန်း ပြောဖို့မေ့နေခဲ့တယ်၊ ဒုက္ခပဲ ငါဘယ်လိုလုပ်ရပါမလဲ"

ရုတ်တရက် ဝမ်ရှောင်း သတိရလိုက်သော ကိစ္စတရပ်မှာ ဤရှေ့သော အာမခံအသုံးကြီးနှင့် လွန်စွာ ပတ်သက်နေပေသည်။

အမှန်မှာ-

သူ့ကို လာဆောက် ခေါ်ဆောင်စဉ် ကာလကပင် ထိုစကားကို ပြောချင်သဖြင့် လိုက်လာခြင်း ဖြစ်သော်လည်း ရီမေတို့သားအဖနှင့် စကားပြောစဉ် ထိုအရေးကြီးသော ဇာချက်ကို သတိမေ့နေခဲ့ခြင်း ဖြစ်သည်။

"ဘောက်... တကယ့် အရေးကြီးတာကိုမှ မေ့ရတယ်ကွာ"

တယောက်တည်း မကျေမနပ် ဖြစ်နေမိသည်။

အနီးအနားတွင် ရှေ့သော့နှင့် ပတ်သက်သောသူ တယောက်များ ထွက်လာမလားဟု ရှာဖွေ ကြည့်မိသေးသည်၊

သို့သော် မတွေ့ရပါ။

သူ့ကို ရေတိုက်ချိန်၊ ထမင်းကျွေးချိန်မှ လွဲ၍ မည်သူမှ သူ့အနားသို့ လာခြင်းမရှိပါ။

"အင်း... ငါ့ကို မနက်စာလဲ ကျွေးပြီးပြီ၊ ရေလဲ လာတိုက်ပြီးပြီ ဒီတော့ ညနေမှ ငါပြောရတော့မှာပဲ၊ အင်း အချိန်တွေလွန်ကုန်ယင် ဒုက္ခပဲ၊ ရီမေမှသိရဲ့လား၊ ဒါမှမဟုတ် သူကိုယ်တိုင်ကကော"

ဝမ်ရှောင်း ဘာဆက်တွေးရမည်မသိ ဖြစ်နေသည်။



သူ့စိုးရိမ်စိတ်သည် ထပ်မံဝင်ရောက်လာသော အတွေးတခုကြောင့် မျက်နှာတွင် စောစောကလောက် ပူပန်မှုများ မရှိတော့ပဲ၊ နည်းနည်းလျော့ပါးသွားသည်ကို တွေ့ရသည်။

သို့သော် သူ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေရသည့် အကြောင်းက ရှိနေသေးသည်။ ဤသည်မှာ သည်ကနေ့ ဘယ်နှစ်ရက်နေ့မှန်း မသိရခြင်းပင် ဖြစ်သည်။

တစုံတယောက်အား မေးမည်ဟု ရည်ရွယ်ကာ လူအုပ်ဘက်သို့ အသာငဲ့စောင်း ကြည့်လိုက်သောအခါ—

"ဟင်... "

သူဝမ်းသာသွားသည်။

သူ့ဆီကို လာနေသော ခပ်ဝေးဝေးမှ လူတယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုလူသည် သူ့ခြေလှမ်းကျဲကြီးများကို ခပ်သွက်သွက် လှမ်းလာသဖြင့် မကြာမီမှာပင် သူ့အနီးသို့ ရောက်ရှိလာခဲ့လေသည်။

× × ×

"ဆရာ... "

ဝမ်းနည်းဆို့နင့်သော အသံကြီးဖြင့် လှမ်းခေါ်လိုက်သံကို ကြားရသည်။ ကြိုးများက တကိုယ်လုံးကို ပတ်ချည်ထားထည်မို့ ဝမ်ရှောင်းမှာ မတ်မတ်ကြီး ဖြစ်နေသဖြင့် သိပ်မမော့နိုင်ချေ။

ထို့ကြောင့် စောစောက ခေါ်လိုက်သူသည် ဝမ်ရှောင်း ရှေ့တွင် ထိုင်ချလိုက်သည်။

ခုမှ မျက်နှာချင်းဆိုင်လို ဖြစ်သွားသည်။

"ခင်ဗျား ဘယ်လိုသိတာလဲ"

"မြို့တမြို့လုံး ဟိုးလေးတကျော် ဖြစ်နေတာပဲဗျာ မသိဘဲ နေပါ့မလား၊ ကျွန်တော်က မနေ့က လိုက်သွားကတည်းက စိတ်ထဲမှာ တမျိုးကြီး ဖြစ်နေတာ"

သူ့အပေါ် ဤကဲ့သို့ သံယောဇဉ်ရှိသော လူတဦးကို တွေ့လိုက်ရသဖြင့် ဝမ်ရှောင်း သဘောကျ ကျေနပ်သွားမိသည်။

"ကျွန်တော် ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျားလို ကျွန်တော့်ကို သတိတရ ရှိတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"ဆရာ့ကို အစောင့်တွေ ဘာတွေ ချမထားဘူးလား"

"ဟင့်အင်း.... ဘယ်သူမှ ကျွန်တော့်ကို မစောင့်ဘူး"

"အဲဒါ ထူးခြားမှုတခုပဲ"

ဝါးလုံးရှည်ကြီးက စဉ်းစဉ်းစားစားဟန်ဖြင့် ပြောလိုက်သည်။ ဝမ်ရှောင်းက နားမလည်ဟန်ဖြင့်-

"ဘာကိုပြောတာလဲ"

"ဆရာ့ကို ရွှေသော့အဖွဲ့က ဖမ်းဆီးပြီး ချုပ်နှောင်ခဲ့တဲ့ တရားခံတွေအားလုံး ကျွန်တော်သိသလောက် ငါးယောက်လောက်ရှိတယ်၊ အဲဒီငါးယောက်လုံး ခုလို လွတ်လွတ်လပ်လပ် မထားဘူး၊ အစောင့်တယောက် ဘေးမှာ ရှိနေတတ်တယ်၊



အဲဒီ အစောင့်ကလဲ အလွန်ရိုက်တဲ့ အစောင့်တယောက်ပဲ၊ ကျွန်တော်က အဲဒါကို စိုးရိမ်ပြီး ဆရာ့ဆီပြေးလာတာပါ"

ဝမ်ရှောင်း ပြုံးလိုက်မိသည်။

"တူမှမတူပဲ ဝါးလုံးရှည်ကြီးရယ်" ဟု ပြောလိုက်ချင်သော်လည်း သည်စကားများက သူ့ပါးစပ်ထဲမှ ထွက်မလာပါ။ သို့သော် ဆင်ဆင်ခြင်ခြင် စကားတလုံးတော့ ပြောလိုက်ရသည်။

"ကံကောင်းတာပေါ့လေ"

ဝါးလုံးရှည်ကြီးက ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်သည်။

"နေစမ်းပါဦး ဒီနေ့ ဘာနေ့လဲ"

"ကိုးလပိုင်း ကိုးရက်နေ့လေ"

ဝါးလုံးရှည်ကြီးက ဝမ်ရှောင်း၏ အမေးစကားကို ပြန်ဖြေသည်။

"ဘာလဲဆရာ လွတ်မယ့်ရက်ကို တွက်နေတာလား"

ဝမ်ရှောင်း ခေါင်းညိတ်ပြလိုက်သည်။

အမှန်မှာ ဝမ်ရှောင်း သူလွတ်မည့်ရက်ကို တွက်ခြင်း မဟုတ်ပါ၊ ဆယ့်ငါးရက်နေ့ ဟူသော လပြည့်နေ့ဖြစ်မည့် ကိုးလပိုင်း ဆယ့်ငါးရက်နေ့ကို ဘယ်နှစ်ရက် လိုသေးသည်ကို တွက်နေခြင်း ဖြစ်သည်။

ယခု ဝါးလုံးရှည်ကြီး ပြောစကားအရဆိုလျှင် ကိုးလပိုင်း ဆယ့်ငါးရက်နေ့ ရောက်ရန်အတွက် ယနေ့သည် ကိုးရက်ဆိုသော် နောက်ထပ် ခြောက်ရက်မြောက်နေ့တွင် ကျရောက်မည် ဖြစ်သည်။

"အို... ကတ်သီး ကတ်သတ်ပါလား"

နှုတ်မှ လွှတ်ကနဲ ထွက်သွားမိသည်။

ဝမ်ရှောင်း၏ စကားကို ကြားလိုက်ရသော ဝါးလုံးရှည်ကြီးမှာ စိတ်မကောင်း ဖြစ်သွားရပြီး-

"သိပ်အနေရ ကျပ်နေသလားဆရာ"

ဝမ်ရှောင်း စိတ်ညစ်သွားသည်။

တခြားအချိန်ဆိုလျှင် သူအော်ဟစ်ထုတ်မိမည် ဖြစ်သည်။

ယခုမူ ဝါးလုံးရှည်၏စကားသည် သူ့အတွေးနှင့် ဘာမှ မဆိုင်သော်လည်း သူ့အား ကြင်နာမှုကြောင့် မေးသော စကား ဖြစ်နေခြင်းကြောင့်သာ ဘာမှမပြောတော့ပဲ ငြိမ်နေလိုက်သည်။

ဘာကယ်တော့ ဝမ်ရှောင်း တောက်ခေါက်ခြင်းမှာ သူလွတ်မည့်ရက်နှင့် လပြည့်နေ့ဖြစ်သော ကိုးလပိုင်း ဆယ့်ငါးရက်နေ့တို့သည် တနေ့တည်း ထပ်တူဖြစ်နေသောကြောင့် ကတ်သီးကတ်သတ် ဖြစ်သည်ဟုဆိုကာ တောက်ခေါက်ခြင်း ဖြစ်လေသည်။

"ဒီမှာ ဟေ့လူကြီး၊ ခင်ဗျားကျုပ်ကို အကူအညီတခု ပေးမလား"

ဝမ်ရှောင်းက ရုတ်တရက် လှမ်းမေးလိုက်သည်။

"ဘာလဲ.... ဆရာ့ကိုကျွန်တော် ဒီသံကြိုးတွေ ဖြည်ပေးရမှာလား"

"အဲဒီလောက် ကျုပ်သေးမနည်းသေးပါဘူး၊ ကျုပ်ဟာကျုပ် ခံနေရတဲ့ ပြစ်ဒဏ်ကို သူများအကူအညီနဲ့ ဘယ်တော့မှ



ထွက်မပြေးဘူး မှတ်ထား၊ ကျုပ်တာဝန် ကုန်တဲ့အထိ အပြစ်ခံနေမယ်၊ ခင်ဗျားဆီကလိုတဲ့ အကူအညီက အဲဒါမဟုတ်ဘူး"

"ဘာလဲဆရာ ဆရာ့ကို နေ့လည်ဘက် ရေလာတိုက်ဖို့လား"

"ဟာဗျာ"

ဝမ်ရှောင်း ဒေါသဖြစ်စွာ အော်ဟစ်လိုက်သည်။

"ကျုပ်ပြောတဲ့ စကားကို ဆုံးအောင် နားထောင်စမ်းပါဦးဗျ၊ ခင်ဗျားကချည်း ပိတ်ပိတ်ပြောနေတာပဲ၊ ပြောလိုက်တော့လဲ တလုံးမှ မတိုက်ဆိုင်ဘူး"

ဝမ်ရှောင်းက ခပ်ဆတ်ဆတ်ပြောလိုက်သဖြင့် ဝါးလုံးရှည်ကြီး ငြိမ်ကျသွားသည်။

ဝမ်ရှောင်းသည် ပတ်ဝန်းကျင် အနီးတဝိုက်ကို မျက်လုံးတချက်ဝေ့ပြီး ကြည့်လိုက်ကာ-

"ဒီမှာဟေ့ လူကြီး ဒီနားတိုး"

အသံခပ်အုပ်အုပ်နှင့် ခေါ်လိုက်သည်။

ဝါးလုံးရှည်ကြီး အနားလာသည်။

သည်အချိန်မှာ သူတို့ပတ်ဝန်းကျင်တွင် မည်သူမျှ မရှိကြတော့၊ ဝမ်ရှောင်းအား ဖမ်းထားစဉ်ကမူ အသစ်အဆန်းတခု ဖြစ်နေသော်လည်း လူများစွာ လာရောက်ကြည့်ရှုပြီးသွားပြီမို့ ယခုအချိန်တွင် ရိုးသွားကြပြီဟု ဆိုလို့ရသည်။

တဖန် အချိန်ကလည်း ကြည့်ဦး။

မွန်းတည့်ချိန် နေသည် ခေါင်းပေါ်တည့်တည့် ကျသည့် ကာလဖြစ်သဖြင့် ဤအပူဒဏ်ကို မည်သူမှ မခံနိုင်သောကြောင့် လူများ နည်းပါးသွားခြင်းလည်း ဖြစ်သည်။

သို့သော် ဝါးလုံးရှည်ကြီးကမူ ဝမ်ရှောင်းအား ခင်မင်ရင်းနှီး လွန်းသောကြောင့် ဤမျှအပူဒဏ်ကိုခံယင်း စကားလာပြောနေခြင်း ဖြစ်သည်။

ဤသည်ကို ဝမ်ရှောင်းလည်း သိသည်။

"အင်း . သူဟာ ငါ့အပေါ်မှာ တော်တော်ခင်တွယ်တဲ့ လူပဲ၊ ဒီလိုလူဟာ သစ္စာလဲရှိမယ့်လူမျိုးဖြစ်မှာပါပဲ" ဟု ဝမ်ရှောင်း တွေးမိသည်။

ဝါးလုံးရှည်ကြီး ရဲရဲတင်းတင်းပင် သူ့နားကို ကပ်လာသည်။

"ဒီမှာ ကျုပ်ခင်ဗျားကို တာဝန်တခု ပေးချင်တယ်၊ ဒီတာဝန်က သစ္စာရှိမှဖြစ်မယ့် တာဝန်မို့ ခင်ဗျားကျုပ်အပေါ်မှာ သစ္စာတော့ ရှိရမယ်"

ဝါးလုံးရှည်ကြီး၏ မျက်လုံးများထဲတွင် မကျေနပ်သည့် အရိပ်အရောင်များ လွှမ်းမိုးသွားကာ-

"ဒီမှာဆရာ ကျွန်တော့်ကို မယုံယင် ဘာမှ မခိုင်းပါနဲ့၊ ကျွန်တော်ဟာ သစ္စာနဲ့ကတိကို ဘယ်တုန်းကမှ အလွဲသုံးစား လုပ်ခဲ့တဲ့လူ မဟုတ်ပါဘူး"

ခပ်မာမာစကားများ ပြောလိုက်သည်။

ဝမ်ရှောင်း ဝမ်းသာသွားသည်။ မိမိကို တခါမှ ဒီလိုမာမာ တင်းတင်း မပြောဖူးသော ဝါးလုံးရှည်ကြီးမှာ သူ့သိက္ခာကို ထိပါးလာသော စကားကိုမူ ရဲရဲတောက် ပြန်လည် ပြောကြားရဲသည့် သတ္တိကို ဝမ်ရှောင်း စိတ်ထဲမှာ ကျိတ်ပြီး ချီးကျူးမိသည်။



"ဟား-ဟား-ဟား ဒေါသမကြီးပါနဲ့ ဟော့လူကြီးရ၊ ကျုပ်က သိပ်အရေးကြီးနေတဲ့အချိန်မို့ တော်ရုံတန်ရုံလူကို ယုံဖို့ မရဲဘူးဖြစ်နေတယ်"

ဝမ်ရှောင်းစကားကို ကြားလိုက်ရသော ဝါးလုံးရှည်ကြီးက ထိတ်ကနဲ အံ့ဩသော မျက်နှာထားဖြင့်-

"ဘယ်လောက်တောင် အရေးကြီးနေတဲ့ ကိစ္စလဲ ဆရာ"

"ဒါကိုမသိချင်နဲ့ဦး၊ ခင်ဗျားလောလောဆယ် ငွေစည်းစိမ် တည်းခိုဆောင်မှာ တည်းခိုနေတဲ့လူကို မျက်ခြည်မပြတ် ကြည့်ပေးဖို့ပဲ တာဝန်ယူပါ"

"ဘာလဲ ... ဆရာအခန်းဘေးက လူလား"

"ဟုတ်တယ် . အဲဒီလူပဲ၊ သူ့ဆီကို ဘယ်သူတွေလာသလဲ၊ လာတဲ့လူတွေရဲ့ ဟန်ပန်တွေ၊ သူတို့ရဲ့လှုပ်ရှားပုံတွေကို သေသေချာချာ လေ့လာမှတ်သားပြီး ကျုပ်ဆီကို နေ့စဉ် လာသတင်းပို့ပေးဖို့ပဲ"

"သိပ်အရေးကြီးတယ် ဟုတ်လားဆရာ"

"ဟုတ်တယ်"

"အဲဒီလူက ဘယ်သူမို့လဲဆရာ"

"အို . လောလောဆယ် ခင်ဗျားဘာမှ မမေးပါနဲ့ဗျာ၊ ကျုပ်ကို ကူညီချင်ယင် ကျုပ်ပြောသလို လုပ်ပါ၊ နောက်တော့ ခင်ဗျားအားလုံး သိလာရမှာပါ"

ဝမ်ရှောင်းက ခပ်အေးအေးပင် ပြောလိုက်သည်။

"ဟုတ် ... ဟုတ်ကဲ့ပါ၊ ကျွန်တော် ဆရာပြောတဲ့အတိုင်း လုပ်ပါ့မယ်၊ ကျွန်တော်ဒီကို နေ့တိုင်းရောက်လာမှာပါ၊ ဒါပေ

မယ့် အချိန်တော့ မှန်ချင်မှမှန်မယ်နော်၊ ကျွန်တော်အဆင်ပြေတဲ့ အချိန်မှာ ထွက်လာရမှာဆိုတော့၊ အချိန်ကို တိတိကျကျ သတ်မှတ်လို့ မဖြစ်ဘူး"

ဝါးလုံးရှည်ကြီးက တွေးတွေးဆဆ ပြောလိုက်သည်။

"သူတို့လဲ မရိပ်မိစေနဲ့ဦး၊ နောက်နေ့တွေ ခင်ဗျားလာယင် ကျုပ်နားကို မကပ်နဲ့တော့၊ အဝေးကနေ ကျုပ်သိလောက်အောင် တနည်းနည်းနဲ့ပြော ဟုတ်လား"

ဝမ်ရှောင်းက ထပ်မံ မှာကြားလိုက်သည်။

ဝါးလုံးရှည်ကြီး မျက်နှာကို ပြုံးလျက် ...

"ကောင်းပြီ၊ ကျွန်တော် သဘောပေါက်ပါတယ်၊ ကဲ... ကျွန်တော် သွားမယ်နော်၊ ဆရာကိုတွေ့ရတာ ကျွန်တော် စိတ်မကောင်းပါဘူးဗျာ"

ပြောပြောဆိုဆိုဖြင့် ဝါးလုံးရှည်ကြီး ထွက်ခွါ သွားတော့သည်။

ဝမ်ရှောင်းစိတ်ထဲမှာ အနည်းငယ်တော့ ပေါ့ပါးသွားသည်၊ သို့သော် တစုံတခုကိုတော့ တွေးပြီး စိတ်ပူနေမိသေးသည်။

"အင်း ... အချိန်တော့ ရပါသေးတယ်" ဟု စိတ်ထဲမှာ တွေးပြီး ပြောလိုက်သည်။

နေမွန်းတည့်ချိန်။

ပူလိုက်သည်က တရားလွန် ဖြစ်နေတော့သည်။

နေပူဒဏ်ကို ဝမ်ရှောင်း ကြိတ်မှိတ်ပြီး ခံစားနေရသည်။

ထိုစဉ်မှာပင် ...



အိမ်ဝင်းတံခါးမကြီးမှ မျက်နှာတခုကို လှမ်းတွေ့လိုက်ရသည်။

သူ လှမ်းကြည့်လိုက်သောအခါ ဖြတ်ကနဲ မျက်နှာလေး ပြန်ပျောက်သွားသည်။

ဒါပေမယ့် သည်မျက်နှာကို သူ မှတ်မှတ်မိမိ ရှိလိုက်သည်။

စောစောက ပူလောင်သော ဝေဒနာများ ပျောက်ကွယ်သွားသလို ခံစားလိုက်မိသည်။

တခဏလေး မြင်လိုက်ရသော မျက်နှာပြင်ဝယ် စိတ်မကောင်းခြင်းဖြင့် ကြင်နာခြင်းစသည့်အရိပ်အရောင်တွေကို သူတိတိကျကျ သိရှိနားလည်လိုက်မိသည်။

ထိုမျက်နှာ၏ ပိုင်ရှင်သည်....

ရီမေပင် ဖြစ်သည်။

သူ ဘယ်သူလဲ ...

ဝမ်ရှောင်း အချုပ်ခံရသည့် တတိယနေ့တွင် ဖြစ်သည်။

ပင်ပန်းလွန်းသော ဒဏ် နေလောင်ထားသော ဒဏ်တို့ကြောင့် သူ၏ အနီရောင် ဝတ်စုံမှာလည်း အရောင်တွေ လွင့်ကုန်ပြီ ဖြစ်သည်။

သူ၏ မျက်နှာမှာလည်း ယခင်ကလို ကြည်ကြည်လင်လင် ဝင်းပနေသော အရောင်မဟုတ်တော့ပဲ ကြေးနီရောင်တောက်နေ သည်။

မျက်နှာပေါ်သို့ ဝဲကျနေသော ဆံပင်များက မျက်လုံး များကို ဖုံးအုပ်နေပြီး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတို့ကလည်း ထိုးထိုးထောင်ထောင် ဖြစ်လာသည်။

ဝမ်ရှောင်းမှာ ထူးခြားမှုတခု ရှိသည်။

၎င်းထူးခြားမှုသည်—

ဤမုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများပင်ဖြစ်သည်၊ တရက်ခြား ဆိုသလို ရိတ်သင်ပြစ်မှ မျက်နှာမှာ ကြည်လင်ခြင်း ရှိသည်။

သို့တည်း မဟုတ်မူ ...

သူ့မျက်နှာမှာ တောပုန်းတယောက်လို မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေက ပြည့်ကြမ်းလာတတ်သည်။



ယခုမူ....

ဤရွှေသော့စံအိမ်ကို မလာမီ နှစ်ရက်က ရိတ်ထားခဲ့သော ကြောင့်၊ ယခု အဖမ်းခံရသည့် နေ့ပါဆိုလျှင် ငါးရက်မြောက် ဖြစ်နေပြီဖြစ်သောကြောင့် သူ့မျက်နှာမှာ လုံးဝ ဆိုးဝါးသော အခြေအနေ ဖြစ်နေပေပြီ။

ဒါကို ဝမ်ရှောင်း စိတ်ညစ်သည်။

သူသည် မျက်နှာကို ထာဝရ ပြောင်ပြောင်စင်စင် ရှိနေမှ သဘောကျသောသူ ဖြစ်၏။ ယခုကဲ့သို့ ပုံစံမျိုးဖြင့် သူတခါမှ မနေဖူးပါ။

သို့သော် ...သူတစုံတခုကို တွေးမိပြီးသည့်နောက်ပိုင်း စိတ် မညစ်တော့ပဲ ဝမ်းပင် ဝမ်းသာလာမိတော့သည်။

အဘယ်ကြောင့်ဆိုသော် ...

ယခုကဲ့သို့ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့်ဆိုလျှင် သူ့ကို လူသိပ်မှတ်မိတော့မည် မဟုတ်ပဲ အနှောင်အဖွဲ့မှ လွတ်လျှင် ဝတ်စုံ အသစ်တစုံကို ဝယ်ဝတ်လိုက်ပြီး မျက်နှာပေါ်မှ အမွေး အမှင်များကို ပယ်ရှားပစ်လိုက်မည်ဆိုလျှင် သူ့အား ဘယ်သူမှ မှတ်မိနိုင်တော့မည် မဟုတ်ဟု တွေးမိသောကြောင့် ဖြစ်သည်။

ထိုစဉ် ....

ရွှေသော့ဝင်းတံခါးရှေ့သို့ မြင်းလေးကောင်ဆွဲသော မြင်း ရထားတစင်း ဆိုက်ရောက်လာသည်။

မြင်းရထားကို ဆွဲလာသော မြင်းများကို ကြည့်ခြင်းအားဖြင့် လူကုံထံ အသိုင်းအဝိုင်းထဲမှ တယောက်ယောက်တော့ ဖြစ်လိမ့် မည်ဟု ကြိုတင်ခန့်မှန်းမိသည်။

ဤသို့ တွေးနေစဉ်မှာပင် ရထားပေါ်မှ ခန့်ညား လှပသော ဝတ်စုံကြီးနှင့် လူတယောက်ဆင်းလာသည်ကို တွေ့လိုက်ရသည်။

သူ့နောက်ပါးမှ သူ၏အစေအပါးပုံစံ လူနှစ်ယောက်ကိုပါ တွေ့ရပြန်သည်။

ဝမ်ရှောင်းကို တချက်ငေ့ကြည့်ပြီး ဂရုမစိုက်သလို ရွှေသော အာမခံဌာန၏ ဝင်းတံခါးမကြီးဆီသို့ လျှောက်သွားသည်ကို တွေ့လိုက်ရသည်။

အချိန်က နံနက်ပိုင်း ဖြစ်သည်။

ဝမ်ရှောင်းပင် နံနက်စာ မစားရသေးပေ။

သူ့ကို ချုပ်နှောင်ထားသော်လည်း အစား အသောက်ကို တော့ ကောင်းမွန်စွာ လာရောက်ကျွေးမွေးသည်။

သူ့ကို အစား အသောက် လာရောက် ကျွေးမွေးသူကပင် အံ့ဩစွာ ပြောဖူးသည်။

"မင်းဟာ ငါတွေ့ဖူးတဲ့အချုပ်သားတွေထဲမှာ ကံအကောင်းဆုံးပဲ၊ ဒီ အနီးပတ်ဝန်းကျင်ကိုလဲ လမ်းလျှောက်လို့ရအောင် ကြိုးရှည်ရှည်နဲ့ လွှန်ပေးထားတယ်၊ နောက် စားသောက်စရာတွေကိုလဲ ကောင်းကောင်းမွန်မွန်စားရတယ်၊ နောက် ဘေးနားမှာ အစောင့်ထားပြီး ခဏခဏလဲ အရိုက်မခံရဘူး၊ သိပ်ပြီး ထူးခြားကံကောင်းတဲ့လူပဲ"ဟု ပြောဖူးသည်။

ဝမ်ရှောင်း ပြုံးရုံသာ ပြုံးလိုက်သည်။

သည်တုန်းက ဘာမှ ပြန်မပြောလိုက်ပါ။

"သဌေးကြီး ပုဝမ်ဖန်လာဘာယ်....တံခါးဖွင့်ပါ"



ရုတ်တရက်ပေါ်လာသောအသံကြောင့် ဝမ်ရှောင်းခေါင်းကို ငဲ့ကြည့်လိုက်သည်။

"ဒီအသံကို ငါကြားဖူးသလိုပဲ"ဟု တွေးလိုက်မိသည်။

"ဘာကိစ္စများ ရှိပါသလဲခင်ဗျာ"

တံခါးမကြီးပွင့်မလာသေးပါ၊ မလှယ်ပေါက်ကလေး တချပ်သာ ပွင့်လာပြီး တံခါးမှူးရာထူးရှိသူ ရွှေသော့အဖွဲ့မှ သိုင်းသမားတယောက်က ထွက်ပြီး မေးလိုက်ရာ—

"တို့ မစ္စည်းတခု အပ်ချင်လို့ပဲ၊ အဲဒါ မင်းတို့အကြီးအကဲနဲ့ တွေ့ချင်တယ်"

ဝတ်ကောင်း စားလှများ ဝတ်ဆင်ထားသော သဌေးကြီး ပုဝမ်ဖန်ဆိုသူက ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်တို့ ရွှေသော့အာမခံအဖွဲ့က ကြိုဆိုပါတယ်၊ ကျွန်တော် ခုပဲ သွားပြီး သတင်းပို့လိုက်ပါ့မယ် ခင်ဗျာ"

"အေး ကောင်းပြီ၊ မြန်မြန်သွားစမ်းဟေ့"

သဌေးကြီး ပုဝမ်ဖန်က အသံကျယ်ကျယ်နှင့် ထပ်မံပြောဆိုလိုက်သည်နှင့် ရွှေသော့အဖွဲ့မှ သိုင်းသမားတံခါးမှူးသည် မလှယ်ပေါက်ကို ပိတ်လိုက်ပြီး လျင်မြန်စွာ ပျောက်ကွယ်သွားသည်။

× × ×

သိပ်မကြာတော့ပါ။

"ဂျိန်း ...."

သံတံခါးကြီး ဖွင့်လိုက်သံဖြစ်သည်။

"ရွှေသော့အာမခံအဖွဲ့ရဲ့ ခေါင်းဆောင်ကြီး ရီချန်းလုံက သင်္ဘောပေါ်မှ သဌေးကြီးကို ကြိုဆိုပါတယ်ဆိုတဲ့အကြောင်း သတင်းကောင်း ပါးလိုက်ပါတယ်"

"ကောင်းပြီ၊ ကျုပ် အခု ခေါင်းဆောင်ကြီး ရီချန်းလုံနဲ့ တွေ့ချင်တယ်"

"ကြွပါခင်ဗျာ"

လာရောက်ကြိုဆိုသူက ဦးခေါင်းကိုညွှတ်ပြီး အရိုအသေ ပြုကာ အဘွင်းသို့ ခေါ်ဆောင်သွားလေသည်။

ဝမ်ရှောင်းမှာ မျက်မှောင်ကြုတ်လျက် တွေးနေမိသည်။

"သည်အသံကို ငါကြားဖူးပါတယ်၊ကြားဖူးတာမှ ရင်းရင်းနှီးနှီးကို ကြားဖူးတယ်"

ပါးစပ်ကလည်း ရေရွတ်နေမိသည်။

သူ့ကိုလာရောက်ကြည့်ရှုသူဆယ်ဦးခန့်ကမူ ပါးစပ်တလှုပ်လှုပ် ရေရွတ်နေသော သူ့ကို အရူးတယောက်ဟု မြင်ကာ သူတို့ အချင်းချင်း လက်တို့ မေးငေါ့ပြယင်း ပြုံးနေကြသည်။

ထိုစဉ် ဝမ်ရှောင်း တစုံတယောက်ကို တွေ့လိုက်သည်။

ဝါးလုံးရှည်ကြီးပင် ဖြစ်သည်။

ခြေလှမ်းကျဲကြီးများဖြင့် သူ့ကို ကြည့်နေသော လူအုပ်စု ထဲကို ဝင်ရပ်လိုက်သည်။

ထိုလူအုပ်စုထဲမှ သူ့ကို သိသော လူတယောက်က....



"ဟာ မြင်းထိန်းကြီးပါလား၊ ခင်ဗျားလဲ လာကြည့်တာ လား ..."

ဟု နှုတ်ဆက်လိုက်သည်တွင်—

"ဟုတ်တယ်ဗျာ၊ မနေ့က လူငါးယောက်နဲ့လာသေးတယ်"

ဝမ်ရှောင်း သဘောပေါက်လိုက်သည်။

မနေ့က သူ့အခန်းဘေးက လူထံသို့ လူငါးယောက် လာ သည်ဟု ပြောလိုက်ခြင်းဖြစ်ကြောင်း ကောင်းကောင်း သဘော ပေါက်မိသည်။

"ဟုတ်လား....ခင်ဗျားက နေ့တိုင်း ဘာလို့ လာကြည့်နေ တာလဲ၊ ဒီလူက တယောက်တည်းလဲ ပါးစပ်က ပွစိပွစိလုပ်နေ တာဗျ၊ ရူးသွားပြီ ထင်တာပဲ"

ဝါးလုံးရှည်ကြီး၏ မိတ်ဆွေက ပြောလိုက်ရာ....

"ဒီနေ့တောင် ရုပ်ဖျက်ပြီး ဝင်ကြမယ် ပြောနေတာ"

"ဟင် ..."

ဝါးလုံးရှည်ကြီး၏ မိတ်ဆွေ ကြောင်သွားသည်။

"အဟဲ ... ဆယ့်ငါးရက်နေ့ မရောက်ခင် လေ့လာတာပါဗျာ"

"အို ...ခင်ဗျားကလဲ ဘာတွေ ပြောနေတာလဲ"

ဝါးလုံးရှည်ကြီး၏မိတ်ဆွေ စိတ်ညစ်သွားပုံရသည်။

"အံမယ် ...တယောက်က ခြေထောက် နာသွားတယ်ဗျို၊ တယောက်ကတော့ အစားအသောက်စားဖို့ ခက်မှာပဲ၊ မနေ့က လက်မှာ ဒဏ်ရာတွေခဲ့ရတယ်၊ ကဲ ...ကျုပ်ပြန်ဦးမယ်"

ဝါးလုံးရှည်က သူပြောစရာရှိသည်တို့ကို ပြောလျက် ပြန်သွား ခဲ့လေပြီ။

"ဟာ…ဒီလူ ဘာတွေ လျှောက်ပြောသွားမှန်း မသိဘူး၊ စောစောစီးစီး မူးလာပြီနဲ့တူတယ်၊ ဟားဟား ငါနဲ့ ဘယ်လို လူနဲ့ လာတွေ့သလဲ မပြောတတ်ပါဘူး….ဟား ဟား ဟား"

အကြောင်းကြောင်းပြောပြီး ထွက်သွားသော ဝါးလုံးရှည်ကို ကြည့်ကာ ထိုလူမှာ ဟားတိုက်ရယ်မောယင်း ကျန်ခဲ့သည်။

ဝမ်းရှောင်း သိပ် ကျေနပ်သွားသည်။

ဝါးလုံးရှည်ကိုလည်း စိတ်ထဲမှ ကျိတ်ပြီး ချီးကျူးမိလိုက် သည်။

× × ×

"မနေ့က လူငါးယောက်လာတယ်၊ ဒီကနေ့ ရှပ်ဖျက်ပြီး င်ကြည့်မယ် ပြောတယ်၊ နောက် သူတို့အုပ်စုထဲမှာ ခြေထောက် ာတက်မသန်တဲ့လူ ပါတယ်၊ လက်မှာ ဒဏ်ရာနဲ့လူ– ဟား… ုတီ….ဟုတ်ပြီ"

ဝမ်းရှောင်းစိတ်ထဲတွင် လင်းကနဲ လက်ကနဲ အဖြေက ထွက် ာသည်။ စောစောက သူ့စိတ်ထဲမှ မတင်မကျ ဖြစ်နေသော စ္စမှာ ခုမှ ရှင်းသွားသည်။



သဌေးကြီး ပုဝမ်ဖန်နှင့် သူ့နောက်မှ ပါလာသော ကိုယ် ရံတော်နှစ်ယောက်၏အသံကိုကြားဖူးပါတယ်ဟု တွေးရအောင် ဖြစ်နေခြင်းသည် ခုမှ အဖြေပေါ်သည်။

"ဒါဆို ခုနက သရဲညီနောင်ငါးယောက်ပဲ၊ ဒီကောင်တွေ ဒမြတွေ့ပဲ၊ ဒုက္ခပဲ ရှေးသော့ ဂေဟာထဲမှာကလဲ ပစ္စည်းတွေက အပြင်မှာကို ပွနေတာပဲ၊ ဒီကောင်တွေက သိပ်ကောက်ကျစ်မယ့် ကောင်တွေ"

ဝမ်းရှောင်း စိတ်လှုပ်ရှားသွားရသည်။

"ရှီချန်းလုံတို့ကတော့ တကယ့်သဌေးကြီးမှတ်ပြီး အထဲကို ခေါ်သွားပြီ၊ ဒုက္ခပဲ၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ…"

ဝမ်းရှောင်း စိတ်ထဲမှ တော်တော်ကို ပူပင်နေမိသည်။

နောက်ဆုံး ကြံရာ မရသည်နှင့်….

"ဗျို့….တံခါးပေါက်က အစောင့်တယောက် ဧည့်လာစမ်း ပါ…."

ကျယ်လောင်စွာ အော်ဟစ်ခေါ်လိုက်သည်။

သူ့ကို ရပ်ကြည့်နေသောသူများမှာ လန့်သွားသလို မျက်နှာ များဖြင့် နောက်ကို ဆုတ်သွားကြသည်။

တံခါးဝမှာမူ လုံးဝ ထူးခြားခြင်း မရှိချေ။

သူ့အော်သံကြောင့် မြင်းရထားမောင်းလာသူသည် မြင်း၏ ဇက်ကြိုးကို ချလျက် မြင်းလှည်းပေါ်မှ ဆင်းလာခဲ့သည်။

ထိုလူသည် သူ့ထံသို့ မြန်မြန် မရောက်နိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ခြေတဘက်နာနေသောသူ ဖြစ်ခြင်း ကြောင့်ပင်တည်း။

"အိုး—သူဟာ သရဲညီနောင် ဒမြအဖွဲ့ရဲ့ ညီအငယ်ဆုံးပါလား၊ သူတို့ ဘယ်လိုပဲ ရုပ်ဖျက်ဖျက် မျက်လုံးနဲ့သံပင်တွေကို ငါမှတ်မိတယ်"

ဝမ်ရှောင်း၏ စိတ်ထဲတွင် ကျိတ်ကာတွေးလိုက်ယင်းမှ....

"ဟေး....အစောင့်တွေ မရှိကြတော့ဘူးလား၊ သေကုန်ပြီလားကွ"

နောက်ထပ် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"ကျွိ...."

တံခါးဖွင့်သံဖြစ်သည်။

ဝမ်ရှောင်း ဝမ်းသာသွားရသည်။

မလှယ်ပေါက်တံခါးလေးမှ ခေါင်းတလုံး ပြူထွက်လာကာ သူ့ကို ကြည့်လိုက်သည်။

"ဟေ့ကောင် သေချင်လို့လား၊ ဘာလို့ ဒီလောက် အော်နေရတာလဲ၊ အချိန်တန် လာကျွေးမှာပေါ့၊ ဟင်း....အမြင် ကတ်ကတ်နဲ့ ဘာမှ လာမကျွေးပဲ နေမယ် ဘာမှတ်သလဲ တိတ်တိတ်နေ...."

"ဟာ မဟုတ်"

"ဂျိမ်း"

စကား မဆုံးလိုက်ပါ၊ တံခါးကို ဂျိုင်းကနဲ ပြန်ပိတ်သွားသည်ကို တွေ့လိုက်သဖြင့် ဝမ်ရှောင်း စိတ်ဓာတ်ကျသွားသည်၊

ထိုစဉ် သရဲညီနောင်မှ သူ့ကိုယ်တိုင် လက်သီးနှင့် ထိုးပြီး ခြေတဘက်ကို ချိုးခဲ့သော အငယ်ဆုံးသရဲ သူ့ရှေ့မှ စာကိုပါ ဖတ်နေသည်။



"ဒီကောင် ငါ့ကို မှတ်မိပုံ မပေါ်ဘူး၊ သူ့ကိုတော့ ငါ ခွေးချီသွားအာတောင် မှတ်မိတယ်၊ ဒီပုံဆို ဒီကောင်တွေဟာ မာတင်ရှင်နဲ့ပေါင်းပြီး ရွှေသော့အဖွဲ့ကို ဒုက္ခပေးမယ့်ကောင်တွေပဲ ငါဘယ်လိုလုပ်ရမလဲ ..."

ဝမ်ရှောင်း ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။

"မထူးဘူး၊ငါ အရမ်းအော်နေယင်တော့ တယောက်မဟုတ် တယောက် ထွက်လာမှာပဲဟု တွေးလိုက်ကာ...."

"ဟေ့....တယောက်လောက် ခဏလာစမ်းပါ၊ တံခါးဝက အစောင့်တယောက်လောက် လာစမ်းပါ"

အသံကုန် အော်ဟစ်လိုက်သည်။

"ဒီလူတော့ အတီးခံရတော့မှာပဲ"

"အေး ဟုတ်တယ်၊ သူဟာ အရူးလိုလို ဆပေါလိုလိုနဲ့ နာတော့မှာပဲ"

သူ့ရှေ့မှာ ရပ်နေသော လူများဟာ တယောက်တပေါက် ထင်မြင်ချက်ပေးနေကြသည်။

မှန်သည်၊ သူတို့ထင်မြင်ချက်သည် လုံးဝမှန်ကန်ပေသည်။

"ကျွိ...."

မလှယ်ပေါက်တံခါးလေး ပွင့်လာသည်။

လူတယောက်၏ ခေါင်းကို တွေ့လိုက်ရသည်နှင့်....

"ဟေ့ ကြည့်ပြီး ပြန်ဝင်မသွားနဲ့၊ ဒီကို လာခဲ့ဦး"

ဝမ်ရှောင်းက လှမ်းအော်လိုက်သည်တွင် ...

"လာမယ် မပူနဲ့၊ မင်းဆီကို လာဖို့ တံခါးဖွင့်တာပဲ"

ထောင်ထောင်မောင်းမောင်းလူကြီးတယောက်ထွက်လာကာ လှမ်းပြောလိုက်သည့်။

ဝမ်ရှောင်း ဝမ်းသာသွားသည်။

"ဟုတ်ပြီ....ဟုတ်ပြီ မြန်မြန်လာစမ်းပါ"

ထိုသူလျှောက်လာသည်ကိုပင် နှေးသည်ဟု ထင်သောကြောင့် ကမန်းကတန်း ခေါ်လိုက်သည်။

ထိုလူကြီးသည် သူ့စကားကို လွန်စွာ နားထောင်သူ ဖြစ်ပုံရသည်။

အဘယ်ကြောင့်ဆိုသော် မြန်မြန်လာဟု သူပြောလိုက်သည်နှင့် သူ့ဆီသို့ ပထမလှမ်းလာသောခြေလှမ်းထက် နှစ်ဆခန့်မြန်သော နှုန်းဖြင့် လှမ်းလာခဲ့သည်ကို တွေ့လိုက်ရသည်။

သူ့နားသို့ ရောက်သည်နှင့်—

"ဒီမှာ ရှေ့နားတိုးစမ်းပါ"

"ဒီလောက်က ရပါပြီ.... ကဲ"

"ရှမ်း.... ရှမ်း.... "

"အာ့"

"ရှမ်း"

"အိုး"

"ရှမ်း.... ရှမ်း.... ရှမ်း.... "

ဝမ်ရှောင်း အံ့ဩသွားရသည်။

သို့သော် ကြာကြာအံ့ဩချိန် မရပါ၊ သူ့ကိုယ်ပေါ်သို့ ကျာပွတ်ရိုက်ချက်က တရှမ်းရှမ်းနှင့် ကျရောက်နေသောကြောင့် အလူးအလဲ ဖြစ်နေသည်။



မျက်နှာကိုမထိအောင် မနည်းရှောင်နေရသည်။

စောစောက ရပ်ကြည့်နေသော သူများပင် တဖက်သို့ မျက်နှာလွှဲသွားကြသည်။

"ကဲ.... မင်းကို အဲဒီလို မရိုက်ချင်လို့ ခဏခဏ တောင်းပန်ပြီးနေပြီ၊ ဒါလဲမရဘူး၊ ခု ဘယ့်နှယ်နေသေးလဲ"

ဝမ်ရှောင်းတကိုယ်လုံး စုတ်ပြတ်ကုန်သည်။

အသားများမှာ တဆတ်ဆတ်တုန်နေသည်။

နာလွန်းသောကြောင့် မဟုတ်ပါ၊ ဒေါသဖြစ်ခြင်းကြောင့် ဖြစ်သည်။

"ဒီမှာ မင်းတို့ခေါင်းဆောင်ကြီး ရှီချန်းလုံဖြစ်ဖြစ်၊ သူ့သမီး ရှီမေကွီဖြစ်ဖြစ် သွားခေါ်စမ်း၊ မင်းတို့နဲ့ ငါစကားပြောလို့ မဖြစ်တော့ဘူး"

ဝမ်ရှောင်းက ခပ်မာမာပြောလိုက်သည်။

"ဟာ.... ဒီကောင်သေတော့မှာပဲ၊ ခုထိ ဟိုခေါ်ခိုင်း ဒီခေါ်ခိုင်း လုပ်နေပြန်ပြီ"

"ငါခေါ်ခိုင်းတာ ငါ့အတွက်မဟုတ်ဘူးကွ၊ မင်းတို့အတွက် မင်းတို့ရဲ့ ပြဿနာကိစ္စ၊ ငါနဲ့ ဘာမှမဆိုင်ဘူး၊ နားလည်ရဲ့လား"

ဝမ်ရှောင်း ဒေါသသံဖြင့် ပြန်အော်လိုက်သည်။

"ဟော့ကောင်.... မင်းစကား တိတ်မလား မတိတ်ဘူးလား ကဲကွာ"

"ရှမ်း"

"အာ့"

"ရှမ်း... ရှမ်း...."

သုံးလေးချက်ခန့် ဆက်ရိုက်လိုက်သည်တွင် ဝမ်ရှောင်း တော်တော်နာသွားသည်။ လုံးဝ စကားပြောနိုင်ခြင်း မရှိတော့ပါ။

\+ + +

ဝမ်ရှောင်း သူ့ကိုရိုက်သောသူ၏ မျက်နှာကို သေသေချာချာ မှတ်ထားလိုက်သည်။ ပြီးတော့ သူ့တိုင်လေးကို မှီယင်း တဖြည်းဖြည်း ထိုင်ချသွားသည်။

"ကဲ... ဒီတခါ မင်းအသံထွက်လာယင် သေပြီသာမှတ်"

စကားဆုံးသည်နှင့် လှည့်ထွက်သွားလေသည်။

ဝမ်ရှောင်း ဘာမှပြောမနေတော့ပါ၊ နာကျင်စပ်ဖျဉ်းနေသော သူ့ကိုယ်ခန္ဓာကို အနိုင်နိုင်သယ်ယင်း တိုင်ကိုမှီကာ ထိုင်ချလိုက်လေတော့သည်။

× × ×



"ကဲ.... ကျုပ်တို့သွားမယ် ဒီကြားထဲမှာ ပစ္စည်းတွေ ပို့လိုက်ပါမယ်"

တံခါးဝမှအသံကို ဝမ်ရှောင်းကြားရသည်။

သဌေးဟန်ဆောင်ထားသော သရဲအစ်ကိုကြီးက ပြောလိုက်သည်။

ဝမ်ရှောင်း မျက်လုံးပြူးလျက် ထိုသဌေးကြီး၏ ညာဘက်လက်ကို သေသေချာချာ ကြည့်သည်။

ဖြူဖွေးသော ပတ်တီးများ စည်းထားသည်ကို ရုတ်တရက် တွေ့လိုက်သဖြင့် သူ့ဥမြို့ကို ရောက်သည့်နေ့က တူးမြောင်တော်ကြီးနံဘေးမှာ တိုက်ခိုက်ရာမှ ရရှိသွားသော ဒဏ်ရာဖြစ်မှန်း ကောင်းစွာသိလိုက်သည်။

"ကောင်းပါပြီသဌေးမင်း၊ ပစ္စည်းတွေပို့မယ်ဆိုယင်လဲမြန်မြန်သာ ပို့ပါ၊ ကျွန်တော်တို့လဲ နေရာတွေဘာတွေ ရှင်းထားပါ့မယ်"

"ကဲ...ဒါဖြင့်ယင် သဘက်ခါလာပို့လိုက်မယ်၊ ဟုတ်လား"

"ဟုတ်ကဲ့... ကောင်းပါတယ်၊ ကျွန်တော် စောင့်နေပါ့မယ် ခင်ဗျာ"

ရှိချန်းလုံက ရှိသေလေးစားနေသည်မှာ ဆိုဖွယ်ရာမရှိ။

ဝမ်ရှောင်းသည် အသည်းယားနေမိသည်။

ဒါပေမယ့် လူတကိုယ်လုံး နာကျင်နေပြီး ဘာမှလှုပ်ရှား၍ မရသည်မို့ အသံကလည်း လေသံမျှပင်ကျန်သည်။

စောစောက ကျာပွတ်နှင့် အရိုက်ခံရသည့် ဒဏ်သည် တော်ရုံလူမျိုးဆိုလျှင် သတိလစ်သွားလောက်သည်။

"ကဲ.... ကျုပ်ကိုခွင့်ပြုပါဦး"

ရီချန်းလုံက ခေါင်းညိတ်ပြလိုက်သည်။

သင်္ဘေးဟန်ဆောင်ထားသည့် သရဲကြီးက ဝမ်ရှောင်းရှေ့မှ ဖြတ်ကာ မြင်းလေးကောင်ကသော ရထားငယ်ရှိထဲကို ဝင်ထိုင်လိုက်သည်။

ဝမ်ရှောင်းစိတ်ထဲမှ သရဲညီနောင်တို့ကို ကြည့်ယင်း၊ ရက်တွက်နေသည်။

သည်ကနေ့မှစလျှင်....

သည်ကနေ့ကိုးလပိုင်း ဆယ့်တရက်နေ့ဖြစ်သည်။

သန်ဘက်ခါ သူတို့လာဦးမည်ဆိုလျှင်...

ကိုးလပိုင်း ဆယ့်လေးရက်နေ့ ဖြစ်မည်။

ဝမ်ရှောင်း မျက်လုံးကိုမှိတ်လျက် သက်ပြင်းကြီးတခုကို ချလိုက်မိသည်။

သူ့စိတ်ထဲမှာ တွေးနေမိသည်။

ကိုးလပိုင်း ဆယ့်လေးရက်.... ကိုးလပိုင်း ဆယ့်လေးရက်— ကိုးလပိုင်းဆယ့်လေးရက်.... ကိုး.... လ....ပိုင်း— ဆယ့်.... လေး။

ဤသည်က အပြင်ကမှ မတွေးမိပါ။

ထိုနေ့သည်ကား....



ဒုတိယအကြိမ်လာသောအခါ

မနေ့ကတည်းက အိပ်မပျော်ပါ။

သရဲညီနောင်တို့ သူတို့ အဆင်ပြေကြောင်းကို မာတင်ရှင်ထံသို့ သွားရောက် သတင်းပို့သည်ကိုလည်း၊ ဝါးလုံးရှည်ကြီးလာသတင်းပို့သဖြင့် သူသိပြီးနေပြီ ဖြစ်သည်။

ခက်သည်က သူဘယ်သူနှင့်မှ မတွေ့ရခြင်းက ဆိုးလှသည်။

သူ့ကို ထမင်းလာကျွေးသည့် ရှေသော့ အဖွဲ့သားကလည်း လုံးဝသုံးမရ၊ ဝမ်ရှောင်းပင် စိတ်တိုလာသဖြင့် စားစရာထည့်လာသော ဗန်းနှင့် ကောက်ရိုက်လိုက်မိသဖြင့် သူပင် တချက်အရိုက် ခံလိုက်ရသေးသည်။

"ကျွန်တော် မပြောပြရဲဘူးဗျာ"

"ဟာ… မင်းတောင်မှ ချီးကျူးခံရဦးမှာပဲ"

"ဟင့်အင်းဗျာ"

"တကယ်လို့ အဲဒီဒမြတွေက မင်းတို့ကို ဝင်တိုက်ယင်တောင် မင်းလွတ်မယ့်ကောင် မဟုတ်ပါဘူး"

"ကျွန်တော် မပြောရဲဘူးဗျာ"

တော်တော်စိတ်တိုစရာ ကောင်းမှန်း ဝမ်ရှောင်းသိသည်။ ဒါပေမယ့်–

ဒေါသဖြစ်ချိန် မဟုတ်သေးသောကြောင့် အသာငြိမ်နေလိုက်သော်လည်း ဘယ်လိုမှ ထပ်မံစည်းရုံး၍ မရသည်နှင့် ခေါင်းကို လှင်ဗန်းဖြင့် တကယ်ရိုက်လိုက်ရာ နောက်ဆုံး သူပင် အနိုင်စက်ခံရသည့် အခန်းသို့ ပြန်ရောက်ပြန်သည်။

တကယ်တော့ ရွှေသော့အာမခံ အဖွဲ့၏ ကျဆုံးချိန်ရောက် တော့မည်မို့လားမသိ ဝမ်ရှောင်း၏စကားမှာ ဘယ်သူကမှ 'ရှီ' သားအဖထံသို့ ပို့ပေးခြင်း မရှိချေ။

'ရှီ'သားအဖကလည်း သူ့ကိုလုံးဝ လာမတွေ့ပါ။

သူ့ကို သက်သက်သာသာပင် အချုပ်ခံနေရသည်ဟု ထင် နေပေလိမ့်မည်၊ သူဘယ်လိုဖြစ်နေသည်ကိုတော့ သူတို့သားအဖ သိဟန်မတူပါ။

တဖန် ရွှေစည်းစိမ် တည်းခိုခန်းတွင် ရှိနေသော မာတင်ရှင် သည် လူလိမ်လူညာ ဒုစရိုက်ပွဲစားမှန်း ရှီမေသိမည်မဟုတ်ပေ၊

ဤအကြောင်းကို စောစောအချိန်များက သူပြောပြလိုက် လျှင် ဤကဲ့သို့ ပြဿနာများဖြစ်မည် မဟုတ်ချေ။



ဝမ်ရှောင်း၏ အဒတွေးတွင် ရေရှည်စောင့်ရန် ဟူသော အကြောင်းဟာတမျိုး၊ တကယ်တမ်း ရှီမေတို့နှင့် တွေ့သော အခါ မေ့သွားသည်ကတကြောင်း၊ ဤကဲ့သို့သော အကြောင်း များကြောင့် မပြောဖြစ်ခဲ့ခြင်း ဖြစ်သည်ကို ဝမ်ရှောင်း မိမိကိုယ် မိမိ မခကျမနပ်ဖြစ်နေရသည်။

ခု ဘာလုပ်ရမည်ကို သူမသိချေ။

× × ×

သည်ကနေ့သည် –

ကိုးလပိုင်း တဆယ့်လေးရက် ပြည့်သည့်နေ့ပင် ဖြစ်သည်။

ဝမ်ရှောင်း တညလုံး အမျိုးမျိုးစဉ်းစားနေသောကြောင့် လုံးဝအိပ်မပျော်ပဲ ယခုမနက်တက်တွင် ခေါင်းများမှာ အိပ်ရေး ပျက်သည့်ဒဏ်ကြောင့် ခေါင်းများ မူးဝေလျက်ရှိသည်။

"ဟာ…ဒီနေ့မနက်ဝါးလုံးရှည်ကြီးလာယင် သူ့ကိုပဲအကျိုး အကြောင်းပြောပြပြီး ရှီမေကိုပြောခိုင်းမယ်"

ဝမ်ရှောင်း သူ့အတွေးကို သူသဘောကျသွားသည်။

"အင်း…. ဒီလူကြီးက ဒီနေ့ စောစောလာပါစေဗျာ…."

သို့သော် သူ့ဆုတောင်းက မပြည့်ပါ။

ဆုတောင်းမပြည့်ရုံမက၊ အန္တရာယ်တို့က အလျင်ရောက်လာချေပြီ။

× × ×

ခပ်ဝေးဝေးမှ ဖုန်တထောင်းထောင်းဖြင့် မြင်းများနှင့် မြင်းလှည်းတို့ လာနေသည်ကို တွေ့လိုက်ရသည်နှင့် ဝမ်ရှောင်း စိတ်ဓာတ်ကျသွားသည်။

"ဟေ့.... ငါ့စကားကို မင်းတို့မယုံကြည်ဘူးဆိုယင် ရှေ့သော့အဖွဲ့ကြီးဟာ ပျက်စီးတော့မယ်ဟေ့၊ နားလည်ရဲ့လားကွ"

ဝမ်ရှောင်း အသံကုန် ကျုံးအော်လိုက်သည်။

မည်သူမှ သူ့ကိုဂရုမစိုက်ကြပါ။

တောက်- "တော်တော်ခက်တဲ့ လူတွေပဲ၊ အားလုံးတော့ ဒုက္ခရောက်ကုန်တော့မှာပဲ"

ဝမ်ရှောင်းတယောက်တည်း နေမထိထိုင်မသာ ရေရွတ်နေမိသည်။

"မနက်ဖြန် ငါလွတ်မယ့်နေ့မှာသာ လာလိုက်ယင် သိပ်ကောင်းမှာပဲကွာ၊ ဟင်း.... ကတ်သီးကတ်သတ်ဖြစ်ရတယ်"

သူ့အဖြစ်ကိုသူ မကျေမနပ်နှင့် ရေရွတ်မိပြန်သည်။



"ခွပ်.... ခွပ်.... ခွပ်...."

"ဝုန်း.... ဝုန်း...."

ဆူညံသော မြင်းခွာသံများနှင့် မြင်းရထားတစီး အပြင်းမောင်းနှင်လာသည်ကို တွေ့ရသည်။

မကြာမီမှာပင် ဝမ်ရှောင်းနှင့် မနီးမဝေး ရှေ့သော့အာမခံအဖွဲ့၏ တံခါးဝတွင် ရပ်သွားသည်ကို တွေ့လိုက်ရသည်။

စုစုပေါင်း လူဆယ်ယောက်ခန့် ပါသည်။

"ဟင်.... ဟိုလူတွေပါလား"

ဝမ်ရှောင်းစိတ်ထဲမှ ရေရွတ်လိုက်သည်။

မှန်သည်။

သည်လူတွေထဲမှ ငါးယောက်ကို သူကောင်းကောင်း မှတ်မိနေသည်။

ထိုငါးယောက်သည် သူနှင့် ရွှေစည်းစိမ် အပေါ်ထပ်တွင် ဆုံတွေ့ခဲ့ဖူးသော လူများဖြစ်သည်။

သရဲညီနောင်ငါးဖော် သူ၏ တပက်ခန်းမှ ဒုံရိုက်ပွဲစားမာတင်ရှင်၏ထံသို့ ရောက်လာကြစဉ်က အပေါက်ဝတွင် တကြိမ်ဆုံဖူးသူများဖြစ်ပေသည်။ ဒါကို သူကောင်းကောင်းမှတ်မိသည်။

သို့သော် ယခုအခါ သူ့ကိုမူ သည်လူများ ကောင်းစွာ မှတ်မိပုံ မပေါ်ပါ။

"ဟိတ်....တံခါးဝကကောင်တွေ တယောက်လောက်လာစမ်းကွ...."

စိတ်ထဲမှ ကြိတ်မနိုင် ခဲမရဖြစ်ကာ အော်လိုက်ခြင်းဖြစ်သည်။ တကယ်တမ်း သူအော်လိုက်ချင်သည်က သည်လို မဟုတ်ပါ။

"အဲဒါ သဌေးလိမ်ကြီးဟေ့ ... ခင်ဗျားတို့ကို ဒုက္ခပေးဖို့ ရုပ်ဖျက်လာတဲ့ သရဲကြီးကွ" ဟု အော်လိုက်ချင်သည်။

သူ့အသံကို ကြား၍လားမသိ၊ တံခါးဝမှ လူတယောက် ထွက်လာသည်။

သဌေးယောင် ဆောင်ထားသည့် သရဲအုပ်စုကို တွေ့လိုက်သောအခါ အရှိအသေတချက် ပေးလိုက်ပြီး သူ့ထံသို့လျှောက်လာသည်။

ဝမ်ရှင်း ဝမ်းသာသွားသည်။

"အား... မြန်မြန်လာ.... မြန်မြန်လာ... အချိန်သိပ်မရှိဘူး"

ဝမ်ရှောင်းက အလောတကြီးခေါ်လိုက်သည်။

ထိုလူမှာ သူ့ကို ခပ်တည်တည် ကြည့်လိုက်ယင်း သူနှင့် မျက်နှာချင်းဆိုင်မှာ ရပ်လိုက်သည့်အခါ—

"အဲဒီ လူတွေဟာ သ...ဝူး..ဖလူး"

ဝမ်ရှောင်း စကားမဆုံးမီမှာပင် သူ့ထံသို့ လျှောက်လာသူက ဝတ်စုံထဲတွင် ယူလာသော အဝတ်စတစနှင့် သူ့ပါးစပ်ကို ဖမ်းပြီးပိတ်လိုက်သည်။

"ဝူး....ဖူး ...ဝေး"

ဝမ်ရှောင်း ခေါင်းကိုယမ်းခါယင်း ရုန်းသည်။

မရပါ၊ တံခါးမှ ထွက်လာသူက ဝမ်ရှောင်း၏ ခေါင်းကို ကြမ်းတမ်းစွာ ချုပ်ကိုင်ယင်း အဝတ်စကို ပါးစပ်တွင်းသို့ ထိုးထည့်လိုက်ပြီး ခိုင်မြဲအောင် ချည်နှောင်လိုက်သည်။



လက်နှစ်ဖက်ကိုပါ သံကြိုးဖြင့် တုပ်ထားသော ဝမ်ရှောင်းမှာ ဘယ်လိုမှ လှုပ်ရှား၍ မရပဲခံလိုက်ရသည်။

"ကဲ...ဒီလောက် ဆူဆူညံညံ အော်ချင်တဲ့ကောင်၊ ကဲ.... အော်ဦးလေ၊ မင်းကြိုက်သလို အော်ပေတော့ ဟား ဟား ဟား"

ထွက်လာသောလူက လှောင်ပြောင် ရယ်မောပြီး—

"ဖြန်း"

ပါးကို တချက်ရိုက်ကာ နေရာမှ လှည့်ထွက် သွားလေတော့သည်။

× × ×

ဝမ်ရှောင်း ခုမှ ပိုပြီးခက်ရသည်။

ပါးစပ်မှလည်း အော်ဟစ်လို့ မရတော့ပါ၊ မမြင်ချင်သည့် ကိစ္စများကို မြင်နေရသဖြင့် စိတ်ထဲမှာတော်တော်မခံချည့်မခံသာ ဖြစ်နေရသည်။

"ဟိတ် ...လှည်းထဲက သေတ္တာတွေ ချစမ်း"

ရှေ့ဆုံးမှ မြင်းနီကြီးကို စီးထားသော သဌေးကြီးအယောင်ဆောင် သရဲကြီးက သူ့လူများကို အမိန့်ပေးလိုက်သည်။

တဆက်တည်းမှာပင်–

"သဌေးကြီး ပုဝမ်ဖန်ကို ကြိုဆိုပါတယ် ခင်ဗျာ"

တံခါးရွက်များ ပွင့်လာပြီး ဝင်းတံခါးပေါက်မှ သူနှင့် တိုက်ခိုက်ခဲ့ဖူးသော တတိယ ရွှေသော့ခေါင်းဆောင်က ထွက်လာပြီး သရဲကြီးကိုကြိုဆိုလိုက်သည်။

"ကောင်းပါပြီ၊ ခု ကျုပ်ရဲ့ပစ္စည်းတွေကို လျှို့ဝှက်ပြီး အပ်နှံဖို့လာခဲ့ပါတယ်၊ ခင်ဗျားတို့ရဲ့ ခေါင်းဆောင်းကြီးကော ရှိရဲ့လား"

"ရှိပါတယ်ခင်ဗျာ သဌေးကြီးကို ညှော်ခံဖို့အတွက် အိမ်တော်ထဲမှာ စီစဉ်ယင်း စောင့်နေပါတယ်"

တတိယ ရွှေသော့ခေါင်းဆောင်က သဌေးကြီး ဟန်ဆောင်ထားသော သရဲကြီးကို ရိုရိုသေသေ ပြောကြားနေသည်။

ဝမ်ရှောင်း၏ စိတ်ထဲတွင် ဝုန်းဝုန်း ဒိုင်းဒိုင်း ဖြစ်နေသည်။

သို့သော် သူဘာမှ မတတ်နိုင်တော့ပါ။

မကြာမီမှာပင် လှည်းပေါ်မှ သေတ္တာများ အောက်သို့ချပြီး ဖြစ်သွားသည်။

သေတ္တာမှ စုစုပေါင်း သုံးလုံးဖြစ်သည်။

"ဖြောင်း....ဖြောင်း....ဖြောင်း"

တတိယ ရွှေသော့ ခေါင်းဆောင်ကား အိမ်ဝင်းထဲဘက်ကို လှည့်ပြီး လက်ခုပ်သုံးချက် ဆက်တိုက်တီးလိုက်သည်။



ချက်ချင်းဆိုသလိုပင် လူဆွဲသော လှည်းသုံးစီး ပြေးထွက်လာသည်။

"ဟေ့... ဒီသေတ္တာတွေကို အထဲယူသွားပါ"

တတိယ ခေါင်းဆောင်က လှမ်းပြီး အမိန့် ပေးလိုက်သည်။

လှည်းဆွဲလာသော လူနှစ်ယောက်စီမှာ ချက်ချင်း ဆိုသလိုပင် သေတ္တာကြီးတလုံးစီကို မယူလိုက်သည်။

"အို"

"ဟာ လေးလှချည်လား"

ထိုလူများသည် သိုင်းသမားများပင် ဖြစ်ပါလိမ့်မည်၊ သိုင်းတတ်သော သူအခနေနှင့် အနည်းနှင့်အများ အတွင်းအားရှိသင့်သလောက်တော့ ရှိမည်မှာ သေချာသည်။

သို့သော် ဤ သေတ္တာကြီးတလုံးကို သန်မာ ထွားကျိုင်းသည့် သိုင်းသမားကြီးနှစ်ယောက် မ၍မရကြပါ။

ဟိတ် နောက်တယောက်စီ ထွက်ခဲ့စမ်း"

တတိယ ရွှေသော့ခေါင်းဆောင်က အတွင်းသို့ လှမ်းအော်လိုက်ပြီး၊ တဆက်တည်းမှာပင်–

"ကျွန်တော်ဟာ သဌေးကြီးကို ကြိုဆိုဖို့အတွက် ခေါင်းဆောင်ကြီးက လွှတ်လိုက်တဲ့သူပါခင်ဗျာ၊ဒါကြောင့် ကျွန်တော့်နောက်ကလိုက်ပြီး ကြွခဲ့ပါ"

ဝမ်ရှောင်း စိတ်ထဲမှ ဒုက္ခတွေတော့ ရောက်ကုန်တော့မှာပဲ ဟု တွေးပြီးပူနေမိသည်။

"သဌေးကြီးနဲ့အတူ ကိုယ်ရံတော်နှစ်ယောက်ပဲ ခေါ်ခွင့်ပြု ပါတယ် ခင်ဗျာ"

အားလုံး ဝင်လိုက်မည်ဟု ဟန်ပြင်နေစဉ်မှာပင် တတိယ ရွှေသော့ခေါင်းဆောင်၏ စကားကြောင့် သဌေးကြီး ပုဝမ်ဖန် အဖြစ် ဟန်ဆောင်ထားသော သရဲအစ်ကိုကြီးမျက်နှာ တချက် ပျက်သွားသည်။

ဒါကို တတိယ ရွှေသော့ခေါင်းဆောင် မမြင်လိုက်သော် လည်း အဝေးမှ ပါးစပ်ပိတ် ခံထားရသော ဝမ်ရှောင်းက ကောင်းစွာ လှမ်းမြင်လိုက်သည်။

စိတ်ထဲမှာလည်း ဝမ်းသာသွားသည်။

"အား ကောင်းတယ်... ကောင်းတယ် ဒါကြောင့်လဲ ရွှေသော့ အာမခံအဖွဲ့ဟာ နာမည်ကြီးတာပဲ၊ ဒီလို စိုးရိမ်စိတ်နဲ့ ဟန့်တားမှုတွေ များတာတောင် ခုသရဲညီနောင် ဒမြအုပ်စုနဲ့လာ တိုးနေရသေးတယ်"

ဝမ်ရှောင်း စိတ်ထဲမှ တွေးနေမိသည်။

"ကဲဟေ့...ညီလတ်နဲ့ အဲ....ဟိုကောင်နဲ့...ဟိုကောင် လိုက် ခဲ့ဟေ့"

"ဟုတ်တယ်....ဟုတ်တယ် ဒါသရဲကြီးပဲ၊ ခုနက သူ့စကား မှားသွားတာကို ဟို တတိယ ရွှေသော့ခေါင်းဆောင်က လုံးဝ မရိပ်မိလိုက်ဘူး ခက်တာပဲ"

ဝမ်ရှောင်း လှမ်းကြည့်ယင်း အားမလိုအားမရ ဖြစ်သွား ရသည်။



ဝင်သွားကြပြီ—

သဌေးကြီး ပုဝမ်ဖန် ဟန်ဆောင်ထားသော သရဲကြီးနှင့် သူ၏ ဒုတိယသရဲ တတိယသရဲတို့ လိုက်ပါသွားကြသည်။

× × ×

ထိုစဉ်မှာပင်—

ခပ်လှမ်းလှမ်းမှ ဝါးလုံးရှည်ကြီးကို တွေ့လိုက်ရသည်။

ဝမ်ရှောင်း ဝမ်းသာသွားမိသည်။

"အင်း.... အတော်ပဲ၊ အချိန်မီသေးတယ်၊ ရှိမေဖြစ်ဖြစ် သူ့အဖေကြီးကို ဖြစ်ဖြစ် သွားပြောခိုင်းလိုက်ယင် ခုချိန်ဆို အတော်ပဲ၊ အထဲမှာပိတ်ပြီး ဖမ်းလိုက်ရုံပဲ"

ဝမ်ရှောင်း သူ့အတွေးနှင့်သူ ဝမ်းသာသွားခြင်း ဖြစ် သည်။

ဝါးလုံးရှည်ကြီး သူ့ရှေ့ကို ရောက်လာပြီ ဖြစ်သည်။

သူ့ကိုကြည့်ပြီး အံ့ဩသွားသည်။

မှန်သည်။

ရိုက်နှက်ထားသော ဒဏ်ရာတွေနှင့် ပါးစပ်ထဲမှာလည်း အဝတ်စများ ထိုးထည့်ကာ အဝတ်ကြီး စည်းထားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"ဟာ...."

ဘယ်....ဘယ်လိုဖြစ်တာလဲ ဆရာရယ်"

ဝမ်းနည်းသံကြီးနှင့် မေးလိုက်သည်။

ခုမှ ဝမ်ရှောင်းလည်း သတိရသည်၊ သူ့ပါးစပ်မှာ အဝတ်စကြီးနှင့် ပိတ်ပြီးစည်းထားသည် မဟုတ်ပါလား–

သူ ဘယ်လိုစကားပြောပါ့မည်နည်း။

သည်ကနေ့ ဝမ်ရှောင်းအား လာရောက် ကြည့်ရှုသူ တယောက်မှ မရှိပါ။

ဖမ်းဆီး ချုပ်နှောင်ထားသည်မှာလည်း ခြောက်ရက်မြောက်ပြီဖြစ်သောကြောင့် လာရောက် ကြည့်ရှုသူမရှိတော့ခြင်း ဖြစ်သည်။

"မနက်ဖြန်ဆိုယင် ဆရာလွတ်ပြီနော်"

ဝါးလုံးရှည်ကြီးက ပြောလိုက်သည်။

ဝမ်ရှောင်း ခေါင်းညိတ်ပြလိုက်သည်။

ဝါးလုံးရှည်ကြီး ရှေ့ကိုတိုးလာကာ–

"မနေ့က လူငါးယောက်လာသေးတယ်၊ ဒီနေ့ သေတ္တာထဲမှာ လူထည့်ထားမယ် ပြောတာပဲ၊ ဘာလဲတော့ မသိဘူး"

"အူ"

ဝမ်ရှောင်း ထိတ်လန့်တကြား ဖြစ်သွားသည်။

ထိုစဉ်မှာပင်–



"ဟိတ်.. ဟိုလောရှည်ကြီး ဘာလာလုပ်တာလဲ၊ တရားခံနားကို သီပ်မကပ်ရဘူးဆိုတာ နားမလည်ဘူးလား၊ ဘာလဲ နေရာချင်းလဲချင်လို့လား"

ထံခါးပေါက်ဝမှ ထွက်လာသော ရှေသော့အာမခံ အဖွဲ့ဝင်တယောက်က လှမ်းပြောလိုက်သဖြင့် ဝါးလုံးရှည်ကြီး ကမန်းကတန်း နောက်ကိုဆုတ်လိုက်သည်။

"သွား....သွားတော့ မနက်ဖြန်ဆို ဒီလူကို လွှတ်တော့မှာဘာမှ မထူးဆန်းဘူး လာမကြည့်နဲ့တော့ပြန်"

ထွက်လာသောသူဟာ နောက်ကို ဆုတ်သွားသော ဝါလုံးရှည်ကြီးကို နှင်ထုတ်လိုက်သဖြင့်–

"သွားမယ်နော်"

"အံမာ.... သွားပါဆို ... သွားမယ်နော်လို့ မင်းဟာ ငါ့ကို နှုတ်ဆက်နေရသေးလား"

ထွက်လာသော ရှေသော့ အဖွဲ့ဝင်က ကြိမ်းမောင်းသလို ပြောဆိုလိုက်သည်၊ တကယ်တော့ ဝမ်ရှောင်းကို ပြောလိုက်ခြင်းသာ ဖြစ်သည်။

သို့သော် ထိုလူ မရိပ်မိစေရန် အတွက် ဝမ်ရှောင်း မျက်နှာကို မကြည့်ပဲ နှုတ်ဆက်ခြင်းသာ ဖြစ်သည်။

ဝမ်ရှောင်း ခေါင်းကို မသိမသာဆတ်ကနဲ ညိတ်ပြလိုက်သည်။

ဝါးလုံးရှည်ကြီး စိတ်မကောင်းဟန်ဖြင့် ဘရွေ့ရွေ့ ထွက်သွားလေပြီ။

× × ×

"ဖူး...ဝူး"

ဝမ်ရှောင်းဟော အစောင့်ကို အသံပြုလိုက်သည်။

"ဘာလဲ ဒီအခါပိုဆိုးသွားချင်လို့လား၊ အခုလို နေရတာတောင် အသံကထွက်ချင်နေတုန်းပဲ"

ထွက်လာသော အစောင့်က သူ့ကို သေသေ ချာချာ ကြည့်ယင်း ပြောလိုက်သဖြင့် ဝမ်ရှောင်း ငြိမ်နေလိုက်ရသည်။

သို့မဟုတ်လျှင်-

သူပြောသလို ပိုဆိုးသော အခြေအနေ ဖြစ်သွားမည်ကို လန့်ရသေးသည် မဟုတ်ပါလား-

ဝမ်ရှောင်း စိတ်ထဲမှာ စောစောကထက် ပိုပြီး ပူလောင်နေသည်။

"သေတ္တာထဲမှာ လူတွေထည့်ပြီး ပစ္စည်းထားတဲ့ နေရာပို့တာဟာ အန္တရာယ်ပဲဟုလည်း တွေးနေမိသည်။



သရဲညီနောင်များ၏ အကြံအစည်မှာ တော်တော် ပိရိ ကြီးမားလှချေသည်။

မည်သို့ပင် ဆိုစေကာမူ ယခုလက်ရှိအခြေအနေ အရဆိုလျှင် သရဲညီနောင်တို့ဘက်မှ အသာစီးရနေပေပြီ။

"အင်း ....ချက်ချင်းကြီးများ ရီချန်းလုံနဲ့ ရီမေတို့ သားအဖကို စီးလိုက်ယင်တော့ ပြဿနာပဲ.... ငါကလဲ မနက်ဖြန်မှ လွတ်မှာဆိုတော့ ခက်တော့တာပဲ–

ဝမ်ရှောင်း ခေါင်းထဲမှာ နောက်လာသည်။

စိုးရိမ်စိတ်တို့က မြည်တမ်းနေသောကြောင့် ဆန္ဒကို ကိုယ်ခန္ဓာက မလိုက်နိုင်သောကြောင့် ဖြစ်သည်။

ထိုစဉ်မှာပင်-

ဝါးတံခါးမကြီး ပွင့်လာသည်။

"ဟော ..."

ဝမ်ရှောင်း မျက်လုံးအစုံက မျှော်ယင်း စိုးရွံ့စွာဖြင့် လှမ်းကြည့် နေမိသည်။

ထွက်လာကြပြီ ဖြစ်သည်။

မြူးရွှင်သော မျက်နှာများဖြင့် မြန်သူရောပို့သူပါ ဖက်လဲတကင်း ရှိနေကြသည်။

တကယ်တော့-

သဌေးကြီး ပုဝမ်ဖန်၏ဟန်ကို ဆောင်ထားသော သရဲညီနောင်တို့၏ အင်ကိုကြီးမှာ သူ့အကြံ အောင်တော့မည်မို့ ဂုဏ်ယူစွာ မြူးရွှင်နေခြင်းဖြစ်သော်လည်း... ရီရှန်းလုံနှင့်ရီမေတို့

သားအဖကမူ လုပ်ငန်းသဘောတရားအရ ပျူငှာစွာ ပြုံးပြုံး ရွှင်ရွှင် ရှိုးရှိုးသားသားဟန်များ ဖြစ်သည်။

"ကဲ ...ကျုပ်တို့ပြန်မယ် .. ရွှေသော့ လူကြီးမင်းတို့ မနက်ဖြန် ဘယ်နှစ်နာရီလောက် ခရီးစထွက်မှာလဲ"

သဌေးကြီး ပုဝမ်ဖန်က မေးလိုက်သည်။

"မနက် နေထွက်တာနဲ့ ခရီးစထွက်မှာပါပဲ"

"ဘယ်လမ်းကများ သွားမှာလဲ တကယ်လို့ လမ်းကြုံယင် ကျုပ်ရဲ့စံအိမ်ကိုဝင်ပြီး တည်းခိုနိုင်ပါတယ်၊ ကျုပ်က မနက် ဖြန်ဆိုယင် အိမ်မှာ ပြန်ရောက်နေလောက်ပါပြီ"

ဝမ်ရှောင်း ရင်ထဲမှာ "မပြောနဲ့ .. မပြောနဲ့"ဟု အော်နေ မိသည်။

တကယ်တော့ သရဲကြီးဟာ ရှိချွန်းလုံကို တမင်သက်သက် ဘယ်လမ်းကသွားမည် ဘယ်အချိန် ထွက်မည်ကို သိလိုသော ကြောင့် စကားနှိုက်နေခြင်း ဖြစ်သည်ကို ဝမ်ရှောင်းက သဘော ပေါက်မိသော်လည်း "ရှိ"သားအဖက မသိကြပါ။

နောက်ဆုံးသွားမည့် အချိန်နှင့် ဖြတ်သန်းမည့် လမ်းကိုပါ ပြောပြနေချေပြီ။

မတတ်နိုင်တော့ပါ။

ဝမ်ရှောင်း ခေါင်းကို တဖက်သို့ ငိုက်စိုက် ချလိုက်မိ သည်။

ပြဿနာမှ တကယ့်ပြဿနာပါပဲ။

× × ×



နောက်မှုနှင့် အသင်လှဲခြင်း

အပြင်း ပြန်လည် မောင်းနှင်သွားသော သရဲညီနောင်တို့၏ မြင်းများနှင့် လှည်းကိုကြည့်ယင်း ဝမ်ရှောင်း စဉ်းစား နေမိ သည်။

"ငါမနက်ဖြန် မနက်ပိုင်း လွတ်ယင်တော့ သိပ်ကောင်း မှာပဲ"ဟု တွေးနေစဉ်မှာပင်-

"ဒီမှာ"

ဝမ်ရှောင်း၏ တကိုယ်လုံးတုန်သွားမိသည်။
ဝမ်းသာသွားခြင်း ဖြစ်သည်။
"ဘယ်လို ဖြစ်နေတာလဲ"
အသံက စူးရှကျယ်လောင်သွားသည်။
ဝမ်ရှောင်းကို ကြည့်ပြီး အံ့ဩသွားပုံရသည်။

ဝမ်ရှောင်း ပါးစပ်မှ အသံထွက်မရသဖြင့် ခေါင်းကို တွင်တွင် ခါပြလိုက်သည်။

သဘောကတော့ ဘယ်လို ဖြစ်မှန်းကို မသိဘူးဟူသည့် သဘောပင်။

"သမီး"

ထိုစဉ်မှာပင် ရီချန်းလုံက သမီးဖြစ်သူ၏နောက်မှ တိုးတိုးကလေး စကားတခွန်း ပြောလိုက်သည်။

ရီမေ မျက်မှောင်ကြုတ်ပြီး တချက်တွေကနဲဖြစ်သွားသည်။
ပြီးနောက်-
ခေါင်းကို တဆတ်ဆတ်ညိတ်ယင်း လှည့်ထွက်သွားသည်။

သူ့သမီး လှည့်ထွက်သွားရာနောက်သို့ ရီချန်းလုံမှာ ထက်ကြပ်မကွာ လိုက်သွားလေတော့သည်။

"ဟင်"

ဝမ်ရှောင်း အံ့အားသင့်သွားသည်။

ဝမ်းသာမည်ကြံကာ ရှိသေးသည်၊ သည်သားအဖ ဘယ်လိုလုပ်သွားသည်ကို သူစဉ်းစား၍ မရပါ။



ထူးတော့ ထူးခြားသည်ဟု ထင်လိုက်မိသည်။
ရီမေသည် သူ့ကို ယခုလိုပုံပျက်ပန်းပျက် တွေ့လိုက်သောအခါ အံ့အားသင့်ခြင်း၊ စိတ်မကောင်းခြင်း၊ သနားသွားခြင်းစသော ပုံသဏ္ဌာန်များ ဖြစ်ပေါ်လာသည်။
မျက်နှာကို ဝမ်ရှောင်း ကောင်းကောင်း တွေ့လိုက်သည်။
သို့သော် ယခုမူ အဘယ်ကြောင့် ဤကဲ့သို့ပြုမူသွားပါသနည်း၊ သူနည်းနည်းမှ စဉ်းစားမရပဲ ဝမ်ရှောင်း ကျန်နေခဲ့သည်။

× × ×

မနက်ဖြန် လပြည့်ညမို့ထင်သည်။ သည်ကနေ့ညတွင် လမပြည့်တပြည့် သာနေသောကြောင့် ပတ်ဝန်းကျင်ကို အလင်းရောင်နှင့် မြင်နေရသည်။
ဝမ်ရှောင်း စိတ်ကိုတည်ငြိမ်အောင် ကြိုးစားပြီး ရပ်နေသည်။ သည်ကနေ့ည ပိုပြီးအခြေအနေဆိုးသည်။
ညနေစာပင် လာရောက်မကျွေးမွေးချေ။
"ငါဟာတဖြည်းဖြည်း လွတ်ခါနီးလေ အခြေအနေ ဆိုးလာလေပါလား.... ဟား ဟား ဟား"
ဝမ်ရှောင်း စိတ်မညစ်တော့ပါ။
ထူးမှမထူးပဲမဟုတ်လား။

ညချမ်းလေဟာ ငွေကနဲ တိုက်ခိုက်လိုက်သဖြင့် ဝမ်ရှောင်း တုန်သွားသည်။

ထိုစဉ်မှာပင်....

"ဖြတ်.... ဖြတ်.... ဖြတ်—"

ဝမ်ရှောင်း ခြေသံကြားလိုက်ရသည်။

ခါတိုင်းညဆိုလျှင် သူ့ထံသို့ မည်သူမှမလာပဲ တယောက်တည်း ပစ်ထားစမြဲ၊ ယခုညမှ ထူးထူးဆန်းဆန်း ဘာတွေများ လုပ်ဦးမလို့ပါလိမ့်ဟု ဝမ်ရှောင်း တွေးမိသည်။

"ဖြတ်.... ဖြတ်"

နီးလာသည်နှင့်အမျှ လူလုံးကွဲလာသည်။

စုစုပေါင်း လူသုံးယောက်ဖြစ်သည်။

လရောင်နှင့်နီးလာသော မျက်နှာများကို စေ့စေ့ကြည့်လိုက်သောအခါ သူတို့ကို မည်သူမည်ဝါမှန်း ဝမ်ရှောင်းသိလိုက်ရသည်။

"ဟင်... ရီမေတို့ပါလား"

စိတ်ထဲမှ ရွတ်ဆိုလိုက်မိသည်။

ဝမ်းသာအားရတော့ မဖြစ်မိတော့ပါ၊ ဖြစ်လည်း မဖြစ်ချင်တော့ပါ။

အဘယ်ကြောင့်ဆိုသော် ဝမ်းသာစရာဟု တွေးပြီး ဝမ်းသာလိုက်မိရာက မဟုတ်တာဖြစ်သွားလျှင် သက်သက် စိတ်ဆင်းရဲဦးမည်မို့ပင်။



"အိုး... ရီချန်းလုံနဲ့ တတိယခေါင်းဆောင်ပါ ပါလာတာကိုး"

မှန်သည်။ သူတို့သုံးယောက် မှောင်မှ ထွက်လာကြခြင်းဖြစ်သည်။

"ကဲ... သူ့ကို သော့တွေဖြုတ်ပေးလိုက်ပါ"

ရီချန်းလုံထံမှ ထွက်လာသော စကားသံဖြစ်သည်။

"အား... "

ခုမှ ဝမ်ရှောင်း ဝမ်းသာရဲသွားသည်။

ဒါတောင် လွတ်လွတ်ကင်းကင်း ဝမ်းမသာရဲပေ၊ ဒီက လွတ်ပြီး ဘယ်ကိုသွားရမည်ကို မသိသေး။

"ချွင်.... ကလောက်"

တတိယခေါင်းဆောင်က သော့ကို ဖြုတ်ပေးလိုက်သဖြင့် လူနှင့်တွဲချည်ထားသော သံကြိုးတို့ လျော့ရဲသွားသည်။

ကျောက်တိုင်နှင့် လွတ်သွားသည်နှင့် ဝမ်ရှောင်းလက်မှ ကြိုးတို့ကို ခါချလိုက်သည်။

"ကလောင်.... ချွင်.... ချွင်"

သံကြိုးတွေ မြေပေါ်သို့ ပုံကျသွားသည်။

"အား.... ဟား.... ဝူ.... ဝ"

ဝမ်ရှောင်း ဝမ်းသာအားရ ခုမှလွတ်တော့တယ်ဟု ပြောလိုက်သော်လည်း ပါးစပ်တွင် ပိတ်ဆို့ချည်နှောင်ထားသော အဝတ်တို့ကို သတိမထားမိသဖြင့် ကိုးယိုးကားရားအသံတွေ ထွက်လာသည်။

ညချမ်းလေဟာ ငွေကနဲ တိုက်ခိုက်လိုက်သဖြင့် ဝမ်ရှောင်း တုန်သွားသည်။

ထိုစဉ်မှာပင်....

"ဖြတ်.... ဖြတ်.... ဖြတ်—"

ဝမ်ရှောင်း ခြေသံကြားလိုက်ရသည်။

ခါတိုင်းညဆိုလျှင် သူ့ထံသို့ မည်သူမှမလာပဲ တယောက်တည်း ပစ်ထားစမြဲ၊ ယခုညမှ ထူးထူးဆန်းဆန်း ဘာတွေများ လုပ်ဦးမလို့ပါလိမ့်ဟု ဝမ်ရှောင်း တွေးမိသည်။

"ဖြတ်.... ဖြတ်"

နီးလာသည်နှင့်အမျှ လူလုံးကွဲလာသည်။

စုစုပေါင်း လူသုံးယောက်ဖြစ်သည်။

လရောင်နှင့်နီးလာသော မျက်နှာများကို စေ့စေ့ကြည့်လိုက်သောအခါ သူတို့ကို မည်သူမည်ဝါမှန်း ဝမ်ရှောင်းသိလိုက်ရသည်။

"ဟင် ... ရိမေတို့ပါလား"

စိတ်ထဲမှ ရွတ်ဆိုလိုက်မိသည်။

ဝမ်းသာအားရတော့ မဖြစ်မိတော့ပါ၊ ဖြစ်လည်း မဖြစ်ချင်တော့ပါ။

အဘယ်ကြောင့်ဆိုသော် ဝမ်းသာစရာဟု တွေးပြီး ဝမ်းသာလိုက်မိရာက မဟုတ်တာဖြစ်သွားလျှင် သက်သက် စိတ်ဆင်းရဲဦးမည်မို့ပင်။



"အိုး ... ရိချန်းလုံနဲ့ တတိယခေါင်းဆောင်ပါ ပါလာတာကိုး"

မှန်သည်။ သူတို့သုံးယောက် မှောင်မှ ထွက်လာကြခြင်းဖြစ်သည်။

"ကဲ ... သူ့ကို သော့တွေဖြုတ်ပေးလိုက်ပါ"

ရိချန်းလုံထံမှ ထွက်လာသော စကားသံဖြစ်သည်။

"အား ... "

ခုမှ ဝမ်ရှောင်း ဝမ်းသာရဲသွားသည်။

ဒါတောင် လွတ်လွတ်ကင်းကင်း ဝမ်းမသာရဲပေ၊ ဒီက လွတ်ပြီး ဘယ်ကိုသွားရမည်ကို မသိသေး။

"ချွင်.... ကလောက်"

တတိယခေါင်းဆောင်က သော့ကို ဖြုတ်ပေးလိုက်သဖြင့် လူနှင့်တွဲချည်ထားသော သံကြိုးတို့ လျော့ရဲသွားသည်။

ကျောက်တိုင်နှင့် လွတ်သွားသည်နှင့် ဝမ်ရှောင်းလက်မှ ကြိုးတို့ကို ခါချလိုက်သည်။

"ကလောင်.... ချွင်.... ချွင်"

သံကြိုးတွေ မြေပေါ်သို့ ပုံကျသွားသည်။

"အား.... ဟား.... ဝူ.... ဝ"

ဝမ်ရှောင်း ဝမ်းသာအားရ ခုမှလွတ်တော့တယ်ဟု ပြောလိုက်သော်လည်း ပါးစပ်တွင် ပိတ်ဆို့ချည်နှောင်ထားသော အဝတ်တို့ကို သတိမထားမိသဖြင့် ကိုးယိုးကားရားအသံတွေ ထွက်လာသည်။

ဝမ်ရှောင်း ရယ်ချင်သွားသည်။

"ဟိုဘက်ကို လှည့်လိုက်ပါ ကျွန်မဖြုတ်ပေးပါ့မယ်"

ဝမ်ရှောင်း ချက်ချင်းလှည့်ပေးလိုက်သည်။

ရိမေ နောက်မှချည်ထားသော အဝတ်စကို ဖြုတ်ပေးလိုက်သည်။

"အင်း... လေးငါးဆယ်ပတ်လောက် ခပ်တင်းတင်း ချည်ထားခဲ့တာမဟုတ်ဘူး ချည်တဲ့ကောင်တွေဟာ တော်တော်ကို ညံ့တဲ့ကောင်တွေပဲ" ဟု စိတ်ထဲမှ တွေးလိုက်မိသည်။

"ဘယ်လိုကြောင့် ဒီလိုတွေ ဖြစ်ကုန်ရတာလဲ"

ရိချန်းလုံက မေးသည်။

ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ဝမ်ရှောင်းသည် ဘာမှ ပြန်မပြောပဲ သူ့စုတ်ပြတ်နေသော အဝတ်အစားများကို ပွတ်သပ်နေလိုက်သည်။

"ရိုက်လဲရိုက်ထားတယ် ထင်တယ်"

"ဟုတ်တယ် ကျုပ်မသေတာ ကံကောင်းတယ်"

ဝမ်ရှောင်း ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"အို... စိတ်မကောင်းစရာပဲရှင်"

"မင်းတို့ကတော့ စိတ်မကောင်းစရာ ဖြစ်တာပေါ့၊ ငါ့မှာသာ ဒုက္ခကို ရောက်နေတာပဲ"

"အဲဒီကောင်ကို မှတ်မိသလား တူမောင်"

"ကျွန်တော်မှတ်မိလဲ မမှတ်မိဘူးလို့ ပြောမှာပါ၊ ဘာလို့လဲဆိုတော့ သူကတာဝန်ကျေအောင် ဆောင်ရွက်တာပါ"



ဝမ်ရှောင်းက ခွင့်လွှတ်ဟန်နှင့် ဖြေလိုက်သည်။

"ကဲ .. လာ အထဲကိုသွားရအောင်"

"ဘာလဲ ... ဒါကျွန်တော့်ကို လွှတ်တာလား"

"ဟုတ်တယ် .. အခုသန်းခေါင်ကျော်နေပြီပဲ ဒီတော့ ခုနစ်ရက်ပြည့်ပြီလို့ ပြောလို့ရပါတယ်"

"ဗျာ .. သန်းခေါင်ကျော်ပြီ ဟုတ်လား"

ဝမ်ရှောင်း အံ့ဩစွာမေးလိုက်သည်။

"အေး.... ဟုတ်တယ်"

ရိချန်းလုံက ပြန်ဖြေလိုက်သည်။

စကားဆုံးသည်နှင့် ရှေ့မှဦးဆောင်ပြီး အိမ်ဝင်းထဲသို့ ဝင်သွားလေတော့သည်။

ဝမ်ရှောင်းမှာ ရိမေ၏မျက်နှာလေးကို ခိုးကြည့်ခိုးကြည့်လုပ်နေသဖြင့် ရိချန်းလုံဝင်သွားသည်ကို သတိမထားမိလိုက်ပါ။

"ကဲ ... လာ"

ရိမေက ရှေ့မှ ထွက်သွားပြန်သည်။

နောက်မှာသာ တတိယရွှေသော့ခေါင်းဆောင်နှင့် သူသာ ကျန်ရစ်ခဲ့သည်။

× × ×

"သူတို့ သွားကြပြီ လာလေဗျာ"

ထိုသူက ခေါ်လိုက်သည်။

ခုမှ ဝမ်ရှောင်း စကားပြောဖြစ်သည်။

"ကျွန်တော် ခင်ဗျားကို စကားတခွန်းလောက် ပြောချင်တယ်။ စောစောက ရှိသွားအဖရှေ့မှာ ပြောရမယ့်စကားပေမယ့် ဝမ်းသာလွန်းပြီး ဒီစကားကို မေ့နေတယ်ဗျာ"

ဝမ်ရှောင်းက ပြောလိုက်သည်။

"ဘာများလဲ ပြောပါ၊ ရပါတယ်"

ထိုတတိယခေါင်းဆောင်သည် တွေခါစလို မဟုတ်ပါ၊ သူ့ကို ငယ်ပေါင်း ကြီးဖော် မိတ်ဆွေတဦးလို ဆက်ဆံသည်။

"ခင်ဗျား မနက် ခေါင်းဆောင်ကြီး ခရီးထွက်ယင် လိုက်သွားရမှာလား"

"ဗျာ"

ဝမ်ရှောင်း၏အမေးကြောင့် တတိယခေါင်းဆောင် မျက်လုံးပြူးသွားရသည်။

"ဒီအကြောင်းကို ဘယ်လိုလုပ် သိသလဲ"

အသံက မသက်သာဟန်အပြည့်နှင့် မေးလိုက်သည်။

"ကျွန်တော် သိတာကို ခင်ဗျား အံ့သြနေသလား၊ ကျွန်တော် သိတာမှ အကုန်သိထားပါတယ်၊ ခင်ဗျားတို့ ကျန်ဆုပြည်နယ်ကို ကျန်ဆုမြို့စားကြီးအတွက် နဂါးနှင်းဆီဆိုတဲ့အရုပ်ကို သွားပို့မှာ ဟုတ်လား"



"ဘာ"

တတိယခေါင်းဆောင်၏ အသံက ကျယ်လောင် သွားသလို၊ ဝမ်ရှောင်းကို စေ့စေ့စိုက်ကြည့်လိုက်သည်။

"ဒီ...ဒီအကြောင်းဟာ တို့အတွင်းမှာ "ရှိ" သားအဖရယ်၊ ဒုတိယခေါင်းဆောင်ရယ်၊ ငါရယ်ကလွဲပြီး ဘယ်သူမှ သိတဲ့ကိစ္စ မဟုတ်ဘူး၊ အပြင်ကို သတင်းလွှင့်ထားတာက ကျားရုပ်တရုပ်နဲ့ နှင်းဆီပွင့်ပုံဖော်ထားတဲ့ ရွှေပန်းခိုင်တွေပို့မယ်လို့ သတင်းလွှင့်ထားတာကွ၊ အဲဒါဟာ ဘာလို့သတင်းလွှင့်ထားသလဲဆိုတော့...."

"လမ်းက ဖြတ်တိုက်မယ့် လူဆိုးအဖွဲ့တွေကို လှည့်စားတာ ဆိုပါတော့"

ဝမ်ရှောင်းက ကြားမှ ဖြတ်ပြီး မေးလိုက်သည်။

"ဟုတ်လဲ ဟုတ်တယ်... ဟုတ်လဲ မဟုတ်ဘူး၊ ဒီစကားဟာ တကယ့် တရားခံတွေကို ထောင်ဖမ်းတာပဲ၊ ခုပို့မယ့် ပစ္စည်းဟာ ကျားနဲ့နှင်းဆီ မဟုတ်ပဲ၊ နဂါးနှင်းဆီအရုပ်ပါလို့ သိတဲ့ လူဟာ သူလျှိုဒမြတယောက်ဆိုတာ သိအောင် အကွက်လှည့်ထားတာပဲ၊ ခုမင်းက သိနေတယ်ဆိုတော့..."

"အို...."

ဝမ်ရှောင်း အခက်တွေ့သွားသည်။

သူ မိမိကို အထင်လွဲပြီဟု သိလိုက်ရသည်နှင့် ဝမ်ရှောင်းစိတ် ညစ်သွားသည်။

ထိုစဉ်မှာပင်....

"ယား…."

"ဟာ"

"ဝှစ်"

ဝမ်ရှောင်း ရုတ်တရက် နောက်ကို ခုန်ရှောင်လိုက်ရသည်။

နို့မို့ဆိုလျှင် ဝမ်ရှောင်း၏ ရင်ဘတ်တခုလုံးကွဲထွက်သွားနိုင်သော လက်ဝါးရိုက်အားတခုပင်ဖြစ်သည်။

တတိယရွှေသော့ခေါင်းဆောင်က သူ့အလင်တွင် ရင်ဘတ်ကို ရိုက်ထည့်လိုက်ခြင်းဖြစ်သည်။

"အို… ခင်ဗျား ဘာလို့ ကျုပ်ကို တိုက်ခိုက်ရတာလဲ"

ဝမ်ရှောင်းက ကမန်းကတန်း မေးလိုက်သည်။

"မင်းဟာ တို့အတွင်းရေးကို စုံစမ်းနေတဲ့ ဒုစရိုက်သမားတယောက် မဟုတ်လား"

"မဟုတ်ဘူး၊ ခင်ဗျား မှားနေပြီ"

"မမှားဘူး-ဒီကိစ္စဟာ သိပ်မှန်တဲ့ကိစ္စပဲ"

"ဝှီး…."

"ယား"

"ဝှစ် ဝှစ်"

"အို…."

ဝမ်ရှောင်း အလူးအလဲ ရှောင်နေရသည်။

"ဂျိုင်း…."

ထိုစဉ် ဝင်းတံခါးပေါက်ဝတခု ပွင့်လာပြီး လက်နက်ကိုင်သိုင်းသမားငါးယောက် ထွက်လာခဲ့သည်။



"ဟိတ် ဒီကောင်ကို ဝိုင်းဖမ်းကြစမ်း"

တတိယခေါင်းဆောင်၏နှုတ်မှ လှမ်းပြီး အမိန့်ပေးလိုက်ခြင်းဖြစ်သည်။

ဝမ်ရှောင်း မျက်လုံးပြူးသွားရသည်။ သူ့ကို သေသေချာချာ အထင်လွဲနေပြီဟု နားလည်လိုက်မိသည်။

ချက်ချင်း တဘက်သို့ လှည့်လိုက်သည်။

"ယား"

"ဝှစ်"

"ရှမ်း"

ထိုးသံ၊ ဓားခုတ်သံတို့က တပြိုင်နက်ဆိုသလို ပေါ်လာကြပြီး ဝမ်ရှောင်းကို ဝိုင်းတိုက်ခိုက်ကြတော့သည်။

"ခင်ဗျားတို့ မှားနေပြီ၊ ခဏ… ခဏ နေကြပါဦး"

ဝမ်ရှောင်း ပျာပျာသလဲ လှမ်းပြီး တားဆီးလိုက်သည်။

မရတော့ပါ။

တမိန့် တအာဏာ၊ တသြဇာကိုသာ နားထောင်တတ်သည့် ကြေးစား ဓားသမားများသည် ဝမ်ရှောင်း ဘယ်လိုပင် တားတား မရတော့ပါ။

"ဒီကောင်ဟာ တို့အတွက်အန္တရာယ်ကောင်ပဲဟေ့၊ မိအောင်ဖမ်းစမ်း"

တတိယခေါင်းဆောင်သည် ထပ်မံ အမိန့်ပေးလိုက်ကာ သူကိုယ်တိုင်လည်း ဝင်ရောက်တိုက်ခိုက်သည်။

"ဟာ...ပြဿနာပဲ...ဟော့၊ ဒီမှာ မင်းတို့ရပ်လိုက်စမ်း"

ဝမ်ရှောင်း၏ အသံကဟိန်းထွက်သွားသည်။

ရုတ်တရက် အော်ဟစ်လိုက်သော အသံမို့ တိုက်ခိုက်နေသော ဓားသမားများ တုံ့ကနဲရပ်သွားကြသည်။

"ဒီမှာ ကျုပ်ကသူခိုးလဲမဟုတ်ဘူး၊ ဒမြလဲမဟုတ်ဘူး၊ နားလည်လား၊ ကျုပ်ကို ဝိုင်းတိုက်နေလို့ အပိုပဲ"

"ဟိတ်ကောင်တွေ သူပြောတာ မယုံကြနဲ့ ဝင်တိုက်ကြစမ်း"

တတိယ ခေါင်းဆောင်က ပြောပြောဆိုဆို သူ့လက်ထဲမှ လှံတိုနှစ်ချောင်းနှင့် တအားကုန် ဝင်ရောက် တိုက်ခိုက်တော့သည်။

"ဝီး...ဝီး"

သိုင်းကွက်တွေက စိပ်သည်။

တိုက်လိုက်သည့် အချက်တိုင်းလိုလို သေကွင်း သေကွက်များကိုသာ ရွေးချယ် တိုက်ခိုက်နေခြင်းဖြစ်ရာ ဝမ်ရှောင်း မျက်လုံးအပြူးသားနှင့် ရှောင်ရှားနေရသည်။

"ဟိတ်"

"ဝုစ်"

"ဗြု"

"အား"

ထိသွားပြီး သွေးတွေရဲကနဲ ထွက်လာသည်။



သူ့ကိုယ်မှ သွေးများထွက်လာသလို စိတ်ထဲမှလည်းဒေါသဖြစ်သွားရသည်။

"တောက်... ဒီလောက် တောင်းပန်လို့မရတဲ့ဟာတွေသိရောပေါ့ကွာ"

"ရှမ်း"

ဝမ်ရှောင်း ဓားဆွဲထုတ်လိုက်ပြီး—

ဝမ်ရှောင်း၏ မျက်နှာမှာ ဒေါသကြောင့် ရဲရဲတွတ်အောင် နီနေသည်။

ယင်း မျက်နှာကြောင့်လည်း ဝမ်ရှောင်း၏ ရုပ်မှာ ချက်ချင်း ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပြောင်းလဲသွားသည်။

"ကဲ..."

"ရှီ...ရှီ..."

"ငှစ်..."

လက်ထဲမှ ဓားကိုဝှေ့၍ သူ့ရှေ့တည့်တည့်မှရှိသောတတိယ ခေါင်းဆောင်ကို ဝင်ရောက်တိုက်ခိုက်လိုက်သည်။

"ဟော့...ပြန်ချနေပြီ ဝိုင်းတိုက်"

ကျယ်လောင်သော လေသံကြောင့် ရွှေသော့အာမခံအဖွဲ့မှ လူများ ဝမ်ရှောင်းကို သဲသဲမဲမဲ ဝင်ရောက် တိုက်ခိုက်ကြတော့သည်။

"လာကြစမ်း"

"ဝှီး . ဝှစ်"

"အား"

ဝမ်ရှောင်း၏ သေနင်.ဖိဘ်ခေါ်သံမှားချက်က ကြောက်ဖို့ကောင်းလှသည်။

သုံး၀ တဖက်လူများကို အနီးကပ်မခံပါ။

တချက်ဆို ဆိုသလောက် ထိရောက်လှသော သိုင်းကွက်ပင်ဖြစ်သည်။

သိုင်းကွက် စုစုပေါင်း ဆယ်ကွက် ကျော်ကျော်မှာပင် ရွှေသော့အဖွဲ့ဝင် ငါးယောက် ကျဆုံးသွားပြီ ဖြစ်သည်။

"ဝှီး...ဝှီး"

လုံတိုနှစ်ချောင်းကလည်း ဝမ်ရှောင်း၏ အသက်ကို ရန်ရှာနေကြပြီ ဖြစ်သည်။

× × ×

"အင်း....ငါသူ့ကို ညှာနေလို့တော့ မဖြစ်တော့ဘူး" ဟု တွေးလိုက်မိသဖြင့် သေမင်းလက်ဆောင် ဓားကွက်ကို သုံးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

တတိယ ခေါင်းဆောင်မှာ ဝမ်ရှောင်းကို အထင်မသေးပါ။



ပထမ ဤရွှေသော့ ပိုင်နက်ထဲကို စတင် ရောက်သည့်နေ့က ဝမ်ရှောင်း၏ အရည်အချင်းကို သိထားပြီးသည်မို့ ဂရုတစိုက် တိုက်ခိုက်နေသည်။

သို့သော်လည်း-

"ဟေး"

ဝမ်ရှောင်း လေထဲကို ခုန်တက်သွားသည်။

"ဝှစ်..ဝှစ်"

လေထဲကို ခုန်တက်သွားသည့် ဝမ်ရှောင်းထံသို့ လေအလျင်သို့ ထွင်းဖေါက်လာသော လုံတိုနှစ်ချောင်း-

တတိယခေါင်းဆောင်၏ လက်ချက်ဖြစ်သည်။

လေထဲဝယ် ဘယ်လိုမှရှောင်၍ မရမှန်းသိထားသည်ကြောင့် အပိုင်တွက်ပြီး ပစ်ထည့်လိုက်ခြင်း ဖြစ်သည်။

"ထန်....ဝှီး"

"ထန် ...ဝှီး"

ဝမ်ရှောင်း ပြူးပြူးပျာပျာ ဖြစ်မသွားပါ၊ သူ့ထံသို့ ဝဲပျံဝင်လာသော လုံတိုနှစ်ချောင်းကို လက်တဖက်မှ ဓားဖြင့် လည်းကောင်း၊ လက်အဖက်မှ ဓားအိမ်ဖြင့် လည်းကောင်း တန်ပြန် ရိုက်ထုတ်လိုက်နိုင်သည်။

"ဝှီး "

"ဝှစ်"

လုံနှစ်ချောင်းလုံး ထိချက်မှန်စွာ တတိယ ခေါင်းဆောင်ထံသို့ ပြန်ဝင်လာကြသည်။

"ဟာ ..."

တတိယ ခေါင်းဆောင် အံ့အားသင့်သွားသည်။

ခပ်ခပ်ပေါ့ပေါ့ရပ်လျက် အပိုင် တွက်ထားသော တတိယ ခေါင်းဆောင်မှာ လှုပ်ရှားမှု များစွာ နောက်ကျသွားပြီ ဖြစ်သည်။

"အာ့ .. အား"

အသံနက်ကြီးသာ ကျယ်လောင်စွာ ထွက်ပေါ် လာသည်။

အားလုံး ထိတ်လန့်တကြား ဖြစ်သွားကြသည်။

လုံ့နှစ်ချောင်းလုံး စူးဝင်ကာ လဲကျသွားသော သူတို့ တတိယခေါင်းဆောင်ကို ကြည့်ပြီး ကြောင်သွားကြသည်။

"ကဲဟော့ ..."

"ဗြိုး ..."

"ဝုဝ်"

"အား ... အင့် ... အိုး ..."

အသံတွေက စုံလင်လှသည်။

ရွှေသော့အဖွဲ့ဝင် သုံးယောက် တပြိုင်နက် လဲကျ သွားသည်။

"ဟိုတအုပ် လိုက်ကြစမ်း"

ထိုစဉ်မှာပင် ချိန္တဲသော်လည်း မာန်ပါသော အသံတသံ တံခါးပေါက်ဆီမှ ထွက်ပေါ်လာသည်။



ဝမ်ရှောင်း ရုတ်တရက် လှည့်ကြည့်လိုက်သည်။

သူထင်သည့် အတိုင်းပင် ရိမေဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"ဘယ်လို ဖြစ်ကြတာလဲ၊ ရှင့်လက်ထဲက လက်နက်ချလိုက်ပါ"

ရိမေက တင်းမာသော လေသံဖြင့် လှမ်းပြော လိုက်သည်။

တဖန်ဆက်၍-

"ကျွန်မတို့က ရှင့်ကိုလိုက်လျောပြီး ဓားကိုတောင် မသိမ်းဆည်းမိတာ အမှားပဲ"

ဝမ်ရှောင်း စိတ်ထဲမှာ မခံချင်သလို ဖြစ်သွားကာ-

"ကျုပ်ဆီမှာ ဓားရှိနေလို့ ခု ကျုပ်မသေတာပေါ့၊ တကယ်လို့ ဓားသာမရှိလို့ မခုခံနိုင်ယင် ဘာအပြစ်မှမရှိပဲ ကျုပ်သေရမှာ"

"ဘယ်လို"

ရိမေ ဝမ်ရှောင်း၏စကားကို နားမလည်သလို စူးစိုက်ကြည့်ယင်းမှ မေးလိုက်သည်။

"ဟုတ်တယ် ကျုပ်မှာ ဘာအပြစ်မှမရှိပဲ သူတို့က တိုက်ခိုက်တာ"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ဒီလူဟာ ဒမြတေ့ရဲ့ သူလျှိုတယောက်ပဲ၊ သခင်မတို့ရဲ့ လုပ်ငန်းတွေကို သူအကုန် လေ့လာသိရှိနေတယ်"

"အဲဒါကြောင့် ကျဆုံးသွားတဲ့ တတိယခေါင်းဆောင်ကြီး၊ တိုက်ခိုက်တာပါ၊ သူ့ရဲ့ လျှို့ဝှက်ချက်တွေ ပေါ်မှာ စိုးလို့ ခေါင်းဆောင်ကြီးကို သက်သက် သတ်ပစ် လိုက်တာပါ"

နံဘေးမှ ကြေးစားဓားသမားများက ဘာမှမသိပဲ ကျဆုံးသွားသော သူတို့ ဆရာဘက်မှလိုက်ပြီး မတရား ပြောလိုက်ကြသည်။

"ဩြော်...ရှင်ကဒီလိုကိုး"

ရီမေ၏ မျက်လုံးအစုံက မီးဝင်းဝင်း တောက်သွားသည်။

"ဟာ...မဟုတ်ဘူး...ဒါလုံးဝမဟုတ်ဘူး"

ဝမ်ရှောင်း တကိုယ်လုံး ဆတ်ကနဲဖြစ်သွားကာ အတင်းအော်ပြီး ငြင်းလိုက်သည်။

× × ×

"ဟုတ်တာ မဟုတ်တာ ထားလိုက်ပါ၊ ခုပဲ လောလောဆယ် ကျွန်မတို့ရဲ့ တတိယခေါင်းဆောင် ရှင့်လက်ချက်နဲ့ သေဆုံးသွားခဲ့ပြီ"

"ဒါဟာ သူ့ရဲ့မိုက်မဲ့မှုကြောင့် သူသေသွားခဲ့တာပဲ"

"ဟိတ် ...ဒီကောင်ကို တိုက်ကြစမ်း"



နောက်ထပ် အသံတသံက ထွက်လာသည်။
ဝမ်ရှောင်း လှည့်မကြည့်ပဲ သိလိုက်သည်။
ရီချန်းလုံ၏ အသံဖြစ်သည်။
"ခဏနေပါဦး ကျုပ်ရှင်းပြပါရစေဦး တကယ်တမ်း"
"တိုက်"
"ဟေး...."
"အား"

ဝမ်ရှောင်း စကား မဆုံးမီမှာပင် လူတွေ ခုန်ပြီးဝင် လာကြသည်။

"ဝှစ်"

"ချွမ်"

သံကိုသံချင်းထိသံတွေ၊ လေထဲမှာ ပလူပျံနေသော ဓားသံတွေက ဝမ်ရှောင်း ပတ်ဝန်းကျင်မှာ ဆူညံနေသည်။

"အိုး...."

"ဝှစ်"

"ထင်း"

ဝမ်ရှောင်း ဘာမှမတတ်နိုင်တော့ပါ၊ သူ့အသက်၊ ကိုယ့်အသက် လုရသည့်ပွဲဖြစ်ခြင်းကြောင့် လက်ထဲမှ ဓားကို ဝှေ့ရမ်းပြီး ပြန်လည်တိုက်ရတော့သည်။

"ဟိတ်....ဒီကောင် တို့ကို ပြန်တိုက်နေပြီ၊ ဖိတိုက်ထားမေ်း၊ ငါပါ ဝင်မယ်"

ဝမ်ရှောင်း ရင်ထဲတွင် ထိတ်လန့်သွားသည်။

တကယ်တော့ 'ခ္ခိ'သားအဖနှင့် လုံးဝမတိုက်လိုပါ။

သို့သော်-ယခုလက်ရှိ အခြေအနေက မတိုက်လို့လည်း မဖြစ်သည့် အခြေအနေမို့ တိုက်ကိုတိုက်ရပေတော့မည်။

"ဖတ်"

လက်ဝါးတချက် ရိုက်သွင်းခြင်းကို ခံရသည်။

"ဖောင်း"

ဝမ်ရှောင်း ကိုယ်ကိုစောင်းပြီး ဗယ်ဘက်လက်ဖြင့် ခံလိုက်ရာ လက်ဝါးနှစ်ခု ထိခိုက်မိသောအသံမှာ ကြောက်မက်ဖွယ် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ရီချန်းလုံ အံ့အားသင့်သွားသည်။

သိုင်းလောကတွင် သူ၏ တောင်ဖြိုလက်ဝါး သိုင်းကွက်ကို ဤကဲ့သို့ ထိပ်တိုက် တုံ့ပြန်ရဲသည့်သူ မရှိချေ။

ရှောင်ထွက်ခြင်း၊ နောက်ဆုတ်ခြင်းတို့သာ တွေ့ဖူးသည်။

"အိုး...."

သို့သော်လည်း ယခု ဝမ်ရှောင်းမှာ ရုတ်တရက် တုံ့ပြန်ကာ တဖက်တည်းဖြင့် ခံလိုက်မိသည်မှာ သက်သာ လှသည်တော့ မဟုတ်ပါ။

လက်တခုလုံး ပြုတ်ထွက် ကြေမွသွားမတတ် ခံလိုက်ရသည်မှာ ပါးစပ်က 'အိုး' ဟု အော်လိုက်သည်ကြောင့် သိသာလှသည်။



"ဗွီး....ဝီ....ဝီ....ဖန်း"

"ရှမ်း"

လွင့်ပါးသော ပုဝါစကလေးတစက ထပ်မံပျံဝဲလျက် ဝင်လာသည်ကို တွေ့လိုက်ရပြန်သည်။

မထင်မှတ်စရာ တိုက်ကွက်ဆန်း တခုပင် ဖြစ်သည်။

သာမန်ကြည့်မည်ဆိုလျှင် ပိုးပုဝါစကလေးတစ လေထဲတွင် လွင့်ပါလာသည်ဟု ထင်ရမည်။

သို့သော် ယင်းပိုးပဝါစကလေးမှာ လူကိုသေစေနိုင်လောက်ကြောင်း ဝမ်ရှောင်း ကောင်းကောင်းသိသည်။

ထို့ကြောင့် ကမန်းကတန်း လက်တဖက်မှ ဓားအိမ်နှင့် ရိုက်ခတ်ဖယ်ထုတ်လိုက်ခြင်းဖြစ်ပါသည်။

"အား....ပြင်းထန်လှချည်လား"

နှုတ်မှ တီးတိုးရေရွတ်မိသည်။

မှန်သည်၊ ရီမေ၏ ပိုးပဝါ တိုက်ကွက်ကလည်း ဤရွှေသော့ဂေဟာ၏ သိုင်းအဖွဲ့မှ နာမည်ကြီး သိုင်းကွက် တကွက်ဖြစ်သည်။

ဝမ်ရှောင်း မလွယ်မှန်းသိသည်။

တကယ်တမ်း တိုက်မည်ဆိုလျှင် သူတိုက်ခိုက်ရဲသည်။

သို့သော် နှစ်ဦးနှစ်ဖက် အထိနာကြမည်မှာ ကျိန်းသေနေသည်။

ဘယ်နည်းနှင့်မျှ ဤ"ခ္ခိ"သားအဖနှင့်အသက်ယှဉ်ပြီး သူမလုနိုင်ပါ။

× × ×

ထို့ကြောင့်....

"ဒီမှာ ကျုပ်စကား တခွန်းပြောပါရစေ"

"မင်းဘာလိမ်ချင်သေးလို့လဲ"

"ကျွန်တော် မလိမ်ပါဘူး၊ တကယ်တော့ ဦးရိုးတော်တို့ ကျွန်တော့်ကို အထင်လွဲနေကြတာပါ"

"တဘီယ ခေါင်းဆောင်ဟာလဲ အထင်လွဲမှုကြောင့်နဲ့လိုဖြစ်သွားရတာပါ"

"ဘာလဲ...ရှင်က ကျွန်မတို့ကိုလဲ ဒီလို ဖြစ်သွားနိုင်တယ်လို့ ခြိမ်းခြောက်နေတာလား"

ရီမေက ဝင်ရောက် ပြောဆိုလိုက်သည်။

"မဟုတ်ပါဘူး၊ ခုနေမှာ ကျွန်တော်ဟာ ရန်သူမဟုတ်ပါဘူး"

"ဘယ်သူက ရန်သူလဲ"

"ဦးရိုးတော် တို့ဆီ လိုက်လာတဲ့ သဌေးကြီး ပုဝမ်ဖန် ဘာဖြစ်ခေါင်းဆောင်ထားတဲ့ ဒမြကြီးကသာ ရန်သူပါ"

"ဘာ"

"ဟုတ်ပါတယ်"

ရီချန်းလုံက မယုံကြည်သော မျက်နှာဖြင့် "ဘာ"ဟု ဆော် လိုက်သည်။

"မင်းဘာတွေ လျှောက်ပြောနေတာလဲ၊ ဒါဟာသဌေးကြီးကို သက်သက်နာမည်ဖျက်တာပဲ"

"ဟုတ်ပါတယ်...အဲဒါ သဌေးကြီးအစစ်မဟုတ်ပါဘူး"

"တော်စမ်း မင်းပါးစပ်ပိတ်ထားလိုက်"



"သူလာအပ်သွားတဲ့ သေတ္တာတွေထဲမှာ ..."

"ဟိတ်တော် မင်းကြောင့် သဌေးကြီး ငါ့ကိုစိတ်ဆိုးသွားမယ်၊ တိတ်ဆိုတိတ်"

ရီချန်းလုံက စကားဆုံးသည်နှင့်....

"ဝှစ်...ဝှစ်...ဝှီး"

လက်ဝါးသုံးချက်ကို ဆက်တိုက်ရိုက်ပြီး ဝင်လာသည်။

"ဟီး...ဟား"

သည်တခါတွင်မူ ဝမ်ရှောင်း ပါးနပ်သွားပြီဖြစ်သည်။ ပထမတချက်ကတည်းက မှတ်သွားခြင်းဖြစ်သည်။ ထိပ်တိုက်မဝင်တော့ပဲ နောက်သို့ ကမန်းကတန်းဆုတ်ရှောင်သွားသည်။

× × ×

"ဝီး....ဝှစ်"

"ဟိုက်"

"ဖန်း"

နောက်သို့ ဆုတ်ရာလမ်းတွင် ရီမေ၏ ပိုးပဝါစက လာရောက်ပိတ်ဆို့ ရိုက်နှက်လိုက်ခြင်းကို တွေ့လိုက်ရသဖြင့် ရှောင်ချိန်မရတော့ပဲ လက်ထဲမှ ဓားဖြင့်ခုတ်လိုက်ရာ....

"အာ့"

ဝမ်ရှောင်း လက်ချောင်းတခုလုံး ခါထွက်သွားသည်။

"ဒီမှာ နောက်မှ ခင်ဗျားတို့ နောင်တ ရမနေနဲ့နော် ခုအချိန်မှာ အချိန်မီသေးတယ်၊ အဲဒီသေတ္တာထဲမှာ...."

"ပတ်"

"ဝိုး"

တောင်ဖြူ လက်ဝါး သိုင်းကွက်မှ တတိယ သိုင်းကွက်ကို သုံးလိုက်ခြင်းဖြစ်သည်။

"ဝုန်း"

"ဂျွတ်"

"ဟာ"

နံဘေးမှ လူများပင်လန့်သွားကြသည်။

ရင်ဝတည့်တည့်ကို ဝင်လာသော လက်ဝါးအားကို မြေထွင်လူးလှိမ့်လျက် ရှောင်လိုက်သောကြောင့် ဝမ်ရှောင်းမှာလွတ်သွားလေသည်။

ဝမ်ရှောင်းစိတ်ထဲမှ ဒေါသဖြစ်သွားရသည်။

သည်းခံနေသည့်စိတ်မှာ ပျောက်ကွယ်သွားရသည်။

"ငါသာမရှောင်နိုင်ယင် ပွဲချင်းပြီး သေသွားနိုင်တယ်၊ သူတို့သားအဖက ငါ့ကိုအပြတ်ရှင်း နေကြတာကိုး"

ဝမ်ရှောင်း ရင်ထဲမှာနာသွားသည်။

သို့သော်...

ရီမေကိုမူ သူမရက်စက်နိုင်သေးပါ။



"ဝုန်း...."

"ဝိုး"

လက်ဝါးချက်တွေက ပိုပြီးသွက်လာသည်။

ဝမ်ရှောင်း စိတ်ဆုံးဖြတ်လိုက်သည်။

"ယား"

"ဝိုး...."

ကျွံဝင်သွားသော ရီချန်းလုံ၏ လက်ဝါးချက်ကို ဖြတ်လျက်ဓားဖြင့်ခုတ်ချလိုက်သည်။

"ထင်"

လက်ထဲတွင် ကိုင်ထားသော ဓားခါထွက်သွားသည်။

ဝမ်ရှောင်း သတိထားလိုက်ပြီး....

"ဝုစ်"

"ဖြန်း"

မိုက်မိုက်ကန်းကန်းကို လုပ်ပစ်လိုက်သည်။

တဘက်မှ ရီချန်းလုံ၏ လက်ဝါးမလာခင်မှာ သူကဦးအောင်ရိုက်ထည့်လိုက်သည်။

တဆက်တည်းပင် ရှေတည့်တည့်သို့ ဓားကိုဝင့်ပြီး ခုန်ဝင်လိုက်သည်။

ရီချန်းလုံ ကြောင်သွားသည်။

× × ×

ဤကဲ့သို့ သူသေ ကိုယ်သေကွက်ကို လုပ်လိမ့်မည်ဟု မထင်သောကြောင့်ဖြစ်သည်။

"ဟာ...."

"ဟင်...."

သားအဖနှစ်ယောက်စလုံး အံ့အားသင့်သွားကာ....

"ဝှစ်"

"ဆတ်"

တန်ပြန် လက်ဝါးတချက် ရိုက်ထုတ်ပစ်လိုက်မိသည်။

သို့သော် တကယ်တမ်းသာ သုံးလိုက်မိသည်က ဝမ်ရှောင်းကို မမီတော့ပဲ လျော့နည်းစွာခံလိုက်မိခြင်းလည်း ဖြစ်သည်။

"အင်း...."

ပြင်းလွန်းလှသည့်လက်ဝါး....

ရီချန်းလုံ၏ လက်ပြင်မှာ ပူကနဲ ဖြစ်သွားပြီး ကိုယ်တခြမ်းလုံး အေးသွားမိသည်။

အမှန်မှာ ဝမ်ရှောင်း နောက်ဆုံးလက်ကျန် သို့မဟုတ် ကြောက်အား လန့်အားနှင့် အားကုန်သုံးကာ ရိုက်ထုတ်လိုက်သော လက်ဝါးချက်ပင်ဖြစ်သည်။

"ဝေါ့"

သွေးတချက်အန်ထုတ်လိုက်ရသည်။

ရီချန်းလုံမဟုတ်ပါ....

ဝမ်ရှောင်းသာ ဖြစ်ပါသည်။

"ရီမေ....နောက်ကဝင်တိုက်စမ်း"

ရီချန်းလုံက သူ့သမီးကို လှမ်းပြောလိုက်သည်တွင်....



"ဝီး....ဝှစ်"

ပိုးပဝါစကလေး၏ အသံကြောင့် နောက်ကို လှည့်လိုက်သည်နှင့်....

"ဖတ်"

"အား"

ဝမ်ရှောင်းခံလိုက်ပြီ။

"ရီ"သားအဖ၏ လှည့်စားမှုကို ခံလိုက်ရခြင်းဖြစ်၏။

အမှန်မှာ ရီမေ လုံးဝ ဝင်ရောက်တိုက်ခိုက်ခြင်းမဟုတ်ပါ။

ဤအကွက်သည် "ရီ"သားအဖ၏ သုံးနေကျ ဖြစ်သော မျောက်သားဖမ်း သိုင်းကွက်ပင်ဖြစ်ပါသည်။

ဝမ်ရှောင်း မြေကြီးပေါ်မှာ လဲကျနေသည်။

ဆိုးဆိုးရွားရွားကြီးတော့ မဟုတ်ပါ၊ အကြောင်ခံလိုက်ရခြင်းသာဖြစ်ပါသည်။



တရားခံစစ်ဘဝ

အနံ့အသက်တို့က ဆိုးရွားလှသည်။

တခါတရံ မြေကြွက်ကြီးများက သူ့ပေါ်ကို ကျော်ဖြတ်ပြေးလွှားသွားကြသည်။

တခါ အရံတွင် သူ့ကို လာရောက် တိုက်ခဲ့တတ်သေးသည်။

ပထမတော့ သူ့ကိုယ်သူ ဘယ်ရောက်နေမှန်းမသိပါ။

နောက်မှ သူအချုပ်ခန်း တခုအတွင်းသို့ ရောက်နေမှန်းသိရသည်။



"အိုး... ငါ့ကို သူတို့ ဖမ်းချုပ်ထားပါလား၊ ဒုက္ခပဲ၊ ဘယ်အချိန်ရှိနေပြီလဲ မသိဘူး"

လှဲနေရာမှ ရုတ်တရက် ထလိုက်ပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

ဘာမှ မတွေ့ရပါ။

မည်းမှောင်နေသော ပတ်ဝန်းကျင်ကိုသာ တွေ့ရသည်။

"ဒါဟာ မြေတိုက်ခန်းထင်တယ်၊ ဒါမှ မဟုတ် မိုးမလင်းသေးဘူးထင်တယ်၊ ငါဘယ်လိုလုပ် ထွက်ရပါ့မလဲ"

ဝမ်ရှောင်း ရုတ်တရက်တွေးလို့မရပါ။

"ဖြတ်....ဖြတ်... ဖြတ်"

လိုဏ်သံပါသော ခြေသံကိုကြားလိုက်ရသည်။

ဝမ်ရှောင်း သတိထားပြီး နားထောင်လိုက်သည်။

"ဖြတ်... ဖြတ်"

ခြေသံက သူ့ခေါင်းပေါ် တည့်တည့်က ခြေသံ ဖြစ်သည်။

"ဟုတ်ပြီ၊ ငါမြေတိုက်ခန်းထဲ ရောက်နေတာပါလား...."

ဝမ်ရှောင်း ခေါင်းပေါ်မှ နေရာအနေအထားကို ငမ်းသပ်ကြည့်လိုက်သည်။

ကျောက်ပြားကြီး တချပ်ဖြစ်သည်။

ဝမ်ရှောင်း စိတ်ပျက်သွားမိသည်။

တဖန်ဘေးနံရံများကို စမ်းသပ်ကြည့်သည်။

ကျောက်ပြားကြီး တချပ်ဖြစ်သည်။

ဝမ်ရှောင်း စိတ်ပျက်သွားမိသည်။

တဖန်ဘေးနံရံများကို စမ်းသပ်ကြည့်သည်။

ကျောက်တုံးများကို စီရီပြီး သေသပ်စွာ ဆောက်ထားသော မြေတိုက်တခုပင် ဖြစ်သည်။

မြေပျော့ဆိုလျှင် သူ ယခု ရပ်နေသော နေရာသာရှိသည်၊ တဘက်နိမ့်၍ ဆင်းသွားလျှင် အပေါ်တော့ ရောက်မည်မဟုတ်၊ ပိုမိုနက်ရှိုင်းသော မြေကြီး၏ အောက်ခြေကိုသာ နီးသွားမည် ဖြစ်သည်။

\+ + +

နေရာမှာ ပြန်ထိုင်ပြီး စဉ်းစားလိုက်သည်။

"အင်း.. ငါ ဒီဘခါမှ တကယ့် တရားခံဘဝကို ရောက်တာပဲ၊ စောစောအချိန်တုန်းက ဟန်ဆောင်တရားခံ၊ ခု တကယ့် တရားခံ ဟား ဟား ဟား"

ဝမ်ရှောင်း ရူးသွပ်သွားခြင်း မဟုတ်ပါ။

တခါတရံ စိတ်ညစ်လျှင် သူလုပ်နေကျ ပျော်အောင် လုပ်သည့် အလုပ်တခုဖြစ်သည်။

လူတယောက်သည် စိတ်ညစ်စရာရှိသဖြင့် စိတ်ပဲ ညစ်နေမည် ဆိုလျှင်၊ ဘာမှအသုံးမကျပဲ ရှိမည်။



ထို့ကြောင့် စိတ်များများညစ်လျှင် ပထမပျော်လာအောင် လုပ်ရမည်။

ပျော်လာမှ ဉာဏ်ထွက်လာမည်ဟူသော စကားကိုသူ့ဆရာ တိဗက်ဘုန်းကြီးက သင်ကြားဖူးသည်။

ထို့ကြောင့် ဝမ်ရှောင်းစိတ်ကို ပျော်အောင် လုပ်နေခြင်း ဖြစ်သည်။

သို့သော် မည်သို့ပင်ဖြစ်စေ ဝမ်ရှောင်း သေတ္တာသုံးလုံးနှင့် သရဲညီနောင်တို့၏ သူလျှို့ဝှက်များကိစ္စ၊ မနက်တွင် ပို့မည့် ကျားနှင်းဆီ ပစ္စည်းအတွက်မှအစ 'ရီ'သားအဖ၏ ကံကြမ္မာကို ပါ တွေးလျက် စိတ်ကပူနေမိသဖြင့် ပျော်အောင်နေလို့ကို မရပဲ ဖြစ်နေသည်။

ဝမ်ရှောင်းသည် ကိစ္စတွေကို စိတ်ကူးထဲမှ ပျော်အောင် ကြိုးစားနေသည်။

စိုးရိမ်စိတ်တွေကို ဖယ်ရှားနေသည်။

မရသည့်အဆုံး သီချင်းတပုဒ်ကို ဟစ်ဆိုမိသည်။

သီချင်းဆိုလို့လည်း မယ်မယ်ရရ မဆိုတတ်သဖြင့် သူပြောချင်သော စကားလုံးများကို သီချင်းအဖြစ် အော်ဟစ် ဆိုလိုက်သည်။

"တခါတုန်းကကွယ်....သရဲငါးကောင် ရှိပါတယ်၊
သူတို့က အကြံပိုင်တယ်၊ သေတ္တာကြီးထဲဝယ်....
သူတို့ လူတွေထည့်ပြီးတကယ်....အာမခံထဲ လာထားတယ်—
အဲဒီလူတွေဟာ အချိန်ကျယင်ကွယ်.... အထဲက ထွက်ပြီး
တိုက်လိမ့်မယ်၊ သတိထားကွယ်...."

အသံကျယ်ကြီးဖြင့် အော်ဟစ်ဆိုနေသည်။

သူ့အသံက လိုက်သံ ပေါက်နေသဖြင့် ဟိန်းထွက် နေသည်။

"တခါတုန်းကကွယ်.... .... .... .... ....

.... .... .... .... ....သတိထားကြကွယ်..."

"ဟိတ်...ဘာတွေဆိုနေတာလဲ၊ တိတ်လိုက်စမ်း"

ဝမ်ရှောင်း ဝမ်းသာသွားသည်။

လူသံကို ပထမဆုံးကြားလိုက်ရခြင်း ဖြစ်သည်။

မီးရောင်ပျပျကို မြင်ရသည်။

မကြာမီ–

ထို မီးရောင်က တဖြည်းဖြည်း နီးလာသည်ကို တွေ့ရသည်။

× × ×

"ဟော့ခကောင် မင်းဘာတွေဆိုနေတာလဲ"

"ဟား ဟား ဟား"

"ငါသိဘာတွေ ငါဆိုနေတာပေါ့"

ခပ်တုတ်တုတ် လူအယောက် မီးတိုင်ကို ကိုင်မြှောက်ယင်း ဆင်းလာသည်။



"ရေသောက်ချင်တယ်၊ မီးလဲမရှိတော့ ရေအိုး ဘယ်နားမှာ ထားတယ်ဆိုတာ မသိလို့ မမြင်လို့ မသောက်ရဘူး"

ဝမ်ရှောင်းက ခပ်တည်တည် ဟောက်ပစ်လိုက်သည်။

ထိုလူ၏ မျက်နှာမှာ ကြင်နာ သနားတတ်သည့် အရိပ်အရောင်ကို တွေ့ရသည်မို့ အားရှိသွားသည်။

"အေး... ငါတိုက်မယ် မင်းတိတ်တိတ်နေမလား"

"ဟုတ်ကဲ့... ရေတိုက်ယင် တိတ်တိတ်နေပါမယ် ခင်ဗျာ"

ဝမ်ရှောင်း တကယ်ကျိုးနွံဟန်ဖြင့် ပြောလိုက်သည်။

"ကောင်းပြီ ခဏနေဦး"

ထိုလူ စကားဆုံးသည်နှင့် မီးတိုင်ကို ကျောက်နံရံကြားသို့ ထိုးထည့်ကာ တွန်းလိုက်ပြီး အခန်း၏ ရှေ့ သံတံခါးနားရှိ ရေအိုးမှ ရေတခွက် ခပ်ပေးလိုက်သည်။

"ကျေး... ကျေးဇူးတင်လိုက်တာဗျာ"

လှိုက်လှဲစွာ ပြောဆိုလိုက်သည်။

သူခပ်ပေးသော ရေကို မနားတမ်း သောက်ချလိုက်သည့် အတွက်–

"ခင်ဗျား ရေနည်းနည်း ထပ်လိုဦးမယ် ထင်တယ်"

ဝမ်ရှောင်းကို စေ့စေ့ကြည့်ယင်းမှ–

"နောက်တခွက်ပေးဗျာ"

"ဟာ....ရင်တွေပူနေလို့"

"ဟား ဟား ဟား"

"ဘယ်ဟုတ်ပါလားကွ၊ မင်း တကယ်လို့ ငါသာမလာယင် ဘယ့်နှယ်လုပ်ပါမလဲ"

ရေခပ်ပေးသူက ဝမ်းရှောင်းကို သနားသလို ကြည့်ယင်း မေးလိုက်သည်။

"ကျွန်တော် ကံကောင်းလာတယ်၊ ခုပဲကြည့်လေ အစ်ကို ကြီးလို စိတ်သားကောင်းတဲ့ လူနဲ့တွေ့နေပြီ မဟုတ်လား"

ထိုသူ၏ မျက်နှာမှာ သဘောကျသွားဟန်ဖြင့် ...

"တော်ပြီလား ...နောက်ထပ်ယူဦးမလား၊ မင်းအသံပြဲကြီးနဲ့ သိပ်အော်မနေနဲ့ တော်ကြာဆင်းရိုက်နေဦးမယ်"

ပြောပြောဆိုဆို ရှေ့သို့တိုးလာပြီး ဝမ်းရှောင်းဆီသို့လက်လှမ်း လိုက်ကာ....

"ပေးခွက်"

"ရော့"

"အာ....အွတ်"

ရေခွက်ကို လှမ်းယူလိုက်သော ထိုလူ၏ လက်တဖက်ကို အတွင်းဘက်မှ ဝမ်းရှောင်း ဆတ်ကနဲ ဆွဲလိုက်ပြီး အကြော တကွက်နှိပ်လိုက်သည်။

ထိုလူခွေကနဲကျသွားသည်ကို တွေ့လိုက်ရ၏။

"စိတ်မကောင်းပါဘူး အစ်ကိုကြီးရယ်"

ဝမ်းရှောင်း ထိုလူကို စိတ်မကောင်းဟန်ဖြင့် တချက်ကြည့် ယင်း ပြောလိုက်သည်။

သံတိုင်ကြားမှ လက်ကိုလှမ်းထုတ်ယင်း ထိုလူကိုယ်ခန္ဓာမှ ပါလာသော သော့တွဲကို လှမ်းယူလိုက်သည်။

× × ×



လွတ်ပြီ။

ဝမ်းရှောင်းအချုပ်ခန်းမှ လွတ်လာပြီဖြစ်သည်။

စောစောက အကြောပိတ် ခံလိုက်ရသော လူ၏ဝတ်စုံကို လဲလှယ် ဝတ်ဆင်လိုက်သည်။

"ကျွန်တော့်အပေါ်မှာ ကြင်နာစိတ်ရှိတဲ့ ကျေးဇူးရှင်ကို တနေ့မှာပြန်ပြီး ကျေးဇူးဆပ်ပါ့မယ်ခင်ဗျာ"

ထိုလူ၏ ခန္ဓာကိုယ်ကြီးကို မပြီးအချုပ်ခန်းထဲကို ထည့်လိုက် သည်။

ပြီးသည်နှင့် အပြင်မှ သော့ခတ်လိုက်ကာ မြေတိုက်ခန်းထဲမှ ခပ်တည်တည်နှင့် အပေါ်သို့ တက်လာခဲ့သည်။

အပေါ်မှာ ရှေ့သော့ အဖွဲ့ဝင်တွေ ရှုပ်ယှက် ခတ်နေကြ သည်။

"အင်း ...သူဘို့ခရီးသွားကြဖို့ ပြင်ဆင်နေတာထင်တယ်"

ဝမ်းရှောင်းစိတ်ထဲမှာ သူ့ထင်မြင်မှု မှန်ကန်ကြောင်းသိလိုက် ရသည်။

အဘယ်ကြောင့် ဆိုသော်....

"ဟိတ် မြင်းတွေကို သေသေချာချာ စစ်ဆေးထားနော်၊ ခြေနာနေတဲ့ ကောင်တွေ မကျန်းမာတဲ့ ကောင်တွေဆို လုံးဝ မသုံးဘူး၊ သွားရမယ့်ခရီးကဝေးတယ်"

တစုံတယောက်၏ အမိန့်သံကို သူကြားလိုက်ရသောကြောင့် ဖြစ်သည်။

"ဒီတခါ ခရီးသွားပြီး ပြန်လာယင်၊ သခင်ကြီးက တို့ကို ဆုတော်ငွေတွေပေးဦးမယ်တဲ့"

"ခုသူသွားတဲ့ ကိစ္စဟာ၊ တော်တော်အရေးကြီးပုံရတယ်"

သူတို့အချင်းချင်း ပြောနေကြသည့် စကားများ ကလည်း မနက်ဖြန် ခရီးသွားကြမည်မှာ သေချာနေသည်။

"ဒီခရီးကို မသွားရအောင် ငါတားရမယ်၊ သွားမယ်ဆို ယင်လဲ ပထမစီစဉ်ထားတဲ့ ခရီးအတိုင်း မသွားဖြစ်အောင်လုပ်မှ ဖြစ်မယ်...."

ဝမ်ရှောင်း ပူပန်စွာတွေးလိုက်မိသည်။

အကယ်၍ ရွှေသော့အဖွဲ့သည် မူလစီစဉ်ထားသည့်ခရီးအတိုင်း သာ သွားမည်ဆိုလျှင် လမ်းခရီးမှာ သရဲညီနောင် ငါးဖော်အဖွဲ့က ကျိန်းသေတိုက်ခိုက်မည်မှာ သေချာနေသည်။

ပထမဝမ်ရှောင်း စိတ်ကူးမိသည်။

ထိုသားအဖကို ထိပ်တိုက်ဝင်တွေ့ရန် စဉ်းစားမိသည်။

သို့သော်

သူ့အပေါ်တွင် ဤမျှ အထင်သေးသည့် အချိန်တွင်၌ ဤအစီအစဉ်သည် လွယ်ကူသည့် အစီအစဉ် မဟုတ်ကြောင်း သူသဘောပေါက်မိသည်။

ဝမ်ရှောင်း တွေးယင်းမှ ရွှေသို့ဆက်ပြီးလျှောက်သည်။

ပစ္စည်းများသိမ်းဆည်းရန်၊ အဆောက်အအုံရှေ့သို့ သူရောက် လာသည်။

\+ \+ \+



"အာမခံ အဖိုးတန်ပစ္စည်းများ"

စာတန်းနီကြီးဖြင့် ရေးထားသောအခန်းဖြစ်သည်။

ဝမ်ရှောင်း တစုံတခုကို သတိရလိုက်ပြန်သည်။

"ဒီအထဲမှာလဲ ဟိုအကောင်တွေရှိနေသေးတယ်၊ ဒီကောင် တွေဘယ်လို အချိန်မှာ ထွက်လာနိုင်သလဲ စဉ်းစားကြည့်ရမယ်၊ သူတို့ထွက်မလာခင် ကိုယ်ကဦးအောင် သုတ်သင်နိုင်ယင်ကိစ္စပြတ် သွားမှာပဲ...."

ဟု တွေးနေမိသည်။

မှန်သည်။

ဤသေတ္တာထဲမှ လူများသည် သရဲငါးဖော်အဖွဲ့မှ လက်ရွေး စင် သိုင်းသမားများဖြစ်ကြပြီး၊ ဤရွှေသော့အဖွဲ့ ခရီးထွက်သွား သည်နှင့်ကျန်ရှိသော ရွှေသော့စံအိမ်အတွင်းမှ လူများကို သေတ္တာ ထဲမှထွက်ကာ တိုက်ခိုက်ပြီး ဤရွှေသော့အဖွဲ့ကြီးကို သိမ်းယူရန် စီစဉ်ထားခြင်းဖြစ်ပါသည်။

"ဟိတ်....ပစ္စည်းတိုက်ရှေ့မှာ ရပ်နေတာဘယ်သူလဲကွ"

နောက်မှ အမှောင်ရိပ်မှ အသံဖြစ်သည်။

ဝမ်ရှောင်း ရင်ထဲမှထိတ်ကနဲ ဖြစ်သွားပြီး၊ သူဘာလုပ် ရမည်ကို အလျှင်အမြန် စဉ်းစားလိုက်သည်။

"မေးနေတာ မကြားဘူးလား၊ ဟိုဘက်မှာ သူများတွေက ခရီးသွားဖို့ စီစဉ်လုပ်ကိုင်နေတဲ့အချိန်မှာ အချောင် လာခိုနေ တာလား"

ရင်ထဲမှာ အနည်းငယ်တော့ ပေါ့ပါးသွားသည်။

သူ့ကို အပြင်လူမှန်းမရိပ်မိခြင်းကို သတိထားမိသည်။

သူ၏ လူဟုသာမြင်နေပြီး အလုပ် မလုပ်ချင်သောကြောင့် ချောင် လာခိုနေသူတဦးဟု မြင်သွားသည့် သဘော ရှိပေသည်။

ဝမ်ရှောင်း ကြာကြာ ရပ်မနေတော့ပဲ ဤနေရာမှလှည့် ထွက်ခဲ့သည်။

× × ×

နောက်ဆုံး ဝမ်ရှောင်း ဆုံးဖြတ်ချက် တခုကို ချလိုက်သည်။

ရွှေစည်းစိမ်ကို သူပြန်မည်။

ရွှေစည်းစိမ်သို့ ရောက်သည်နှင့် တဖက်ခန်းမှ အမှုပွဲစားကို ပမ်းရမည်၊ သူ့ကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ပြီး စစ်ဆေးလိုက်ယင်၊ ဒီကိုခေါ်ပြီး ဝန်ခံခိုင်းရမယ်၊ ဒါမှ အကြောင်းစုံ အာလုံး ရှင်းသွားမှာ။

ဝမ်ရှောင်း သူ့အတွေးနှင့်သူ အိမ်ဘေးသွားပြီး ဝင်းပေါက်ဝဆီသို့ ခပ်သွက်သွက် ထွက်လာခဲ့သည်။

ဝင်းပေါက်ဝအနီးသို့ ရောက်လာသည့်အခါ-

"ဟိတ်... ဘယ်သွားမလို့လဲ"



တာဝန်ကျ အစောင့်က လှမ်းမေးလိုက်သည်။

"သခင်ကြီးခိုင်းလို့ အပြင်ခဏ သွားမလို့ တံခါးဖွင့်လိုက်ပါ"

ဝမ်ရှောင်း ခပ်တည်တည် လှမ်းပြောလိုက်သည်။

"ဘာ... စောစောကပဲ သခင်ကြီး အပြင်ထွက်သွားတယ်၊ မင်းကို ဘယ်လိုလုပ်ခိုင်းရမှာလဲ"

"ဟိုက်"

ဝမ်ရှောင်း ရင်ထဲမှာထိတ်ကနဲ ဖြစ်သွားသည်။

သို့သော် ချက်ချင်းဆိုသလိုပင်-

"ဟုတ်တယ်...ငါသိတယ်၊ သူသွားတာက တနေရာ၊ ငါ့ကို တနေရာခိုင်းလိုက်တာ၊ အပြင်မှာ ငါနဲ့ပြန်ဆုံဖို့ချိန်းထားတယ်၊ မြန်မြန်ဖွင့်စမ်းပါ၊ မနက်ခရီးမထွက်ခင် အပြင်ကကိစ္စတွေ ပြတ်အောင်လုပ်ရမယ်၊ အချိန်မရှိဘူး"

တံခါးမှူး ကြောင်သွားသည်။

အကယ်၍ သူတို့ ဖွင့်မပေးလျှင်၊ ဤသူ နောက်ကျနေပါက သူတို့တွင် အပြစ်ရှိနိုင်ကြောင်း တွေးမိသည်နှင့် တံခါးကို ကပျာကယာ ဖွင့်ပေးလိုက်လေသည်။

ဝမ်ရှောင်း ဖွင့်ပေးသောတံခါးမှ လှစ်ကနဲ ထွက်လိုက်ပြီး ရွှေစည်းစိမ်သို့ သွားရာလမ်းအတိုင်း ပြေးထွက်ခဲ့သည်။

× × ×



မြွေကြွေးမုံ့ လူသတ်မှု

ဝမ်ရှောင်း မြွေကြီးကို ခြေနှင့်မထိပဲ လေထဲတွင် ပြေး...
သကဲ့သို့ လျင်မြန်စွာ ပြေးနေမိသည်။

"တောက်.... ငါ လောကြီးတာပဲ၊ မြင်းဇောင်းက မြင်...
တကောင်လောက် ယူခဲ့ယင် ရလျက်သားနဲ့"

မိမိကိုယ်ကို မိမိ မကျေနပ်စွာ တွေးယင်း ရှေ့သို့ ဆ...
စိုက်ပြီး ပြေးလွှားလာခဲ့သည်။

ပထမ ရေအိုင်ကိုဖြတ်လိုက်ပြီး ဒုတိယရေအိုင်ကိုရောက်ရှိ...
ဖြစ်သည်။



လပြည့်ညနှင့် နီးကပ်သော ယခုညသည် လရောင်က
ဖွေးနေသည်။

ရေကန်ထဲမှ ရေတို့သည် လရောင်အရိပ်က ထင်ဟပ်လျက်
နေသည်။

ဝမ်ရှောင်းသည် အလှအပများကို မခံစားနိုင်ပါ။

ရှေ့ကို ရှောက်ရန်သာ ဆန္ဒကစောနေသည်။
ကိုယ်ဖော့ပညာကို အစွမ်းကုန် အသုံးပြုလျက် ပြေးလွှား
နေသည်။

ဒုတိယ မြွေကြေးမုံ့ရေအိုင်ကို ကျော်မိသည်နှင့်-

"ဗွိုး...."

"ဖတ်..."

"ဝေါ..."

ဝမ်ရှောင်း ခြေလှမ်း တုန့်ကနဲ ရပ်သွားသည်။
လူနှစ်ယောက် အသေအကြေ တိုက်ခိုက်နေကြသည်။
တိုက်ပွဲက ပြင်းထန်နေသောကြောင့် ထွက်ပေါ်လာသော
အသံများက ပတ်ဝန်းကျင် တခုလုံးကို လွှမ်းမိုးထားသည်။

ပြေးလာသော ဝမ်ရှောင်း တုန့်ကနဲ ရပ်လိုက်သည်။
အသံလာရာ ကန်စောင်းသို့ ခြေသံလုံလုံနှင့် ချဉ်းကပ်လာ
ခဲ့သည်။

"မင်းက တကယ်တော့ လူကောင်းတယောက်မှ မဟုတ်ပဲ၊
မင်းက ဒုစရိုက်လောကသားတွေရဲ့ ပွဲစားတယောက်ပဲ၊ ငါအစက

မယုံဘူး၊ ခုမှငါသိခဲ့ရတာ အချိန်မီသိရလို့ တော်သေးတာပေါ့ ကဲ...သေပေတော့..."

"ဝေါ..."

"ဖတ်"

တဘက်လူက စကားဆုံးသည်နှင့် ဘေးဘက်မှလက်ကာပြီး၊ တဘက်မှ လူ၏ ခေါင်းတည့်တည့်ကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"ယား...."

"ဝှစ်"

တဘက်လူကလည်း ခေသူမဟုတ်ပါ။

လေထဲတွင် ကျွမ်းပစ်ပြီးရှောင်ထွက်သွားရာမှ...

"ဒီမှာ အဘိုးကြီး....ခင်ဗျားရဲ့ သေရမယ့်နေ့က ဒီနေ့ညပဲ၊ ခင်ဗျားကို အသေတိုက်ပြီးမှ ရွှေသော့ဂေဟာကြီးနဲ့ ခင်ဗျား သမီးကို ကျုပ်သိမ်းပိုက်ရမယ်...ဟဲ....ဟဲ...."

လေထဲမှာရှောင်ယင်းနှင့် မခံသာဖွယ်စကားတို့ကို ပြောသွားသည်။

ဝမ်ရှောင်း ခေါင်းတခုလုံးကြီးသွားမိသည်။

"ဟင်.... ဒါ.... ဟိုကောင့်အသံပဲ၊ ရီချုန်းလုံနဲ့ တိုက်နေပါလား၊ ဒါဆိုယင် ရီချုန်းလုံဟာ ဒီကောင့်အကြောင်းကိုသိသွားပြီထင်တယ်၊ ငါရီချုန်းလုံဘက်က ဝင်တိုက်ပေးရမယ်...."

ဝမ်ရှောင်း စိတ်ကူးလိုက်မိသည်။

သို့သော်....



သူ့မှာဘာလက်နက်မှ မပါပေ။

သူ့ခါးမှာ "ရီ" သားအဖသူ့ကို ဖမ်းဆီးစဉ်က သိမ်းဆည်းလိုက်ခြင်းကြောင့် ဖြစ်သည်။

"ဟိတ်ကောင်.... မင်းပထွေး ဒမြတွေ့ ငါ့ရဲ့ရွှေသော့အဖွဲ့ကို တိုက်ဖို့မပြောနဲ့ အနားကိုရအောင် ကပ်နိုင်ရင်စမ်းပါ"

"ဒီမှာ..အဘိုးကြီး၊ သိပ်လေမကျယ်နေပါနဲ့၊ ခုဆိုယင် ကျုပ်တို့ လူတွေဟာ ခင်ဗျားရဲ့ ဝန်းထဲမပြောနဲ့ ပစ္စည်းတွေ ထားတဲ့ အခန်းထဲကိုရောက်နေပြီ၊ ဟား....ဟား"

"ချွမ်း...."

ပြောပြောဆိုဆို လက်ထဲမှ ကွေးညွတ်ပျော့ပျောင်းလှသော ဓားပါးကလေးဖြင့် လှမ်းခုတ်လိုက်သဖြင့် ရီချုန်းလုံက ကမန်းကတန်းရှောင်လိုက်ရသည်။

"မင်းအရူးစကားတွေ လာမပြောနဲ့...."

ပါးစပ်က လှမ်းပြောလိုက်သေးသည်။

"ကျုပ်မရူးဘူး၊ ခင်ဗျားတို့သာ သိပ်သနားဖို့ ကောင်းတဲ့ ရွှေသော့အဖွဲ့ကြီးပဲ... ဟား... ဟား"

"ရွှမ်...ဝိုး...."

လရောင်တွင် အေးစိမ့်သော ဓားရောင်တချက် လက်သွားပြန်သည်။

"ယား...."

"ရှိုး....ရှိုး...."

မာန်သွင်းသံနှင့် အတူ ဓားသုံးက မြေတကောင် တွန်သလို ထွက်ပေါ်လာခဲ့သည်။

"ဟာ...ရီချန်းလုံ အခြေအနေမကောင်းပါလား"

ဝမ်ရှောင်းမျက်လုံးပြူးသွားသည်။

မှန်သည်။

ရီချန်းလုံမှာ တဆုတ်တည်းဆုတ်နေရသည်။

ဝမ်ရှောင်း ရောက်နေသောနေရာမှာ ရီချန်းလုံ ကျောခိုင်းထားသောနေရာဖြစ်ပြီး အမှုပွဲစားလူလိမ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။

ထို့ကြောင့် ရီချန်းလုံမှာ သူ့ကျောဘက် ရောက်နေသော ဝမ်ရှောင်းကို လုံးဝသတိမထားမိပါ။

"ဒီမှာ...ကျုပ်လူတွေဟာ ခင်ဗျား၏ အိမ်ကြီးထဲမှာ ရောက်နေပြီ၊ ဝင်ချင်လဲ ဝင်လို့ရတယ်၊ ထွက်ချင်လဲ ထွက်လို့ရတယ်...."

"ဘာ...."

ရီချန်းလုံ တုန်လှုပ်သွားပုံရသည်။

ထိုစဉ်မှာပင်၊ ဒေါသကြီးစွာဖြင့် လက်ဝါးတချက်ရိုက်လိုက်သည်။

"ဘုံး...."

"ဖတ်...."

ရုတ်တရက် စကားပြောနေစဉ် ရိုက်ထည့်လိုက်သည်မို့ အမှုပွဲစားမှာ ရှောင်ပင် ရှောင်လိုက်သော်လည်း လုံးဝလွတ်အောင် မရှောင်နိုင်ပဲ ပခုံးစွန်းတဘက်ကို ထိသွားလေသည်။



ရီချန်းလုံက အားတက်သွားပြီး....

ရှေ့သို့တချက် လှမ်းခုန်လိုက်ရာ....

"ကျုပ်လာပြီ ...တိုက်"

ဝမ်ရှောင်းသည် ဘာမှ စဉ်းစားမနေတော့ပဲ ရုတ်တရက် အော်ဟစ်ကာ ခုန်ဝင်လိုက်သည်။

တိုက်ခိုက်နေသောသူ နှစ်ယောက်စလုံး ကြောင်သွားကြသည်။

သို့သော်-

ချက်ချင်း ပြန်လည်လှုပ်ရှားလိုက်သူက ရီချန်းလုံပင် ဖြစ်သည်။

"ဖတ်....'

"ဝုန်း...."

လက်သီးကို ဆုပ်လျက် စကြာတောင်ဖြိုလက်သီး တချက် နောက်ပြန်ထိုးထည့်လိုက်သည်။

ဝမ်ရှောင်း မျက်လုံးပြူးသွားပြီး မြေပေါ်တွင် လိမ့်ရှောင်လိုက်ရသည်။

"မင်း ဘယ်လိုလုပ်လွတ်လာတာလဲ ခွေးကောင်"

"ဝုစ်...."

နောက်ထပ် ဖိပြီး လက်သီး လက်ဝါး မျိုးစုံတို့ဖြင့် တိုက်ခိုက်လေတော့သည်။

ဝမ်ရှောင်း ပြန်ပြောချိန်မရ၊ အသက်ကိုလုပြီး မနည်းရှောင်ရှားနေရသည်။

ထိုစဉ်မှာပင်–

“ရှပ်....”

“အင့်...”

“ရှမ်း...”

“အား....”

လရောင်မှာ ဓားရောင်နှစ်ချက် လက်သွားသလို၊ ရီချန်းလုံ ဒူးထောက်လျက် ကျသွားသည်ကို ဝမ်ရှောင်း တွေ့လိုက်ရသည်။

“ဟာ....သူ....သူ....ရီချန်းလုံကို သစ်ပစ်လိုက်ပြီ”

“အေး.... ဟုတ်တယ်၊ မင်း ဘယ်သူလဲ”

အမှုပွဲစားက ဝမ်ရှောင်းကို စေ့စေ့ကြည့်ယင်း မေးလိုက်သည်။

တကယ်တော့ ထိုသူသည် ဝမ်ရှောင်းကို မှတ်မိခြင်းမရှိပါ။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ထူထပ်စွာ ပေါက်နေသော ဝမ်ရှောင်းကို လူစိမ်းတယောက်ကဲ့သို့ ထင်မှတ် နေသည်။

ဝမ်ရှောင်း ချက်ချင်းစဉ်းစားလိုက်သည်။

ယခု သူတွက်လာခြင်းမှာ–

ထို အမှုပွဲစားကို ဖမ်းဆီးရန် ဖြစ်သည်။

ယခု ရွှေစည်းစိမ်ကို မရောက်ခင်မှာပင်၊ အဆင်သင့် တွေ့လိုက်ရသည်။

သို့သော်–



တွေ့ခြင်းကောင်းသော တွေ့ခြင်းမျိုး မဟုတ်ပေ။

ထို့ကြောင့် ဝမ်ရှောင်း တစုံတခုကို တွေးလိုက်ပြီး–

“ကျွန်တော်ဟာ ရွှေသော့အဖွဲ့ရဲ့ အကျဉ်းသားတဦးပါ”

“မင်းကို ဘာလို့ ချုပ်နှောင်ထားတာလဲ”

“သူတို့ ရွှေသော့ရဲ့ အတွင်းပစ္စည်းတွေရဲ့ နေရာရယ်၊ လျှို ဝှက်ထားတဲ့ ကျောက်မြတ်ရတနာတွေကို သိထားလို့ပါပဲ”

× × ×

“ဟော....”

အမှုပွဲစား၏ မျက်လုံးများမှာ အရောင်တွေ လက်ကုန် သည်။

“မင်း....မင်းပြောတာ အဟုတ်ပဲလား”

“ကျွန်တော် ဘာကိုလိမ်ရမှာလဲ”

ဝမ်ရှောင်းက မသိချင်ယောင်ဆောင်ပြီး ပြန်မေး လိုက် သည်တွင်–

“မင်း....မင်းသူတို့ရဲ့ အိမ်ထဲက ရတနာတွေထားတဲ့ နေရာ မှန်သမျှ အကုန်သိနေတယ် ဟုတ်လား”

"ဒါတော့ ဟုတ်တယ်၊ ကျွန်တော်မလိမ်ဘူး"

ဝမ်ရှောင်း ခေါင်းညိတ်ပြီး ဝန်ခံလိုက်သည်။

"ဒါဖြင့်...မင်း ခုဘယ်လိုလွတ်လာတာလဲ"

"ကျွန်တော် သူတို့ လူတယောက်ကို ဖမ်းပြီး၊ လူစားလဲ ထွက်လာတာပါ"

အမှုပွဲစားဆိုသောလူ သဘောကျသွားပြီး–

"မင်း အခုငါ့ဘက်က ဝင်တိုက်တာကို ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့...."

ဝမ်ရှောင်း စိတ်ထဲမှာ ရယ်ချင်သွားသည်။

အမှန်မှာ သူဝင်တိုက်စဉ်က ရီချန်းလုံဘက်မှ ဝင်တိုက်ခြင်း ဖြစ်သော်လည်း တိုက်ပင် မတိုက်ရသေးခင်မှာပင် ရီချန်းလုံက အထင်မှားပြီး သူ့ကိုစတင်တိုက်ခိုက်သောကြောင့် တဘက်တွင် ဟာကွက်ဖြစ်သွားပြီး အမှုပွဲစား လက်ချက်ဖြင့် ကျဆုံးသွားရခြင်းဖြစ်သည်။

ဤသည်ကို အမှုပွဲစားက တမျိုးထင်နေခြင်းပင် ဖြစ်သည်။

အင်း သူထင်တဲ့အတိုင်း ရောပြီးပြောမှ။

"ဟုတ်တယ်...ကျွန်တော်လဲ ဘာလက်နက်မှ မရှိပဲ နောင်ကြီးကို ဝင်ကူညီချင်စိတ်များပြီး တိုက်တာပါ၊ ကံကောင်းလို့ ကျွန်တော် မသေတာ"



ဝမ်ရှောင်းက ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျုပ် အနေရှင်းလိုက်ပြီပဲ၊ ကဲပါ ကျုပ်နဲ့ လိုက်ခဲ့"

"ဘယ်ကိုလဲ...."

ဝမ်ရှောင်းက အမှုပွဲစားကို မသိသလိုမေးလိုက်သည်။

"ရွှေသော့စံအိမ်ကြီးကိုလေ"

"ဟာ....ကျွန်တော်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ"

ဝမ်ရှောင်းက အကြောက်အကန် ငြင်းဆိုလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က သူတို့ရဲ့အကျဉ်းသား တယောက်ပဲ၊ ခုနကမှ ထွက်ပြေး လွတ်မြောက်လာတဲ့ဥစ္စာ၊ ခုပြန်သွားလို့ ဘယ်ဖြစ်ပါ့မလဲ"

ဝမ်ရှောင်း၏ စကားများကို အမှုပွဲစား မျက်မှောင်ကြုတ်လျက် စဉ်းစားလိုက်ပြီး....

"အေး _ ဟုတ်တော့ဟုတ်တယ်၊ ဒီလိုဆို ငါတယောက်တည်း သွားမယ်၊ မင်း ဘယ်မှာစောင့်နေမလဲ"

"နောင်တော်က ဘာသွားလုပ်မှာလဲ"

ဝမ်ရှောင်းက မသိမသာမေးလိုက်ရာ—

"မနက်ဖြန်မနက်မှာ သူတို့ခရီးထွက်စရာရှိတယ်ကွ"

"ဗျာ....ဟုတ်ကဲ့"

"ဟုတ်တယ်....ခုလို ဗိုအဘိုးကြီး သေဆုံးသွားတာ သိယင် ထွက်ဖြစ်မှာ မဟုတ်ဘူး၊ တကယ်လို့သူတို့ ခရီးမထွက်ဖြစ်ယင်

အားလုံးအစီအစဉ်တွေ လွဲကုန်မှာစိုးလို့၊ ငါသွားပြီး ခရီးထွက်ဖြစ်အောင် စီစဉ်ရမှာ”

ဝမ်ရှောင်း ရင်ထဲတွင် တဒုန်းဒုန်းမြည်နေသည်။

“နောင်တော်နဲ့ သူတို့နဲ့တော်တော် ရင်းနှီးတာပဲနော်”

“ဟုတ်တယ်...ပထမတော့ ငါက သူဌေးကြီး ပုဝမ်ဖမ်ရဲ့ ဘဏ္ဍာစိုးကြီးဆိုပြီး သူတို့ဆီ ချဉ်းကပ်ခဲ့ရာကနေ ရင်းနှီးသွားတာပဲ၊ ခုလဲငါတို့ပစ္စည်းအချို့ သူတို့ထဲကို အာမခံထားဖို့ ပို့ထားပြီးပြီ၊ သူတို့တောင်းတဲ့ အာမခံငွေတွေကိုလဲ မငြင်းပဲပေးခဲ့ပြီးပြီ။

“ဟား ဟား ဟား....တို့ကို လူအ တွေဆိုပြီး၊ လှောင်ရယ်ရယ်နေကြမှာပဲ။

“ဒါပေမယ့် တို့ကသိလျက်သားနဲ့သက်သက်ပေးတယ် ဆိုတာရယ်၊ တို့ပစ္စည်းသေတ္တာတွေဟာ သူတို့အတွက် အန္တရာယ်ဆိုတာရယ်ကိုမသိတာတော့ သနားစရာပဲ”

အမှုပွဲစားက သူ့စကားကို သူသဘောကျစွာ ရယ်မောနေ၏။

ဝမ်ရှောင်းမှာ သူ့ကိုကြည့်ပြီး ဘာလုပ်ရမှန်း မသိအောင် ခေါင်းထဲမှာ အတွေးတွေ ရှုပ်ထွေးနေသည်။

× × ×



“မင်း....တို့နဲ့ပူးပေါင်းမလား”

“ကျွန်တော် ဘာလုပ်ပေးရမှာလဲ”

ဝမ်ရှောင်းက ပြန်မေးသည်။

“လောလော ဆယ်ဆယ်မှာတော့ ဘာမှ လုပ်ပေးစရာမလိုပါဘူး”

“ဒါပေမယ့် တို့အခုနနဲ့ရွှေသော့ဂေဟာကြီးကို စီးမိပြီဆိုယင် မင်းကိုလိုအပ်လာပြီ”

“နေပါဦး....ဒါကိုခဏထားစမ်းပါ၊ ခုနောင်ကြီးနဲ့ ဒီအဘိုးကြီးက ဘာသို့ ဒီလောက် ရင်းနှီးနေလျက်သားနဲ့ တိုက်ခိုက်ကြတာလဲ”

ဝမ်ရှောင်းက စကားနှိုက်ကာ မေးမြန်းသည်။

“သူ့သမီးကို တောင်းလို့ပေါ့”

“ဟင်”

“ဟုတ်တယ်.... ဒီအဘိုးကြီးက သိပ်သဝန်တိုတာပဲ၊ သူတို့ရွှေသော့အာမခံအဖွဲ့ကြီး မပျက်စီးအောင်ကြံပေးမယ်၊ ကျုပ်ကို ခင်ဗျားသမီးနဲ့ လက်ထပ်ပေးမလားလို့ မေးရာကနေပြီး အခြေအနေမကောင်းလာတာပဲ”

ထိုလူကလည်း ပါးနပ်ပုံရသည်။

ယခုသူပြောသည့်စကားသည် မှန်ကန်လိမ့်မည် မဟုတ်ပါ၊ တမင်တကာပင် ဝမ်ရှောင်းကို လှည့်ပတ်ပြောဆိုနေခြင်းဖြစ်ဟန်တူသည်။

ဝမ်ရှောင်းအနေနှင့်လည်း သဘောပေါက်သည်။

သူစကားကို တမင်လှည့်ပတ် ပြောနေသည်ကို ရိပ်မိသော်လည်း မရိပ်မိဟန်ဖြင့် အသာငြိမ်နေလိုက်သည်။

အမှန်မှာ။

ရှီချန်းလုံသည် အမှုပွဲစားအား တစုံတခု မဟုတ်တာတော့ လုပ်နေပြီဟူ၍ စိတ်ထဲမှထင်နေသောကြောင့် မနက်ခရီးထွက်မည့်ကိစ္စတွင်တပါတည်း လိုက်ခဲ့ရန်သွားခေါ်ခြင်းဖြစ်သည်။

သို့သော်—

အမှုပွဲစားက မလိုက်လိုဟုငြင်းပြီး ရှီချန်းလုံသာလျှင် သွားဖို့အကြောင်း တိုက်တွန်းခဲ့သည်။

ရှီချန်းလုံက တပါတည်းလိုက်ခဲ့ရန်ပြောသည်။

ဤမှစ၍ တယောက်နှင့် တယောက် အဆင်မပြေခဲ့ကြပဲ၊ တဖန်သရဲညီနောင် ငါးဖော်က ထိုအမှုပွဲစားထံသို့ ပေးသောစာကိုလည်း ရှီချန်းလုံ တွေ့ရှိသွားကာ မျက်လုံးပြူးသွားပြီး၊ ဤလူသည် သရဲညီနောင်တို့နှင့် အဆက်အသွယ်ရှိကြောင်း သိရှိသွားသည်။

ထို့ကြောင့် အချိုးသတ်ကာ သူ့နယ်မြေရှေးဟောင်းဌာနချုပ်ကို ခေါ်လာစဉ် လမ်းမှာပင် အမှုပွဲစားကလည်း သူ့ကို အချိုးသတ်ပြီး ခေါ်လာမှန်းသိကာ နှစ်ယောက်သား တိုက်ခိုက်ကြသည့် အခြေအနေသို့ရောက်ကုန်ရခြင်းဖြစ်သည်။



ဤသည်ကို ဖုံးကွယ်ထားခြင်း ဖြစ်သည်။

ဝမ်ရှောင်း ဦးနှောက်ကို လျင်မြန်စွာ အလုပ် ပေးနေသည်။

× × ×

နောက်ဆုံး သူပိုင်ဆုံးဖြတ်ချက် တခုကို ချလိုက်သည်။

"ကဲ...မင်းမလိုက်ချင်ယင် ရှေ့ညည်းစိမ် စားသောက်ဆိုင်က နေကြည့်နေ၊ ငါမင်းကို လာပြီးဆက်သွယ်မယ်"

"ဘယ်လောက်ကြာမှာလဲ"

"သိပ်မကြာပါဘူး၊ ကံကောင်းယင် မနက်မိုးလင်းယင်တော့ ငါမင်းကို လာပြီးဆက်သွယ်နိုင်လိမ့်မယ်"

"ကောင်းပြီ....နောင်ကြီး ကတိသာ တည်ပါစေ"

ဝမ်ရှောင်း ဟန်မပျက် ပြောဆိုလိုက်သည်။

"ငါ သွားမယ်"

အမှုပွဲစားက ပြောပြောဆိုဆို တဖက်ကို လှည့်လိုက်သည်။

ဝမ်ရှောင်း ခေါင်းကိုဆတ်သလို ညိတ်ပြလိုက်ပြီး၊ သွားဟန်ပြင်သည်တွင် အမှုပွဲစားတဖက်သို့ လှည့်လိုက်သည်နှင့်–

ရေးက သိပ်ဝေးလှသည် မဟုတ်သောကြောင့် မကြာမီ အချိန်မှာပင် ရွှေသော့အဖွဲ့၏ တံခါးဝကြီးရှေ့ကို ရောက်လာခဲ့သည်။

"ဟိတ်....တံခါးဖွင့်ကြစမ်း"

ဝမ်ရှောင်း အသံခပ်မာမာ လှမ်းပြီးပြောလိုက်သည်။

"ဘယ်သူလဲ ...အရှေ့က အော်နေတာ"

မိန်းကလေး တယောက်၏အသံ ဖြစ်သည်။

ဝမ်ရှောင်း ရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားသည်။

သည်အသံကို သူကောင်းကောင်း မှတ်မိနေသည်။

သူသည်....



နှင်လူသတ်သမား

"ဘယ်သူလဲ .. နာမည်ပြောစမ်း"

အထဲမှ ထပ်မေးလိုက်သည့် အသံဖြစ်သည်။

ဝမ်ရှောင်း ဘယ်လိုပြေလျှင် ကောင်းမည်ကို ချက်ချင်း စဉ်းစားနေမိသည်။

မထူးတော့ဟု စိတ်ဆုံးဖြတ်ကာ-

"ဝမ်ရှောင်းပါ"

"ဘယ်က ဝမ်ရှောင်းလဲ"

အထဲမှ ထပ်မေးလိုက်သော အသံကြောင့် ဝမ်ရှောင်း အဖြေရ ခက်သွားသည်။

"ခင်ဗျားတို့ ဖမ်းထားတဲ့ ဝမ်ရှောင်းပါ"

"ဘာ"

ဝမ်ရှောင်း၏ အဖြေကြောင့် အထဲမှ ရီမေ၏ အသံသည် အံ့သြထိတ်လန့်သွားပုံ ရသည်။

မယုံကြည်နိုင်သလိုလည်း ဖြစ်သွားပုံရသည်။

"တံခါး ဖွင့်လိုက်စမ်းပါ"

ရီမေ၏ အမိန့်သံဆုံးသည်နှင့်—

"ဂျိန်း..."

တံခါးဖွင့်သံ ပေါ်လာကာ လူတစုရိပ်ကနဲ ခုန်ထွက်လာသည်။

အားလုံး ဆယ်ယောက်ခန့်ရှိသည်။

"အို"

ရီမေ၏အသံ ဖြစ်သည်။

"ရှင်....ရှင်ဘယ်တုန်းက လွတ်သွားတာလဲ"

တုန်လှုပ်စွာ မေးလိုက်သည်။



"စောစောတုန်းက လွတ်သွားတာပဲ ဒါတွေကို ခဏ ထားလိုက်ပါ၊ မကျေနပ်ယင် ကျုပ်ကို ပြန်ဖမ်းနိုင်ပါတယ်၊ ဒီမှာ ဘယ်သူလဲ ကြည့်စမ်းပါဦး"

ဝမ်ရှောင်း သူ့ရှေ့တွင် ကန့်လန့်ဖြတ်တင်လာသော သူမ၏ ဖခင် အလောင်းကို ပြလိုက်သည်။

လရောင်က ထိန်နေသည်မို့ သဲသဲကွဲကွဲ မြင်နိုင်သည်။

"ဟင်....ဖေဖေ"

ရီမေ၏ အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"အို....သခင်ကြီးပါလား"

အံ့သြထိတ်လန့်သံတွေက တဖုံကြီးထွက်လာသလို၊ လူတွေလဲ ဝမ်ရှောင်းအနီးသို့ တိုးလာကြသည်။

"ဘယ်....ဘယ်လိုဖြစ်တာလဲ၊ ရှင်....ရှင်က ဖေဖေ့ကိုလုပ်ကြံ သတ်ဖြတ်လိုက်ပြီ မဟုတ်လား"

"မဟုတ်ဘူး....ကျုပ် ရှင်းပြမယ်"

"မလိုဘူး.... ရှင်ဟာ အချုပ်ထဲကနေ ထွက်ပြေးတယ်၊ နောက် ရှင့်ကို ဖမ်းဆီထားတဲ့အတွက် ဖေဖေ့ကို မကျေနပ်တာနဲ့ ခုလို သတ်ပစ်လိုက်တာ ရှင်းနေတာပဲ"

× × ×

ရီမေသည် အသံကုန် အော်ပြီးစွပ်စွဲကာ သူ့ဖခင် ရှိရာကို အပြေးလာပြီး စက်ရာကိုကြည့်လိုက်သည်။

ပြီးလျှင် ဝမ်ရှောင်း အမှုပွဲစားဆီမှ သိမ်းဆည်းထားသော အလွန် ပျော့ပျောင်းလှသည့် ခါးနှစ်လက်ကို ကြည့်လိုက်ကာ-

"ရှင်... ဒီလက်နက်နဲ့ ဖေဖေ့ကို သတ်လိုက် တာပဲ မဟုတ်လား"

ချတ်တရက် စွပ်စွဲလိုက်သည်။

စကားဆုံးသည်နှင့် ဝမ်ရှောင်း ဘာမှပြန်မဖြေနိုင်မီမှာပင်-

"ဖြိုး"

"ဖပ်"

"အား"

ဝမ်ရှောင်း မြင်းပေါ်မှ လွင့်ကျသွားသည်။

တော်တော်လှမ်းလှမ်းကို လွင့်ထွက်သွားခြင်း ဖြစ်သည်။

"မင်း ရပ်လိုက်ပါ၊ ငါ... ငါရှင်းပြပါဦးမယ်"

ဝမ်ရှောင်း မြေကြီးပေါ်မှ ထ ရပ်ယင်း လှမ်းပြော လိုက်သည်။

သို့သော်-

သူ့စကားသည် အပိုစကားဖြစ်သွားသည်။

"တိတ်စမ်း....လူလိမ်၊ လူညာ၊ လူသတ်သမား"

ဖခင်၏စိတ်ကြောင့် ဘာကိုမှ မစဉ်းစားတော့ပဲ၊ တရကြမ်း ဝင်ရောက် တိုက်ခိုက်သောရီမေမှာ ကျားသစ်မလေး တကောင် လို ဖြစ်နေသည်။



"ဝိး... ဝှစ်"

"ဟော့.... ယောကျ်ား ဖြစ်ပြီး ဘာလို့ ကြောက်နေတာလဲ၊ လူသတ်သမားကြီး"

ပါးစပ်က စူးရှစွာ အော်လိုက်ပြန်သည်။

ဝမ်ရှောင်း ဘာလုပ်ရမှန်း မသိရအောင် အကျပ် တွေ့ နေသည်။

"ဟဲ့...ဝင်တိုက်ကြပါလား၊ ဒမြရဲ့သူလျှို လူသတ်သမားကို ဘာလို့ ကြည့်နေကြတာလဲ"

ဝမ်ရှောင်းကို သူ့ပိုးပဝါဖြင့် တရစပ် လိုက်တိုက်နေ ယင်းမှ သူ့လူများကို လှမ်းပြီး ကြိမ်းဝါးလိုက်သည်။

သခင်မ၏ စကားကြောင့် ရွှေသော့အဖွဲ့ လက်ရွေးစင် သိုင်းသမားများ တပြိုင်နက်ဝင်လာကြသည်။

"အိုး... ငါတော့ သေတော့မှာပဲ"

ဝမ်ရှောင်းသည် သိပ်စိုးရိမ်သွားသည်၊ သူဘယ်လောက်ပဲ သိုင်းပညာတွင် တော်နေစေကာမူ၊ ဤကဲ့သို့ အဆင့်မြင့် သိုင်း ပညာရှင် ဆယ်ဦးခန့်ကို သူတယ်လိုမှ နိုင်အောင် တိုက်နိုင်မည် မဟုတ်ကြောင်း သိနေသည်။

× × ×

"ယား…ဟီး"

"ဝှစ်"

"အီး…ယား"

"ဝီး .. ဝီး"

ဝမ်ရှောင်း ဘယ်လိုမှ မတတ်နိုင်တော့သည့် အဆုံးတွင် တတ်နိုင်သမျှ ပြန်လည်ခုခံရတော့သည်။

"ထန်း"

"ချွင်…ချွင်"

ဓားသံတွေက ဆူညံနေသည်။

"ရှွပ်"

"ဂျွတ်"

ဝမ်ရှောင်းပင် အံ့အားသင့်သွားရသည်။

ဒီဓားကို သူတခါမှ ကိုင်တွယ်ဖူးခြင်းမရှိပဲ စောစောကမှပင် အမှုပွဲစား၏လက်ထဲမှ ရယူလာသော ဓားဖြစ်သည်။

ဓားသည် လွန်စွာ ပေါ့ပေါ့ပါးပါး လှုပ်ပြီး ပေါ့ပါးလွန်း သည်။

ဓားရောင်သည် အေးစိမ့်စိမ့် အရောင်ထမ်းနေ၏။

ယခု သည်ဓားသည် လွန်စွာ အစွမ်းထက်နေသည်။

ဤမျှ ပေါ့ပေါ့ပါးပါးလှသော ဓားပေမယ့် ထိလိုက်သော ဓားတိုင်း ထက်ပိုင်းကျိုးပဲ့ လွင့်ထွက် သွားကြသည်ကို တွေ့ ရသည်။

ရွှေသော့ သိုင်းအဖွဲ့သားများ အံ့သြကုန်သည်။



"ကဲ .. ရှင့်ဓားက သိပ်ထက်တယ်ဆိုတော့"

"ဒါ .. ငါ့ဓား မဟုတ်ဘူး"

ဝမ်ရှောင်း ဒေါသသံဖြင့် အော်ဟစ်လိုက်သည်။

"ဝှစ်…ဝီ…ဝီး"

ပိုးပုဝါစက ရှတ်ကနဲ့ဝင်လာသည်။

"ရှမ်း"

"ဝှစ်"

"အို"

ရီမေ တုန်လှုပ်သွားသည်။

သူ့ပိုးပဝါစကလေး၏အဖျားကို ဓားဖြင့်လှမ်းတွက်လိုက်ရာ ပိုးပဝါစလေး တဖွဲဖွဲထွက်သွားသည်ကို မြင်လိုက်သောကြောင့် ဖြစ်သည်။

"ဟော့… မြင်းနှစ်ကောင်လုံး အိမ်ဝင်းထဲ ဆွဲသွင်း ထား လိုက်ကြ"

ရီမေက သူ့လူများကို လှမ်းပြီးအမိန့်ပေးယင်း ဗယ်ဘက် လက်တဘက်ကို ရိပ်ကနဲလှုပ်လိုက်သည်။

"ဝှစ် ဝှစ်"

"ဟာ"

"လက်နက်ပုန်း"

ဝမ်ရှောင်း နှုတ်မှထိတ်လန့်စွာရေရွတ်လိုက်မိသည်။

"ဒင်း"

"ရှွပ်"

လက်ထဲမှ ဓားဖြင့် လက်ကနဲ ဝင်လာသော အရာများကို ရိုက်ထုတ်လိုက်နိုင်သည်။

ထွက်ပေါ်လာသော အသံကြောင့် ထပ်မံအံ့အားသင့်သွားရပြန်သည်။

"အို ...လက်နက်ပုန်းမှ မဟုတ်တာ"

"ဟုတ်တယ် ...ရှင့်လိုလူမျိုးကို ကျွန်မဘယ်တော့မှ လက်နက်ပုန်းနဲ့ မတိုက်ဘူး၊ လက်နက်ပုန်းဆိုတာ ယုတ်ညံ့တဲ့ သူတွေသုံးတာ"

အမှန်မှာ—

ဤအရာသည် လက်နက်ပုန်း မဟုတ်ပါ။

အလွန် သေးငယ်သော သံမဏိမျှင် ကလေးများဖြင့် ယက်လုပ်ထားသည့် သံမဏိပဝါတထည်သာ ဖြစ်ပါသည်။

ရီမေ၏ အရေးပေါ်လယ်နက်ဟု ဆိုရပေမည်။

× × ×

"ကဲ....ရော့"

"ဝစ်...."

ပိုးပဝါစက ဝင်လာပြန်သည်။

ဝမ်ရှောင်း ကျွမ်းပစ်ပြီး ရှောင်လိုက်ရပြန်သည်။



"ဝှစ် ... ဝီး"

သံမဏိပဝါက ဝဲပျံ၍ဝင်လာပြန်သည်။

"ယား"

ဝမ်ရှောင်း အရူးတယောက်လို ဖြစ်နေသည်။

"ငါ့အဖေသေရသလို၊ နင့်ကိုလဲသေရစေ့မယ်၊ ကဲ... သိကြရောပေါ့"

ရီမေ၏ ဒေါသသည် ထိပ်ဆုံးသို့ ရောက်နေပြီဖြစ်သည်။

ဘေးမှ ရပ်နေသော ရွှေသော့အဖွဲ့သားများမှာ ဝမ်ရှောင်းကို တလှည့် သူတို့၏ သခင်မကို တလှည့်ကြည့်ယင်း ဗျာများနေသည်။

ဝမ်ရှောင်းစိတ်ထဲတွင် သူမသေချင်သေးပါ။

သေရမည်ကို ကြောက်သောကြောင့် မဟုတ်ပါ။

ယခုလောလောဆယ်၌ သေဆုံးသွားလျှင် ရွှေသော့ ခေါင်းဆောင်ကြီး ရီချန်းလုံကို သတ်သော တရားခံ အဖြစ်နှင့်မည်ဆိုးကြီး ကျန်ရစ်ခဲ့မည်ကို လွန်စွာ စိုးရိမ်နေ မိသောကြောင့်ဖြစ်သည်။

× × ×

ထိုစဉ်မှာပင် ...

"ဒီမှာ ... ရီမေ၊ ကျုပ်ကို သတ်ချင်သတ်ပါ၊ ဒါပေမယ့် စကားလေး တခွန်းလောက်တော့ သေသေချာချာ နားထောင်ပါနော်"

ဝမ်ရှောင်း ထပ်မံပြီး အော်ဟစ်ပြီး ပြောလိုက်သည်။

"တိမ်စမ်း ... လူသတ်သမားရဲ့ မဟုတ်တဲ့စကားတွေကို ဘာမှ မကြားချင်ဘူး၊ သေရဲယင် သေ၊ မသေရဲယင် တိုက် ... ဒါပဲ ရှိတယ် ..."

ရီမေက ဝမ်ရှောင်းကို ပြန်ပြောလိုက်သည်။

သူ့အာယ်လိုမှ ရှင်းပြ၍ ရတော့မည် မဟုတ်မှန်း ဝမ်ရှောင်း သိလိုက်သည်နှင့် ....

"ငါဆက်တိုက်နေယင်လဲ၊ သူ့ကို တချက်မဟုတ် တချက် ထိမယ်၊ ဒါမှမဟုတ် ငါ့ကိုဖြစ်ဖြစ်ထိမယ်"

"ဒီတော့ ငါပြောချင် တာတွေကို နားထောင်ထောင် မထောင်ထောင် အော်ပြောပြီး ပြေးမှပဲ ..."

ဟု ဝမ်ရှောင်း တွေးလိုက်ကာ ....

"ဒီမှာ .. ဦးကြီးတော်ရီချန်းလုံကို ကျုပ်သတ် ...."

"ဝှစ်"

ငုံ့ရှောင်လိုက်ရာမှ ...

"ကျုပ်သတ်တာမဟုတ်ဘူး၊ တကယ်သတ်တဲ့သူက —"



"ဝှီး"

"ချွင် ...."

စကားမဆုံးမီ ဝင်လာသော သံမဏိမျှင်ပဝါစကို ခုန်၍ ရှောင်လိုက်ယင်းမှ ....

"မင်းအဖေကိုသတ်တာ မင်းတို့နဲ့ရင်းနှီးနေတဲ့ ရွှေစည်းစိမ်က ညွှံသည်ပဲ၊ အခု ကျုပ်ကိုင်နေတာ သူ့ဓားပဲ"

"လုပ်မနေနဲ့ ... ရှင့်စကားတွေ တလုံးမှမယုံဘူး"

"ဝှစ်"

"ယား"

ဝမ်ရှောင်း မြေပေါ်တွင် လှိမ့်၍ရှောင်ယင်းမှ ...

"အခု နောက်က မြင်းပေါ်မှာ တရားခံကို ဖမ်းလာတယ်"

"မယုံဘူး"

ရီမေက စကားပြောယင်း အတင်းတိုက်နေသည်။

ဝမ်ရှောင်း နောက်ကို ဆုတ်၍၊ ဆုတ်၍ ရှောင်ယင်းမှ—

"နောက်မနက် မရောက်ခင် မင်းတို့အိမ်ထဲက သဒ္ဒေးကြီး ပုဝမ်ဖန် အခသဘင်ဆောင်ထားတဲ့ သရဲညီနောင်တွေရဲ့ သေတ္တာတွေထဲက လူတွေထွက်လာပြီး ...."

"တိတ်စမ်း .... လူသတ်ကောင် လူညာ"

"ဝီး .... ဝီး"

ဝမ်ရှောင်း နောက်သို့ဆုတ်ယင်း ရှောင်နေသည်မှာ တော်တော်လေး ဝေးလာပြီဖြစ်သည်။

တောင်ကုန်းကလေး၏ နံဘေးသစ်တောအုပ်ထဲသို့ လှမ်းဝင်လိုက်သည်။

"ဒါဆို သူ့ပဝါဝေ့ယင်း တိုက်ခိုက်လို့မရတော့ဘူး"

ဤကဲ့သို့ အပိုင်တွေးလိုက်ယင်း သစ်တောထဲသို့ နောက်ဆုတ် တိုးဝင်သွားသည်။

"ဟိတ်....ရှင်ယောကျ်ား မဟုတ်ဘူးလား၊ ဘာလို့သစ်တောထဲ ဝင်ပြေးရတာလဲ"

ရီမေက ဒေါသဖြစ်ကာ အော်ပြောလိုက်သည်။

ဝမ်ရှောင်း ဘာမှမပြောပဲ၊ ငြိမ်နေလိုက်သည်။

ဝမ်ရှောင်း၏ အတွေးမှာ မှန်နေသည်။

ဝေ့ယမ်း တိုက်ခိုက်ရသော ပိုးပဝါသံမဏိကြိုးမျှင် ပဝါတို့မှာ သစ်ပင်များပြည့်နေသော သစ်တောတွင်း ဝင်ရောက်၍ မတိုက်ခိုက်နိုင်တော့ပါ။

"ဟုတ်တယ်.... လောလောဆယ် ကျုပ်မသေနိုင်သေးဘူး၊ ကျုပ်ဟာ တရားခံမဟုတ်ကြောင်း သက်သေပြပြီးမှ မင်းကြိုက်သလို လုပ်နိုင်တယ်"

ဝမ်ရှောင်းက ရရှိသည့် အခွင့်အရေးကို အမိအရယူပြီး ပြောလိုက်သည်။

× × ×



"ရှင်ဘာကို သက်သေပြပြီး ပြောမှာလဲ"

ဝမ်ရှောင်း အားတက်သွားသည်။

ချက်ချင်းပင် ဝမ်းသာအားရ လေသံဖြင့်–

"သိပ်ပြနိုင်တာပေါ့၊ နောက်ပြီး ကျုပ်ကတိတခုပါ ထပ်ပြီး ပေးလိုက်ဦးမယ်"

"တကယ်လို့ ကျုပ်ဟာ တရားခံ ဖြစ်နေမယ်ဆိုယင် မင်းရဲ့ ရှေ့မှာ လည်စင်းပေးမယ်၊ နောက် မင်းတို့ရွှေသော့အဖွဲ့ကြီးကို ဖျက်ဆီးမဲ့လူ၊ အထဲမှာရှိတဲ့ ရွှေတွေငွေတွေကို ငမြ တိုက်ချင်နေတဲ့ လူတွေကိုပါ ဖမ်းဆီးပေးမယ်"

ရီမေ တွေကနဲတချက် ဖြစ်သွားသည်။

ဤသည်ကို အခွင့်ကောင်းယူလျက်–

"အခုအထဲမှာ ပါလာတဲ့လူဟာ လူကောင်း မဟုတ်ဘူး၊ သူဟာ အမှုပွဲစား ဒုစရိုက်လောကရဲ့ လက်ထောက်ချုပ်ပြီး ငွေညစ်နေတဲ့သူပဲ၊ သူ့ရဲ့ အခြေအနေကို ရိပ်မိတဲ့ ဦးရိုးတော်ကို သူက လက်ဦးအောင် သုတ်သင်ပစ်လိုက်တာပါပဲ"

ဝမ်ရှောင်း လေအေးအေးနှင့် ရှင်းပြသည်။

ရီမေ တွေပြီးစဉ်းစားနေသည်။

"ဒါဖြင့်....အဲဒီသူကော သေပြီလား"

"မသေသေးဘူး၊ ကျုပ် အကြောပိတ်ပြီး ဖမ်းလာတာ"

"သူ့ကို မေးလိုက်ယင်တော့ အကုန်ပေါ်မှာပဲပေါ့"

"ဟုတ်တယ်"

ဝမ်ရှောင်း အခြေအနေ ကောင်းလာမှန်း သိရသဖြင့်–

"လောလောဆယ် အဲဒါက အရေးမကြီးဘူး"

"ဘာက အရေးကြီးသလဲ..."

"ရှင့်ကိုတော့ လွှတ်မပေးနိုင်သေးဘူး၊ အဖြစ်မှန်တွေ ပေါ်မလာမချင်း ဖမ်းထားရမှာပဲ"

ရီမေက ခပ်မာမာပင် ပြန်ပြောလိုက်သည်။

ဝမ်ရှောင်း နည်းနည်းတော့ တွန့်သွားမိသည်။

သို့သော်–

စိတ်ကို တင်းလိုက်ကာ။

"ကောင်းပြီ.... ကျုပ် အဖမ်းခံမယ်၊ လောလောဆယ် အရေးကြီးတာက မင်းတို့ ပစ္စည်းခန်းထဲကို ရောက်နေတဲ့ သေတ္တာထဲက လူတွေကို သုတ်သင်ဖို့က အရေးကြီးတယ်"

× × ×

"ဘာ....ဘာပြောတယ်"

ရီမေက ထိတ်လန့်စွာ ပြန်မေးလိုက်သည်တွင်–

"အင်း.... ဟုတ်တယ်... ကျုပ် မလိမ်ဘူး၊ ဒီအကြောင်းကို ကျုပ်ပြောတာမယုံယင် ယနေ့ချက်ချင်း မိုးမလင်းခင်မှာ အပြတ်စစ်ဆေး မေးမြန်းကြည့်ယင် သူတို့ရဲ့ ဟန်ဆောင်မှုကြီးဟာ ပျက်စီးသွားမယ်ဆိုတာ၊ ရဲရဲကြီး အာမခံတယ်"



လွင်စာပေ
အမှတ်(၁၃၈) ဖြ

"ရှင် ဘယ်လိုလုပ် သိနေတာလဲ"

ရီမေက မယုံသင်္ကာ ပြန်မေးလိုက်သည်။

"ဟုတ်တယ်. အဲဒါကို မင်းနားလည်အောင် ရှင်းပြရမယ်ဆိုယင်၊ မလွယ်တဲ့အချက်ပဲ"

"ဒါပေမယ့် ပြောပြမယ်"

"ဟုတ်ပါပြီလေ....ဒီတော့"

ရီမေက လောဆော်လိုက်သည်။

"အဲဒီ အမှုပွဲစားနဲ့ သရဲညီနောင်တွေဟာ လာပြီးတိုင်ပင်တယ်ဆိုတာ ကျိန်းသေကြားထားလို့ပဲ၊ သူတို့ဟာ နှစ်ဖွဲ့ခွဲပြီး တိုက်ခိုက်မယ့် အစီအစဉ်ရှိတယ်"

"ဘယ်လို တိုက်မှာတဲ့လဲ"

ရီမေက နားမလည်သလို မေးလိုက်သည်။

သူ့မျက်နှာမှာ မယုံကြည်စိတ်မှ လွဲပြီး၊ ထွေထွေထူးထူး ဘာမျှမရှိပါ။

"မနက်ဖြန် ဦးရီးတော်က ဟိုကိုပို့စရာ ပစ္စည်းရှိနေတယ် မဟုတ်လား..."

"ဟုတ်တယ်.... အဲဒီ အကြောင်းကို ရှင် ဘယ်လို သိနေသလဲ...."

"ကျုပ်ဘယ်လိုသိသိ – သိတာက အကြောင်းမဟုတ်ဘူး"

သရဲညီနောင်နဲ့ အမှုပွဲစားတို့ဟာ နှစ်ဖွဲ့ခွဲပြီး မင်းတို့ကို ဒမြ တိုက်မှာပဲ။

"သရဲညီနောင်က လမ်းကနေပြီး၊ မင်းဖခင်ရဲ့ဆီက ပစ္စည်းကို လုလိမ့်မယ်၊ နောက်တဖွဲ့က သေတ္တာထဲကနေ ထွက်ပြီး အင်အားနည်းနေတဲ့ ရွှေသော့ဂေဟာကြီးကို အပိုင်စီးမှာပဲ ..."

"ဒါက သေချာရဲ့လား...."

ကျုပ်စကားပြောရတာ မောတောင် မောတယ်၊ ဒီသတင်းဟာ မင်းကိုမပြောလဲဖြစ်တယ်၊ ဒါပေမယ့် ကျုပ်က စေတနာထားပြီး၊ သတင်း ပေးထားတာ ပါပဲ၊ မယုံလဲ မတတ်နိုင်ဘူး...."

"ဒါဖြင့်.... မြင်းပေါ်မှာ ပါလာတဲ့ တရားခံကို ကျွန်မတို့ စစ်ဆေးကြည့်ရမှာပဲ ..."

ရီမေ က ဝမ်ရှောင်း၏ မျက်နှာကို စေ့စေ့ တွေကာ ကြည့်ယင်း...

"ရှင့်ကိုလဲ ကျွန်မအနေနဲ့ အမှုမပေါ်မချင်း ဖမ်းဆီးထားရလိမ့်မယ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့၊ ကျွန်မတို့အနေနဲ့ ကျေနပ်မှ ရှင့်ကိုလွှတ်ပေးမယ်"

ဝမ်ရှောင်း ပါးစပ်ပိတ်သွားမိသည်။

ပြီးလျှင် သူ့ စိတ်ကို သေသေချာချာဆုံးဖြတ်လိုက်ပြီး—

"ကောင်းပြီ ... ဒါပေမယ့် ကျုပ်ကလဲ ပြန်ပြီးစကားတခွန်းတော့ ပြောရလိမ့်မယ် ဘယ့်နှယ်လဲ...."

ဝမ်ရှောင်းက ဤကဲ့သို့ ပြန်ပြောလိုက်သောအခါ....

"ဘာများလဲ... ပြောပါ"

ဟု ရီမေက ပြောခွင့်ပြုလိုက်လေ၏။



"ကျုပ်အဖမ်းခံမယ်၊ ဒါပေမယ့် ကျုပ်ကိုဖမ်းထားပြီး အမှုကိစ္စကို သေသေချာချာ စုံစမ်းစစ်ဆေးရမယ်နော်၊ နို့မို့ ကျုပ် အဖမ်းမခံနိုင်ဘူး...."

ရီမေက ဟက်ကနဲ တချက်ရယ်လိုက်ပြီး....

"စိတ်သာချပါ ရှင်....ကျွန်မတို့က ဒီအမှုကိစ္စကို ပိုပြီးပေါ်လွင်စေချင်တာပဲ....စုံစမ်းရမှာပေါ့...."

"ကဲလာပြီး...ကျုပ်ကိုဖမ်းတော့"

ဝမ်ရှောင်းက စကားဆုံးသည်နှင့် ရှေ့သို့ ခုန်ထွက်ကာ လက်နှစ်ဖက်ကို မြှောက်ပြပြီး အဖမ်းခံလိုက်လေသည်။

× × ×

"ကဲ....လာ....ဒါဖြင့်ကျွန်မနဲ့လိုက်ခဲ့ပါ..."

ရီမေက စိတ်ချယုံကြည်သွားဟန်ဖြင့် ခေါ်ထုတ်ကာ သူကိုယ်နှိုက် ဦးဆောင်ပြီး၊ လျှောက်သွားလေသည်။

နောက်မှ ကပ်လိုက်လာသော ဝမ်ရှောင်းမှာ ဘာမှမပြောတော့ပဲ၊ ခြေလှမ်းမှန်မှန်ဖြင့် လိုက်လာလေသည်။

ရွှေသော့အဖွဲ့ဝင် တချို့အုံအားသင့်သွားရသည်ဖြစ်၍....

အဘယ်ကြောင့်ဆိုသော်....

စောစောက အပြင်းအထန်တိုက်ခိုက်ခဲ့သော သူတို့၏ သခင်မနှင့်ရန်သူဖြစ်သူ ဝမ်ရှောင်းတို့ ရှေ့ဆင့် နောက်ဆင့် ဝင်ရောက်လာသောကြောင့်ဖြစ်၏။

"ဟိတ်...တို့လူထဲက တယောက် ဒီကိုလာစမ်း...."

ရီမေသည် သူ့လူများဘက်သို့ လှမ်းခေါ်လိုက်လေ၏။

လူရိပ်တခုဖြတ်ကနဲ ပြေးဝင်လာပြီးလျှင်...

"ဟုတ်ကဲ့...သခင်မ၊ ကျွန်တော်တို့ ဘာလုပ်ဆောင် ပေးရမယ်ဆိုတာ အမိန့်ရှိပါခင်ဗျား ..."

ထိုဝင်လာသော လူရိပ်က စတင်စကား ပြောလိုက်ခြင်းဖြစ်၏။

"မြင်းပေါ်မှာပါလာတဲ့သူကို အထဲကိုခေါ်ခဲ့ပါ...."

"ကောင်းပါပြီခင်ဗျာ..."

စကားဆုံးသည်နှင့် ထိုလူသည်၊ လျင်မြန်စွာ ပြေးထွက်သွားလေ၏။

× × ×



လူလိမ်

မီးရောင်တို့က ထိန်လင်းနေသည်။

ရွှေသော့အဖွဲ့သားများ ဝိုင်းရံလျက် ကြည့်နေကြသည်။

အခန်းဆောင်ကြီး အတွင်းဝယ်၊ ရွှေသော့ ဓာမခံအဖွဲ့၏ ခေါင်းဆောင်ကြီး ရီချန်းလုံ၏ အလောင်းကို ပြင်ထားပေသည်။

ထိုအလောင်း၏ ရှေ့ကွက်လပ်နေရာတွင် သတိမေ့နေသော အမှုပွဲစားကို ကြမ်းပြင်ပေါ်သို့ ချထားသည်။

"ကဲ ရှင့်အနေနဲ့ပဲ ရှင်ပိတ်ခဲ့တဲ့ အကြောင်းကို ပြန်ဖွင့်လိုက်ပါ...."

ရီမေက ဝမ်ရှောင်းကို လှမ်းပြောလိုက်သည်။

ဝမ်ရှောင်းက ခေါင်းကို ဆတ်ကနဲညိတ်လိုက်ပြီး—

"ကောင်းပြီ"

"ဒါပေမယ့် ကျုပ်တခုတော့ ပြောထားမယ်၊ အဲဒီလူဟာ လူလိမ် တယောက်ဆိုတာတော့ မင်းတို့ သိထားရလိမ့်မယ်၊ ဒီတော့ သူသတိရလာယင် လိမ်ချင် ဆက်လိမ်နေလိမ့်မယ်၊ ဝန်ခံချင်လဲ ခံလိမ့်မယ်၊ တကယ်လို့ သူကဝန်မခံပဲ ဆက်လိမ် နေယင် တို့ပြောတဲ့ စကားကို မှန်-မမှန် ပစ္စည်းခန်းထဲက သေတ္တာတွေကို ဖွင့်ကြည့်ဖို့တော့ လိုမယ်"

"ကောင်းပြီလေ ...သူ့ကိုသာ သတိရအောင် လုပ်လိုက်ပါ"

ရီမေက ခပ်ပေါ့ပေါ့ပင် ပြန်ပြောလေသည်။

ဝမ်ရှောင်းသည် ရှေ့သို့ လှမ်းတက်သွားပြီး၊ အမှုပွဲစား လူလိမ်၏ ပိတ်နေသော သတိကြောများကို လက်ညှိုးနှင့် ခေါက်လျက် ဖွင့်ပေးလိုက်လေသည်။

× × ×

"အီး....ကျွတ်....ကျွတ်"

အမှုပွဲစား သတိရလာပြီဖြစ်သည်။

သူသည် ခန္ဓာကိုယ်ကို တွန့်လိမ့်လျက် လူးပွဲရှား နေသည်။



"ဖျန်း....ဖျန်း...."

ဝမ်ရှောင်းက သူ့ပါးကိုနှစ်ချက်ဆင့် ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်သည်နှင့်—

"အီး...."

မျက်လုံးများ ပွင့်လာသည်ကို အားလုံး မြင်လိုက်ရပေသည်။

မျက်လုံးများ ပွင့်လာသည်နှင့်-

"အင်..."

ပါးစပ်မှ အုံသြသော အသံကိုပြုလျက် လဲနေရာမှ ထတိုင် လိုက်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်ပြီး-

"ဟိတ် ... မင်းငါ့ကို မင်းတို့ဒမြအဖွဲ့ထဲ ဖမ်းလာတာလား၊ ငါ့ကို ပြန်လွှတ်စမ်း၊ မလွှတ်ယင် မင်းတို့ဒမြအဖွဲ့ တဖွဲ့လုံး ဒုက္ခရောက်သွားမယ်၊ နားလည်ရဲ့လား"

ဟု ကျယ်ကျယ်လောင်လောင် အော်ဟစ်လိုက်လေသည်။

နံဘေးတွင် ရပ်နေသော ရွှေသော့အဖွဲ့သားများပင် မျက် လုံးများ ပြူးကျယ်သွားကြလေတော့သည်။

ရီမေ၏ မျက်လုံးများမှာ ဝေခွဲရခက်သွားပုံ ရသည်။

"မင်းဟာ သခင်ကြီးကိုလဲသတ်၊ ငါ့ကိုလဲဖမ်းပြီး နုလို ခေါ်လာတာ ဘာရည်ရွယ်ချက်ရှိသလဲ၊ မင်းကို ရွှေသော့ အာမခံအဖွဲ့က ခုလောက်ဆို တောနင်းပြီး ရှာနေတော့မယ်၊ မင်းသိရဲ့လား"

မျက်လုံးကို ပွတ်သပ်ယင်းမှ ဒေါသကြီးစွာ ပြောဆိုနေသော ထိုလူလိမ်၏ စကားသံများကို ဝမ်ရှောင်းကိုယ်တိုင်ပင် ယောင်တောင်တောင် ဖြစ်နေရချေသည်။

အမှန်မှာ-

အမှုပွဲစား လူလိမ်သည် သတိရသည်နှင့် သူသိနေသည်မှာ သူ့အား ဝမ်ရှောင်း ရွှေသော့အဖွဲ့ကို ဖမ်းဆီးခေါ်ဆောင်လာသည်ကို ကောင်းကောင်း သိနေသည်။

သို့ရာတွင်-

သူသည် ဝမ်ရှောင်းကို တရားခံဖြစ်အောင် ပြန်လည်၍ ချောက်တွန်းရန် အကြံဖြင့် ဤကဲ့သို့ သတိကောင်းစွာမရသေးဟန်ဖြင့် ဟန်ဆောင်လိမ်ညာပြောဆိုနေခြင်း ဖြစ်လေသည်။

ဝမ်ရှောင်း ဒေါသဖြစ်လာချေသည်။

"ဟိဘ်ကောင် ...လူသတ်သမား၊ မင်းဘာတွေလျှောက်ပြောနေတာလဲ တိတ်စမ်း"

"မတိတ်နိုင်ဘူး၊ အခု မင်းလက်ချက်နဲ့ ရွှေသော့ အာမခံအဖွဲ့ခေါင်းဆောင်ကြီး ရီချန်းလုံလဲ သေဆုံးခဲ့ပြီ၊ ငါ့ကိုလဲ ဒီကိုဖမ်းလာတယ်၊ ပြီးယင် မင်းဒီရွှေသော့အဖွဲ့ကိုသွားပြီး ဘာတွေလိမ်ညာဦးမလို့လဲ"

ထိုလူလိမ် အမှုပွဲစား၏ စကားများသည် ထိရောက်ပြင်းထန်လွန်းလှသည်။

ရီမေ၏ မျက်နှာမှာ ဖော်မပြနိုင်သော အရိပ်အရောင်များ ယှက်သန်းသွားပြီး ဝမ်ရှောင်းကို စေ့စေ့စပ်စပ် လှမ်းကြည့်လိုက်လေသည်။



ဝမ်ရှောင်း မနေနိုင်တော့ပါ။

"ဟေ့ကောင် ... အရူး.... မင်းဘာတွေ ပြောနေတာလဲ၊ ခုဆောက်နေတာ ရွှေသော့အဖွဲ့ထဲကိုပဲ၊ မင်းရဲ့ ယုတ်မာ ကောက်ကျစ်တဲ့ ကိစ္စတွေကို ဖော်ထုတ်ဖို့ ငါဖမ်းလာတာပဲ"

"အလို....ဒါဟာ ရွှေသော့အဖွဲ့လား"

လူလိမ် အမှုပွဲစားသည် ဟန်ဆောင် ကောင်းလှချေသည်။

ခုမှပင် မျက်လုံးကို သေသေချာချာပွတ်သပ်ကြည့်လိုက်သည့်ဟန်ဖြင့် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

ဤသည်ကို ရီဒမနှင့် အဖွဲ့ခေါင်းဆောင်များက အကဲခတ်ကြည့်ရှုနေကြလေသည်။

"အို ...မင်းဘယ်လို အကြံအစည်နဲ့ ဒီကို ခေါ်လာတယ်ဆိုတာ ငါသိတယ်၊ မင်းဒီမှာ ငါ့ကိုတရားခံလုပ်ပြီး၊ လာလိမ်တာပေါ့၊ဟုတ်လား"

ညစ်ညမ်းစွာ ဆဲဆိုပြီး ပြောလိုက်သော ထိုလူ၏ စကားသံကြောင့် ဝမ်ရှောင်း တကိုယ်လုံးတုန်သွားအောင် ဒေါသတွေဖြစ်လာရသည်။

× × ×

တဆက်တည်းပင်....

"ဒီမှာ ညီမ ရီမေ၊ မင်းကို ဒီကောင် ဘာတွေ ပြောဆိုလှည့်ဖြားပြီးပြီလဲ ပြောစမ်း၊ ဒီကောင်က ဆရာကြီးကို သတ်ဖြတ်

ခဲ့ပြီး တို့ကို ဖမ်းဆီးခဲ့တဲ့ ဒမြအဲ့ကာ ခရှုပြေး တိုက်ခိုက်ရေးမှူး တယောက်ပဲ"

ထိုလူသိမ်ကပင် စွပ်စွဲပြောဆိုလိုက်လေသည်။

ဝမ်ရှောင်းသည် ရှေ့သို့ တိုးသွားပြီး ထိုလူလိမ်ကို လက်ဝါး တချက်ရိုက်သွင်းလိုက်လေသည်။

"ဂွီး…"

သို့သော် မထိပါ။

လူလိမ်က ငုံ့လျက် ရှောင်လိုက်သောကြောင့် ဖြစ်သည်။

"ရပ်လိုက်ပါ…"

ရှီမေ၏အသံက စူးရှ ကျယ်လောင်စွာ ထွက်ပေါ်လာလေ သည်။

"ကဲ…ကျွန်မမေးမယ်၊ ရှင်တို့နှစ်ယောက်က အခု တယောက်နဲ့ တယောက် လွဲချနေကြတယ်။

"ဘယ်သူက လူသတ်သမားမှန်း မသိရအောင် ဖြစ်နေ တယ်။

"တကယ်တမ်းကတော့ ရှင်တို့နှစ်ယောက်ထဲက တယောက် ယောက်ဟာ လူသတ်သမားဖြစ်မှာပဲ၊ ဒါကို ကျွန်မ ဖော်ထုတ် ရမယ်"

"ဒီမှာ…ညီမ ရှီမေ၊ ကျုပ်ဟာ မင်းတို့နဲ့ စတင်ဆက်သွယ်ခဲ့ ကတည်းက ယခုထိ ခေါင်းဆောင်ကြီးရှီချန်းလုံနဲ့ ခုလိုသင်ဖြတ်ဖို့ ကိစ္စ မပြောနဲ့ စကားတောင် မာမာ မပြောခဲ့ကြတဲ့ သူတွေပါ၊



ဘာ ရန်ငြိုးရန်စမှလဲ မရှိခဲ့ပါဘူး၊ ဒီလိုလူက မင်းအဖေကို သတ်ပါ့မလား။

လူလိမ်က ဤသို့ ပြောဆိုလိုက်ပြီး တဆက်တည်း…

"သူဟာ မင်းတို့က သူ့ကို ဖမ်းဆီးခဲ့စဉ်က မင်းတို့ကို အယုံ သွင်းတဲ့သဘောနဲ့ အဖမ်းခံခဲ့တယ်၊ နောက်ထပ်တခါ ထပ်ဖမ်း တော့ မင်းတို့ကို သူ့ဗိုက်နာသွားခဲ့ပြီး မင်းတို့အဖေကို သတ်ခဲ့ တာပဲ…"

လူလိမ်က အော်ဟစ်စွပ်စွဲပြောဆိုလိုက်လေသည်။

ဝမ်ရှောင်း ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားရသည်။

တကယ်တမ်းတွင်မူ ဝမ်ရှောင်းသည် သည် လူလိမ်ကဲ့သို့ စကားကို လှည့်ပတ်ပြောဆိုတတ်သည့် လူမဟုတ်ပါ။

သူသည် မှန်ကန်ပြီး ဖြောင့်မှန်သော လူတယောက်ဖြစ်သည် နှင့်အညီ ဤကဲ့သို့ လူလိမ်တယောက်နှင့်ယှဉ်ပြီး စကားနိုင်လု မပြောတတ်ပါ။

"ကဲ …ရှင် ဘာပြောချင်သလဲ…"

ရှီမေက ဝမ်ရှောင်းကို လှည့်ကြည့်ယင်း မေးလိုက်သည်။

"ကျုပ် ဘာမှ မပြောတတ်ဘူး၊ ဒါပေမယ့် ကျုပ် မင်း အဖေကို မသတ်ဘူး၊ ဒီကောင်သတ်တာကိုတော့ တိတိကျကျ ပြောပြရဲတယ်"

"ဟား ဟား ဟား….မင်းဟာ ပြောင်လိမ်တဲ့သူပဲ…"

လူလိမ်က မထိမဲ့မြင် ရယ်သွမ်းသွေးလိုက်ပြီးပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။

"ရှင်က အသားလွတ် စပ်စွဲသလို ဖြစ်နေပြီ၊ သူ့ကို လူသတ်သမား ပြောလို့ရအောင် ရှင် ဘာအထောက်အထား ပြမလဲ…"

"ကျုပ် သူ့လိုတော့ လျှောက်ပြီးမပြောတတ်ဘူး၊ ဒါပေမယ့် ဒီလူဟာ တခြားလူ မဟုတ်ဘူး၊ လူဆိုးဒမြတွေဖြစ်ကြတဲ့ သရဲညီနောင်နဲ့ ပတ်သက်နေတယ်ဆိုတာတော့ ကျုပ် သက်သေပြနိုင်တယ်…"

လူလိမ်မျက်နှာမှာ အံ့သြမှုများ ပြည့်သွားသည်။

"ကဲ…ပြောပါဦး၊ ဘယ်လို သက်သေပြမလဲ…."

ရီမေက စိတ်ဝင်စားဟန်ဖြင့် မေးလိုက်သည်။

"ကောင်းပြီ… ဒီရွှေသော့အဖွဲ့ဝင်နှစ်ယောက်လောက်ကို ရွှေစည်းစိမ် စားသောက်ဆိုင်ကို လွှတ်ပါ၊ ဟိုမှာ ဝါးလုံးရှည်ကြီးရှိတယ်၊ သူ့ကို သွားခေါ်ခဲ့ပါ၊ သူဟာ ကျုပ်ရဲ့ အကောင်းဆုံးသက်သေပဲ…"

"ဝါးလုံးရှည်ကြီး…ဟုတ်လား"

ရီမေက အံ့သြသံဖြင့် မေးလိုက်လေ၏။

လူလိမ်မှာ ပြုံးရယ်လိုက်ပြီး ဝမ်းရှောင်းကို သနားစရာကောင်းသော သဘ္ဘဝါဘကောင်သဖွယ် ကြည့်နေလိုက်သည်။

"ဟုတ်တယ်… မြင်းထိန်းတဲ့ လူကြီးကို ပြောတာ၊ သူ့ကို ကျုပ်က အရပ်ရှည်လွန်းလို့ ဝါးလုံးရှည်ကြီးလို့ ခေါ်တယ်"

ရီမေသည် ခေါင်းကို တချက်ညိတ်လိုက်ပြီး….

"ကောင်းပြီ ရှင်ပြောတဲ့အတိုင်း သွားခေါ်ပေးမယ်" ဟု ပြောဆိုလိုက်ပြီး နောက်ဘက်သို့လှည့်ကာ–



"ကိုကန်းနဲ့ ကိုကျန်း"

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျား"

လူရွယ်နှစ်ယောက်သည် ရီမေ၏ ခေါ်သံနှင့်အတူ လျင်မြန်စွာ ရောက်ရှိလာကြပြီး အမိန့်တောင်းခံလိုက်လေသည်။

"မင်းတို့ ရွှေစည်းစိမ်ကိုသွားပြီး မြင်းထိန်း လောရှည်ကြီးကို ခေါ်ခဲ့ပါ"

"ကောင်းပါပြီ သခင်မ"

"ကဲ-သွားပေတော့၊ မြန်မြန်သွားပြီး ခေါ်ခဲ့ကြပါ"

လူရွယ်နှစ်ယောက် နေရာမှ ပြေးထွက်သွားကြပြီး ဝင်းအဝတွင် ရှိနေသော မြင်းဇောင်းမှ မြင်းနှစ်စီးကို ယူလျက် ရွှေသော့အာမခံထဲမှ ပြေးထွက်သွားပေတော့သည်။



သက်သေပျောက်ဆုံးခြင်း

ဝမ်ရှောင်း တော်တော်စိတ်ညစ်နေ၏။

သူသည်စကားကို လည်ပတ်စွာ မပြောတတ် သည့်အားနည်းမှုမှာ တော်တော့်ကို ဆိုးရွားသော အားနည်းမှုဖြစ်သည်။

"ဒီမှာ....ရှင် အခု ခေါ်တဲ့ လူဟာ ဘယ်လို သက်သေမျိုး ဖြစ်မလဲ"

ရီမေက စေ့စေ့ကြည့်ယင်း လှမ်းမေးလိုက်ခြင်းဖြစ်၏။



"အဲဒီလူဟာ သရဲညီနောင် ဒမြတွေကို ကောင်းကောင်း သိဖူး မြင်ဖူးတဲ့ လူတယောက်ပဲ၊ ဟောဒီလူက ငွေစည်းစိမ် စားသောက်ဆိုင်မှာ တည်းခိုနေတုန်းက သူ့ဆီကို သရဲညီနောင် လေးဖော် ရောက်လာပြီး၊ ဘာတွေ တိုင်ပင်တယ် ဆိုတာ သူကောင်းကောင်း သိထားတယ်၊ ဒီတော့သူလာယင် ကျုပ် မေးပြမယ်၊ ကျေနပ်ပလား"

ဝမ်ရှောင်းက ခပ်မာမာ လေသံဖြင့် ပြောဆို လိုက်သော အခါ။

"ကောင်းပါပြီရှင်... ကောင်းပါပြီ၊ အဲဒီတော့ အဖြေပေါ်မှာပါပဲ"

သူတို့ပြောဆိုနေသော စကားများကို အလေးမစိုက်သကဲ့သို့ ရပ်ပြီးနားထောင်နေသော လူလိမ်၏ မျက်နှာသည် မည်သို့မျှ ပြောင်းလဲခြင်းမရှိပဲ၊ တည်ငြိမ်လွန်းလှပေသည်။

"တကယ်လို့ သူက မင်းပြောသလိုတခုမှ မပြောနိုင်ယင် ဘယ်လိုလုပ်ရမလဲ"

ဟု ထိုလူက မေးလိုက်လေသည်။

ဝမ်ရှောင်းက ပြုံးရယ်လိုက်ပြီး....

"ကြိုက်သလိုသာ လုပ်ပါ၊ ကျုပ်ခံပါမယ်၊ တကယ်တော့ ဝါးလုံးရှည်ကြီးဟာ ဘယ်တော့မှ လိမ်ညာပြောဆိုမှာ မပတ်ပါဘူး"

ဝမ်ရှောင်းက ပိုင်နိုင်သော မျက်နှာဖြင့် ပြန်ပြေ လိုက်သည်။

ထိုလူကမူ တချက်မျှ ရယ်သွမ်းလိုက်ပေသည်။
ဝမ်ရှောင်း ပထမစိတ်တိုသွားသေးသည်။
နောက်မှ မိမိ၏စိတ်ကို မိမိထိန်းလိုက်ပြီး၊ တနေရာသို့မျက်နှာလွှဲနေလိုက်ရသည်။

"ဒီမှာ ညီ၊ ရှိခမ …အခုလိုပြဿနာတွေ ဖြစ်နေပေမယ့်၊ တို့တခုတော့ သတိပေးချင်တယ်"

"ဟုတ်ကဲ့…ပြောပါ"

လူလိမ်၏ စကားကို ခေါင်းညိတ်ယင်း စကားဆက်ရန်လမ်းခင်းပေးလိုက်လေသည်၊ ထို့ကြောင့်ဝမ်ရှောင်းက—

"ဟိတ်….မင်းဟာ လူလိမ်ပွဲစားတယောက်ပဲ၊ ရွှေသော့အဖွဲ့ကြီးကို ဖျက်ဆီးရုံတင်မကဘူး၊ ရှိမေကိုပါ သိမ်းပိုက်ဖို့ စိတ်ကူးနေတယ်မဟုတ်လား"

"မင်းခုလို ညာနေတာမရှက်ဘူးလား"

ဟု လှမ်းပြီးမေးလိုက်သည်။

အမှုပွဲစား လူလိမ်၏မျက်နှာမှာ ကွက်ကနဲပျက်သွားလေ၏၊ သို့သော် ချက်ချင်းဆိုသလို ဟန်မပျက် ပြန်ပြင်လိုက်ယင်း-

"ဘယ်လို စကားတွေ လျှောက်ပြောနေတာလဲ ကိုယ့်လူ၊ ဟိုမှာ မိန်းကလေးတယောက်လုံး ရှိနေတာ မတွေ့ဘူးလား၊ အားနာစရာတောင် ကောင်းနေပြီပဲ"

တဆက်တည်းပင် ရှိမေဘက်သို့ လှည့်လိုက်ကာ-

"ဘယ်လိုမှ မအောက်မေ့ပါနဲ့ညီမ၊ ဒီလူဟာ မကြာခင်အပမ်းအဆီးခံရတော့မှာမို့ သေးရူးသေးတန်းတွေ လျှောက်ပြောနေတာပါ၊ ဂရုမစိုက်ပါနဲ့"



ဟု အရှက်မရှိသော မျက်နှာဖြင့် လှမ်းပြီး တောင်းပန်လိုက်လေသည်။

ဤသည်ကို တွေ့လိုက်ရသော ဝမ်ရှောင်းမှာ စိတ်ထဲတွင် အရမ်း ဒေါသဖြစ်သွားမိလေသည်။

သို့သော်-

ဟန်မပျက် ပြန်ငြိမ်နေလိုက်သည်။

သူဘယ်လိုလုပ်ရမည်ကို တွေဝေ စဉ်းစားနေခြင်းပဲ ဖြစ်သည်။

× × ×

"ခွပ်….ခွပ်….ခွပ်"

ခပ်ဝေးဝေးမှ မြင်းခွာသံကို အားလုံးကြားလိုက်ရသည်။

ခရီးကို အပြင်းနှင်လာရသည်။

မြင်းများ၏ ခြေကျသံမှန်း သိသာလှသည်။

မကြာမီမှာပင်-

ရွှေသော့ ခြံဝန်းကြီးထဲသို့ စောစောက ရွှေစည်းစိမ်ကို ထွက်ခွာသွားသော အဖွဲ့သားညီနောင် ကိုချန်းနှင့် ကိုကန်းတို့ ပြန်လည် ရောက်ရှိလာကြခြင်း ဖြစ်ပါသည်။

သူတို့သည် အတန်ငယ်မောပန်းလာကြပုံ ရသည်။
သို့သော်-

အမောအပန်း မဖြေကြပါ။

တောက်လျှောက် ရှိမေရှိရာသို့ လှမ်းလျှောက်လာကြလေ၏။

မြင်းခွာသံ ကြားရကတည်းကပင်၊ မျော်လင့်ကြီးစွာသော မျက်နှာဖြင့် လှမ်းမျှော်နေသော ဝမ်ရှောင်း၏ မျက်နှာမှာစိုးရိမ်ခြင်း၊ စိတ်ပျက်ခြင်း၊ နားမလည်ခြင်းတို့ ဖြစ်သွားရသည်။

အဘယ်ကြောင့်ဆိုသော်-

ပြန်လည် ရောက်ရှိလာကြသော ကိုကန်းနှင့် ကိုချန်း တို့နှင့်အတူ သူအားကိုးသော ဝါးလုံးရှည်ကြီး ရောက်ရှိ မလာခြင်းကြောင့် ဖြစ်သည်။

"ဟေ့....ဘယ်မလဲ၊ သူပြောတဲ့ လူကြီးဘယ်မှာလဲ"

လူလိမ်က လှမ်းပြီး မေးလိုက်သည်။

"ကျွန်တော်တို့ ရောက်သွားတော့ စုံစမ်း ဖမ်းဆီးရေးမှူးတွေ ရောက်ရှိနေတာကို တွေ့ရပါတယ်"

"ဟေ....ဘာကြောင့်ပါလိမ့်"

ထိုလူ အလန့်တကြား မေးမြန်းလိုက်သည်။

"အဲဒီ ကျွန်တော်တို့ သွားခေါ်တဲ့ မြင်းထိန်းကြီးဟာ မြင်းဇောင်းရဲ့ အနောက်ဘက် မြင်းစာတွေထားတဲ့ အခန်းထဲမှာ အသတ်ခံထားရပါတယ်"

"အို"



ရှိမေ၏ နှုတ်မှ ထိတ်လန့်တကြား ထွက်ပေါ်လာသံ ဖြစ်ပါသည်။

"ဘာ....ဘယ်လို၊ ဝါးလုံးရှည်ကြီး အသတ်ခံရတယ် ဟုတ်လား"

"ဟုတ်ပါတယ်.... သူသေနေပါပြီ၊ စုံစမ်းရေးမှူးကြီးများ လာပြောတော့ ညနေစောင်းလောက်ကပဲ အသတ် ခံထားရပုံ ရှိတယ်လို့ ပြောပါတယ်"

"ဟား"

ဝမ်ရှောင်း လေပူကြီး တချက်ကို မှုတ်ထုတ်လိုက်မိပေသည်။

လူလိမ်က ဆတ်ကနဲ သူ့ကိုလှမ်းကြည့်လိုက်ယင်းမှ-

"ဟုတ်ပြီ ... သူ့ကိုလဲ မင်းသတ်လိုက်တာပဲ မဟုတ်လား၊ ဒါမှ မရှိတော့တဲ့သူကို သက်သေလုပ်ပြီး ကျုပ်ကိုစွပ်စွဲဖို့ကြံတာ မဟုတ်လား၊ ဒါမှမဟုတ် မင်းကဘယ်လိုလူဆိုတာ သူသိသွားလို့ သတ်ပစ်လိုက်တာ ဟုတ်လား"

"မင်းပါးစပ် ပိတ်ထားလိုက်စမ်း၊ မဟုတ်တာတွေ ဘာမှ ဆက်ပြောမနေနဲ့၊ ငါဟာ ဘယ်သူ့ကိုမှ မသတ်ဘူး၊ ဝါးလုံးရှည်ကြီးကိုသတ်တာလဲ မင်းပဲဖြစ်မယ်၊ ဘာလဲဆိုတော့ မင်းဟာ ဘယ်လိုလူမျိုး ဖြစ်တယ်ဆိုတာ ငါစုံစမ်းလေ့လာခိုင်းထားတာပဲ၊ အခု ဝါးလုံးရှည်ကြီးဟာမင်း အကြောင်းတွေကို သိသွားတာ မင်းရိပ်မိတာနဲ့ သတ်ပစ်လိုက်တယ် မဟုတ်လား"

ဝမ်ရှောင်းက ပြန်လည်မေးမြန်း စွပ်စွဲ ပြောဆိုလိုက်လေသည်။

× × ×

ထိုစဉ်မှာပင် ရီမေက–

"ဒီမှာ ရှင်.... စကားတွေ ပြောမနေပါနဲ့တော့၊ ကျွန်မ ရှင့်ကိုပဲ မသက်သာဘူး၊ ဖေဖေနဲ့ ဟိုအစ်ကိုကြီးဟာ မိတ်ဆွေတွေပဲ၊ လုပ်ဖော်ကိုင်ဖက်တွေလဲဖြစ်တယ်၊ ဘယ်လိုမှသတ်ဖြတ်လောက်အောင် မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်လို့ ဖြစ်ခဲ့ပြီပဲ"

ဝမ်ရှောင်းက ကြားမှဖြတ်လျက် အော်ဟစ် ပြောဆိုလိုက်လေသည်။

သို့သော်....

ရီမေက ခေါင်းကို ခါယမ်းလိုက်ပြီး–

"မဖြစ်နိုင်ပါဘူး၊ ဖြစ်နိုင်တာက တခြားလူ မဟုတ်ဘူး၊ ရှင်ပဲဖြစ်မယ်၊ ဘာလို့လဲဆိုတော့ ဖေဖေက ရှင့်ကို ရန်သူရဲ့ သူလျှိုမှန်းသိပြီး မြေတိုက်ခန်းထဲမှာ ချုပ်နှောင်ဖမ်းဆီး ထားခဲ့တယ်၊ ဒါပေမယ့် ရှင်က ဖောက်ထွင်း ထွက်ပြေးသွားခဲ့တယ်၊ ထွက်ပြေးရုံတင်မကဘူး ခုကျွန်မရဲ့ ဖခင်ကိုပါသတ်ဖြတ်ခဲ့တယ်"



"မဟုတ်ဘူး... မင်းပြောတာတွေ တခုမှမဟုတ်ဘူး"

ဝမ်ရှောင်းက ကျယ်လောင်စွာ အော်ဟစ် တားဆီးလိုက်သည်။

ပြီးသည်နှင့်....

"မင်း သေသေချာချာ စဉ်းစားပြီးမှ ပြောပါ၊ ခုကိစ္စဟာ လွယ်လွယ်နဲ့ ဆုံးဖြတ်လို့ရမယ့် ကိစ္စမဟုတ်ဘူး....၊ နားလည်ရဲ့လား" ဟု ဆက်၍ အော်ဟစ် ပြောဆိုလိုက်လေသည်။

"ကျွန်မ ဘာမှစဉ်းစားစရာ မလိုတော့ပါဘူး၊ ဘာလို့လဲဆိုတော့ ရှင့်အနေနဲ့ ဘာမှသက်သေပြနိုင်တော့တာမှ မဟုတ်ပဲ"

"ကဲ.... နောက်ဆုံးတခု ကျုပ်ပြောမယ်၊ ဒါတခုတော့ မင်းစုံစမ်းပါဦး၊ အခု ကျုပ်ပြောတာ မဟုတ်ဘူးဆိုယင် ကျုပ်ကို ကြိုက်သလိုလုပ်ပါ"

ဝမ်ရှောင်းက တစုံတခုကို မတွေးလိုက်မိသည်နှင့် လှမ်းပြောလိုက်လေသည်။

ရီမေက မျက်လုံးတချက် ဝင့်ကြည့်ယင်းမှ–

"ဘာများထပ်ပြီး ဆင်ခြေပေးချင်သလဲ"

"ဒါဆင်ခြေပေးတာ မဟုတ်ဘူး၊ မင်းအနေနဲ့ ဖခင်လဲ သေဆုံးခဲ့ပြီးပြီ၊ နောက်ထပ် မင်းဘဝလဲ ပျက်စီးရဦးမယ်၊ ဟောဒီရွှေသော့အာမခံ အဖွဲ့ကြီးလဲ ပျက်စီးရမှာကို စိုးလို့ ပြောနေရတာပဲ"

ဝမ်ရှောင်းက ရီမေ၏မျက်နှာကို စူးစိုက်ကာ ကြည့်ယင်း ပြောဆိုလိုက်လေသည်။

"ဟင်း ... ဟင်း ... ရှင်ဟာသိပ်ပြီး ပြောတတ် ဆိုတတ်တဲ့သူပဲ"

ရီမေက ရယ်သွမ်းယင်း ပြောလိုက်ခြင်းဖြစ်သည်။

ထိုစကားကြောင့် ဝမ်ရှောင်းတကိုယ်လုံးရှိ သွေးများ ဆူဝေလာရသည်။

"ဒီမှာ ရှင်ဘာပြောချင်သေးလဲ မြန်မြန်ပြော"

"ကောင်းပြီ ... ကျုပ်ပြောမယ် နားထောင်၊ အခုနကျုပ် ပြောခဲ့တယ် မဟုတ်လား၊ မင်းတို့ပစ္စည်းထားတဲ့ အခန်းထဲမှာ သဌေးကြီး ပုဝမ်ဖန်ဟန်ဆောင်ပြီး သရဲလေးပေါ် ဒမြအဖွဲ့က လာအပ်သွားတဲ့ သေတ္တာတွေကို ဖွင့်ကြည့်ပါ၊ မကြည့်ခင်မှာ တိုက်ခိုက်ဖို့ အဆင်သင့်လုပ်ထားပါ"

"ဘာဆိုင်လို့လဲ"

"မင်းဘာလို့ ဒီလိုချောက်တွန်းနေရတာလဲ"

အမှုပွဲစားလူလိမ်က လှမ်းဝင် ပြောဆိုလိုက်ရာ....

"ကျုပ် ဘာချောက်တွန်းနေလို့လဲ"

"ဒီမှာရီမေ ... ညီမလေး၊ ဒီလူပြောတဲ့ စကားတွေဟာ ရွှေသော့အဖွဲ့ရဲ့ သိက္ခာကျဆင်းရာ ကျဆင်းကြောင်း၊ နာမည်ပျက်စီးရာ ပျက်စီးကြောင်းတွေကို ရှာဖွေပြီး ပြောဆိုနေတာပဲ၊ ဘာလို့လဲဆိုတော့ ရီမေစဉ်းစားကြည့်ပါ"



"သဌေးကြီး ပုဝမ်ဖန်ဟာ ဒီကိုပထမဆုံး ပစ္စည်းလာအပ်တဲ့လူ၊ သူဟာယုံကြည်မှုအပြည့်နဲ့ လာအပ်တာပဲ၊ အာမခံဌာနဆိုတာ လာအပ်တဲ့လူရဲ့ ပစ္စည်းကို ချိပ်နှိပ်ပြီး မပျောက်မပျက် ခြေရာအောင်လက်ရာမပျက်သိမ်းဆည်းပေးထားရတဲ့ဌာနမျိုးပဲ"

"အခုလို ဖွင့်ဖောက် စစ်ဆေးကြည့်လိုက်မယ်ဆိုယင် ခြေရာ လက်ရာက ပျက်တော့မှာပဲ"

"ဒါကို သဌေးကြီးပုဝမ်ဖန်က သူ့ပစ္စည်းတွေ လာယူယင် ဘယ်လိုပြောမလဲ၊ စဉ်းစားကြည့်ပါ"

ထိုလူလိမ်၏စကားကို ရီမေက စူးစိုက်စွာ နားထောင်ယင်း စဉ်းစားနေသည်။ ပြီးလျှင် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်၏။

× × ×

ထိုစဉ်မှာပင်....

"အဲဒီလို ပစ္စည်းကိုလာယူတဲ့အခါကျယင် ခြေရာလက်ရာ ပျက်နေမှန်း သိတာနဲ့ ရွှေသော့အာမခံအဖွဲ့ဟာ ယုံကြည်စိတ်ချရတဲ့ သူတွေမဟုတ်ဘူး"

"ဒီရွှေသော့အာမခံအဖွဲ့ဟာ စည်းကမ်းမရှိတဲ့အဖွဲ့၊ ယုံကြည်ရတဲ့ အဖွဲ့မဟုတ်ဘူးလို့သာ သတင်းဖြန့်လိုက်ယင် မခက်ဘူးလား"ဟု မေးမြန်းလိုက်လေသည်။

ရှိမေ၏မျက်နှာမှာ ဝင်းထိန်သွားပြီး....

"ဟုတ်တယ် ... ဟုတ်တယ် ... ကျွန်မ ဒါကို မစဉ်းစားမိဘူး၊ ဒီလူဟာ သိပ်ပြီးချောက်တွန်းတဲ့လူ၊ ဒုက္ခပေးမယ့်လူပဲ"

ဝမ်ရှောင်း စိတ်ပျက်သွားရပြန်သည်။

"ဒီမှာ ပုဝမ်ဖန်ဆိုတာ သရဲမဟုတ်ဘူး၊ သရဲညီနောင်ဒမြအဖွဲ့ အစ်ကိုကြီးပဲ၊ သူ့ကိုဘာမှ ဂရုစိုက်စရာမလိုဘူး"

"ဟိတ် ... မင်းပြောတာတွေ ဘာမှယုတ္တိမရှိဘူး တိတ်စမ်း"

လူလိမ်က ဝင်ဟောက်လိုက်ခြင်း ဖြစ်သည်။

ဝမ်ရှောင်း ဒေါသဖြစ်သွားကာ....

"ဒီမှာရှိမေ.... ကျုပ်ပြောတာကို မယုံယင်လဲနေပါ၊ လောလောဆယ် မင်းဘယ်မှ ခရီးမထွက်ပါနဲ့၊ ကျန်စုမြို့စားကြီးဆီကိုလဲ နဂါးနှင်းဆီရပ် သွားမပို့ပါနဲ့၊ သွားယင်လဲ ကျိန်းသေ ဒမြတိုက်ခံရလိမ့်မယ်"

ဝမ်ရှောင်းက သူပြောချင်ရာကို စွတ်ပြောလေသည်။

"အိုး.... ကျွန်မတို့ ရှေသောအဖွဲ့ဟာ ကတိပေးထားပြီးယင် သွားကိုသွားတယ်၊ တော်ကြာဒီနေ့ဒီရက် လာပို့မယ်လို့ ပြောထားခဲ့ပြီး တကယ်လို့ မသွားဖြစ်ယင် ကတိပျက်ကွက်တာနဲ့အတူတူပဲ၊ သိက္ခာကျတယ်၊ ကျွန်မသိက္ခာ အကျမခံနိုင်ဘူး၊ သွားကိုသွားရမယ်"

ရှိမေက ပြန်ပြောလိုက်သလို—

"ဟုတ်တယ် ... ဒီမှာရှိတဲ့ လက်ရွေးစင် သိုင်းသမားတွေ အကုန်ခေါ်သွားပါ၊ ဒါမှ လမ်းခရီးမှာလဲ စိတ်ချရမယ်"



"ဒီမှာကတော့ ဘယ်လူမှ ရန်ပြုမယ့်လူ မရှိပါဘူး၊ လူနည်းနည်းပါးပါးထားခဲ့ယင် လုံလောက်ပါတယ်"

"မဟုတ်ဘူး.... မသွားနဲ့၊ သွားယင်လဲ လက်ရွေးစင် သိုင်းသမားတချို့တဝက် ထားခဲ့ပါ၊ သေတ္တာထဲကလူတွေ ထွက်လာယင် တိုက်ခိုက်နိုင်တဲ့လူတွေ မရှိမှာစိုးရိမ်ရတယ်"

"ရှိမေ— ကျုပ်ပြောတာကို ယုံစမ်းပါ"

ဝမ်ရှောင်းက ကြားမှဖြတ်လျက် အော်ဟစ် ပြောဆိုလိုက်လေသည်။

ရှိမေက ဝမ်ရှောင်းကို နားမလည်သလို လှမ်းကြည့်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒီမှာတော့ လုံးခြုံမှုအပြည့် ထားခဲ့ပါ။ဟိုမှာတကယ်လို့ ဒမြတိုက်လို့ပါသွားဦး၊ ကျန်စုမြို့စားကြီးတယောက်ကပဲ ပြစ်တင်ကဲ့ရဲ့လိမ့်မယ်၊ ဒါပေမယ့် ဒီပစ္စည်းတွေသာ တခုခုဖြစ်ယင် လူများစုနဲ့ ရှင်းရခက်လိမ့်မယ်"

သည်စကားတခုကိုတော့ ရှိမေ လက်ခံလိုက်မိသည်။

အကယ်၍ သူကိုယ်တိုင်က လူဆိုးတယောက်ဖြစ်ခဲ့လျှင် ဤကဲ့သို့ လူနည်းစုအခွင့်အရေးကို နှစ်သက်ပေလိမ့်မည်။

သို့မှသာ သူ့အနေနှင့် တိုက်ရခိုက်ရ လွယ်ကူမည်ဖြစ်သည်။

သို့သော် ယာခုမှာမူ သူ၏အပြောအဆို အမူအရာသည် လုံး၀ဟန်ဆောင်ခြင်းမရှိကြောင်း သိသာနေသဖြင့် ရှိမေဘာလုပ်ရမှန်းမသိ ဖြစ်နေရသည်။

သူ့ကိုပင် ယုံကြည်ရမည်လား ...
သို့မဟုတ် ...
ဟိုတယောက်ကိုပဲ ယုံကြည်ရမည်လား၊ သူမ မသိ။

× × ×

"ကျွန်မကတော့ သွားကိုသွားရမှာပါပဲ၊ ဒီရေးကို ဖေဖေမရှိလဲ ဒုတိယခေါင်းဆောင် ဆရာထိရီကို လွှတ်ရမှာပဲ၊ ကျွန်မကတော့ ဒီမှာအုပ်ချုပ်ပြီး နေခဲ့မယ်"

ရီမေက မည်သူ့ကိုမျှ မကြည့်ပဲပြောလိုက်သည်။

"ကဲ ... မိုးလဲလင်းတော့မယ်၊ ရှင်အေးအေးဆေးဆေးပဲ အဖမ်းခံမလား ပြော"

ရီမေက ဝမ်ရှောင်းကို လှမ်းမေးလိုက်သည်။

ဝမ်ရှောင်း စိတ်ပျက်သွားသည်။

ရီမေသည် တကယ့်လူကောင်းကို သူခိုးထင်ပြီး၊ သူခိုးကို လူကောင်းထင်နေပြီကို သိလိုက်ရသည်နှင့်....

"ဒီမှာ ကျုပ်တခုပြောမယ်၊ လက်ရွေးစင် သိုင်းသမားတဝက်လောက်ကို ချန်ထားပါ၊ တဝက်လောက်ကိုပဲ ထည့်ပြီး လွှတ်လိုက်ပါ"ဟု ပြန်ပြောလိုက်လေသည်။



"ဒါတွေက ကျွန်မအလုပ်ပါ၊ နားလည်ပါတယ်၊ ရှင်က ဖေဖေ့ကိုသတ်တဲ့ တရားခံတယောက် အနေနဲ့ အဖမ်းခံမလား.... တိုက်ခိုက်မလား ပြောပါဦး"

ဝမ်ရှောင်း ပြုံးလိုက်သည်။

ပြီးသည်နှင့်

"ယား...."

ပါးစပ်မှ မာန်တချက်သွင်းလိုက်ပြီး နံဘေးရှိ မြင်းတစီးပေါ်သို့ ခုံတက်လိုက်ကာ....

"ဟိတ် ..."

"ဖျန်း ..."

မြင်း၏တင်ပါးကို လက်တဖက်ဖြင့် ဆတ်ကနဲ ရိုက်လိုက်ကာ တဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

"ဟာ...."

"အို...."

အားလုံး ကြောင်နေကြသည်။

ရီမေ ဘာမှမအော်မိပဲ၊ ကြောင်ပြီး ရပ်ကြည့်နေမိသည်။

ခဏကြာမှ—

"အိုး.... ဘာ ... ဘာလို့ရင်ကြည့်နေတာလဲ၊ လိုက်ကြပါတော့လား၊ အဲဒါဟာ မင်းတို့ဆရာကြီးကို သတ်တဲ့တရားခံပဲ၊ လိုက်ကြစမ်း"

လူလိမ်အမှုပွဲစားက အယင်သတိရပြီး ဤကဲ့သို့ အော်ဟစ်သတိပေးလိုက်တော့မှပင်—

"အို.... ဟုတ်ပါရဲ့၊ လိုက်... လိုက်ကြစမ်း"

ရီမေကပါ သတိဝင်လာပြီး အနောက်ဘက်တွင် ကြောင်ပြီး ရပ်နေကြသူများမှာ အပြေးအလွှား တွေ့သည့်မြင်းများပေါ် တက်ပြီး လိုက်ကြလေတော့၏။

သို့သော် မမီနိုင်တော့ပါ။

ဝမ်ရှောင်းသည် ရွှေသော့အာမခံအဖွဲ့နှင့် အဓိတော်ဝေးသော နေရာသို့ ရောက်ရှိသွားပြီး ဖြစ်ပါသည်။

သူသည် လူလိမ်တယောက်ကြောင့် တခါပြန်၍ ပြေးရခြင်း ဖြစ်သည်။



ကျန်စုပြည်နယ်အတွက် နဂါးနှင့်ဘီ

ရီမေ ဒေါသသိပ်ဖြစ်နေသည်။

ဝမ်ရှောင်း လွတ်သွားသည့်အတွက် သူ့လူများကို ဖိပြီးဆူပူ ကြိမ်းမောင်းနေပေသည်။

"နည်းနည်းလေးမှ အသုံးမကျကြဘူး၊ သူ မြင်းပေါ်ကို ခုန်တက်လိုက်တာနဲ့ အားလုံးဝိုင်းဖမ်းလိုက်ရမယ်"

"ခုတော့ ကြောင်ပြီးကြည့်နေကြတယ်"

ရီမေက ဒေါသဖြစ်လွန်းသော အသံဖြင့် ပြောလိုက်သည်။

"ဒီကောင်ဘယ်မှ မပြေးနိုင်ပါဘူးလေ၊ အများဆုံးရှောင် နိုင်ယင် တသခပါ၊ မိကိုမိစေရမယ်၊ ကျွန်တော်တာဝန်ယူပါ တယ်၊ ဒီကြားထဲလဲ ဒီကောင်လာပြီး မနှောင့်ယှက်ရဲတော့ပါ ဘူး"

လူလိမ်၏အားပေးမှုကြောင့် ရီမေစိတ်ထဲမှ သက်သာသွား သလို ရှိနေသည်။

"ကဲ…ဒါက ထောမေ့ထားလိုက်ပါ၊ ကျုန်ရုကို ဘယ်လိုလုပ် သွားကြမလဲ"

"ကျုပ်လဲလိုက်မယ်၊ ပေးပို့ရမည့်ပစ္စည်းကို ကျုပ်ကိုယ်တိုင် သယ်ဆောင်သွားပေးပါမယ်၊ ရီမေ.. ဒီမှာပဲ နေခဲ့ပါ"

ဒုတိယခေါင်းဆောင် ထိရီက ဝင်ရောက် ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ရီမေ စဉ်းစားမိသည်။

ဤအစီအစဉ်သည် အလွန် ကောင်းသော အစီအစဉ်ဟု မှတ်ယူလိုက်သည်။

"ကဲ – ကောင်းပြီ၊ ဒီအချိန်မှာ ဖေဖေ မရှိတာ နာတာပဲ၊ တကယ်လို့သာ ဖေဖေရှိခဲ့မယ်ဆိုယင် ခုအချိန်မှာ ဖေဖေကိုယ်တိုင် လိုက်ပြီး ကျုန်စုမြို့စားကြီးဆီ နဂါးနှင်းဆီကို ပို့ပေးမှာပါပဲ"

ရီမေက ဝမ်းနည်းသံနှင့် ပြောဆိုလိုက်လေသည်။

× × ×

"ကဲ…မိုးလဲလင်းတော့မယ်၊ အချိန်အတော်နောက်ကျနေပြီ၊ ဒီတော့ နဂါးနှင်းဆီဆိုတဲ့ပစ္စည်းကို သွားပို့ဖို့ ဒုတိယခေါင်း ဆောင် ဆရာထိရီကိုပဲ လွှတ်လိုက်ရတော့မှာပဲ"



ရီမေက ရေရွတ်လိုက်သည်။

ထိုအခါ….

နံဘေးတွင် မတ်တတ်ရပ်နေသော လူလိမ်က….

"ဒီမှာ ဘာမှ မပူပါနဲ့၊ ကျုပ်တယောက်လုံးလုံးရှိနေတာပဲ၊ ရီမေ့အနေနဲ့ လမ်းခရီးက အန္တရာယ်ကိုပဲ ပူပါ၊ ကျန်ခဲ့တဲ့ အပိုင်းကို ကျွန်တော်လဲ ကူညီပါ့မယ်"

လူလိမ်က ပြောဆိုလိုက်ပြန်သည်။

"ကျေးဇူးတင်ပါတယ်ရှင်….တကယ်တော့ ဒီခြံဝန်းနဲ့ ပတ် ဝန်းကျင်ကို လာရောက် စော်ကားလို့တော့ ဘာမှ မမှုပါဘူး၊ ဒါပေမယ့် သတိဆိုတာ ပိုတယ် မရှိပါဘူး၊ လိုယင်သာ ရှိရ မှာပါ၊ ကဲ….ဒီတော့ ခဏနေယင် ခရီးထွက်ဖို့ ဆရာထိရီအနေနဲ့ အတတ်နိုင်ဆုံး လမ်းခရီးမှာ ကူညီစောင့်ရှောက်ကြပါ"

"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော့်ရဲ့ အသက်သာ အသေ ခံမယ်၊ ဒီပစ္စည်းကို ကျွန်တော်ကိုယ်နှိုက် တာဝန်ယူ စောင့်ရှောက် သွားပါ့မယ်"

"ဟို လွှတ်သွားတဲ့ လူအတွက်လဲ သတိထား သွားကြပါ၊ ဒီလူဟာ လမ်းခရီးကနေကြိုပြီး တိုက်ခိုက်နိုင်ပါတယ်"

လူလိမ်အမှုပွဲစားက ဤသို့ဝင်ရောက်ပြောဆိုလိုက်ပြန်သည်။

"ကိစ္စ မရှိပါဘူးခင်ဗျား၊ ကျွန်တော်တို့ရဲ့ လက်ရွေးစင် သိုင်းသမား သုံးဆယ်ကျော်ကို သူတယောက်တည်းနဲ့ နိုင်မယ်

ဆိုယင် ကျွန်တော်တို့ ရှုံးချင် ရှုံးသွားစမ်းပါစေ၊ နောက်တစ အထိ လိုက်ပြီး ကျွန်ခံဝံ့ပါတယ်''

ထိရီက ဂရုမစိုက်သလို ပြောဆိုရေရွတ်လိုက်လေသည်။

\+ + +

အားလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

လမ်းခရီးတွင် လိုအပ်မည့်အသုံးအဆောင်ကို အလုပ်သမားများကလည်း လိုအပ်သည်များကို ပြင်ဆင်လျက် ရှိသည်။

လက်နက်ကိုင်လုံခြုံရေးအတွက် တာဝန်ယူထားသော လိုက်ပါကြမည့် သိုင်းသမားလက်ရွေးစင်များကလည်း စိတ်ခေတ် တက်ကြွနေကြသည်။

''ဟိတ် ... နေမပူခင် ထွက်ကြမယ်၊ ဒါမှ တို့လမ်းခရီးမှာ မပင်ပန်းမှာ''

ဒုတိယခေါင်းဆောင် ထိရီက သူ့နောက်သို့ လိုက်ပါမည့် လူများကို လှမ်းပြီး ပြောဆိုလိုက်သည်။

အားလုံး ပိုမိုသွက်လက်စွာ လှုပ်ရှားနေကြတော့သည်။

မကြာမီမှာပင်...



''ဆရာထိရီ....ကျွန်တော်တို့အားလုံး အဆင်သင့် ဖြစ်နေကြပါပြီခင်ဗျာ''

ရွှေပြေး တပ်စိတ်မှူးက ထိရီအား လာပြီး သတင်းပို့ကြသည်။

''ဟုတ်တယ် ... ဆရာထိရီ၊ သူတို့ ပြီးနေကြပြီ၊ ကျွန်မနဲ့ လိုက်ခဲ့ပြီး ပစ္စည်းလက်ခံယူပါ''

ရီမေက ဒုတိယခေါင်းဆောင်ထိရီကို ပြောလိုက်ရာ၊ ထိရီက ချက်ချင်း မလိုက်သေးပဲ နံဘေးတွင် ရပ်နေသော လူလိမ် အမှုပွဲစားကို ဝေ့ကနဲ တချက်လှမ်းကြည့်လိုက်သည်။

ဒါကို ရီမေက သဘောပေါက်စွာ ခေါင်းညိတ်ယင်းမှ....

''ဒီက မိတ်ဆွေအစ်ကိုကြီး....ဒီနေရာမှာပဲ ခဏစောင့်နေခဲ့ပါနော်''

ဟု ပြောဆိုလိုက်လေသည်။

''ကောင်းပါပြီ ...ကျုပ်အတွက် စိတ်ချပါ''

လူလိမ်က ကျေနပ်စွာ ပြန်လည် ဖြေဆိုလိုက်လေသည်။

ရီမေ၏ ဦးဆောင်မှုဖြင့် အဖိုးတန် ပစ္စည်းများ ထားရာ ရှေးသော့ခံအိမ်ကြီး၏ မြေတိုက်ခန်းထဲသို့ ထိရီ လိုက်ပါလာခဲ့သည်။

''သခင်မလေး....ကျွန်တော်တို့ ဒီပစ္စည်းဟာ ကျန်စုမြို့စား ကြီးဆီကို ဘယ်သူက ပို့ခိုင်းတာလဲ''

''ဘာလုပ်မလို့ ဒီစကားကို မေးတာလဲ....ဆရာထိုရီ''

ရီမေက ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

ထိုအခါ ထိရီမှာ ပျာပျာသလဲ အမူအရာဖြင့်....

"အို _ တလွဲမထင်ပါနဲ့ သခင်မလေး၊ ကျွန်တော်မေးတာက အဲဒီပို့ခိုင်းတဲ့လူက သူ့ရဲ့ ကိုယ်စားလှယ်တွေ ဘာတွေများ မစေလွှတ်ဘူးလားလို့ပါ၊ တကယ်လို့ စေလွှတ်ခဲ့ယင် ကျွန်တော်တို့အဖွဲ့အတွက် တာဝန် နည်းနည်းငြိမ်းတာပေါ့"

ဒုတိယခေါင်းဆောင် ထိရီက သွက်သွက်လက်လက် ရှင်းပြလိုက်လေရာ ...

"ဟုတ်တယ်၊ ဆရာ ထိရီ ပြောတာ မှန်တယ်၊ ဒါပေမယ့် ခု ဒီပစ္စည်းကို ပို့ပေးတဲ့လူက ပိုင်ရှင်မဟုတ်ဘူး၊ ကျွန်မတို့ဆီက အနုပညာလက်ရာတွေကို သဘောကျလို့ဆိုပြီး ပြီးခဲ့တဲ့နှစ်တွေက ကျွန်စုမြို့စားကြီး ဒီကို လာလည်ယင်းနဲ့ ကျွန်မတို့ ဟန်ကျူးမြို့ကို ရောက်ရှိခဲ့တယ်လေ၊ ဒီမှာတင် ကျွန်မတို့မြို့က ပန်းထိမ်ဆရာကြီး နတ်ပန်းချီကျင့်ခက်ကို သူ့မှာ ပါလာတဲ့ ရတနာ ရွှေ ငွေတွေ ပုံပေးခဲ့ပြီး နဂါးရုပ်ကြီးခွေနေတဲ့ ပန်းခက်ကြီးတခုကို လုပ်ခိုင်းထားခဲ့တယ်"

"ဩြော် ဟုတ်ကဲ့၊ ကျွန်တော်တို့လဲ ကြားဖူးပါတယ်၊ ဟိုးပြီးခဲ့တဲ့ နွေရာသီက မဟုတ်လား"

"ဟုတ်တယ်"

ထိရီက သူ သိကြားသမျှကို ဝင်ရောက် ပြောဆိုလိုက်ခြင်းဖြစ်သည်။



တဖန် ဆက်လျက်....

"ဒါဖြင့် အခု ကျွန်တော်တို့ အာမခံအဖွဲ့ကို ဒီရွှေပန်းခိုင်ကြီးတခုကို ကျွန်စုမြို့စားကြီးဆီပို့ပေးဖို့ တာဝန်ကို ပေးအပ်ငှားရမ်းခဲ့တာပေါ့"

"ဟုတ်တယ်....ရွှေပန်းခိုင်က တခုတည်း မဟုတ်ဘူး၊ ကျွန်စုမြို့စားကြီးပေးခဲ့တဲ့ လက်ခတွေက များလွန်းတော့ နတ်ပန်းချီကျင့်ခက်က ကျားရုပ်တခုကိုပါ အပိုထည့်ပြီး ပန်းခိုင်ကြီးရဲ့ အောက်ခြေမှာ ထည့်သွင်းပေးလိုက်တယ်"

"ဟင် ဒါဆို တန်ဖိုးက"

"ဘယ်နည်းပါ့မလဲ၊ ယွမ် ငါးသိန်းလောက် တန်ကြေးရှိတာပေါ့၊ ဒါပေမယ့် ကျွန်မတို့ ရွှေသော့အာမခံအဖွဲ့ရဲ့ အင်အားနဲ့ လုပ်ဆောင်မှုတွေကို သိထားတဲ့ နတ်ပန်းချီကျင့်ခက်က စိတ်ချလက်ချ အပ်နှံပြီး ပေးပို့စေခဲ့တာပေါ့၊ ဒါကို ကျွန်မတို့ကလဲ တာဝန်ကျေဖို့လိုတယ်"

ရီမေ၏စကားကို ကြားလိုက်ရသော ထိရီမှာ ပြုံးရယ်လိုက်ယင်း....

"ကောင်းပါပြီ၊ ကျွန်တော့်အသက်နဲ့ယှဉ်ပြီး ရောက်အောင်ပို့ပေးပါ့မယ်၊ ဒီအတွက် ဘာမှ စိတ်မပူပါနဲ့ သခင်မ"

"ကျွန်မ ယုံကြည်ပြီးသားပါ ဆရာထိရီ"

ရီမေက လေးလေးနက်နက် ပြောဆိုလိုက်လေသည်။

သူတို့နှစ်ယောက် မြေတိုက်ခန်းထဲမှ သံမဏိတံခါးကိုဖွင့်လျက် ဝင်ခဲ့ကြသည်။

သံမဏိတံခါးပွင့်သွားသည်နှင့် နောက်ထပ် ဥမင်လမ်းကလေး တခု ပေါ်လာသည်။

"ကဲ... ဆရာထိရီ၊ အန္တရာယ်များတယ်၊ ဒီကပဲ စောင့်နေခဲ့ပါ"

"ဟုတ်-ဟုတ်ကဲ့၊ ကျွန်တော်လဲ ဒါကိုပဲ ပြောမလို့ပါ သခင်မ"

ထိရီက ဝမ်းသာအားရ ပြောဆိုလိုက်လေသည်။

အမှန်မှာလည်း သည်လမ်းကို ထိရီ လုံးဝ လိုက်ချင်စိတ် မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဤလမ်းသည် ခြေလှမ်းတချက် မှားသည်နှင့် သေပွဲဝင်သွားနိုင်သည့် လမ်းပင် ဖြစ်သည်။

လမ်းခရီးတလျှောက် ဤဥမင်လမ်းကလေးအလယ်တွင် အဖြူ အနီ အဝါ အပြာ ကျောက်ပြားလေးတွေ ရှိနေသည်။

ထိုကျောက်ပြားလေးတွေပေါ်ကို သည်အတိုင်း နင်းသွား၍ လုံးဝ မရပါ။ သူ့အကွက်နှင့် သူနင်းသွားမှ ရသည်။

အနီပြီးလျှင် အဖြူ နင်းရမည့်အခါတွင် အပြာ နင်းလိုက်မိ သည်နှင့် အပေါ်၊ ဘေးနှစ်ဘက်၊ အောက်ခြေတို့မှ ‌လှိုတ်များ ပြူတ်ကာ လှံတို့များ ပြေးထွက်လာပြီး မချိမဆန့် သေဆုံးနိုင် ပေသည်။



"ကဲ....ဆရာထိရီ စောင့်နေပေတော့၊ ကျွန်မ သွားမယ်"

ရီမေသည် ပြောပြောဆိုဆို သူမှတ်မိထားသောခြေကွက်များ အတိုင်း ပြေးလွှားဝင်ရောက်သွားလေသည်။

\+ \+ \+

ဒုတိယခေါင်းဆောင် ထိရီသည် အပြင်တွင် ထိုင်စောင့်နေ ပေသည်။

သိပ်မကြာသောအချိန်....။

ထိုအချိန်မှာပင် ရီမေ ပြန်ထွက်လာပါသည်။

သူ့လက်ထဲမှာ ကြီးမားသော စက္ကူဗူးတခု ပါရှိလာသည်။

စက္ကူဗူးမှာ ဖဲကြိုးအနီ စည်းနှောင်ထားပြီး ချိတ်ပိတ်ထား သော စက္ကူဗူး တဗူး ဖြစ်ပေသည်။

"ကဲ-ရော့၊ ဒီအထဲမှာ နဂါးနှင်းဆီ ကျားနှင်းဆီရုပ်တု ပါတယ် ဆရာထိရီ၊ ခုအချိန်ကစပြီး ရွှေသော့အာမခံအဖွဲ့ရဲ့ အသက်ဟာ ဆရာထိရီရဲ့ လက်ထဲမှာ ရှိတယ်ဆိုတာ သိထားဖို့ လိုတယ်"

ရီမေက ပြုံးမဲ့မဲ့လေး ပြောလိုက်သည်။

"စိတ်ချပါ သခင်မ၊ ကျုပ်အသက်နဲ့လဲပြီး စောင့်ရှောက် ကာကွယ်ပါ့မယ်"

ထိရိသည် ရိမေကမ်းပေးသော စက္ကူဗူးကို လက်နှစ်ဘက်ဖြင့် ယူယင်း ကတိစကား ထပ်မံပေးလိုက်ပြန်သည်။

"ဒီလောက် တန်ဖိုးကြီးတဲ့ ပစ္စည်းကို ကျန်စုမြို့စားကြီးက လက်လွှတ်စပယ် ပို့ခိုင်းတာကတော့ သိပ်ပြီးသဘာဝမကျလှဘူး၊ အနည်းဆုံး သူ့ဆီက ဒီပစ္စည်းကို ကူညီစောင့်ရှောက်ဖို့ သိုင်းသမားတွေတော့ လွှတ်ပေးဖို့ ကောင်းတယ်"

ထိရိက မကျေမနပ် ပြောဆိုလိုက်လေသည်။

"ဟုတ်တယ် ကျွန်မလဲ ဒါပဲ စဉ်းစားနေတာပဲ၊ ခုအခြေအနေမှာ ကျွန်မတို့ ပို့မယ့်ပစ္စည်းကို လမ်းကနေ ဝိုင်းပြီး တိုက်ခိုက်လုယက်မယ့် အဖွဲ့တွေတောင် ရှိနေပြီဆိုတော့ ခက်တာပေါ့"

ရိမေကလည်း ထိရိ၏ စကားကို ထောက်ခံ ပြောကြားလိုက်သည်။

တဆက်တည်းမှာပင်–

"ထားပါတော့လေ၊ သူတို့ကပဲ တိုက်ခိုက် ရယူနိုင်မလား၊ ရှေ့သော့အဖွဲ့ကပဲ လွှတ်အောင် ပို့ပေးနိုင်မလား၊ စမ်းကြည့်ရသေးတာပေါ့"

ရိမေက မဲ့ပြုံး ပြုံးယင်း ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။

သို့နှင့်–



သူတို့နှစ်ဦး မြေတိုက်ခန်းမှ တဆင့် အပေါ်သို့ ပြန်တက်လာကြ၏။

အပေါ်သို့ ရောက်ခါနီးတွင်–

"သခင်မလေးကို ကျွန်တော် တခုတော့ ပြောချင်တယ်"

"ပြောပါ ဆရာထိရိ"

"အခု ထွက်ပြေးသွားတဲ့လူနဲ့ ဒီမှာကျန်ခဲ့တဲ့လူက ဘယ်သူလူကောင်းအစစ်၊ ဘယ်သူ လူဆိုးအစစ်မှန်း မသိရသေးဘူးနော်၊ ဒါပေမယ့် အဲဒီလူက ဒီမှာနေခဲ့မှာဆိုတော့ တယောက်တည်းပါပဲ၊ သူ့ကိုလဲ အလစ်မပေးပါနဲ့"

ထိရိက နောက်ကြောင်း စိတ်မချသလို ပြောဆို လိုက်လေသည်။

ရိမေတွေပြီး စဉ်းစားလိုက်သည်။

ခဏကြာမှ—

"ဖူး"

လေပူကြီးတချက်ကို မှုတ်ထုတ်လိုက်ယင်း–

"လောကမှာ ယုံကြည်ရတဲ့ လူဆိုတာ မွေးကတည်းက အမှတ်အသားနဲ့ မွေးလာတာမှမဟုတ်ပဲ၊ ရှိပါစေတော့လေ"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော် လက်ရွေးစင်သိုင်းသမား တော်တော်များများကို ခေါ်မသွားပဲ ချန်ထားခဲ့တာပါ"

"ကိစ္စမရှိဘူး ဆရာထိရီ.... ကျွန်မ သတိထားနေပါ့မယ်၊ ခေါ်သင့်သလောက် ခေါ်သွားပါ၊ လမ်းခရီးမှာ ဘာမှ အားကိုးလို့ ရမှာမဟုတ်ဘူး၊ တစုံတခု ဖြစ်ပြီဟော့ ဆိုတာနဲ့ ဆရာထိရီ ဒီပစ္စည်းနဲ့ လှည့်ပြီး ပြန်ပြေးလာခဲ့ပါ"

"ကောင်းပါပြီ"

သူတို့နှစ်ယောက် မြေပြင်ပေါ်သို့ ပြန်ရောက်လာခဲ့ကြပြီး၊ စောစောက နေရာသို့ လာခဲ့ကြလေသည်။



## မထင်မှတ်သော တိုက်ပွဲ

ဆရာထိရီနှင့် သူ့အဖွဲ့ ထွက်သွားကြသည်မှာ အတန်ငယ် ကြာသွားပြီ ဖြစ်သည်။

ရွှေသော့အိမ်ဝင်းကြီးအတွင်းတွင် လူလိမ်အမှုပွဲစား လီတာယဲ့ တယောက် ကျန်ရစ်ခဲ့သည်။

လီတာယဲ့သည် ရီမေကို မျက်နှာချိုသွေးယင်း-

"ဘာမှ စိတ်အားမငယ်ပါနဲ့ ညီမရီမေ၊ ကျုပ်ဟာတကယ်တော့ သဌေးကြီး ပုဝမ်ဖန်ရဲ့ ပစ္စည်းတွေကို ဒီရွှေသော့အဖွဲ့ကြီးမှာ အာမခံထားဖို့ ကိုယ်စားလှယ် ပွဲစားလုပ်ခဲ့ပေမယ့် တကယ်တော့ ရွှေသော့အဖွဲ့ပေါ်က ဘာမှပွဲခ တောင်းခြင်း မပြုခဲ့ပါဘူး၊ ဒါကို ညီမရီမေသိမှာပါ၊ အဲဒါကိုသာငဲ့ပြီး

ကြည့်ပါ၊ ကျုပ်ဟာ ရွှေသော့ အာမခံအဖွဲ့အပေါ်မှာ ဘယ်လောက်များ စေတနာထားတယ်ဆိုတာ ဟဲ .. ဟဲ"

သူ့ကိုသူ ကိုယ်ရည်သွေးလျက် ကြွားနေပေသည်။

နေသည် အဘန်ငယ်မြင့်လာပြီဖြစ်သည်။

ရီမေမှာ လုပ်ရာတွေ အများကြီးရှိနေသည်။

ပထမဆုံး သူမ၏ ကွယ်လွန်သူဖခင်ကြီးကို သင်္ဂြိုဟ်ရမည့်ကိစ္စ၊ တဖန် ရန်သူများကို သတိထားရမည့်ကိစ္စ၊ တာဝန်အရပ်ရပ်ကို စီမံအုပ်ချုပ်ရမည့် ကိစ္စတို့ဖြင့် ပြည့်နှက် နေသည်။

"ဆရာကြီးရဲ့ ဈာပနကိစ္စကို ဘယ်လို စဉ်းစားပါသလဲ"

လီတာယဲ့က မေးမြန်းလိုက်သည်။

"ကျွန်မ အနေကတော့ ဒီကိစ္စကို လောလောဆယ် ဘယ်သူမှ မသိအောင် ဖုံးထားချင်သေးတာပဲ၊ ဘာလို့လဲဆိုတော့ ဖေဖေက ဒီရွှေသော့အဖွဲ့ရဲ့ ဦးစီးခေါင်းဆောင် တယောက်လဲဖြစ်၊ အာမခံထားရှိသူတွေရဲ့ အားကိုး ယုံကြည်ရာလဲ ဖြစ်နေလို့ပါ"

ရီမေက သူ့ဆန္ဒကို ပြောဆိုလိုက်သည်။

လီတာယဲ့က ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီး-

"ဟုတ်တယ်... ဟုတ်တယ်၊ တပြည်းပြည်းနဲ့ သိတာက ပိုကောင်းတယ်၊ နို့မို့ဆိုယင် အာမခံထားတဲ့သူတွေဟာ သူတို့ အားကိုးတဲ့၊ အားထားတဲ့၊ ယုံကြည်တဲ့လူ မရှိတော့ဘူး ဆိုတာနဲ့



တပြိုင်နက် အားလုံးရောက်လာပြီး သူတို့ပစ္စည်းတွေ ပြန်ယူမယ်ဆိုယင် ခက်ကုန်မယ်"

ထိုစကားကို ကြားလိုက်ရသော ရီမေ၏ မျက်နှာမှာ သွေးမရှိတော့ သကဲ့သို့ ဖြစ်သွားလေသည်။

"ဟော ....အားလုံး မလှုပ်ကြနဲ့"

"ချွင်"

"ချမ်း"

"အား"

ရုတ်တရက် အိမ်ကြီး၏ ဘေးဘက်မှ ထွက်လာသောအသံများဖြစ်သည်။

ရီမေ ရုတ်တရက် ကြောင်သွားသည်။

လီတာယဲ့ ထိုင်ရာမှ ဆတ်ကနဲထလိုက်ကာ-

"ဟော ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး၊ ညီမရီမေ ဒီကပဲ စောင့်နေပါ၊ ကျုပ်သွားကြည့်လိုက်ပါ့မယ်"

ရီမေ ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။

လီတာယဲ့မှာ တဟုန်ထိုး အသံများ ထွက်ပေါ်လာသောဘက်သို့ ပြေးထွက်သွားလေသည်။

× × ×

လူလိမ်အမူစားပွဲ လီတာယဲ့စောစောက အသံများထွက်လာသည့်နေရာသို့ ရောက်သောအခါ-

"ယား"

"ဝှစ် .. ဦး"

"အား"

"ချွင် .. ချွင်း"

ရွှေသော့ အဖွဲ့သားတွေ တယောက်ပြီးတယောက် လဲကျသေဆုံးလျက် ရှိသည်။

ထိုသို့ ရွှေသော့အဖွဲ့ကို တိုက်ခိုက်နေသူများမှာ စုစုပေါင်း အယောက်နှစ်ဆယ်လောက်ပဲ ရှိသည်။

ထို လူသတ်သမားတွေထဲမှ ခေါင်းဆောင်ဖြစ်ဟန် ရှိသူက လူလိမ်လီဘာယဲ့ကို မြင်တွေ့လိုက်သည်။

"ဟာ .. ဆရာလီ ... ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ"

ဟု လှမ်းမေးလိုက်ရာ ရွှေသော့အဖွဲ့သားများ မျက်လုံးပြူးကုန်ရသည်။

သူတို့ လူပေါင်းမှားပြီကို ချက်ချင်းသိလိုက်သည်နှင့် ပြိုင်တူ လှုပ်ရှားမှုများ ပြုလိုက်ကြသော်လည်း လွန်စွာနောက်ကျသွားကြပြီ ဖြစ်သည်။

"ဟိတ် မြန်မြန် ဖိတိုက်ထားကြ၊ အစီအစဉ်က တမျိုးတွေ ဖြစ်ကုန်ပြီ၊ လက်ရွေးစင် သိုင်းသမားတွေ အကုန်လိုက်မသွားဘူး၊ အပြင်မှာ ကျန်ခဲ့သေးတယ်၊ သူတို့မလာမီ အထဲမှာ ရှိတဲ့လူတွေကို အားလုံးသုတ်သင်ထားမှ ဖြစ်မယ်"



လီတာယဲ့က အစီအစဉ်ဆွဲကာ သူကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ရွှေသော့အဖွဲ့သားများ ဒုက္ခရောက်ကုန်သည်။

အလစ်တွင် ပစ္စည်းသေတ္တာများထဲမှ ခုန်ထွက် လာပြီး တိုက်ခိုက်ကြသော သူရဲညီနောင် ငါးဖော်၏ အဖွဲ့သားများပင် ဖြစ်သောကြောင့် အားလုံးလိုလို ထိခိုက်ကျဆုံးလျက် ရှိကြလေသည်။

"ယား"

"ချွင်း"

"အား"

တယောက်ပြီးတယောက် ရွှေသော့အဖွဲ့သားတွေ ကျနေကြပေပြီ။

ထိုစဉ်မှာပင် ရွှေသော့ အဖွဲ့သား တယောက်က တိုက်ပွဲအတွင်းမှ အလစ်တွင် လှစ်ကနဲပြေးထွက်ကာ အဆောင်ထဲသို့ ဝင်ပြေးသွားသည်ကို မည်သူမှ ဂရုမထားမိလိုက်ပါ။

× × ×

ရင်တဖိုဖိုနှင့် စောင့်နေသော ရိမေမှာ သူ့ဆီသို့ ဒရောသောပါး ပြေးလာသော အဖွဲ့သားတဦးကို တွေ့လိုက်သည်နှင့်—

"ဘာဖြစ်ကြတာလဲ"

"သခင်မ.... ဟို.... ဟို ထွက်ပြေးသွားတဲ့လူ ပြောတာတွေ အကုန်မှန်နေပြီ၊ အခု ကျွန်တော်တို့ထဲကို ရောက်နေတဲ့သူဟာ ဒမြ အဖွဲ့ကလူပဲ"

"ဟင်"

ရီမေ မျက်လုံးများ ဝိုင်းစက်သွားသည်။

"ဟုတ်တယ်"

"အခုသူ့ လူတွေသေတ္တာတွေထဲက ထွက်လာပြီး ကျွန်တော်တို့ လူတွေကို တိုက်ခိုက်နေပြီ"

"အို"

ရီမေ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားရသည်။

သူမ ထင်သည်က ရန်သူသည် လာခြင်းလာ အပြင်ဘက်က လာပေလိမ့်မည်။

ထို့ကြောင့် လက်ရွေးစင် သိုင်းသမားများကို အိမ်ဝင်း အပြင်မှာ ကင်းချထားခဲ့သည်။

သို့သော် ယခုမူကား ရန်သူသည် အတွင်းသို့ ရောက်နေလေပြီ။

သူမ ဘာလုပ်ရမည်နည်း။

သို့သော် ချက်ချင်းသတိရသည်။

"ဟိတ်.... အချက်ပေးသံချောင်း မြန်မြန်ခေါက်၊ သွားစမ်း"



သူမ၏ စကားဆုံးသည်နှင့် ထိုလူသည် အပေါ်ထပ်သို့ ပြေးတက် သွားလေသည်။

အချက်ပေး တပ်လှန့်သံချောင်းက အိမ်အပေါ်ထပ်တွင် ရှိနေသောကြောင့် ဖြစ်ပါသည်။

ထိုလူ အိမ်ပေါ်ပြေးတက်သွားသည်နှင့် ရီမေသည် ခါးတွင် ပတ်ထားသော ပိုးပဝါစကို တဖက်၊ ဗယ်ဘက်မှ ဓားတချောင်းကိုဆွဲကိုင်ပြီး တိုက်ပွဲဖြစ်နေရာသို့ အပြေးထွက်ခဲ့သည်။

ထိုစဉ်မှာပင်–

"ဒေါင်... ဒေါင်... ဒေါင်"

လူစု အချက်ပေးသံချောင်းက ထွက်ပေါ်လာသည်။

သူမ တိုက်ပွဲတွင်းသို့ အရောက်တွင် အပြင်မှ လက်ရွေးစင် သိုင်းသမားများ ပြေး၍ဝင်ရောက်လာသည်။

စောစောက ဓားသံများထက် နှစ်ဆခန့်ကျယ်သော ဓားသံများက တိုးထွက်လာပေသည်။

"ဗြိုး"

"ချွမ်း"

"ချွမ်....ချွင်"

"ယား"

နေ့လယ်ပိုင်းသို့ မရောက်တရောက် အချိန်တွင် မီးပွင့်မီးပွား များ တလွင့်လွင့် ထွက်ပေါ်လျက်ရှိသည်။

ရိမေ၏ ပိုးပဝါအစွမ်းကလည်း ထက်လှသည်။

သို့သော်–

ဗမြအဖွဲ့သားများက တိုက်ပွဲအခြေအနေအရ သာနေတုန်း ပင် ဖြစ်သည်။

ရိမေ ဒေါသဖြစ်စွာနှင့် လူလိမ်လီတာယဲ့ကို ရှာဖွေနေမိသည်။

ထိုအချိန်တွင် လီတာယဲ့က သူမ၏နောက်သို့ ရောက်နေသည်ကို သတိမထားမိချေ။

"ဝှစ်...ဝီ...ဝီး"

ပိုးပဝါစကလေးက လေထဲမှာလွင့်လျက် တိုက်ခိုက်နေသည်။

လီတာယဲ့ တဖြည်းဖြည်း နောက်မှကပ်လာသည်တွင်–

"ဟိတ်....ယား"

လီတာယဲ့လက်ထဲမှဓားဖြင့် မြားပစ်ဓားထိုး သိုင်းကွက်ကို သုံးကာ လက်ထဲမှဓားဖြင့် ရိမေ၏အကြောကွက်ကို လှမ်းထိုးလိုက်သည်။

ရိမေသည် နောက်ဘက်မှ လေတိုးသံကြောင့် ငုံ၍ ရှောင်လိုက်သဖြင့် ဆံပင်ဖျားကလေးကိုသာ လှပ်ကနဲ ထိုးမိသွားသည်။

သို့သော်....



ပထမဓားချက် လွတ်သွားသော်လည်း ဟန်ချက်မှာ ပျက်သွားပြီမို့ ဒုတိယလီတာယဲ့၏ ဓားတချက်ကို မရှောင်ရှားနိုင်ပဲ ငြိမ်ပြီးခံရတော့မည်ကဲ့ ရှိနေသည်။

"ယား"

ဝါးလုံးထိုး ဝင်လာသော ဓားချက်မှာသူမ၏ ရင်ညွန့်ကို တန်းကနဲ ဝင်ရောက်လာပေသည်။

ဘယ်လိုမှ မရှောင်တိမ်းနိုင်ပြီမို့ မျက်လုံးကို စုံမှိတ်ထားလိုက်ရတော့သည်။

ထိုစဉ်...

"ထန်း"

"ချွင်"

သူမ၏နားထဲတွင် ထူးဆန်းသောအသံနှင့်အတူ လီတာယဲ့၏ ဓားသည် သူမ၏ ရင်ညွန့်ကို လာရောက်မထိပဲ လက်မောင်းဘေးမှ ဖြတ်လျက် ထွက်သွားသည်ကို သတိထားလိုက်မိလေသည်။

"ယား"

"ချွမ်း"

မျက်လုံးကို မရဲတရဲဖြင့် ဖွင့်ကြည့်လိုက်သောအခါ–

"ဟင်....သူ"

သူမ၏ အသက်ကို ကယ်လိုက်သူမှာ ဝမ်ရှောင်း ဖြစ်နေပေသည်။

× × ×

"ရှိမေ နောက်ဆုတ်လိုက်"

စကားသံဆုံးသည်နှင့် ရှိမေနှင့် လီတာယဲ့တို့ကြားကို ခုန်လွှား ရောက်ရှိလာတော့သည်။

"ဟော့ကောင်... မင်းဒမြလား၊ ငါ့ဒမြလားကွ"

ဝမ်ရှောင်း ဒေါသဖြစ်စွာမေးလိုက်ပြီး—

"ဝိုး"

"ရှမ်း"

လက်ထဲမှဓားကို ဗယ်မှညာ၊ညာမှဗယ်၊ စကောဝိုင်း ဆန်ပြာ သိုင်းကွက်ဖြင့် တရကြမ်း ဝင်ရောက် ထိုးခုတ် တိုက်ခိုက်လေ တော့သည်။

"ယား"

"ဝှိုး"

လီတာယဲ့ မျက်လုံးပြူးလာကာ နောက်သို့ တကွက်ပြီး တကွက် ဆုတ်နေရတော့သည်။

"ဟဲဟဲဟဲ ...ဘာလို့ ဆုတ်ပြေးရတာလဲ၊ မင်းသတ္တိရှိယင် ရှေ့တိုးရတယ်ကွ၊ နောက်ဆုတ်တာ မိန်းမတွေ အလုပ်ကွ...."ဟု ပါးစပ်မှ အော်ဟစ်ယင်း နောက်ထပ် သိုင်းဆယ်ကွက်ခန့်ကို တချက်တည်း သုံးကွက်တိုက်ခိုက် လေတော့သည်။

"ဟား ဟား ဟား"

"ဝိုး"

ဝမ်ရှောင်းက ရယ်မောကာ ထပ်ဆင့်ဓားကွက် ဆယ်ကွက် ထပ်မံပြီးခုတ်လိုက်ပြန်ရာ လီတာယဲ့ဘယ်လိုမှ ဟန်မဆောင်နိုင် တော့ပဲ နောက်သို့ ဆုတ်လှိုချည်းနေရပေသည်။



ထိုစဉ်မှာပင်—

"ဟိတ်"

"ယား"

"ဝိုး ...ဝှစ်"

ဝမ်ရှောင်းက လက်ထဲမှဓားကို ဆကာ ဆက်တိုက် ဝင့်လိုက် သည်နှင့်အတူ—

"အိုး"

အံ့ဩသံနှင့်အတူ နောက် တော်တော်ဝေးဝေးသို့ ခုတ်ထွက် သွားလေ၏။

ခုန်ထွက်သွားသူမှာ မည်သူဖြစ်မည်နည်း။

လီတာယဲ့ဖြစ်လေသည်။

"မင်း ဘယ်ပြေးမလဲ....ငါကတော့ လိုက်ရမယ့် တာဝန်ရှိ နေတာပဲ"

ဝမ်ရှောင်းက ကြုံကဲ့သို့ ပြောလိုက်သလို လေထဲတွင်ပင် ခုန်လိုက်လျက် လီတာယဲ့ထံ တန်းဝင်သွားလေရာ လီတာယဲ့မှာ မြေကြီးပေါ်သို့ လှိမ့်ကာ ဝမ်ရှောင်းစတင် ခုန်လိုက်သည့် နေရာသို့ရောက်လာခဲ့သည်။

သည်တခါတော့ လီတာယဲ့၏ လှုပ်ရှားမှုမှာ မှန်ကန်သွား ချေသည်။

မြေပေါ်တွင် လှိမ့်နေရာမှ ထလျက် ဝမ်ရှောင်းကို ရင်ဆိုင် လိုက်၏။

ဝမ်ရှောင်းမှာ မူစောစောက လီတာယဲ့ ရပ်နေသောနေရာသို့ ရောက်သွားလေသည်။

သည်တွင်—

ဝမ်ရှောင်း မဲ့ပြုံးတချက်ပြုံးလိုက်ကာ—

"ဘယ်ဆိုးလို့လဲ၊ ဒီလိုရှောင်တိမ်းမှုမျိုး နောက်တခါရှောင်နိုင်ယင် မင်းကို ငါအရှုံးပေးမယ်"

ဟု လှမ်းပြောလိုက်ကာ လက်ထဲမှဓားကို ဆတ်ကနဲ ခုတ်လိုက်ချိန်တွင်—

"ဝှစ်"

"ဒုတ်"

"အား"

လီတာယဲ့မျက်လုံးတွေ ပြူးထွက်လာပြီး ကျောပြင်ကို လာရောက်စိုက်သော ဓားချက်ကို အံ့အားသင့်နေလေတော့သည်။

မတ်တတ်ရပ်နေသော သူ့ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်နေသည်ကို တွေ့ရသည်။

ဖြစ်ပျက်ပုံက မြန်ဆန်သည်။

ရှေ့ကိုမဲနေသော လီတာယဲ့၊ သူ့ကျောနောက်မှ ရီမေကို ထည့်မတွက်ခြင်းသည် သူ၏ အမှားတရပ်ဖြစ်ခဲ့ရသည်။

သို့သော် သူနောက်ကျခဲ့ပြီ။

သူ သတိပြန်ထားနိုင်စွမ်း မရှိတော့ပါ။

ရီမေ၏ ဓားတချက်က သူ၏မိုက်ဇာတ်ကို သိမ်းပေးလိုက်ပြီ ဖြစ်သည်။



"ကောင်းပါတယ်ညီမ၊ ညီမလက်နဲ့ ကိုယ့်ဖခင်ကို သတ်တဲ့လူကို လက်စားချေလိုက်တာဟာ သိပ်ကိုကောင်းတဲ့ လုပ်ဆောင်ချက်တရပ်ပါပဲ၊ ကျုပ်က ဒီလိုလုပ်ပါ့ မလားလို့ စိတ်ပူနေတာ"

ဝမ်ရှောင်းက ဝမ်းသာအားရ ပြောယင်း ရှေ့ကိုတိုးလာသည်။

သူတို့ ပတ်ဝန်းကျင်မှ တိုက်ပွဲများကလည်း အပြီးသတ်သလောက်ရှိပြီ ဖြစ်သည်။

"ဟိတ် .. ကျန်တဲ့ လူတွေကို အရှင်ဖမ်းစမ်း၊ တယောက်မှ မလွတ်စေနဲ့၊ အဖမ်းမခံယင်တော့ သေပါစေ"

ဝမ်ရှောင်းက လှမ်းအော်လိုက်သည်။

အော်သံနှင့်အတူ ယင်းတိုက်ပွဲထဲသို့ သူကိုယ်တိုင်ဝင်ရောက်၍ ရှေ့သော လက်ရွေးစင် သိုင်းသမားများဘက်မှ တိုက်ခိုက်လေတော့သည်။

× × ×

အံ့ဩဖို့တော့ ကောင်းသည်။

သူ တိုက်ပွဲအတွင်းသို့ ဝင်လိုက်သည်နှင့် ကျန်ရှိသော ဒမြလေးငါးယောက်မှာ လက်နက်ချလိုက်ကြပြီ ဖြစ်သည်။

“မင်းတို့ဆရာ ဘယ်သူလဲ-ပြောစမ်း”

ဖမ်းမိထားသူထဲမှ တဦးက—

“သရဲညီနောင် ငါးဖော်ပါခင်ဗျား”

ဝမ်ရှောင်းက ရီမေ၏မျက်နှာကို လှမ်းကြည့်လိုက်သည်။

ရီမေမှာသူမ၏ အမှားကို ရှက်ရွံ့နေဟန်ရှိသည်။

“ဒါဖြင့်...ဟိုမှာ သေဆုံးသွားတဲ့ လီတာယဲ့ဟာ မင်းတို့နဲ့ ဘယ်လိုပတ်သက်သလဲ”

“သူက လက်ထောက်ချတဲ့ လူတယောက်ပါပဲခင်ဗျာ”

ဝမ်ရှောင်းပြုံးလျက် ထပ်ကြည့်လိုက်ပြန်သည်။

ပြီးသည်နှင့်—

“ကဲ...သူတို့ကို လုံခြုံတဲ့နေရာမှာ ချုပ်နှောင်ထားလိုက်ပါ၊ ကျန်တဲ့လူဘွနဲ့ ညီမ ရီမေပါ ဟိုအဖွဲ့နောက် လိုက်သွား ကြမှ ဖြစ်မယ်”

ဝမ်ရှောင်းက အလောသုံးဆယ် ပြောဆိုလိုက်လေရာ—

“သူတို့ကို မေးလိုက်ပါဦး၊ အစ်ကို ဘယ်နေရာမှာ တိုက်ခိုက်မယ်လို့အချိန်းအချက် ပြုထားတယ်ဆိုတာ”

ရီမေက ဖမ်းဆီး ချုပ်နှောင် ထားသူများဘက်ကို မေးငေါ့ပြယင်း ပြောလိုက်ရာ၊ ဝမ်ရှောင်းပင် မမေးရသေးခင်မှာပင်—

“ဒါတော့ ကျွန်တော်တို့မသိပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ အထင်က ဒီဘာလက်ရွေးစင် သိုင်းသမားတွေ အားလုံး လိုက်မယ် ဆိုယင် ကျွန်တော်တို့အနေနဲ့ ကျန်တဲ့ လူတွေကို အေးအေး



ဆေးဆေး တိုက်ခိုက်နိုင်လိမ့်မယ်လို့ ယုံကြည် ထားပါတယ်၊ ဒါပေမယ့်”

“ဟား ဟား....ဒါပေမယ့် ဒီမှာထင်သလို ဖြစ်မလာတော့ ခက်ကုန်တယ်ဆိုပါတော့”

ဟု ဝမ်ရှောင်းက ရယ်သွမ်းယင်း ပြန်မေးလိုက်လေ၏။

“ဟုတ်ပါတယ်၊ ဆရာသရဲငါးဖော်ဟာ ကျိဖုန်းတောင်ကြားကနေ ဆီးကြိုတိုက်ခိုက်လိမ့်မယ် ထင်ပါတယ်”

ဝမ်ရှောင်းက ခေါင်းကိုညိတ်လိုက်ပြီး—

“ဟုတ်တယ်၊ ဒါဆို ကျုပ်တို့လိုက်ယင် မီသေးတယ်၊ ဒီက သွားတဲ့အဖွဲ့ဟာ ကျိဖုန်းတောင်ကြားကို မရောက်ခင် မိုးချုပ်လိမ့်မယ်၊ မနက်လင်းမှ သူတို့ ဒီတောင်ကြားကို စောစော ဖြတ်မယ်ထင်တယ်၊ လာ...မြန်မြန်လိုက်ကြမှ ဖြစ်မယ်”

ဝမ်ရှောင်း၏ စကားဆုံးသည်နှင့် တချို့က လူဆိုးများကို ချုပ်နှောင်ထားလိုက်ကြသလို တချို့က ခရီးထွက်ရန် ဟန်ပြင်ကြသည်။

ရီမေကမူ ဝမ်ရှောင်းကို မျက်လုံးဝင့်လျက် လှမ်းကြည့်နေလိုက်မိရာ—

“ဘာလဲ...ညီမက ကျုပ်ကို မယုံသေးဘူးထင်တယ်”

ဟု ခပ်ပြုံးပြုံး မေးလိုက်လေသည်။

“ကျွန်မ တွေးရခက်နေလို့ပါ”

“ကဲ-တွေး မနေပါနဲ့တော့၊ ကိုယ်တိုင်လိုက်ခဲ့ပါ၊ တွေးနေတာနဲ့ အချိန်မမီယင် ပစ္စည်းတွေလဲ ဆုံးရှုံးမယ်၊ လူတွေလဲ

ထိခိုက်မယ်၊ ကဲ မြင်းကောင်းမြင်းသန့်တွေခုညီးပဲ ရွေးကြပါ၊ ဒါမှခရီးတွင်မှာ''

ဝမ်ရှောင်း၏စိတ်အားထက်သန်စွာ လောဆော်မှုကို ရိမေက ကြည့်လျက် စိတ်ထဲတွင် အားတက်သလိုရှိလာလေသည်။

''ကဲ ဒါဆိုကျွန်မကို ခဏကလေး အချိန်ပေးပါ၊ ပြင်ဆင်စရာလေးရှိနေသေးလို့ပါ''

ရိမေက ဝမ်ရှောင်းကို ခွင့်ပန်လိုက်ရာ—

''အို.. ညီမက လှပြီးသားပါ၊ ဘာမှပြင်စရာ မလိုပါဘူး၊ ဒီအတိုင်းသာလိုက်ခဲ့ပါ''

ဟု ပြောလိုက်လေ၏။

''အို''

ရိမေ မျက်နှာမှာ ဆေးနီတွေလို ရဲကနဲဖြစ်သွားသည်။

''ကျွန်မ ဒီပြင်ကိစ္စရှိနေလို့ပါ၊ တလွဲမထင်ပါနဲ့''

ရှက်အမ်းအမ်းကလေး ပြန်ပြောလိုက်ယင်း အတွင်းဘက်သို့ ဝင်ပြေးသွားလေသည်။

ဝမ်ရှောင်း စိတ်ထဲမှ စိုးရိမ်စိတ်တွေ ဝင်သွားမိလေသည်။

''ငါစကားပြောတာ လောကြီးသွားပြီလား'' ဟူ၍ ဖြစ်သည်။



အင်အားဖြည့်ရန် လိုက်ကြပြီ

ဟန်ကျိုးမြို့မှ အထွက် မ်းမကြီးသည် ဖြောင့်တန်း၍ နေသော လမ်းမကြီးမဟုတ်ပါ။

တောတောင်ရေမြေ သဘာဝအရ ဟန်ကျိုး မြို့သည် ကျိုန်ဆုပြည်နယ်တက်နိမ့်သော မြေအနေအထား ဖြစ်သည်မို့. ဟန်ကျိုးမြို့မှ စထွက်သည်နှင့် တောင်တက်လမ်းက စလေသည်။

ရွှေသော့ အာမခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ရီမေနှင့် ဝမ်ရှောင်းတို့မှာ ရွှေဆုံးမှုမြင်းများကို အပြင်းနှင်နေကြသည်။

သူတို့နောက်မှ ရွှေသော့အာမခံအဖွဲ့မှ လက်ရွေးစင် သိုင်းသမားများက တတန်းကြီးလိုက်ပါလာကြသည်။

သူတို့သည် ရွှေခရီးကိုသာ စိတ်စောနေကြပုံရသည်။

နေရောင်သည် ညနေဘက်သို့ စောင်းပေါ့မည်။

"အစ်ကို"

သူ့ကို အခေါ်အဝေါ် ပြောင်းလာသော ရီမေ၏အသံကို သူ့နားထဲသို့ ချိုချိုကလေး တိုးဝင်လာသည်ကို ကြားရသဖြင့်-

"ပြောပါညီမ"

"ကျွန်မတို့ ကျိုဖုန်းတောင်ခြေကို ဒီညရောက်မှ ဖြစ်မှာနော်"

"အင်း ..ဟုတ်တယ်"

ဝမ်ရှောင်းက ခေါင်းညိတ်ပြေလိုက်သည်။

"ကျွန်မတို့ အဖွဲ့သားတွေ ဒီည နားမှ နားပါ့မလား မသိဘူး"

ရီမေက စိုးရိမ်တကြီး မေးလိုက်လေသည်။

"စိတ်ချပါ ...အိပ်မှာပါ၊ ဒီဘက်မှာ သူတို့ နားကိုနားရမယ်၊ ဘာလို့လဲဆိုတော့ ညဘက်မဆိုတားနဲ့ နေ့ဘက်တောင် ဒီတောင်ကြားက မှောင်လွန်းတယ်၊ တောင်ကြားက နှစ်ဆင့်ရှိတယ်၊ သရဲငါးကောင်အဖွဲ့ဟာ ပထမဆင့်ကနေ စောင့်နေလိမ့်မယ် ထင်တယ်"



ဝမ်ရှောင်းက ဤသို့ ရှင်းလင်း ပြောပြလိုက်သဖြင့် ရီမေမှာ စိတ်အနည်းငယ် သက်သာသွားရပေသည်။

သူတို့သည် မြင်းများကို ရေသောက်ငုံမျှနားပြီး ကျန် မည်သည့်ကိစ္စမှ ရပ်နားခြင်းမပြုပဲ ညနေစောင်းလေ ခရီးသွက်လေ ပုံစံဖြင့် ခပ်သွက်သွက် ရေးနှင်လာကြသည်။

× × ×

နေ့ဥတုမို့ တော်သေးသည်။

နေ့တာကလည်း ရှည်လွန်းလှပေ၏။

တော်တော်နှင့် နေမဝင်ပါ။

ခပ်လှမ်းလှမ်းတွင် ကျိုဖုန်းတောင်ကို လှမ်းမြင် နေရပြီ ဖြစ်သည်။

သို့သော်....

အမြင်နီးပေမယ့် ခရီးက ဝေးနေသေးသည်။

"ဟို ရှေ့က ကျိုဖုန်းတောင် မဟုတ်လား"

ရီမေက ဝမ်ရှောင်းကို မကြည့်ပဲမေးလိုက်သည်။

"ဟုတ်တယ်.... ဒါပေမယ့် တော်တော် သွားရဦးမယ်၊ နောက်ထပ် လီငါးဆယ်အနည်းဆုံးပဲ"

"ဟင် ဒါဆို တော်တော်မှောင်မှ ရောက်မှာပေါ့"

ရီမေက စိတ်ပျက်အားလျော့ဟန်ဖြင့် ပြန်မေးလိုက်၏။

"စိတ်ပျက်နေလို့ ဘာမှ ဖြစ်လာမှာမဟုတ်ဘူး၊ ကြိုးစားမှ လိုတာရမှာ၊ ကဲ...ခပ်သွက်သွက်လေးပေါ့"

နောက်မှ လူများကိုပါ လှည့်အော်လိုက်ယင်း ဝမ်ရှောင်း သူ့မြင်းကိုပါ ခပ်သွက်သွက် နှင်လိုက်သည်။

နေရောင်သည် လောကကြီးအား တဖြည်းဖြည်း စွန့်ခွာနေပြီဖြစ်သည်။

မကြာမီ ကာလမှာပင် အမှောင်သည် ကြီးစိုးလာတော့မည်။

ဝေ့အော် တောင်တန်းကို ကျော့ကျော်လိုက်သည်နှင့် လူပေါ်ကို မိုးနေသော ကျိဖုန်း ဘောင်ကြောကြီးကို တွေ့ရသည်။

အမှန်မှာ နံနက်မိုးလင်းမှစထွက်ပြီး ဟန်ကျိုးမြို့မှ သည်နေရာအထိ ခပ်မှန်မှန်လာခဲ့လျှင် မိုးချုပ်သည်နှင့် ရောက်မည်ဖြစ်သည်။

သို့သော်...

ဝမ်ရှောင်းတို့သည် ခရီးပြင်းကို ဒုန်းစိုင်းလျက်နှင်လာသောကြောင့် ယခုကဲ့သို့ နေ့ဝက်ကျော်ကျော်ဖြင့် ရောက်ခဲ့ကြခြင်းဖြစ်ပေသည်။

လူတွေလည်း ပန်းနေပြီ။



မြင်းတွေလည်း လျှာထွက်နေပြီ။

ရှေ့ဆက်ရန် ခြေတလှမ်းသည်ပင် သူတို့အဖို့ ပင်ပန်းလွန်းလှချေပြီ။

\+ \+ \+

မိုးချုပ်ပြီဖြစ်သည်။

သို့သော်

ကောင်းကင်တွင် ခပ်ရေးရေး လတခြမ်းပဲ့ ကလေးကသာနေသည်မို့ မှုန်ပျပျ လရောင်ကို ရရှိနေကြ ခြင်းဖြစ်သည်၊

"ဟောဟိုမှာ ကျိဖုန်းဘောင်ကြားကို ဝင်တဲ့လမ်းရောက်ပြီ"

ရှေ့မှ တယောက်က ပြောလိုက်သဖြင့် အားတက်သွားကြလေသည်။

သို့သော်

ဝမ်ရှောင်း လှမ်းကြည့်လိုက်မိသည်နှင့် နောက်ထပ် အနည်းငယ်တော့ သွားရဦးမည်ကို သိလိုက်မိသည်။

လီအားဖြင့် ဆယ်လီခန့်သွားရဦးမည် ဖြစ်သည်။

မလှမ်းမသယ်ချင်ကြသော ခြေထောက်များဖြင့် လှမ်းသွားသွားနေသော မြင်းများကို သနားလာသောကြောင့် သူတို့

အားလုံးမြင်းများပေါ်မှ ဆင်းလိုက်ကြကာ ခြေလျင်ရှေ့နှင်လာခဲ့ကြသည်။

ခပ်ကြာကြာလျှောက်ခဲ့ပြီး လွင်ပြင်ကျယ်ကြီးတခု၏ အစပ်သို့ရောက်သည်နှင့်–

"ဟာ...."

"ဟိုမှာ မီးရောင်တွေ တွေ့ရတယ်၊ ကျွန်တော်တို့ အဖွဲ့ဝင်တွေလား မသိဘူး"

တစုံတယောက်က ဝမ်းပန်းတသာ အသံခင်အုပ်အုပ်ဖြင့် ပြောလိုက်သည်။

ထိုလူ၏ စကားကြောင့် တဖွဲ့လုံး၏ မျက်လုံးများသည် သူပြသောနေရာကို ဝိုင်းကြည့်လိုက်ကြသည်။

မှန်သည်။

ရွှေခပ်လှမ်းလှမ်း လွင်ပြင်လယ်တွင် အဖွဲ့တဖွဲ့ စခန်းချနေသည်ကို တွေ့ရသည်။

အားလုံး လှုပ်လှုပ်ရှရှဖြစ်ကုန်ကြသည်။

"ဟိတ်"

"အားလုံးငြိမ်နေကြစမ်းပါ"

ဝမ်ရှောင်းက ခပ်အုပ်အုပ်ပင် အော်လိုက်သည်။

ချက်ချင်းငြိမ်ကျ သွားသည်ကို တွေ့ရသည်။

"တယောက်ယောက်သွားကြည့်ပါ၊ တကယ်လို့ရန်သူဆိုယင် ဟိုမှာကြည့်ပြီး အဆင်ပြေအောင်လုပ်ပါ၊ နောက်က ကျုပ်တို့ ပါတာကို မသိစေချင်ဘူး၊ ဖမ်းဆီးမယ်ဆိုယင်လဲ အဖမ်းခံပါ၊



ကျုပ်တို့ရအောင်ကယ်မယ်၊ တကယ်လို့ကျုပ်တို့ ရှေ့သော့အဖွဲ့ဝင်တွေပဲဆိုယင်လဲ ဟိုက လှမ်းမအော်နဲ့ ဒီကို ပြန်လာပြီး သတင်းပို့ပါ"

ဝမ်ရှောင်းက ဤကဲ့သို့ ပြောဆိုလိုက်သောအခါ တဆက်တည်းမှာပင်။

ရှိမေက–

"ကဲ....ဘယ်သူသွားမလဲ"

နောက်မှ လူအုပ်ထဲကို လှည့်ပြီးမေးလိုက်သည်။

ပထမလူအုပ်တအုပ်လုံး ငြိမ်နေကြသည်။

နောက်မှ–

"ကျွန်တော် သွားမယ်"

လူရွယ်တယောက် ထွက်လာသည်။

သူ့နာမည်မှာ အော်လေ့ ဆိုသူဖြစ်ပေသည်။

"ကောင်ပြီ"

"မင်းဟာ သိပ်ချီးကျူးစရာ ကောင်းတဲ့ သူရဲကောင်းတယောက်ပဲ"

"ဒါပေမယ့် ဒီအုပ်စုက တို့လူတွေဖြစ်ဖို့က များပါတယ်၊ သိပ်လဲမစိုးရိမ်ပါနဲ့၊ တကယ်လို့ ရန်သူဖြစ်နေခဲ့ယင်လဲ"

"ကျွန်တော်ခရီးသွား တယောက်ပါလို့ ပြောပြီး သူတို့ထဲမှာ ဝင်ရောရမှာပေါ့"

လူရွယ်က ဖြတ်ပြောလိုက်သည်။

"ဟုတ်ပြီ"

"မင်းပြန်လာသင့်တဲ့အချိန်မှ ပြန်မလာယင် တို့ကိုယ်တိုင် လိုက်လာပြီး မင်းကိုကယ်မယ်၊ စိတ်သာချ"

ဝမ်ရှောင်းက အတိအကျ အာမခံလိုက်သည်နှင့် အောင်လွေ ဆိုသည့်လူရွယ်မှာ ပြုံးရယ်လိုက်ပြီး ခေါင်းကိုဆတ်ကနဲ ညိတ်ကာ ခြေလှမ်းကျဲကြီးဖြင့် မီးရောင် အုပ်စုဆီသို့ ထွက်ခွာ သွားလေ သည်။

× × ×

အောင်လွေထွက်သွားသည်မှာ ကြာပြီဖြစ်သည်။

အားလုံး၏ မျက်လုံးများသည် မှောင်ထဲမှာ လက်နေကြ သည်။

ရှေ့ကိုစူးစိုက်လျက် ကြည့်နေကြသည်။

"ခွပ် - ခွပ်"

မှောင်ရိပ်ထဲမှ ထွက်ပေါ်လာသော မြင်းခွာသံဖြစ်သည်။

အားလုံး အံ့အားတသင့် ဖြစ်ကုန်ကြလေသည်။



အဘယ်ကြောင့် ဆိုသော် အောင်လွေ ထွက်သွားစဉ်က ခြေလျင် ထွက်သွားသောကြောင့် ဖြစ်သည်။

ယခုမူ မြင်းခွာသံကြောင့် သူတို့ဘက်ကို မြင်းတစီးအပြင်း နှင်လာသည်ကို တွေ့ရလေသည်။

အနားသို့ ရောက်လာသည်နှင့်—

"သခင်မလေးတို့ ပါလား ခင်ဗျာ"

ထိုအသံကြောင့် အားလုံး၏ ထိတ်လန့်စိုးရိမ်သော မျက်နှာ များ ဝင်းထိန်သွားကြတော့သည်။

သူတို့သည် စောစောက မြင်းစီးလာသူ၏ အသံကိုကျက်မိ ကြသည်။

ရီမေ ကိုယ်တိုင်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး—

"ဆရာထိရီ ပါလားရှင် ... ကျွန်မတို့ ဒီမှာပါ" ဟု ဆိုကာ အပြင်သို့ ထွက်ရပ်လိုက်လေသည်။

"ဟုတ်ပါတယ်.... ကျွန်တော်ကိုယ်တိုင် လာရောက်ကြိုဆို တာပါ၊ ဟိုမှာ အောင်လွေ ကျန်ခဲ့ပါတယ်၊ သူ ပြောပြလို့လဲ အားလုံးသိပြီးပါပြီ၊ ကဲ-ကျွန်တော်တို့ စခန်းချထားတဲ့ နေရာကို သွားကြမယ်"

ထို့နောက် ဆရာထိရီ၏ နောက်မှ သူတို့အားလုံးလိုက်ပါ သွားကြလေတော့သည်။



လှည့်စားမှု အစီအစဉ်

ဆရာထိရိက ခရီးပန်းလာသော သခင်မ ရိဓမနှင့် အဖွဲ့ဝင်များကို အနားယူစေသည်။

အထူးသဖြင့် ဝမ်ရှောင်းကို သူအထင်လွဲမိခြင်း၊ မလေး မစားပြုမူခြင်းတို့ကို တောင်းပန် လိုက်ပြန်သည်။

ထို့ကြောင့် ဝမ်ရှောင်းက—

“ကိစ္စမရှိပါဘူးဆရာထိရိ”

“လောလောဆယ် ကျုပ် မနားချင် သေးဘူး၊ အစီအစဉ် တခု လုပ်ရဦးမယ်”



ဝမ်ရှောင်း၏စကားကြောင့် ဒုတိယ ခေါင်းဆောင် ထိရိမှာ မနေသာတော့ပဲ—

“ဟုတ်ကဲ့... ပြောပါ ခင်ဗျာ၊ ဘယ်လို အစီ အစဉ်များ ပါလိမ့်”

ဝမ်ရှောင်းက ထိုင်ရာမှထလိုက်ကာ—

“ကျုပ်နဲ့ ဒီက လက်ရွေးစင် သိုင်းသမားတွေ အကုန်လုံး အရှုဏ်မတက်ခင်မှာ ကျိဖုန်းတောင် ဒုတိယ တောင်စောင်းကို တက်ချင်တယ်”

“ခင်ဗျာ”

“ဟုတ်တယ်၊ ဒါမှ အဲဒီ တောင်စောင်း အောက်မှာ ကျုပ်တို့ကို တိုက်ဖို့စောင့်နေတဲ့ သရဲငါးဖော်ကို အပေါ်စီးကတိုက်ခိုက်ဖြိုခွင်းနိုင်မှာပေါ့”

ဝမ်ရှောင်း ထံမှ ဤစကားကို ကြားလိုက်ရသော အခါ ထိရိမှာအံ့သြဝမ်းသာသွားပြီး—

“အို... ခဏလောက် နားပါဦးလားခင်ဗျာ၊ အချိန်တွေရှိပါသေးတယ်”

ဟု လောကွတ်လုပ်လိုက်လေသည်။

ဝမ်ရှောင်းက ခေါင်းကို ယမ်းခါလိုက်ပြီး—

“အနားယူဖို့ အချိန်တွေကအများကြီး ရှိပါတယ်”

“ဒါပေမယ့်”

ကိုယ်ကာဝိရိယကောင်းမှ တော်တော့မှာပေါ့"

"ကဲ….လူတွေစုလိုက်ပါ"

ဝမ်ရှောင်းကို ဘယ်လိုမှတားမရမှန်းသိလိုက်သည်နှင့် သူ့လူများကို အားလုံးစုရုံးစေလိုက်သည်။

ပြီးသည်နှင့်—

"မင်းတို့ အားလုံး နားထောင်ကြစမ်း၊ ဒီမှာ စကားကို ကျယ်ကျယ်ပြောလို့မဖြစ်ဘူး၊ တိုးတိုးပဲပြောမယ်၊ ဂရုစိုက်ပြီး နားထောင်ကြ"

ဆရာထိရိက သူ့လူတွေကို ခပ်အုပ်အုပ်ပြောဆိုလိုက်သည်။

အားလုံး အသံတိတ် ခေါင်းညိတ်လိုက်ကြ လေသည်။

"တို့မောတယ် ပန်းတယ်သဘောမထားပဲနဲ့ ခဏနေယင် ခြေသံလုံလုံနဲ့ ကျိဖုန်းတောင်ရဲ့ ဒုတိယအဆင့်ကိုတက်မယ်၊ မနက်လင်းတာနဲ့ တို့အားလုံး ပထမ တောင်ခါးပန်းမှာ ရှိနေတဲ့ သရဲငါးဖော်အဖွဲ့ကို အပေါ်စီးကနေတိုက်မယ်၊ အတတ်နိုင်ဆုံး သရဲငါးကောင်ကို အမိဖမ်းရမယ်"

"ဒါပဲ …ဟုတ်ပြီးလား"

ဝမ်ရှောင်းက တိုတိုနှင့် လိုရင်းကို ပြောလိုက်ရာ—

"ကျွန်မလဲ လိုက်မယ်"

ဝမ်ရှောင်း အသံလာရာကို လှည့်ကြည့်မိသည်။

ရိမေဖြစ်နေသည်။



"မဟုတ်သေးဘူးလေ၊ မနက်ကျမှ တောင်ကြားထဲကို ဝင်ခဲ့ပါ၊ ကျုပ်တို့တိုက်ပွဲကို တောင်ကြားဝက အကဲခတ်ကြည့်ရှုနေပေါ့၊ ဟုတ်လား"

"တတယ်လို့ ရိမေကိုပါခေါ်သွားမယ်ဆိုယင် ဒီမှာ အုပ်ချုပ်တဲ့လူ ကျွန်မှာမဟုတ်တော့ဘူး၊ ဒါကိုလဲသတိရစမ်းပါ"

ဝမ်ရှောင်းက ကလေးငယ်တယောက်လို ဆုံးမစကားဆိုလိုက်လေ၏။

ဒါကို ရိမေ လက်ခံသည့် သဘောမရှိပေမယ့် လက်ခံလိုက်ရ၏။

"ကောင်းပြီ"

"ကျွန်မအနေနဲ့ အောင်မြင်ပါလိမ့်မယ်လို့ ယုံကြည်ထားပါတယ်"

ဟူသော စကားနှင့်အတူ ရိမေကျန်ရစ်ခဲ့လေသည်။

× × ×

မှောင်ရိပ်သမ်းနေဆဲ….။

သို့ပေမယ့်။

မှောင်ရိပ်ထဲမှ ဝမ်ရှောင်းတို့အဖွဲ့ လှုပ်ရှားနေကြပေပြီ။

မကြာမီ မိုးလင်းတော့မည်မို့ သူတို့ပိုမိုသွက်လက် နေကြပုံရသည်။

တလှုပ်လှုပ် သွားနေသော ဝမ်ရှောင်းတို့ကို ကြည့်ယင်း အားမလိုအားမရပုံစံဖြင့် ရီမေကျန်ရစ်ခဲ့သည်။

ဝမ်ရှောင်းတို့ အနောက်ဘက်တောင်ကြောမှ ပတ်လျက်တက်နေကြရသဖြင့် ခရီးနည်းနည်း ထောက်နေပေသည်။

သို့သော်

မကြာမီမှာပင် တောင်တက်လမ်း တခုကို စတွေ့ရသည်။

ကျိဖုန်းတောင်၏ ဒုတိယပတ်လမ်းကြောင်းပင် ဖြစ်သည်။

အရှေ့ဆီမှ ရောင်နီသည် တဖြည်းဖြည်း ပျို့အန်ထွက်ပေါ်လာပြီဖြစ်သည်။

ရောင်နီသည် အလင်းရောင်စုကို တဖြည်းဖြည်း ပို့လျက်ရှိသလို ဝမ်ရှောင်းတို့အဖွဲ့သည် ကျိဖုန်းတောင်၏ ဒုတိယတောင်ပတ်လမ်းကိုရောက်ခဲ့ပြီ ဖြစ်သည်။

"ရှူး....တိုးတိုး ဟေ့"

ထိုအဖွဲ့ကို ဦးဆောင်လာသူ ဝမ်ရှောင်းက ခပ်တိုးတိုး သတိပေးလိုက်ပြီး တဆက်တည်းမှာပင်—

"မင်းတို့ ကျောက်မောင်းတွေ ဆင်ထားကြ တို့ကအပေါ်စီးက ရထားတယ်၊ တို့အနားကိုကပ်ဖို့ မပြောနဲ့ သိတောင် မသိဖို့ဘူးကွ"

ဟု ခပ်အေးအေးပင် ပြောလိုက်လေသည်။

"ကဲဟေ့....လုပ်ကြကွာ"



ဒုတိယခေါင်းဆောင် ဆရာထိရိက အားလုံးကို စီစဉ်ပေးနေလျက်ရှိပေသည်။

သိပ်မကြာပါ။

ရောင်နီသည် ပတ်ဝန်းကျင် တခုလုံးကို ပီပီသသ မြင်လာရချိန်တွင် သူတို့၏ အောက်ဘက်မှာ သရဲညီနောင် ငါးဖော်တို့ လှုပ်ရှားသွားလာလျက် ရှိကြလေသည်။

× × ×

မိုးလင်းလာပြီ။

တဘက်တောင်ကြားကို ဝမ်ရှောင်း ဂရုတစိုက် ကြည့်နေမိသည်။

သိပ်မကြာသော ကာလတွင်—

"ဟေး....ဟိုမှာလာကုန်ပြီ၊ အဆင်သင့်ပြင်ကြစမ်း"

သည်အသံက ဆရဲကြီး၏ အသံဖြစ်ပေမည်။

သူသည် သူ၏အဖွဲ့ဝင်များကို တောင်ကြား လမ်းအတိုင်း ရီမေတို့ ဝင်ရောက်လာပြီကို တွေ့သဖြင့် သူ့လူများကို ခပ်တိုးတိုး လှမ်းပြီးသတိပေးလိုက်ခြင်း ဖြစ်လေသည်၊

သို့သော်

သရဲညီနောင်ငါးဦး စိတ်အိုက်သွားရသည်။

အဘယ်ကြောင့် ဆိုသော်

ရိုမေတို့သည် တောင်ကြားလမ်းထဲသို့ ဝင်သည်နှင့် ရှေ့ကို မဆက်ကြပဲ ရပ်နေကြသည်။

ဒမြအဖွဲ့ဝင်များ လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီ။

"ဘာရပ်ပြီး လုပ်နေတာလဲကွ"

သရဲ ဒုတိယ အစ်ကိုက မကျေမနပ်နှင့် ခရီးသည်များကို ကြည့်ယင်းပြောဆို ရေရွတ်လိုက်လေသည်။

ထိုစဉ်-

"ဒုန်း... ဝုန်း"

"အုန်း"

"အား"

ကမ္ဘာပျက်သံတမျှ ဆူညံသွားတော့သည်။

ပထမ သရဲညီနောင် ငါးဦးမှာ တန်းစီ၍ ရပ်လိုက်ယင်းမှပင် ရိုမေတို့အုပ်စု ဘာကြောင့် မလာသည်ကို မသိသလို ကြည့်နေစဉ်မှာပင် သူ့အဖွဲ့သားများ၏ ဆိုးရွားသော ကံကြမ္မာကို တွေ့လိုက်ရသောအခါ-

"ဟိတ်"

အပေါ်က ဘယ်သူတွေလဲ။

သတ္တိရှိယင် ဆင်းခဲ့ကြစမ်း၊ ဘာကြောင့် အနုလိုခိုးကြောင်ခိုးဝှက်လုပ်ကြသလဲ။



အပေါ်ကို ရမ်းပြီးအော်လိုက်သည်။

"ဗွီး"

"ဝုန်း"

အသံဆုံးသည်နှင့် ကျောက်ခဲများ ထပ်ကျလာသည်။ တဆက်တည်းမှာပင် လူရိပ်များကို တွေ့လိုက်ရသည်။

× × ×

သရဲကြီး ကြောင်နေလေသည်။

"ယား"

ပထမဆုံး သူ့ရှေ့ကိုကျလာသူက သူ့ကိုစတင်ပြီးတိုက်ခိုက်ခြင်းကြောင့် မျက်နှာကိုဝဲလာသည့်ဓားကို နောက်သို့နှစ်လှမ်းခန့် ဆုတ်ပြီးရှောင်လိုက်ရပေသည်။

"ဟိတ်"

"ယား"

"ဝှီး"

သူ့ရှေ့မှလူသည် သူဆုတ်သွားရာ နောက်သို့တိုးလျက်လိုက်သွားယင်း ထပ်မံထိုးခုတ်လိုက်လေ၏။

သရဲကြီး မျက်လုံးပြူးရချေပြီ။

အမှန်မှာ

သည် တောင်ကြားသည် သူကစတင် တိုက်ခိုက် ရမည် ဖြစ်သော်လည်း ယခုမူသူတို့ကို ပြန်လည်အတိုက်ခံရသည်ကို အံ့ဩနေခြင်းပင်ဖြစ်သည်။

× × ×

သူ့ကို ရန်မူတိုက်ခိုက်သူမှာ မည်သည့်အဖွဲ့ကနည်း....။

သူ့နာမည်ဘယ်သူလဲ—။

သူနှင့်မည်ကဲ့သို့ ရန်ငြိုးရန်စရှိသလဲ....။

သူ ငါ့ကိုအသေသတ်မှတ်လား....။

ဟူသော သို့လောသို့လော စိတ်ထဲမှကျိတ်ပြီး မေးနေသော မေးခွန်းများကို မိမိကိုယ်မိမိ ပြန်လည် ဖြေကြားခြင်း မပြုနိုင်ချေ။...။

"ချွင်း"

"ချွင်...ချွမ်"

ဓားသံများ လျှပ်ပြက်နေသည့်ကြားမှ အော်ဟစ်သံတွေနှင့် ဓားခုတ်သံများ၊ သံကိုသံချင်းထိခိုက်သည့် အသံများကပျံ့လွင့်နေလေသည်။



သရဲညီနောင်များမှာ သူတို့၏လူများကို ကူညီရန်မစဉ်းစားနိုင်ပဲ သူတို့ကိုယ်တိုင်ပင် အသက်လု တိုက်ပွဲဝင်နေကြရသည်။

"မင်းဘယ်သူလဲ"

"မင်းတို့ဘယ်အဖွဲ့ကလဲ"

သရဲကြီးက သူ့ရှေ့မှ လျင်မြန်စွာ လှုပ်ရှားနေသူကိုပြန်လည်ခုခံရှောင်တိမ်းနေယင်းမှ မေးလိုက်ခြင်း ဖြစ်သည်။

"ဟား ဟား"

"မှတ်မိလောက်အောင် ကြိုးစားပါဦး ကိုယ့်လူတို့"

"ဝမ်ရှောင်းလေ"

"မင်းတို့ ငါ့မြင်းကို လုယူတုန်းက တူးမြောင်းတော်ကြီးနံဘေးမှာ တိုက်ပွဲလေး နည်းနည်းတောင် ဖြစ်ခဲ့ကြသေးတယ်မဟုတ်လား"

ဝမ်ရှောင်းက ရယ်မောပြောဆိုလိုက်လေသည်။

သရဲအစ်ကိုကြီး အနည်းငယ် တွေဝေသွားသည်။

သို့သော်

သူသည်မှတ်ဉာဏ် ကောင်းသူပီပီ—

"ဟင်....မင်းကိုး"

"ဟုတ်တယ်....ကျုပ်ဝမ်ရှောင်းပဲ"

ဤသို့ အဖြေပေးလိုက်ပြီးသည်နှင့်-

"ယား"

"ဝှစ်...ဝှစ်"

ဝမ်ရှောင်း လက်ထဲမှဓားသည် လေထဲမှာ ပျောက်နေသည်။

ထိုသိုင်းကွက်သည် လေလွင့်ရွက်ဝါ သိုင်းကွက်ဟု ခေါ်၏။

သရဲကြီးက လေလာရွက်တိုက် ခံစစ်ဖြင့် ဝမ်ရှောင်း၏ ဓားကွက်များကို ခုခံတောင့်ခံထားနိုင်ပေသည်။

သို့သော်-

ကြာကြာတော့ မခံနိုင်ပါ။

"အိုး ... ယား"

ဝမ်ရှောင်း၏ အားယူအော်ဟစ် ထိုးခုတ်သံမှာ မိုးယံသို့ပင် ဖောက်ထွက်မတတ် ကျယ်လောင်လှသည်။

"ဝှီး"

ဝင်လာသောဓားချက်ကလည်း ပြင်းထန်လှသည်လို ဘယ်လိုမှ ရှောင်တိမ်းချိန်မရှိပါ။

ထို့ကြောင့် လက်ထဲမှဓားဖြင့် ပက်ထုတ်လိုက်လေ၏။

"ချွင်း"

"ချွင်"

"ဂလောင် .... ဂလောင်"

သရဲကြီး လက်ထဲမှဓားမှာ တော်တော်ဝေးဝေးသို့ လွင့်စဉ်သွား၏။

သရဲကြီး မျက်လုံးပြူးသွားရပြီ။



ထိုစဉ်မှာပင်-

"ဝှစ်"

"ဖြူ"

"အိုး"

သရဲကြီးနှုတ်မှ ယောင်လျက် သော်လည်းကောင်း၊ လန့်သွား၍သော်လည်းကောင်း ထွက်ပေါ်လာသော အသံဖြစ်သည်။

ဤကဲ့သို့ လန့်သွားရခြင်း မှာလည်း မမျှော်လင့်သော ဝမ်ရှောင်း၏ ဓားချက်သည် ဝတ်ရုံ၏ပိတ်စကို ထိုးခွဲသွားသောကြောင့် ဖြစ်ပေသည်။

"ရော့ ...နောက်တချက်"

"အား"

သရဲကြီး ပြဿနာတက်ပြီဖြစ်သည်။

လက်မောင်းကို နှစ်ကနဲ စူးဝင်လာသော ဓားချက်သည် အသည်းခိုက်အောင် နာကျင်သွားပုံရသည်။

သရဲအဖွဲ့ဝင်များ အားလုံးသည် ရွှေသော့လက်ရွေးစင်အဖွဲ့မှ မမျှော်လင့်သောအချိန် မမျှော်လင့်သောနေရာမှ ရုတ်တရက် တိုက်ခိုက်လိုက်သောကြောင့် အလူးအလဲ ခံနေရပေသည်။

အချို့မှာ အောက်သို့ ပြေးဆင်းသွားကြသော သရဲညီနောင် အဖွဲ့မှလူများသည် တောင်ကြားထဲသို့ ရောက်ရှိနေသော ရဲမေတို့ အုပ်စု၏ သီးကြိုတိုက်ခိုက်ခြင်းတို့ ခံကြရပေ၏။

× × ×

"ဟေး"

"ဟား"

"ဝှစ်"

"ထောက်"

ဆရာထိရီ၏ လေခွင်းလှံဖျား သိုင်းကွက်က သရဲညီနောင် နှစ်ရောက်၏ ပင်မလှုပ်ရှားကြောများကို ထောက်လိုက်နိုင်ပြီ ဖြစ်သည်။

"အီး"

"အား"

ရုတ်တရက် နောက်မှ ညီဖြစ်သူများ၏ အသံကို ကြားလိုက်ရသော သရဲကြီးမှာ စိုးရိမ်တကြီး လှည့်ကြည့်လိုက်မိသည်တွင် ဝမ်ရှောင်းမှာ ရရှိသော အခွင့်အရေးကို လက်လွှတ်မခံတော့ပဲ လက်ထဲမှ ဓားဦးဖြင့် တင်ပါးဆုံရိုး တည့်တည့်ရှိ အကြောဆုံတနေရာကို ဆတ်ကနဲ ထိုးထည့်လိုက်တော့သည်။



"အား"

ကျယ်လောင်သော အော်သံကြီးနှင့်အတူ သရဲအစ်ကိုကြီး လဲကျသွားလေသည်။

သေဆုံးသွားခြင်းတော့ မဟုတ်ပါ။

နာကျင်ဖွယ် အကြောဆုံများကို ထိခိုက် ထိုးနှက်မိသဖြင့် မြေတွင် လဲကျကာ ထွန့်ထွန့်လူးအောင် အော်ဟစ်ညည်းညူနေလေ၏။

"ဟိတ်"

"အားလုံး မင်းတို့ အဖမ်းခံကြမလား၊ အဖမ်းမခံကြဘူးလား"

"ဒီမှာ မင်းတို့ ခေါင်းဆောင်ကြီးလို ဖြစ်ချင်ကြသလား"

ဝမ်ရှောင်းက အောင်မြင်သော အသံကြီးဖြင့် အော်ဟစ်၍ ခြိမ်းခြောက်လိုက်ပေသည်။

တခဏအတွင်းမှာ တိုက်ခိုက်နေသော တိုက်ပွဲများမှာ ရပ်တန့်သွားလေတော့သည်။

သူတို့သည် သရဲညီနောင် ငါးဦးကိုယ်တိုင် အရှုံးပေးနေရပြီကို တွေ့သော နောက်လိုက်များမှာ စိတ်ဓာတ်များ ပျက်ပြားလျက် နောက်ဆုံး အညံ့ခံရသည့် အခြေအနေကို ရောက်ရှိခဲ့လေသည်။

× × ×

သရဲညီနောင် ငါးဦးကို လက်ရ ဖမ်းဆီး ရမိခဲ့ပြီ ဖြစ်လေ၏။

သူတို့ကို ဖမ်းဆီးပြီး ပထမ ခေါင်ပတ်လမ်းမှ တောင်ကြားသို့ ဆင်းလာသောအခါ ဝမ်ရှောင်းတို့အဖွဲ့နှင့် ရီမေတို့အဖွဲ့ ပြန်လည်ဆုံးဆည်း ပူးပေါင်းမိကြပြီ ဖြစ်ခဲလသည်။



နဂါးနှင်းဆီ ကျားနှင်းဆီ

ဒုစရိုက်သမားများကို ဖမ်းဆီးထားပြီး နောက်ပိုင်းတွင် ကျန်ဆု ပြည်နယ်ဘက်သို့ ခရီး စတင်ထွက်ခွာရန် စီစဉ်ကြလေသည်။

"ကဲ ... အစ်ကိုဝမ်"

"ကျွန်မတို့ ဘယ်လိုစီစဉ်ကြမလဲ"

ရီမေက မေးလိုက်သည်။

"ဆရာထိရိနဲ့အဖွဲ့က ဒီဗုဇဝတ်ကောင်တွေကို ဖမ်းဆီးခေါ်ဆောင်ပြီးတော့ ဟန်ကျိုးမြို့ကိုပြန်ပါ"

"ကျွန်တော်နဲ့ ရီမေတို့က ကျန်စုမြို့စားကြီးဆီကို နဂါးနှင်းဆီကျားနှင်းဆီရုပ်ကို သွားရောက်ပေးအပ်ကြမယ်"

"မကောင်းဘူးလား"

ဝမ်ရှောင်းက ပြောလိုက်သည်။

အမှန်မှာ–

ဝမ်ရှောင်း ပြောသည့် စကားသည် သင့်တော်နေသောကြောင့် အားလုံးက သဘောတူကြသည်။

ကျန်စုပြည်နယ်မှာလည်း ဤကျိုဖုန်းတောင်ကြားကိုဖြတ်ပြီး နေ့ဝက်ခရီးလောက် သွားလိုက်သည်နှင့် ရောက်နိုင်သောကြောင့် သိပ်မဝေးတော့ပါ။

"ကျွန်မအနေနဲ့ အစ်ကိုဝမ်နဲ့ လိုက်ပါရမှာတော့ ဟုတ်ပါပြီ၊ ကျန်စုမြို့စားကြီးဆီကို ဝင်ရောက် တွေ့ဆုံဖို့ကျတော့"

"ကျွန်တော်လဲ လိုက်ခဲ့မှာပေါ့"

"ဟင်"

"ဒါဖြင့် အစ်ကိုက မြို့စားကြီးကို သိသလား"

"သိတာပေါ့"

"ကျွန်တော်က"

ဝမ်ရှောင်း စကားကိုရပ်လိုက်ပြီး–



"ကဲပါ....ကျွန်တော်ပြောတဲ့ အစီအစဉ်ကို သဘောတူမယ်ဆိုယင် လက်ရွေးစင် သိုင်းသမား ဆယ်ယောက်လောက်နဲ့ ကျွန်တော်တို့ ခရီးဆက်ကြမယ်"

ဝမ်ရှောင်းက ဤသို့ပြောဆိုလိုက်လေသည်။

ရီမေက ဘာမှမပြောပဲ ဆရာထိရီကို လှမ်းကြည့်လိုက်သည်။

ဆရာထိရီက–

"ဒီအစီအစဉ်ဟာ တကယ်တော့ ကောင်းပါတယ်၊ သခင်မအတွက် လုံခြုံရေးလိုမယ်ဆိုယင် သိုင်းသမား နောက်ထပ် ဆယ်ယောက်လောက် ထပ်ခေါ်သွားပါ"

သည်စကားကို ကြားလိုက်ရသော ဝမ်ရှောင်းက ဟက်ကနဲတချက် ရယ်သွမ်းလိုက်ပြီး–

"ကျုပ်ကို မယုံဘူးထင်တယ်၊ ရော့... ဒီမှာဒီစာကို ဖတ်ကြည့်စမ်းပါ"

ဟု ပြောပြောဆိုဆို သူ့အနီရောင်ဝတ်စုံထဲမှ စာရွက်တရွက်ကို ထုတ်ယူပြီး ဆရာထိရီကို ပေးလိုက်သည်။

ဆရာထိရီက စာရွက်ကို ယူကြည့်လိုက်ပြီးနောက် သူ၏မျက်နှာမှာ ချက်ချင်း ပြောင်းလဲမှုများ ဖြစ်သွားပြီး–

"ကျွန်တော်တို့ကို မသိနားမလည်လို့ ခုလိုဆက်ဆံခဲ့မိတာကို ခွင့်လွှတ်ပါ"

လက်ဖမိုး နှစ်ဖက်ယှက်ပြီး အရှိအသေပြုကာ ဆရာထိရီက တောင်းပန်စကား ပြောဆိုလိုက်ပေသည်။

ဆရာထိရီ၏ အပြုအမူကြောင့် ရီမေမှအစ အားလုံး အံ့သြသွားကြရလေသည်။

× × ×

အမီအစဉ်များ ချပြီးနောက် ဆရာထိရီသည် ဒုစရိုက်သမားသရဲညီနောင်တို့အဖွဲ့ကို ဖမ်းဆီးပြီး ဟန်ကျူးမြို့ဘက်သို့ ထွက်ခွာသွားကြသောအခါ—

"ဟင် _ ညီမ .. ဟို နဂါးနှင်းဆီရုပ်တုကို ဘာလို့ ဆရာထိရီဆီက ပြန်မယူထားလိုက်တာလဲ"

ဝမ်ရှောင်းက ကမန်းကတန်း မေးမြန်းလိုက်ရာ....

"ဟင်း ဟင်း"

"ရပါတယ်အစ်ကိုဝမ်"

ရီမေက ရယ်သွမ်းသွေးပြောလိုက်ကာ ကျန်စု ပြည်နယ်ဘက်သို့ မြင်းစီးထွက်ခွာသွားလေသည်။

ဝမ်ရှောင်းမှာ နားမလည်သလို သူ့မြင်းပေါ်သို့ တက်လိုက်ပြီး မြင်းစီး၍ ရီမေ၏နောက်သို့ လိုက်သွားကာ....

"ကိုယ့်ကို ပြောပြစမ်းပါဦး၊ ဘယ်လိုလဲ ဒီရုပ်တုကို သွားပို့ဖို့မဟုတ်လား ဘာလို့ယူမထားလိုက်တာလဲ"



ဟု ပျာပျာသလဲ မေးမြန်းလိုက်ရာ—

"ဘာလဲ ...အစ်ကိုက ဒီရုပ်တုကိုယူချင်လို့လား"

ဝမ်ရှောင်း မျက်လုံးပြူးသွားကာ—

"အို...မဟုတ်ပါဘူး၊ ကိုယ်မယူချင်ပါဘူး၊ ဟိုမှာ ပေးအပ်ရမှာ ကျန်ခဲ့မှာစိုးလို့ပါ"

ရီမေက မျက်လုံးတချက် ဝင့်ကြည့်လိုက်ပြီး သူမ၏ မြင်းနံဘေးမှ အိတ်ကို ပုတ်ပြလိုက်ပြီး....

"ဒီမှာ ပါပါတယ်၊ အစ်ကိုမှတ်မိမလား မသိဘူး၊ ကျွန်မခရီးထွက်ခါနီး ပြင်ဆင် စရာရှိတာ သွားပြင်လိုက်ဦးမယ်ဆိုတာလေ"

ဝမ်ရှောင်းက ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါ ဟောဒီ နဂါးနှင်းဆီကျားနှင်းဆီ ရုပ်တုကို သွားယူတာပါ"

"အို ...ဒါဖြင့် ဟိုဟာက"

"အတုပါ"

"ဟင်"

ဝမ်ရှောင်း အံ့အားသင့်သွားပြီး—

"ညီမက သိပ်လျှို့ဝှက်တာကိုး"

ဟု အံ့အားတကြီး ပြောဆိုလိုက်လေရာ....

"ဒါပေါ့ အစ်ကိုတောင်မှ ကျန်ဆုပြည်နယ်က မြို့စားကြီးရဲ့ လုံခြုံရေး အထူးထပ်ဖွဲ့မှုး တယောက်ဆိုတာကို လျှို့ဝှက်ထားသေးတာပဲ"

"ဟင်း....ဟင်း"

ဝမ်ရှောင်းပေါ ရောပြီး ရယ်မောလိုက်လေသည်။

"ခုနေ အစ်ကိုဒီရုပ်တုကိုလုပြီး ပြေးယင်ကော၊ ဟိုစာကလဲ အတူကြီးဆိုယင် ဘယ်လိုလုပ်မလဲ"

ဝမ်ရှောင်းက မေးလိုက်သောအခါ . . .

"ကျွန်မ ယုံကြည်ပြီးသားပါ၊ အစ်ကို့ကို ဘာမှ မစိုးရိမ်တော့ပါဘူး"

"ကိုယ်ကလဲ ဒီရုပ်တုကိုမလိုချင်ပါဘူး၊ ကိုယ်လိုချင်တာက"

စကားကိုရပ်လျက် ဝမ်ရှောင်းက ရှီမေကိုပြုံးလျက် စိုက်ကြည့်လိုက်သည်တွင် ရှီမေ၏မျက်နှာလေးမှာ ရဲကနဲဖြစ်သွားပြီး မြင်း၏ တင်ပါးကို ဘတ်ကနဲရိုက်လိုက်ကာ ပြေးထွက်သွားလေတော့သည်။

ဝမ်ရှောင်း ပြုံး၍ကျန်ရစ်ခဲ့သည်။

မှန်သည်။

ဝမ်ရှောင်း လိုချင်သော ပိုင်ဆိုင်ချင်သောအရာကား နဂါးနှင်းဆီ ကျားနှင်းဆီ မဟုတ်ပါ။

သူ့ကိုယ်သူတော့ သိနေသည်။

"ဟေး"

မြင်းကို အော်ဟစ် မောင်းနှင်လိုက်ယင်း သူလိုချင်သော အရာနောက်သို့ အပြေးကလေး လိုက်သွားလေတော့သည်။

ဝမ်ရှောင်းလိုချင်သော အရာကား . . . အချစ်သာတည်း။

ပြီးပါပြီ။
(ရဲယဉ်အောင်)